# လက်လှမ်းမမှီနိုင်သေးသော အမှန်တရားများ

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုအပေါ် ဒေသခံများ၏အမြင်သဘောထားများ




KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

# လက်လှမ်းမမှီနိုင်သေးသော အမှန်တရားများ

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှု အပေါ် ဒေသခံများ၏အမြင်သဘောထားများ

ကရင်လူ့အခွင့်အရေးအဖွဲ့

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ

**လက်လှမ်းမမှီနိုင်သေးသော အမှန်တရားများ -** မြန်မာပြည်အရှေ့တောင်ပိုင်းရှိငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုအပေါ် ဒေသခံများ၏ အမြင်သဘောထားများ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ရေးသားထုတ်ဝေသည်။

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ။ KHRG #2019-02

အရှေ့နှင့် အနောက်မျက်နှာဖုံးပုံ၏ ဓာတ်ပုံများအကြောင်းအား ဤအစီရင်ခံစာ၏နောက်ဆုံးစာမျက်နှာတွင် ကျေးဇူးပြု၍ကြည့်ပါ။

ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက်ဒေသများရှိ ရွာသားများနှင့် ဒေသခံလူထုများ၏အခြေအနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ ဓာတ်ပုံနှင့် အခြားအထောက်အထားများအားဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် သီးခြားလွတ်လပ်စွာလှုပ်ရှားဆောင်ရွက်သော အဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် ပတ်သက်ခြင်းမရှိပါ။ ကျွန်ုပ်တို့၏လုပ်ငန်းများကို သိရှိလိုပါက အင်တာနက်စာမျက်နှာဖြစ်သည့် **www.khrg.org** တွင် တွေ့ရှိနိုင်ပါသည်။ သို့မဟုတ် ကျွန်ုပ်တို့၏ ထုတ်ဝေပြီးသော အစီရင်ခံစာများကို ရယူလိုပါက အီးမေးလ်လိပ်စာ **khrg@khrg.org** သို့ ဆက်သွယ် တောင်းယူနိုင်ပါသည်။

ဤအစီရင်ခံစာအား ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၁၉ တွင် ထုတ်ဝေပြီး အဖွဲ့၏မူပိုင်ဖြစ်သည်။ ဤအစီရင်ခံစာတွင်ပါရှိသောအကြောင်းအရာများကို မိမိကိုယ်ပိုင်အကျိုးအမြတ်အတွက်မဟုတ်ပဲ အများအကျိုးအတွက် သို့မဟုတ် သတင်းမီဒီယာများတွင်ဖော်ပြလိုခြင်းနှင့် ဆက်စပ်သည့်ရည်ရွယ်ချက်များအတွက် ထပ်မံကူးယူအသုံးပြုခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများလုပ်ဆောင်နိုင်ပါသည်။ သို့သော် စီးပွားရေးအကျိုးအမြတ်အတွက် ပြန်လည်အသုံးပြုထုတ်ဝေလိုပါက ကရင်လူ့အခွင့်အရေးအဖွဲ့ထံမှ ဦးစွာခွင့်ပြုချက်ရယူရန်လိုအပ်ပါသည်။
ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဤအစီရင်ခံစာအား မူလအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်သည်။

**ဤအစီရင်ခံစာသည် ရောင်းရန်မဟုတ်ပါ။**

# မာတိကာ

**နိဒါန်း** ---------- ၂
အစီရင်ခံစာအနှစ်ချုပ် ---------- ၂
အကြံပြုချက်များ ---------- ၇
အစီရင်ခံစာရေးသားမှုနည်းလမ်းများ ---------- ၁၅
နိုင်ငံရေးအခြေအနေ ---------- ၁၉
ဝေါဟာရများနှင့် အတိုကောက်အသုံးအနှုန်းများ ---------- ၂၄

**အခန်း (၁)။ ။ အပစ်ခတ်ရပ်စဲရေးမတိုင်မီက လူ့အခွင့်အရေးချိုးဖောက်မှုများ - ဆက်လက်ခံစားရလျက်ရှိသောအမွေဆိုး** ---------- ၂၅
(က) ခြိုင့်သုံးသပ်ခြင်း ---------- ၂၆
(ခ) နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်း ---------- ၄၁
(ဂ) လူ့အခွင့်အရေးချိုးဖောက်မှု၏ သက်ရောက်မှုများ ---------- ၄၆
ဓာတ်ပုံများ။ ။အပစ်ခတ်ရပ်စဲရေးမတိုင်မီက လူ့အခွင့်အရေးချိုးဖောက်မှုများ - ဆက်လက်ခံစားရလျက်ရှိသောအမွေဆိုး ---------- ၅၄

**အခန်း (၂)။ ။ NCA ရေးထိုးပြီးနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိအခြေအနေများ** ---------- ၅၉
(က) NCA ရေးထိုးပြီးနောက်ပိုင်း လူထုဘဝအခြေအနေများ ---------- ၆၁
(ခ) ဒေသခံများ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အမြင်သဘောထားများ ---------- ၈၇
ဓာတ်ပုံများ။ ။ NCA ရေးထိုးပြီးနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အခြေအနေများ ---------- ၉၃

**အခန်း (၃)။ ။မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တရားမျှတမှု အခြေအနေ** ---------- ၉၆
(က) ပဏာမအပစ်ခတ်ရပ်စဲရေးမတိုင်မီ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ယူမှုတာဝန်ခံမှုမရှိခြင်း ---------- ၉၇
(ခ) မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လက်ရှိတရားစီရင်ရေးစနစ်အပေါ် အမြင်သဘောထားများ ---------- ၁၁၀

**နိဂုံးချုပ်** ---------- ၁၂၀
**အရှေ့မျက်နှာဖုံးနှင့် အနောက်မျက်နှာဖုံး** ---------- ၁၂၂

# နိဒါန်း

## အစီရင်ခံစာ အနှစ်ချုပ်

မြန်မာနိုင်ငံအတွင်းရှိ လူနည်းစုတိုင်းရင်းသားဒေသများတွင် နေထိုင်ကြသူများသည် အတိတ်ကာလမှ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ကျူးလွန်မှုများ၏အကျိုးဆက်များကို ဆက်လက်ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိသည်။ ထိုလူ့အခွင့်အရေးချိုးဖောက်မှုများတွင် စစ်ပွဲများဖြစ်ပွားနေသည့်ကာလ၌ ကြုံတွေ့ရသော ချိုးဖောက်မှုများ ပါသကဲ့သို့ စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများနှင့် စီးပွားရေး ထိခိုက်ပျက်စီးမှုများကြောင့် တွေ့ကြုံခံစားရသော ချိုးဖောက်မှုများလည်း ပါဝင်သည်။ သို့သော် ဆက်လက်ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများ၊ အပြိုင်တည်ရှိနေသော တရားစီရင်ရေးစနစ်များ၊ နိုင်ငံရေးမျှော်မှန်းချက်မရှိခြင်းများအပြင် တစ်နိုင်ငံလုံးတွင် ပြည်တွင်းစစ်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများမှာ အစဉ်အလာအရသို့မဟုတ် ပုံစံမျိုးစုံဖြင့် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ထို့အတွက် ဤချိုးဖောက်မှုများအားဖြေရှင်းရန် ကြိုးပမ်းနေမှုများနှင့် ထိုကြိုးပမ်းမှုများ၏ သက်ရောက်မှုများမှာ နှောင့်နှေးကြန့်ကြာလျက်ရှိသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် မြန်မာအစိုးရတို့အကြား ၂၀၁၂ခုနှစ် ပဏာမအပစ်ခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက်တွင် သိသာထင်ရှားသည့်တိုးတက်မှုများ ရရှိလာသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်သူများမှာ လူ့အခွင့်အရေးချိုးဖောက်မှုများအား ကျယ်ကျယ်ပြန့်ပြန့် ခံစားရလျက်ရှိနေသေးသည်။ လက်နက်ကိုင်တိုက်ပွဲများ လျော့နည်းသွားပြီးနောက်ရွာသားများသည် အခြားလူ့အခွင့်အရေးချိုးဖောက်မှုပုံစံအသစ်များဖြစ်သော မြေယာသိမ်းယူခြင်းအပြင် ပိုမိုဆိုးရွားသော အခြေအနေများနှင့် ဆက်လက်ရင်ဆိုင်ကြရသည်။ ပဋိပက္ခဒဏ် ခံစားရသော ပြည်သူများအနေဖြင့်လည်း ဆယ်စုနှစ်ကြာအောင် ဖြစ်ပေါ်လျက်ရှိသော လက်နက်ကိုင်တိုက်ပွဲများ၏ သက်ရောက်မှုများ၊ လူမျိုးရေး ခွဲခြားဆက်ဆံမှုများနှင့် ခါးသီးသည့် လူမှုစိတ်ဒဏ်ရာများကို ခံစားကြရသည်။

၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)အား လက်မှတ်ရေးထိုးခြင်းသည် အပေါင်းလက္ခဏာဆောင်သည့် ပြောင်းလဲမှုအချို့ ဖြစ်ပေါ် စေခဲ့သည်။ ယခုအခါတွင် ရှေ့ဆက်ရန်ခက်ခဲနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ သမိုင်းဝင်အမွေဆိုးဖြစ်သည့်လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အသစ်ပေါ်ထွက်လာသည့် ချိုးဖောက်မှုများအပေါ် မည်သည့်အတိုင်းအတာအထိ ဖြေရှင်းပေးနိုင်မည်ကို ရှင်းလင်းစွာမသိရသေးပေ။ အတိတ်ကာလမှချိုးဖောက်မှုများသည် ဒေသခံများ၏နေ့စဉ်ဘဝအား အမှန်တကယ်ပင် သက်ရောက်မှုများဆက်လက်ရှိနေပြီး ချိုးဖောက်မှုပုံစံအသစ်များသည်လည်း ဒေသခံပြည်သူလူထု၏စီးပွားရေးကိုပါ ထပ်လောင်းထိခိုက်မှုများ ရှိစေပါသည်။ ထို့ကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံရသောဒေသခံများအနေဖြင့် တရားမျှတမှုနှင့် ကျေလည်အောင်ပေးသည့်လျော်ကြေးငွေများရရှိရန် အလွန်အရေးကြီးလှပါသည်။ ၎င်းတို့၏စိုးရိမ်မှုများအား ထိရောက်စွာဖြေရှင်းပေးနိုင်ခြင်း ရှိမရှိကိုမူ ထိခိုက်ခံစားရသောသက်ဆိုင်ရာ ဒေသခံများကသာ ဆုံးဖြတ်ပေးနိုင်မည်ဖြစ်သည်။

ဤအစီရင်ခံစာတွင် မြန်မာပြည်အရှေ့တောင်းပိုင်းရှိ သမိုင်းကြောင်းတစ်လျှောက် ဖြစ်ပေါ်လာသော လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများနှင့် ပြောင်းလဲလာသော ချိုးဖောက်မှုပုံစံများကို ဖော်ပြထားပါသည်။ ထို့အပြင် အတိတ်ကာလနှင့် လက်ရှိလူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ရွာသားများမှ တရားမျှတမှုနှင့် ပြန်လည်ကုစားမှုများ ရရှိနိုင်သည့် ပုံစံများအပေါ် ဒေသခံများ၏အမြင်များကိုပါ ဖော်ပြထားပါသည်။ အချို့သော အပြောင်းအလဲများအား နားလည်နိုင်ရန်အတွက် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ရွာသားများ၏ဘဝအခြေအနေကို အဓိထားမေးမြန်းခဲ့ပါသည်။ သို့သော်လည်း စစ်တပ်၏ပြုမူလုပ်ဆောင်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများမှာ ၂၀၁၂ ခုနှစ် ပဏာမအပစ်အခတ်ရပ်စဲရေးကာလမှစတင်၍ ပြောင်းလဲမှုများစွာရှိကြောင်းကို နားလည်ထားရမည်ဖြစ်သည်။ ဤအစီရင်ခံစာရှိဖော်ပြချက်တစ်လျှောက်လုံးတွင် အပစ်ခတ်ရပ်စဲရေး သဘောတူညီမှု(၂)ရပ်လုံး၏ကာလအတွင်း ထင်ဟပ်မှုများကို ရည်ညွှန်းထားပါသည်။ သို့သော် ရွာသားအများစုမှာ အဆိုပါအပစ်ခတ်ရပ်စဲရေး ကာလနှစ်ခုအား ဆက်လက်လုပ်ဆောင်နေသော ဖြစ်စဉ်တစ်ခုတည်းအဖြစ်သာ ရှုမြင်ပါသည်။

အခန်း (၁) တွင် အပစ်ခတ်ရပ်စဲရေးမတိုင်မီ ကာလများအတွင်း သမိုင်းကြောင်းတစ်လျှောက် ဖြစ်ပေါ်ခဲ့သည့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် အကြမ်းဖက်မှုများကို သုံးသပ်ဖော်ပြထားသည်။ ဤအခန်းတွင် ၂၀၁၂ ခုနှစ်မတိုင်မီကာလများက ပြည်သူများမှ အများဆုံးတွေ့ကြုံခံစားရသည့် ချိုးဖောက်မှုများ အထူးသဖြင့် နေရပ်စွန့်ခွာနေထိုင်ခြင်းများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ရေရှည်သက်ရောက်မှုများကို အဓိကထားပြီး ပြန်လည်သုံးသပ်ထားပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံများ၏ အမြင်သဘောထား များ၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ကြုံတွေ့ရသည့် အခက်အခဲများနှင့် ကျူးလွန်ခံရသူများ၏ တရားမျှတမှုအား တောင့် တနေမှုကိုနားလည်ရန်အတွက် ဖြစ်ပျက်ခဲ့သည့်သမိုင်းကြောင်းနှင့် ရေရှည်တည်ရှိနေသောအမွေဆိုးများကို သိရှိရန် အဓိကကျသည်။

အပိုင်း (က) သည် တပ်မတော်မှ ကရင်တိုင်းရင်းသားကျေးရွာများအား စနစ်တကျတိုက်ခိုက်ခဲ့ပုံများနှင့် တိုက်ပွဲ ဒဏ်ခံရသည့်ဒေသများမှ ပြည်သူများအား လူ့အခွင့်အရေးချိုးဖောက်မှုမျိုးစုံအတွက် ပစ်မှတ်ထားမှုများကို မီး မောင်းထိုးဖော်ပြထားသည်။ ထိုချိုးဖောက်မှုများအထဲတွင် သတ်ဖြတ်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသော လူမဆန်သည့် သို့မဟုတ် အရှက်ရစေသည့်လုပ်ဆောင်မှုများ၊ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက် မှုများကို စစ်လက်နက်သဖွယ်အသုံးပြုပြီး ကျယ်ပြန့်စွာကျူးလွန်ခြင်းနှင့် ပိုင်ဆိုင်မှုများအားဖျက်ဆီးခြင်းတို့ ပါဝင် သည်။ တပ်မတော်သည် ဒေသခံပြည်သူများအား အခကြေးငွေမပေးပဲ စစ်တပ်၏လုပ်ငန်းများတွင် လုပ်သားအ ဖြစ်အဓမ္မတမ်းအသုံးပြုခြင်း၊ အဓမ္မကျူးလွန်နိုင်းစေခံရသူများအား အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် အသက် အန္တရာယ်ပေးခြင်းများကိုလည်း မကြာခဏကျူးလွန်ခဲ့သည်။ ထို့အပြင် တပ်မတော်မှ ပစ္စည်းများလုယူခြင်း၊ ခြောက်လှန့်တောင်းယူခြင်းများနှင့် မြန်မာအစိုးရအဖွဲ့အစည်းများနှင့်အတူ မြေယာသိမ်းယူခြင်းများကိုလည်း လုပ်ဆောင်လျက်ရှိသည်။

အပိုင်း (ခ) တွင် လက်နက်ကိုင်ပဋိပက္ခမှဖြစ်ပေါ်လာသော နေရပ်စွန့်ခွာထွက်ပြေးတမ်းရှောင်မှုများနှင့် ၎င်း၏ နောက်ဆက်တွဲအကျိုးဆက်များကို သုံးသပ်ထားသည်။ ထိုအထဲတွင် လက်နက်ကိုင် တိုက်ပွဲများကြောင့် ကရင် လူမျိုးများနှင့် အခြားသောဒေသခံများအနေဖြင့် ၎င်းတို့၏ ကျေးရွာများအားစွန့်ခွာပြီး အလှည့်ကျထွက်ပြေး ကြရသည့်ဖြစ်ရပ်များကို မီးမောင်းထိုးပြထားပါသည်။ အချို့သောသာဓကဖြစ်ရပ်များတွင် တပ်မတော်သည် ရွာသားများအားပစ်မှတ်ထားခြင်း သို့မဟုတ် ခြိမ်းခြောက်မှုများပြုလုပ်ကာ အတင်းအဓမ္မနေရပ်ရွှေ့ပြောင်းနေ ထိုင်စေခြင်းများ ပြုလုပ်ခဲ့သည်။ ပြည်သူလူထုအချို့သည် လူ့အခွင့်အရေးချိုးဖောက်မှုများပြုရန် ပစ်မှတ်ထားခံရ မည်ကိုစိုးရိမ်သဖြင့် ရွှေ့ပြောင်းနေထိုင်ကြပြီး အခြားသောသူများမှာ မြေယာသိမ်းယူခြင်းခံရသည့်အတွက် ၎င်း တို့၏ကျေးရွာအား စွန့်ခွာခဲ့ရခြင်းဖြစ်သည်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ၏ ဆွေမျိုး များသည် တပ်မတော်၏ အထူးပစ်မှတ်ထားခြင်းကို ခံရလေ့ရှိသည့်အတွက် နေရပ်ရွှေ့ပြောင်းနေထိုင်ရသည့် အခြေအနေနှင့် ရင်ဆိုင်ရလျက်ရှိသည်။ နေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများသည် ၎င်းတို့စိုက်ပျိုးခဲ့သည့် ဥယျာဉ် ခြံများအား ချန်ရစ်ခဲ့ကြရသည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် စားဝတ်နေရေးအခက်အခဲများ၊ ပြည်တွင်းစစ်ရှောင် စခန်းများ သို့မဟုတ် ဒုက္ခသည်စခန်းများတွင် အစာရေစာပြတ်လပ်သည့်အခက်အခဲများကို ကြုံတွေ့ခံစားကြရ သည်။ ထို့ပြင် ၎င်းတို့အနေဖြင့် လူနေမှုဘဝနိမ့်ပါးသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီနိုင်စွမ်းမရှိ သည့်အပြင် ကျန်းမာရေးပြဿနာအမြောက်အများကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။

အပိုင်း (ဂ) တွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပဋိပက္ခများကြောင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ် အကိုင်များ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ရေတိုရေရှည် အကျိုးသက်ရောက်မှုများနှင့်ပတ်သက်ပြီး တင်ပြ ထားသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသတွင်နေထိုင်သော လူမှုအသိုက်အဝန်းအများစု သည် လယ်ယာလုပ်ငန်း သို့မဟုတ် နေ့စားအလုပ်များတွင် မှီခိုနေကြရပြီး ဆိုးရွားသောလူ့အခွင့်အရေးချိုး ဖောက်မှုများကြောင့် အိမ်ထောင်ဦးစီးအားဆုံးရှုံးရခြင်း သို့မဟုတ် ယာယီမရှိခြင်းများသည်လည်း မိသားစု စားဝတ်နေရေးအတွက် ကြာရှည်သောအခက်အခဲများ ရင်ဆိုင်ရစေသည်။ ထိုနည်းတူစွာပင် တပ်မတော်မှ ဒေသခံများအား ၎င်းတို့၏နေ့စဉ်လုပ်ငန်းများလုပ်ကိုင်ရန် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုများရရှိရန် အတွက် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်အား တားဆီးပိတ်ပင်ထားသည့်အချိန်တွင် မြေယာ သို့မဟုတ် မွေးမြူ

ရေးတိရိစ္ဆာန်များအားသိမ်းယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပါပြုလုပ်ကြသည်။ ထို့ကြောင့် ဒေသခံများ၏စီးပွားရေး လုပ်ငန်းဆိုင်ရာရပ်တည်ရှင်သန်နိုင်မှုအပေါ် ခြိမ်းခြောက်မှုများဖြစ်စေပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းမှုပြုထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများမှ အသက်ရှင်ကျန်ရစ်သူများသည် ရေရှည် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးချို့ယွင်းမှုများနှင့် စိတ်ပိုင်းဆိုင်ရာစိတ်ထိခိုက်မှု ရောဂါဝေဒနာများအား ခံစားကြရ သည်။ တိုက်ပွဲများ၊ ကျေးရွာများအား တိုက်ခိုက်ခြင်းများ၊ စားဝတ်နေရေးအခက်အခဲများနှင့် နေရပ်ရွှေ့ပြောင်း နေထိုင်မှုများသည်လည်း ကရင်လူငယ်များ၏ပညာရေးအား ထိခိုက်မှုများရှိစေပြီး ကလေးအမြောက်အများကို ကျောင်းထွက်စေခြင်းများ ဖြစ်ပေါ် စေသည်။ ၂၀၁၂ ခုနှစ် မတိုင်မီကာလများက အိမ်ထောင်ဦးစီး ဆုံးရှုံးခဲ့ရသော အိမ်ထောင်စုများအနေဖြင့် ကလေးများ၏ပညာရေးအား ယခုတိုင် ထောက်ပံ့မှုများမပြုနိုင်ကြပေ။

အခန်း (၂) တွင် ရွာသားများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ထိတွေ့နေမှုများ၊ အပစ်ခတ်ရပ်စဲရေးက ၎င်းတို့၏ဘဝများအား မည်သို့သက်ရောက်မှုရှိနေကြောင်းနှင့် အနာဂတ်အတွက် မည်သို့မျှော်မှန်းချက်များထား ရှိခြင်းများအကြောင်းကို ဆန်းစစ်တင်ပြထားသည်။ ဤအခန်းတွင် အတိတ်ကာလက လူ့အခွင့်အရေးချိုးဖောက် မှုများ လျော့နည်းသွားခြင်းရှိမရှိနှင့် ဒေသခံရွာသားများ လက်ရှိကာလတွင်ရင်ဆိုင်နေရသည့် ခြိမ်းခြောက်မှုပုံစံ အသစ်များကိုလည်း ဖော်ပြထားသည်။

အပိုင်း (က) တွင် မြန်မာပြည်အရှေ့တောင်ပိုင်း၏ လက်ရှိအခြေအနေများကို သုံးသပ်ပြထားပြီး ငြိမ်းချမ်းရေး ဖြစ်စဉ်တစ်လျှောက်တွင် အခြေအနေများတိုးတက်ကောင်းမွန်လာသည်ဟု ကောက်ချက်ချထားသည်။ အချို့ သောစိန်ခေါ်မှုများ ကျန်ရှိနေသေးသော်လည်း လွတ်လပ်စွာလှုပ်ရှားသွားလာနိုင်မှု ပိုမိုများပြားလာသည့်အတွက် ဒေသခံများအား ၎င်းတို့၏စားဝတ်နေရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခွင့် ရရှိလာကြသည်။ သို့သော် အချို့ သောလူမှုအသိုက်အဝန်းများအနေဖြင့် နေရပ်ရွှေ့ပြောင်းနေထိုင်မှုများ၊ မြေယာမရှိခြင်းနှင့် အလုပ်အကိုင်အခွင့် အလမ်းမရှိခြင်းများကြောင့် အခက်အခဲများရင်ဆိုင်နေရဆဲဖြစ်သည်။ လက်နက်ကိုင်များကြား တိုက်ပွဲများကြောင့် စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများနှင့် တခါတရံ နေရပ်ရွှေ့ပြောင်းနေထိုင်စေမှုများ ရှိနေသေးသော်လည်း အချို့သောဒေသများမှ မေးခွန်းဖြေကြားသူများက ၎င်းတို့အနေဖြင့် ယခင်ကထက်စာလျှင် ပိုမိုလုံခြုံသည်ဟုခံစား ရကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့အား တင်ပြခဲ့သည်။ ကျန်းမာရေး၊ ပညာရေးနှင့်ပတ်သက်၍ အခက်အခဲများ ရှိနေသေးသော်လည်း ထိုဝန်ဆောင်မှုများအားလက်လှမ်းမှီနိုင်မှုများဒေသအတွင်းတိုးတက်ကောင်းမွန်လာသည်။ ယခင်လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများဖြစ်သည့် သတ်ဖြတ်မှုများ၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြုအကြမ်း ဖက်မှုများ၊ ကလေးသူငယ်အခွင့်အရေးချိုးဖောက်မှုများ၊ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ဘာသာရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုများ၊ အတင်းအဓမ္မစေခိုင်းခံရမှုများနှင့် လုယက်မှုများ ဆက်လက်ဖြစ်ပွားနေသေးသည်။ ထို့အ ပြင် ကရင်လူ့အခွင့်အရေးအဖွဲ့မှ အခြားချိုးဖောက်မှုပုံစံအသစ်များဖြစ်သည့် မြေယာသိမ်းယူမှုများ တိုးမြင့်လာခြင်း များနှင့် သဘာဝသယံဇာတများတူးဖော်ထုတ်လုပ်ရာတွင် ကရင်လူမျိုးများ၏ အခွင့်အရေးများအား ချိုးဖောက်ခံ ရခြင်း စသည့်လူ့အခွင့်အရေးချိုးဖောက်မှုများကိုဖော်ပြသော သတင်းအချက်အလက်များပါ စုဆောင်းရရှိထား ပါသည်။

အပိုင်း (ခ) တွင် ဒေသခံများ၏ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အမြင်သဘောထားများကို တင်ပြထား သည်။ ဤတွင် ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းမှုပြုခဲ့သည့် ရွာသားအမြောက်အများသည် တစ်နိုင်ငံ လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာအခြေခံ ဗဟုသုတပင် မရှိကြောင်း တွေ့ရှိရသည်။ ဒေသခံအများစုက ပိုမိုလေ့လာလိုစိတ်ရှိပြီး ဆုံးဖြတ်ချက်ချသူများနှင့် လက်တွဲကာ ၎င်းတို့၏ အကြံပြုချက်များအားတင်ပြပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန် ကူညီဆောင်ရွက်လိုကြ သည်။ သို့သော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ယုံကြည်မှုမရှိခြင်းနှင့် ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေး ရရှိနိုင် မည်မဟုတ်ဟုသည့် အဓိပ္ပါယ်ဆောင်သောအချက်များကိုလည်း တွေ့ရသည်။ ထိုအထဲတွင် အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်များအပေါ် ချိုးဖောက်မှုများရှိခြင်း၊ စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများ ဆက်လက်ပြု လုပ်နေခြင်း၊ မြန်မာပြည်အရှေ့တောင်ပိုင်းဒေသအတော်များများတွင် KNLA နှင့် မြန်မာ့တပ်မတော်တို့အကြား ပစ်ခတ်နေမှုများအပြင် မြန်မာစစ်တပ်၏ မြေယာသိမ်းယူမှုများနှင့် ဒေသခံများ၏ဓလေ့ထုံးတမ်း မြေယာများအား

စစ်တပ်၏အကျိုးအတွက် အသုံးပြုနေမှုတို့ပါဝင်သည်။ အချို့သောဒေသခံများက တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်အား ဒေသအတွင်း ၎င်းတို့၏အာဏာ ပိုမိုခိုင်မာလာစေရန်အတွက် အသုံးပြုနေခြင်းနှင့် အနာဂတ်တွင် လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပေါ် လာနိုင်မှုများနှင့်ပတ်သက်ပြီး ၎င်းတို့၏စိုးရိမ်မှုများကိုဖော်ပြခဲ့ကြသည်။ မြန်မာနိုင်ငံ၏နေးကွေးသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် ဒီမိုကရေစီသဘောထားပြည့်ဝသည့် ဖက်ဒရယ်အစိုးရစနစ်အား တည်ဆောက်ရန်အတွက် ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ထိခိုက်ပျက်ပြားမှုရှိနိုင်သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖက်ဒရယ်အစိုးရတစ်ရပ် ဖွဲ့စည်းရန်အတွက် နေးကွေးသည့်နိုင်ငံရေးပြောင်းလဲမှုများကြောင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေး ထိခိုက်ပျက်ပြားလျက်ရှိသည်ဟု ဒေသခံအချို့ကယူဆကြသည်။ အချို့သောသူများက တပ်မတော်တစ်ရပ်တည်းထားရှိရေး အဆိုတင်သွင်းချက်ကြောင့် လုံခြုံမှုမရှိသကဲ့သို့ခံစားနေကြရကြောင်း တင်ပြကြပါသည်။

အခန်း (၃) တွင် တရားဝင် တရားစီရင်ရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များအကြောင်း ပါဝင်သည်။ ပထမဦးစွာ အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများက ဖြစ်ပေါ် ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်ပြီး စိန်ခေါ်မှုများကို စီစစ်ခဲ့သည်။ ဒုတိယအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ထိုးပြီးနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ များပြားလှသည့် တရားစီရင်ရေးစနစ်များနှင့်ပတ်သက်သော အတွေ့အကြုံများကို ဖော်ပြထားသည်။ ဤအခန်းတွင် ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် တွေ့ကြုံရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား တရားဝင်တရားစီရင်ရေးစနစ်ဖြင့် ဖြေရှင်း၍ရနိုင်ခြင်းရှိမရှိ ကြိုးပမ်းရှာဖွေဖော်ထုတ်ထားသည်။

အပိုင်း (က) တွင် ကရင်လူ့အခွင့်အရေးအဖွဲ့၏ တွေ့ဆုံမေးမြန်းချက်များအရ အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများက ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများမှာ ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရရှိခဲ့သည်။ ရွာသားများက လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား ကြောက်ရွံ့ခြင်းကြောင့် တရားမျှတမှုရရှိရန်အတွက် တိုင်ကြားမှုမပြုလုပ်နိုင်ခြင်း၊ စစ်အာဏာရှင်ခေတ်တွင် တရားဥပဒေစိုးမိုးမှုမရှိခြင်းနှင့် တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်မှုများအား အရပ်သားတရားရုံးများတွင် စီရင်၍မရခြင်း စသည့်များစွာသောအခက်အခဲ အတားအဆီးများရှိကြောင်းကို ဖော်ပြခဲ့သည်။ မေးခွန်းဖြေကြားသူအများအပြားက ယခင်လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်ပြီး ဖြေရှင်းနိုင်မည့်နည်းလမ်းများကိုလည်း အကြံပြုတင်ပြခဲ့ကြသည်။ ထိုအထဲတွင် ပြစ်မှုကျူးလွန်သူများအား တရားဝင်တရားစီရင်ရေးစနစ်ဖြင့် တရားစွဲဆိုရန် သို့မဟုတ် ရာထူးမှရပ်နားရန် စသည်တို့ပါဝင်သည်။ ပြစ်မှုကျူးလွန်မှုအား အသိအမှတ်ပြုခြင်း၊ တောင်းပန်ခြင်းနှင့် ထပ်မံမဖြစ်ပွားမှုအာမခံချက်ပေးခြင်း စသည့်ပြစ်ဒဏ်ခတ်ခြင်းမဟုတ်သည့် နည်းလမ်းများကိုလည်း ကျင့်သုံးရန်အတွက်အားပေးသင့်သည်။ ရွာသူရွာသားအများစုသည် ၎င်းတို့၏မြေယာများ ပြန်လည်ရရှိလိုခြင်းနှင့် ၎င်းတို့ခံစားခဲ့ရသော အခွင့်အရေးချိုးဖောက်ခံရမှုများအတွက် မျှတသည့် လျော်ကြေးငွေရယူလိုကြောင်း တင်ပြကြသည်။ အခြားသူများမှာ ၎င်းတို့အနေဖြင့် ငွေကြေး၊ ဥစ္စာနှင့် စိတ်ပိုင်းဆိုင်ရာအကူအညီများ ရယူလိုကြောင်းတင်ပြခဲ့ကြသည်။

အပိုင်း (ခ) တွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လက်ရှိတရားစီရင်ရေးစနစ်၏ စီမံခန့်ခွဲမှုများအပေါ် ဒေသခံများ၏အမြင်သဘောထားများကို ဖော်ပြထားသည်။ အပစ်ခတ်ရပ်စဲရေးပြုလုပ်ပြီးနောက်ပိုင်း ဒေသခံများတွေ့ကြုံခံစားရသည့် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများအပေါ် ဒေသအတွင်းတည်ရှိနေသည့် တရားစီရင်ရေးစနစ် သုံးခုလုံးမှာ စိတ်ကျေနပ်စေလောက်သည်အထိ တစ်ခုမှ ကုစားမှုပေးနိုင်ခြင်းမရှိကြောင်း ကောက်ချက်ချထားသည်။ ဓလေ့ထုံးတမ်းတရားစီရင်ရေးစနစ်သည် သဟဇာတမဖြစ်ခြင်း၊ အမှုကြီးများအား မဖြေရှင်းနိုင်ခြင်း၊ တရားစီရင်ချက်များ မပြုလုပ်နိုင်ခြင်းနှင့် ကျေးရွာအဆင့်ရွာသူကြီးများ၏ လာဘ်စားမှုများမှာ ပြဿနာတစ်ရပ်အဖြစ် ကျန်ရှိနေသေးသည်။ မြန်မာအစိုးရ၏ တရားစီရင်ရေးစနစ်သည် တပ်မတော်အား တရားစီရင်မှုမပြုလုပ်နိုင်ခြင်း၊ တိုင်းရင်းသားလူနည်းစုများနှင့်ဆန့်ကျင်ပြီး ဘက်လိုက်မှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ဆုံးဖြတ်ချက်ချရန် အချိန်ကြာမြင့်ခြင်းများအပြင် လာဘ်ထိုးမှုနှင့် အဂတိလိုက်စားမှုများရှိနေခြင်း စသည့်စိန်ခေါ်မှုများ ရှိနေပါသည်။ ထို့အပြင် တရားစီရင်ရေးတွင်ပါဝင်ရန် ဗမာစကားမပြောတတ်သည့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံများအတွက် အခက်အခဲရှိသကဲ့သို့ ထိုတရားစီရင်ရေးအား အသုံးပြုရန်အတွက် ငွေကြေးကုန်ကျမှု အလွန်များပြား

ပါသည်။ ထို့အတွက် ကရင်ဒေသခံများအနေဖြင့် KNU ၏ တရားစီရင်ရေးစနစ်ကို အသုံးပြုရန် စိတ်အားထက်သန်ကြသည်။ သို့သော် ထိုစနစ်သည် ရွာသားများ၏တိုင်ကြားမှုအားလုံးကို စီရင်ရန်အတွက် လုပ်ဆောင်နိုင်မှုမရှိခြင်း၊ ဥပဒေအား တသမတ်တည်းအသုံးချမှုမရှိခြင်း စသည့်စိန်ခေါ် မှုများအပြင် အရင်းအမြစ်နှင့် အရည်အသွေးမီသော ဝန်ထမ်းများလည်းမရှိပေ။ ထို့အပြင် ထိုစနစ်သည် စည်းကမ်းတင်းကြပ်မှုမရှိခြင်း၊ လာဘ်စားခြင်းနှင့် အဂတိလိုက်စားမှုများ ရှိနေခြင်းများကြောင့် ထိုစနစ်အပေါ် အများယုံကြည်လက်ခံနိုင်မှုအား လျော့နည်းစေသည်။

အခန်းတိုင်း၏အစပိုင်းတွင် အဓိကရှာဖွေတွေ့ရှိချက်များ ပါဝင်သည်။ အကျဉ်းချုပ်ဖော်ပြပြီးသည့်နောက်တွင် ရွာသားများနှင့် ကရင်လူ့အခွင့်အရေးအဖွဲ့၏ အကြံပြုချက်များအား ထည့်သွင်းဖော်ပြထားသည်။ ဤအစီရင်ခံစာအား အင်္ဂလိပ်နှင့်မြန်မာဘာသာများဖြင့် အင်တာနက်စာမျက်နှာပေါ် ရှိ ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဝက်ဘ်ဆိုဒ်တွင် တွေ့ရှိနိုင်သည်။

**နောက်ဆက်တွဲမူရင်းသတင်းမှတ်တမ်းအပိုင်း**[1] တွင် ဤအစီရင်ခံစာအတွင်း အသုံးပြုထားသည့် ထုတ်ပြန်ခြင်းမပြုရသေးသော မေးမြန်းခန်းများကို တွေ့ရှိနိုင်သည်။ အကြောင်းမှာ ဤအစီရင်ခံစာတွင် အသုံးပြုထားသည့် သတင်းအချက်အလက်များမှာ သက်သေအချက်အလက်ခိုင်မာကြောင်းနှင့် ပွင့်လင်းမြင်သာမှုရှိကြောင်းကို သေချာစေရန်ဖြစ်သည်။

[1] နောက်ဆက်တွဲသတင်းမှတ်တမ်းအားလုံးကို PDF ဖောင်ဖြင့် www.khrg.org တွင် ကူးယူနိုင်သည်။

# အကြံပြုချက်များ

အောက်တွင်ဖော်ပြထားသည့် အကြံပြုချက်များသည် တွေ့ဆုံမေးမြန်းထားသူများ၏ ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပေါ် အမြင်သဘောထားများမှ ဆင်းသက်လာခြင်းဖြစ်သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် အကြံပြုချက်များအား ထိုသူများ၏ အသံများ၊ လိုအပ်ချက်များနှင့် အကြံဉာဏ်များအား ဦးစားပေး ထည့်သွင်းထားသည်။ ဤအခန်းတွင် ပါရှိသောအချက်များမှာ ပညာရှင်များနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ၊ ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကွင်းဆင်းလုပ်သားများနှင့် မူဝါဒပိုင်းဆိုင်ရာ စည်းရုံးလှုံ့ဆော်ရေးဝန်ထမ်းများ၏ အကြံပြုချက်များ ပါဝင်သည်။

ဤအစီရင်ခံစာရှိ အကြံပြုချက်များသည် ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းစုဆောင်းရယူသည့် ဒေသများမှ ပေးထားသော အကြံပြုချက်များဖြစ်သည့်အပြင် မြန်မာပြည်အရှေ့တောင်ပိုင်းတစ်ခုလုံးနှင့် သက်ဆိုင်မှုရှိသည်။

### ၁) တပ်မတော်နှင့် နယ်ခြားစောင့်တပ်သို့

*လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ*

- မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာလူ့အခွင့်အရေးနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေစာချုပ်များကို သဘောတူလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် ခံယူထားသည်နှင့်အညီ ပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများကို လေးစား၊ ကာကွယ်၊ ဖြည့်ဆည်းပေးရန်။
- စစ်ဆေးရေးဂိတ်များနှင့် ညမထွက်ရအမိန့်များချမှတ်ပြီး ဒေသခံများ၏ခရီးသွားလာမှုအား ကန့်သတ်ခြင်းများကို ရှောင်ကျဉ်ရန်၊ ပြည်သူများ၏ လွတ်လပ်စွာသွားလာခွင့်အား လေးစားရန်နှင့် အများပြည်သူ လုံခြုံစွာ ခရီးသွားလာနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်။

*ငြိမ်းချမ်းရေး၊ ဘေးကင်းမှုနှင့် လုံခြုံမှု*

- တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပိုဒ် ၅(ဂ) တွင် ဖော်ပြထားသည်နှင့်အညီ နှစ်ဖက်သဘောတူညီမှုမရှိပဲ တပ်စခန်းအသစ်များဆောက်လုပ်ခြင်း၊ လက်နက်ခဲယမ်းများ ထပ်မံဖြည့်တင်းခြင်းနှင့် အပစ်ရပ်နယ်မြေတွင် အင်အားအသစ်ဖြည့်တင်းခြင်းများ လုပ်ဆောင်နေမှုကို ရပ်တန့်ရန်။
- ကျေးရွာများ၏အနီးတဝိုက်နှင့် ရွာသားများနေထိုင်သည့်နေရာများ အနီးပတ်ဝန်းကျင်တွင် စစ်ရေးလေ့ကျင့်နေမှုများအပါအဝင် စစ်ရေးလှုပ်ရှားနေမှုများအားလုံးကို ချက်ချင်းရပ်တန့်ရန်။
- NCA စာချုပ် အပိုဒ် ၈ (ခ) တွင် ဖော်ပြထားသည်နှင့်အညီ တဖက်အဖွဲ့အစည်းက ထိန်းချုပ်ထားသော နယ်မြေအတွင်း လက်နက်ဖြင့်သွားလာမှုများကို မပြုရန်နှင့် အင်အားသုံးခြင်းများ၊ ထိပ်တိုက်တွေ့ဆုံမှုများအား ရှောင်ကျဉ်ရန်။
- လက်နက်ကိုင်တပ်များအုပ်ချုပ်သော သို့မဟုတ် ရောနှောအုပ်ချုပ်သည့်ဒေသများတွင် ဒေသခံပြည်သူများနှင့် သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)ထံမှ ကြိုတင်သဘောထားရယူခြင်းမရှိဘဲ လမ်းဖောက်လုပ်ခြင်းနှင့် လမ်းပြုပြင်ခြင်းများ၊ အခြားအခြေခံအဆောက်အဦးဆောက်လုပ်နေခြင်းများအား ရှောင်ကြဉ်ရန်။
- အရပ်သားများအားပစ်မှတ်ထားခြင်း၊ တရားလက်လွတ်သတ်ဖြတ်ခြင်း၊ မြေယာသိမ်းဆည်းခြင်း၊ အဓမ္မလုပ်အားပေးစေခိုင်းခြင်း၊ ငွေညှစ်ခြင်းနှင့် လုယူခြင်း၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်ခြင်းများအပါအဝင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အပိုဒ် (၉) ပါ အရပ်သားများ

အား ကာကွယ်စောင့်ရှောက်မှုနှင့်ဆက်နွယ်သည့် ဆက်လက်ဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖောက်မှုများအားရပ်တန့်ရန်နှင့် အထက်ပါဖော်ပြထားသည့်အခန်းတွင်ပါဝင်သော အခြားတာဝန်ဝတ္တရားများအား လေးစားလိုက်နာရန်။

- အရပ်သားများနေထိုင်သည့်နေရာဒေသအားလုံးမှ တပ်ဖွဲ့များနှင့် စစ်ဘက်ဆိုင်ရာအဆောက်အဦးများအား ဖယ်ရှားရန်။

*မြေယာသိမ်းဆည်းမှုများ*

- အရပ်သားများ၏မြေယာများအား ဆက်လက်သိမ်းယူနေမှုများကို ရပ်တန့်ရန်နှင့် သိမ်းယူထားသည့် မြေယာများအားလုံးကို ပိုင်ရှင်အစစ်အမှန်များထံသို့ ပြန်လည်ပေးအပ်ရန်၊ မြေယာပျက်စီးဆုံးရှုံးမှုများ အတွက် လျော်ကြေးငွေများပေးအပ်ရန်။ ထိုသို့ပြန်လည်ပေးအပ်ရာတွင် ပင်ဟဲရိုး၏ ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာရသူများအတွက် အိမ်ယာပိုင်ဆိုင်မှု ပြန်လည်ပေးအပ်ခြင်းဆိုင်ရာအခြေခံမှုများ (Pinheiro Principles)နှင့်အညီ ပြန်လည်ပေးအပ်ရမည်။ မြေယာများအား စစ်ရေးအတွက်အသုံးပြုထားပါက ထိုမြေများအား ပြန်လည်ပေးအပ်ခြင်းမပြုမီ အန္တရာယ်ရှိသောပစ္စည်းများအား ဖယ်ရှားရှင်းလင်းခြင်းများ ဦးစွာပြုလုပ်ရမည်။

*တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှု*

- လူ့အခွင့်အရေးချိုးဖောက်မှုများတိုင်ကြားရာတွင် ချိုးဖောက်သူအရာရှိများအား အရေးယူရန်နှင့် တိုင်ကြားသည့်အရပ်သားများကို တန်ပြန်အန္တရာယ်ပြုခြင်းမှ ရှောင်ကြဉ်ရန်။
- အတိတ်ကာလကဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ အကြမ်းဖက်မှုများအား အသိအမှတ်ပြုရန်နှင့် ထပ်မံမဖြစ်ပွားစေရန်အတွက် အာမခံချက်ပေးရန်။
- တပ်မတော်နှင့်နယ်ခြားစောင့်တပ် (BGF) များမှ ကျူးလွန်သောလူ့အခွင့်အရေးချိုးဖောက်မှုများအား အရပ်သားတရားရုံးများတွင် တရားစီရင်ခွင့်ပြုရန်နှင့် ထိုတရားရုံးများမှ ကျူးလွန်သူနှင့်ပတ်သက်ပြီး လိုအပ်သည့်အချက်အလက်များအား ရရှိနိုင်စေရန်အတွက် အပြည့်အဝပူးပေါင်းလုပ်ဆောင်ပေးရန်။

## ၂) တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသို့

*လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်*

- စစ်မက်ဖြစ်ပွားသည့်အခြေအနေများတွင် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေများ၊ လူ့အခွင့်အရေးဥပဒေများနှင့်အညီ အကြမ်းဖက်မှုအခြေအနေအား ကြုံတွေ့နေရသည့် အရပ်သားအားလုံးအား ကာကွယ်စောင့်ရှောက်ပေးရန်။
- မြေမြှုပ်မိုင်းများအသုံးပြုခြင်းကို တားမြစ်ခြင်းအားအတည်ပြုပြီး NCA အပိုဒ် ၅(က) နှင့် (င) တွင် ဖော်ပြထားသည့်အတိုင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။ မြေမြှုပ်မိုင်းအများအပြား တည်ရှိသောနေရာများအား ရှင်းလင်းစွာသတ်မှတ်ခြင်းများပြုလုပ်ပြီး ထိုမြေမြှုပ်မိုင်းများတည်ရှိနေခြင်းကို အရပ်သားများအားသိရှိစေရန် လုပ်ဆောင်ရမည်။
- NCA အပိုဒ် ၇ (က) တွင် ဖော်ပြထားသည့်အတိုင်း နှစ်ဖက်တိုက်ရိုက် ထိတွေ့ရင်ဆိုင်မှုရှိသောနေရာများတွင် ထိတွေ့ပစ်ခတ်မှုမရှိစေရေးအတွက် စက်ဆက်သွယ်မှု၊ မြေပြင်ဆက်သွယ်မှုနှင့် အခြားသောဆက်သွယ်မှုနည်းလမ်းများ ချက်ခြင်းဆောင်ရွက်ရန်။ NCA အား ဖောက်ဖျက်သည့်အခါတွင် အကြမ်းဖက်သည့်နည်းဖြင့်တုံ့ပြန်သည်ထက် လက်မှတ်ထိုးထားသောအဖွဲ့များအနေဖြင့် ညှိနှိုင်းမှုများပြုလုပ်ကာ ထိတွေ့ပစ်ခတ်မှုများမရှိစေရန်အတွက် ကာကွယ်ခြင်းများပြုလုပ်ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ထံသို့ အစီရင်ခံစာတင်ရမည်။

- လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်နေသူများအား အကူအညီပေးနိုင်ရန်အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသူများ၊ သတင်းမီဒီယာများ၊ လူ့အခွင့်အရေးစောင့်ကြည့်သည့်အဖွဲ့များအား လက်နက်ကိုင်ပဋိပက္ခခံစားနေရသောဒေသများနှင့် အခြားအကြမ်းဖက်မှုခံစားနေရသူများထံသို့ အကန့်အသတ်မရှိ ဝင်ရောက်ခွင့်ပေးရမည်။
- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် သက်ဆိုင်ရာကိစ္စရပ်များအားလုံးနှင့်ပတ်သက်ပြီး အားလုံးပါဝင်နိုင်သည့် ဆွေးနွေးပွဲများအား သင့်လျော်သည့်ကိုယ်စားလှယ်များအားလုံးနှင့်ကျင်းပပြီး တိုင်းရင်းသားလူနည်းစုအားလုံးပါဝင်လာနိုင်ရေးနှင့် ထိုဆွေးနွေးပွဲများတွင် ကျား/မတန်းတူညီမျှမှုအမြင်မှလည်း ထည့်သွင်းဆွေးနွေးနိုင်ရန် လုပ်ဆောင်ရမည်။
- တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အား ချိုးဖောက်သူများကို အပြစ်ပေးအရေးယူနိုင်ရန်အတွက် ထိရောက်သည့်ယန္တယားများ တည်ထောင်ရန်။

## ၃) မြန်မာအစိုးရသို့

*နိုင်ငံတကာလူ့အခွင့်အရေးနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေဆိုင်ရာစာချုပ်များ*

- မြန်မာအစိုးရမှ အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးထားသည့်စာချုပ်များဖြစ်သည့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေး ကုလသမဂ္ဂသဘောတူညီချက်စာချုပ်(CEDAW)၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာစာချုပ် (ICESCR)၊ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာစာချုပ် (CRC) အပြင် ဂျနီဗာစာချုပ်အပိုဒ်(၃)နှင့်အညီ အပြည်ပြည်ဆိုင်ရာတာဝန်ဝတ္တရားများအား လိုက်နာရန်။
- နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များအား အတည်ပြုလက်မှတ်ထိုးရန် အထူးသဖြင့် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာစာချုပ်(ICCPR)၊ နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာသဘောတူစာချုပ်(CAT)၊ လူမျိုးရေးခွဲခြားဖိနှိပ်မှုမျိုးစုံပပျောက်ရေးစာချုပ်(ICERD)နှင့် လက်နက်ကိုင်တိုက်ပွဲများအကြားရှိ ကလေးအခွင့်အရေးနောက်ဆက်တွဲစာချုပ်(CRC-OPAC)တို့ကို အတည်ပြုလက်မှတ်ရေးထိုးရန်။
- လက်နက်ခဲယမ်းများ အစုအပြုံလိုက်အသုံးပြုမှုဆိုင်ရာစာချုပ်နှင့် လူသတ်မိုင်းများအသုံးပြုခြင်း၊ စုဆောင်းခြင်း၊ ထုတ်လုပ်ခြင်း သယ်ယူပို့ဆောင်ခြင်းအားကန့်သတ်ခြင်းနှင့် ၎င်းတို့အားဖျက်သိမ်းခြင်း စာချုပ်များကို လက်မှတ်ထိုးရန်။
- ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့၏ ဂျနီဗာစာချုပ်၏အခြားနောက်ဆက်တွဲစာချုပ်များနှင့် နိုင်ငံတကာမဟုတ်သည့် လက်နက်ကိုင်တိုက်ပွဲများမှ ခံရသူများအားကာကွယ်ခြင်းနှင့်ပတ်သက်သည့် စာချုပ်များအား အတည်ပြုလက်မှတ်ထိုးရန်။

*မြေယာအသုံးပြုမှုနှင့် မြေယာပိုင်ဆိုင်မှု*

- မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှုဥပဒေအား ဖျက်သိမ်းရန်။ ဒေသခံပြည်သူများ၏ မြေယာများအား သိမ်းယူမှုများကို ရှောင်ရှားရန်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှုဥပဒေအရ အရပ်သားများအား ကျူးကျော်မှုဖြင့် တရားစွဲဆိုနေမှုများအား ရပ်တန့်ရန်။
- မြေယာသိမ်းယူရန်အတွက် အဓမ္မဆောင်ရွက်နေမှုများအားလုံးကို ချက်ခြင်းရပ်တန့်ရန်။
- ပါဝင်ပတ်သက်သူများအားလုံးနှင့်အတူ လွတ်လပ်ပြီးကြိုတင်အသိပေး၍ သဘောတူညီချက်ရယူမှု (FPIC)လုပ်ဆောင်ခြင်းမရှိသေးပါက တိုင်းရင်းသားဒေသများအတွင်း လုပ်ဆောင်နေသော သဘာဝအရင်းမြစ်ထုတ်ယူမှုများ၊ စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုများနှင့် အခြေခံအဆောက်အအုံဆောက်လုပ်ခြင်း အကြီးစားစီမံကိန်းများကို ချက်ခြင်းရပ်တန့်ထားရန်။
- ၂၀၁၆ ခုနှစ် အမျိုးသားမြေယာအသုံးချမှုမူဝါဒအရ လိုအပ်သောသုတေသနများ၊ ကြိုတင်လေ့လာမှုများနှင့် အသိပေးမှုများအားပြုလုပ်ကာ ၂၀၁၆ အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ ဓလေ့ထုံးတမ်းမြေယာနှင့်

ရိုးရာမြေယာစိုက်ပျိုးရိတ်သိမ်းမှုစနစ်အား အသိအမှတ်ပြုသော ပြည့်စုံသည့်အမျိုးသားမြေယာဥပဒေအား ထုတ်ပြန်ရန်။ နေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ မြေယာအခွင့်အရေးအား ကာကွယ်စောင့်ရှောက်ခြင်းများကိုလည်း ထည့်သွင်းပေးရန်။

- မြေယာသိမ်းယူခြင်းခံရသူများအား မြေယာအစားထိုးမှုများရရှိရန်အတွက် ထိရောက်မှုရှိပြီး လက်လှမ်းမီနိုင်သည့် ယန္တရားများထားရှိရန်။ မြေယာအစားထိုးပေးရန် မဖြစ်နိုင်သည့်အခြေအနေတွင် ထိုယန္တရားမှ တဆင့် သင့်တော်သည့်လျော်ကြေးငွေများပေးရန်။

*မူဝါဒနှင့် အုပ်ချုပ်ရေး*

- ရေရှည်တည်တံ့သော ရင်းနီးမှုတည်ဆောက်နိုင်ရန်အတွက် ဒေသခံပြည်သူများနှင့် ယုံကြည်မှုတည်ဆောက်ရန်။
- ကျေးလက်ဒေသရှိလူမှုအသိုက်အဝန်းမှ အဓိပ္ပါယ်ပြည့်ဝသော စေ့စပ်ဆွေးနွေးမှုများ အစိုးရနှင့်ပြုလုပ်နိုင်ရန်နှင့် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်လာနိုင်မှုရှိစေရန်အတွက် ၎င်းတို့အားစစ်မှန်သောအခွင့်အရေးများပေးရန်။
- တပ်မတော်အား ၎င်း၏သြဇာလွှမ်းမိုးမှုရှိသော မြန်မာအစိုးရအဖွဲ့များမှ ဖယ်ရှားရန်နှင့် အရပ်သားအုပ်ချုပ်မှုစနစ်သို့ အပြည့်အဝပြောင်းလဲပေးရန်။
- တရားစီရင်ရေးနှင့်ဥပဒေပြုရေးများတွင် နိုင်ငံရေးနှင့်စစ်ရေးဆိုင်ရာ လွှမ်းမိုးချုပ်ကိုင်မှုများ၊ အကျင့်ပျက်ခြစားမှုများနှင့် လာဘ်စားခြင်းများ၊ တရားစီရင်ရေးတွင် ပွင့်လင်းမြင်သာမှုမရှိခြင်းများအပါအဝင် တရားဥပဒေစိုးမိုးမှုကို ခြိမ်းခြောက်မှုများအား ကိုင်တွယ်ဖြေရှင်းရန်နှင့် တရားဥပဒေစိုးမိုးမှုကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ရန်။

*ကျန်းမာရေး*

- စိတ်ကျန်းမာရေးဝေဒနာသည်များ၊ ကလေးသူငယ်များနှင့် မျိုးဆက်ပွားကျန်းမာရေး အထူးသဖြင့် ကျေးလက်ဒေသတွင်ရှိသော လူမှုအသိုက်အဝန်းများနှင့် လူနေထူထပ်သည့်ကျေးရွာများ၊ မြို့များနှင့် မြို့ကြီးများတွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံများနှင့် ဝန်ဆောင်မှုများအား ပိုမိုလက်လှမ်းမီစေရန်အတွက် တိုးမြှင့်လုပ်ဆောင်ပေးရန်။
- ICESCR ၏ အပိုဒ် ၁၂ နှင့်အညီ ကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုများသည် ပြည်သူများအား လုံးထံသို့ခွဲခြားမှုမရှိပဲ လက်ခံရရှိနိုင်စေရန်အတွက် ဆောင်ရွက်ရမည်။
- တိုင်းရင်းသားဒေသများရှိ ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းများတွင် လုံလောက်သောဝန်ထမ်းများရှိရန်၊ လိုအပ်သည့်ဆေးဝါးများနှင့် ဆေးပစ္စည်းများ ပြည့်ပြည့်ဝဝရှိရန်နှင့် အလုပ်ချိန်ပြည့်လုပ်ငန်းလည်ပတ်မှုရှိရန်။
- ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အရည်အသွေးပြည့်မီရန်နှင့် ကောင်းမွန်လုံလောက်စွာ သင်ကြားလေ့ကျင့်မှုရရှိထားရန်။
- တိုင်းရင်းသားကျန်းမာရေးစောင့်ရှောက်မှုစနစ်များနှင့်ပူးပေါင်းပြီး လူနာများအား လွှမ်းခြုံနိုင်ရန်အတွက် လိုအပ်သည့်သတင်းအချက်အလက်များအား ဝေငှရန်နှင့် တိုင်းရင်းသားကျန်းမာရေးလုပ်သားများ၏ အရည်အသွေးကိုယုံကြည်ပြီး လုပ်သားခန့်အပ်မှုတွင် အသိအမှတ်ပြုရန်။

*ပညာရေး*

- သင့်လျော်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးနှင့် ပညာရေးဆိုင်ရာ အထောက်အကူများအားလုံးကိုအသုံးပြု၍ မြန်မာအစိုးရအနေဖြင့် တာဝန်ရှိသည့်အတိုင်း ကလေးသူငယ်များအခွင့်အရေးဆိုင်ရာစာချုပ်၏ အပိုဒ် ၁၉ အောက်တွင်ပါရှိသော ကလေးသူငယ်များအပေါ် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ

ဒဏ်ရာရစေသည့် အကြမ်းဖက်မှုများ၊ မတရားသဖြင့် လျစ်လျူရှုသည့်အပြုအမူများ ပြုမူခြင်းများအပြင် ကျောင်းများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှကာကွယ်ပေးရန်။

- ICESCR ၏ အပိုဒ် ၁၂ နှင့် အညီ ကောင်းမွန်သော ပညာရေးဝန်ဆောင်မှုများ၊ ပစ္စည်းများနှင့် အထောက်အပံ့များအားလုံးသည် ပြည်သူများအားလုံးထံသို့ ခွဲခြားမှုမရှိပဲ လက်ခံရရှိနိုင်စေရန်အတွက် ဆောင်ရွက်ရမည်။
- ဒေသခံပြည်သူများနှင့်တိုင်ပင်ဆွေးနွေးကာ တိုင်းရင်းသားပညာရေးဌာနများနှင့် လူထုအခြေပြုပညာရေးဝန်ဆောင်မှုအဖွဲ့များအား ကရင်ဘာသာစကားနှင့် သမိုင်းဘာသာရပ်များသည် မြန်မာအစိုးရ၏ ကျောင်းများတွင် သင်ကြားနိုင်ရန်နှင့် သင်ရိုးညွှန်းတမ်းများတွင် ထိုဘာသာရပ်များအား သင်ကြားရန်အတွက် အချိန်အလုံအလောက်ပေးရန်။ ဤသင်ခန်းစာများအား ထိရောက်စွာသင်ကြားရန်အတွက် လုံလောက်မှုရှိသည့် တိုင်းရင်းသားဆရာ/ဆရာမများအားငှါးရမ်းကာ အခြားဗမာဆရာ၊ ဆရာမများကဲ့သို့ပင် လစာနှင့်အကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည်။
- နေရပ်ရွှေ့ပြောင်းနေထိုင်သော ကလေးငယ်များအားလုံးအနေဖြင့် ၎င်းတို့၏စီးပွားရေးအခြေအနေမည်သို့ပင်ဖြစ်စေကာမူ မူလတန်းနှင့် အလယ်တန်းပညာရေးများကို လက်ခံရရှိရန် ဆောင်ရွက်ပေးရမည်။
- တိုင်းရင်းသားပညာရေးစနစ်များနှင့်ပူးပေါင်းကာ တိုင်းရင်းသားဆရာ/ဆရာမများ၏ အရည်အသွေးကိုယုံကြည်ပြီး ဝန်ထမ်းခန့်အပ်မှုတွင် အသိအမှတ်ပြုရန်။

*တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှု*

- တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုသဘောတူစာချုပ် မတိုင်မီကာလများနှင့် လက်မှတ်ရေးထိုးပြီးကာလများအတွင်း ဖြစ်ပေါ်ခဲ့သည့်လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး တာဝန်ယူမှုတာဝန်ခံမှုရှိရန် ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို အဆုံးသတ်ရန်အတွက် လိုအပ်သည်အားလုံးကို ဆောင်ရွက်ရန်။
- လွတ်လပ်ပြီးဘက်လိုက်မှုမရှိသော ယန္တယားများအားတည်ထောင်ကာ(တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ် မချုပ်ဆိုမီနှင့် ချုပ်ဆိုပြီးအချိန်များတွင် ကျူးလွန်ခဲ့သည်) လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေများအား ချိုးဖောက်နေမှုများအား ပွင့်လင်းမြင်သာစွာနှင့်တရားမျှတစွာ အချိန်နှင့်တပြေးညီ ဖော်ထုတ်အရေးယူရန်။
- လက်ရှိနှင့်အနာဂတ် ဒေသတွင်း၊ နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် ပြစ်မှုဆိုင်ရာ အာဏာပိုင်များ၊ တရားရုံးများ၊ သမာဓိခံအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် ပြစ်မှုရှာဖွေဖော်ထုတ်ရေး ယန္တရားများနှင့်ပူးပေါင်းပြီး မြန်မာပြည်အရှေ့တောင်ပိုင်းရှိဒေသခံများအပေါ် ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပြစ်မှုများအား ဖော်ထုတ်အရေးယူရာတွင် လက်တွဲအလုပ်လုပ်ရန်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၅ အား ဖျက်သိမ်းရန်။ ထိုဥပဒေသည် ကြီးမားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ရှိသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီအဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အဖွဲ့ဝင်များနှင့် အစိုးရအဖွဲ့ဝင်များအား ပြစ်ဒဏ်မှကင်းလွတ်ခွင့်ပေးထားသည်။
- ကြီးမားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပြစ်မှုများအားကျူးလွန်သူများကို တာဝန်မှလုံးဝရပ်နားရန်နှင့် ၎င်းတို့၏အနာဂတ်နိုင်ငံရေးလုပ်ငန်းများတွင် ပါဝင်လာမှုများအား တားမြစ်ပေးရန်။
- လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် စိတ်ပိုင်းဆိုင်ရာအထောက်အကူပြုသော အစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးရန်။

- လူ့အခွင့်အရေးချိုးဖောက်ခံရသူများအား ဥပဒေအရဖြစ်စေ ဥပဒေပြင်ပမှဖြစ်စေ ထိရောက်မှုရှိသည့် လျော်ကြေးငွေပေးအပ်ခြင်း၊ အစားထိုးပေးအပ်ခြင်းနှင့် ပြန်လည်ကုစားခြင်းတို့ဖြင့် ကုစားခွင့်များပေးရန်။ ထိုသို့ပြုလုပ်ရာတွင် ကုလသမဂ္ဂ၏လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် လူသားချင်းစာနာထောက်ထားမှုဥပဒေအား ပြင်းထန်စွာချိုးဖောက်ခံရသူများအတွက် ပြန်လည်ကုစားခွင့်အခြေခံမူများနှင့် လမ်းညွှန်မှုများအတိုင်း လိုက်နာဆောင်ရွက်ရန်။

## ၄) မြန်မာအစိုးရနှင့် KNU/KNLA ထံသို့

*လူသားချင်းစာနာထောက်ထားမှုအကူအညီများ*

- လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်နေသူများအား အကူအညီပေးနိုင်ရန်အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသူများ၊ သတင်းမီဒီယာများ၊ လူ့အခွင့်အရေးစောင့်ကြည့်သည့်အဖွဲ့များအား နှစ်ဖက်အပြန်အလှန်ညှိနိုင်းမှုများပြုလုပ်ပြီး လက်နက်ကိုင်ပဋိပက္ခခံစားနေရသောဒေသများနှင့် အခြားအကြမ်းဖက်မှုခံစားနေရသူများထံသို့ အကန့်အသတ်မရှိဝင်ရောက်ခွင့်ပေးရန်။

*ပညာရေး*

- ဆရာများအနေဖြင့် ကျောင်းများတွင် ကလေးများအား ရိုက်နှက်အပြစ်ပေးခြင်းများဖြင့် ထိခိုက်စေမှုများကို ရပ်တန့်ရမည်။ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာစာချုပ်နှင့်အညီ မြန်မာအစိုးရအနေဖြင့် တာဝန်ဝတ္တရားရှိသည့်အတိုင်း ရိုက်နှက်အပြစ်ပေးခြင်းနှင့် အခြားရက်စက်သည့် သို့မဟုတ် သိက္ခာညှိုးနွမ်းစေသည့်အပြစ်ပေးမှုများမှ အကာအကွယ်ပေးပြီး ကလေးများ၏အခွင့်အရေးကို လေးစားရမည်။ ဆရာ/မများအား အကြမ်းမဖက်သောစည်းကမ်းတင်းကြပ်မှုနည်းလမ်းများကို လေ့ကျင့်သင်ကြားပေးရမည်။
- အခမဲ့ မူလတန်းပညာရေးစနစ်အားကျင့်သုံးရန်နှင့် အလယ်တန်းနှင့် အထက်တန်းများအားလည်း အခမဲ့ပညာရေးရရှိရန်အတွက် ကြိုးစားပေးရန်။
- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးများအနေဖြင့် ခွဲခြားဆက်ဆံခြင်းမရှိပဲ ပညာရေးဝန်ဆောင်မှုရရှိရန်အတွက် ကျေးလက်ဒေသများ၊ လူဦးရေရှားပါးသည့်ကျေးရွာ၊ မြို့နှင့်မြို့ပြများတွင် အလယ်တန်းနှင့် အထက်တန်းကျောင်းများအား တည်ဆောက်ပေးခြင်းများအား ဆောင်ရွက်ပေးရန်။
- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျောင်းများသည် လုံလောက်သည့်ငွေကြေးများ၊ အခြားသောအရင်းအမြစ်များနှင့် သေချာစွာလေ့ကျင့်သင်ကြားထားပြီး လုပ်ခလစာသင့်တင့်မျှတစွာ အညီအမျှရရှိသည့် ဆရာများရှိစေရန်။

*စားဝတ်နေရေး*

- ပြည်တွင်းပဋိပက္ခများ၊ မြေယာသိမ်းယူမှုများ၊ ပိုင်ဆိုင်မှုဖျက်ဆီးခြင်းများ၊ မြေမြှုပ်မိုင်းများ၊ နေရပ်ရွှေ့ပြောင်းနေထိုင်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် အကြမ်းဖက်မှုများကြောင့် ကြုံတွေ့ရသောပြည်သူများ၏ စားဝတ်နေရေးအခက်အခဲများအား ပညာရေးအခွင့်အလမ်းများ၊ ဒေသဖွံ့ဖြိုးရေးအစီအစဉ်များနှင့် စားနပ်ရိက္ခာလုံခြုံမှုအစီအစဉ်များမှတစ်ဆင့် ဖြေရှင်းပေးရန်။

## ၅) KNU/KNLA ထံသို့

*မူဝါဒနှင့်အုပ်ချုပ်ရေး*

- အရပ်သားများနှင့် ဒေသတွင်းအုပ်ချုပ်ရေးမှူးများအတွက် KNU ၏ ဥပဒေများအား ပိုမိုသိရှိလာစေရန်အတွက် တရားဥပဒေဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးရန်။

- ဒေသခံများ၏တိုင်ကြားမှုများအား အချိန်နှင့်တပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် လက်လှမ်းမှီပြီး ပွင့်လင်းမြင်သာမှုရှိသော တိုင်ကြားရေးယန္တရားများကို ထူထောင်ပေးရန်။
- လာဘ်ထိုးမှုနှင့်အကျင့်ပျက်ခြစားမှုများ၊ KNUနှင့် ဥပဒေလိုက်နာရေးအဖွဲ့များ၏ အားနည်းချက်များ၊တရားရေးစနစ်တွင် တရားဥပဒေဆိုင်ရာပညာရှင်မရှိခြင်းများ စသည့်တရားဥပဒေစိုးမိုးရေးနှင့်ဆိုင်သည့် အခက်အခဲများကိုဖြေရှင်းပေးပြီး တရားဥပဒေစိုးမိုးရေးအား ပိုမိုအားကောင်းစေရန်ဆောင်ရွက်ရမည်။
- ဆုံးဖြတ်ချက်များချရာတွင်လည်းကောင်း၊ ဥပဒေပြုရာတွင်လည်းကောင်း ကရင်လူထုအခြေပြုအဖွဲ့အစည်းများ(CBOs)၊ ဒေသခံများနှင့် အဓိပ္ပါယ်ပြည့်ဝပြီး အားလုံးပါဝင်သည့်ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများ ပြုလုပ်ကာ ၎င်းတို့၏အမြင်သဘောထားများအား ထည့်သွင်းစဉ်းစားခြင်းပြုရမည်။

*လက်နက်ကိုင်တိုက်ပွဲများနှင့် အခြားအကြမ်းဖက်မှုဆိုင်ရာ အခြေအနေများ*

- လက်နက်ကိုင်တိုက်ပွဲများအကြား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအား တားမြစ်ရန်၊ ကျားမခွဲခြားဆက်ဆံမှုများအား ပပျောက်စေရန်အတွက် ဂျနီဗာနိုးဆော်သံကတိကဝတ်မှတ်တမ်း (Geneva Call's Deed of Commitment) နှင့် လက်နက်ကိုင်တိုက်ပွဲများ၏ အကျိုးဆက်များကြောင့် ကလေးများ နာကျင်ထိခိုက်နေမှုနှင့်ပတ်သက်ပြီး ကတိကဝတ်မှတ်တမ်းများတွင် ဖော်ပြထားသည့် တာဝန်ဝတ္တရားများအား လေးစားလိုက်နာရန်။

*တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှု*

- NCA မတိုင်မီကာလများနှင့် လက်မှတ်ရေးထိုးပြီးကာလများအတွင်း ဖြစ်ပေါ်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး တာဝန်ယူမှု တာဝန်ခံမှုရှိရန်နှင့် ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို အဆုံးသတ်ရန်။
- လက်ရှိနှင့် အနာဂတ်ဒေသတွင်း၊ နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် ပြစ်မှုဆိုင်ရာ အာဏာပိုင်များ၊ တရားရုံးများ၊ သမာဓိခုံအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် ပြစ်မှုရှာဖွေဖော်ထုတ်ရေးယန္တရားများနှင့်ပူးပေါင်းပြီး မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံများအပေါ် ကျူးလွန်ခဲ့သည့်လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပြစ်မှုများအား ဖော်ထုတ်အရေးယူရာတွင် လက်တွဲအလုပ်လုပ်ရန်။

### ၆) စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများထံသို့

- ကမ္ဘာ့ကုလသမဂ္ဂ (UN) ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးများဆိုင်ရာ အခြေခံလမ်းညွှန်ချက်များနှင့်အညီ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံများ၏လူ့အခွင့်အရေးကို လေးစားရန်။
- မည်သည့် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် အခြေခံအဆောက်အဦးစီမံကိန်းများအား စတင်ခြင်းမပြုမီ လွတ်လပ်၍ကြိုတင်အသိပေးသဘောထားရယူသည့်စနစ် (FPIC) စံနှုန်းများနှင့်အညီ ဒေသခံလူထုနှင့် တိုင်ပင်ဆွေးနွေးပြီး ခွင့်ပြုချက်များရယူရမည်။ ထိုအထဲတွင်
  - စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုမီ၊ ပြုလုပ်နေစဉ်အတွင်းနှင့် လုပ်ဆောင်ပြီးသည့် အချိန်များတွင် အချိန်နှင့်တပြေးညီ တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ပြီး ဒေသခံပြည်သူများ၏စိုးရိမ်မှုများကို ထည့်သွင်းစဉ်းစားပေးရန်။
  - စီမံကိန်းနှင့်ပတ်သက်သည့် လုပ်ငန်းအကြောင်းအရာ၊ လုပ်ငန်းအရွယ်စား၊ နောက်ပြန်သွားနိုင်မှုနှင့် လုပ်ငန်းနယ်ပယ်များဆိုင်ရာ သတင်းအချက်အလက်များအား ဒေသ၏ဘာသာစကား၊ ဒေသ၏ယဉ်ကျေးမှုနှင့် အံဝင်ခွင်ကျဖြစ်မည့်ပုံစံဖြင့်ဖော်ပြရန်။
  - သဘောတူညီချက်ရယူခြင်းနှင့် ပွင့်လင်းမြင်သာမှုများကို သေချာစေရန်အတွက် သဘောထားမှတ်ချက်ရယူသည့်လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ဒေသခံများတင်ပြသည့်စိုးရိမ်ပူပန်မှုများကို သေချာစွာ မှတ်တမ်းတင်ထားရန်။

- အမျိုးသမီးများနှင့် လူနည်းစုအဖွဲ့များအပါအဝင် ဓလေ့ထုံးတမ်းအရ ဖယ်ကျဉ်ခံထားရသည့်အဖွဲ့များအား ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်တွင် ပါဝင်လာစေရန်အတွက် လုပ်ဆောင်ရန်။
- ဒေသခံအဖွဲ့ဝင်များအား ပေးထားသည့်ကတိကဝတ်များကို တရားဝင်ဖြစ်စေရန်နှင့် လိုက်နာဆောင်ရွက်ရန်အတွက် အဓိပ္ပါယ်ပြည့်ဝသည့်ညှိနှိုင်းမှုများတွင် ပါဝင်လုပ်ဆောင်ရန်။
- စီမံကိန်းလုပ်ဆောင်နေသည့်ကာလအတွင်း ကြိုးကိုင်ခြယ်လှယ်မှုများ၊ အကျပ်ကိုင်မှုများမရှိစေရန်အတွက် သေချာစွာဆောင်ရွက်ရန်။

- လုပ်ငန်းများအတွက် မြေယာများရယူခြင်း သို့မဟုတ် ငှါးရမ်းခြင်းများမလုပ်ဆောင်မီ ဓလေ့ထုံးတမ်းမြေယာအသုံးပြုမှုစနစ်နှင့်ပတ်သက်ပြီးသိရှိအောင် သတင်းအချက်အလက်ရယူခြင်းများပြုလုပ်ကာ ဒေသအတွင်းရှိ တရားဝင်ပုံစံနှင့် ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုစနစ်အား အသိအမှတ်ပြုရန်၊ နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် မြေယာသိမ်းယူခြင်းများမရှိဟူသော မြန်မာအစိုးရ၏အာမခံချက်အပေါ် တွင် မှီခိုခြင်းမပြုရန်။
- မြေယာများရရှိရန်အတွက် နိုင်ထက်စီးနင်းရယူခြင်းများအား ချက်ခြင်းရပ်တန့်ရန်နှင့် မြေယာပိုင်ဆိုင်မှုအထောက်အထားရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ထိုမြေများအတွက် သင့်လျော်သည့်လျော်ကြေးငွေများစီမံပေးရန်။ မြန်မာနိုင်ငံ၏တရားရေးစနစ်တွင် ဓလေ့ထုံးတမ်းမြေယာအား အသိအမှတ်ပြုခြင်းမရှိသည်ကိုအကြောင်းပြု၍ ဓလေ့ထုံးတမ်းမြေပိုင်ရှင်များအား ၎င်းတို့၏မြေကိုရယူရန်အတွက် တရားဥပဒေဖြင့်အနိုင်အထက်ပြုခြင်းများကို ရှောင်ကျဉ်ရန်။
- မည်သည့်စီးပွားရေး သို့မဟုတ် အခြေခံအဆောက်အဦးစီမံကိန်းများမလုပ်ဆောင်မီ ပြည့်စုံသည့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာစစ်တမ်းနှင့် လူမှုဝန်းကျင်ထိခိုက်မှုဆိုင်ရာစစ်တမ်းများ ကောက်ယူရန်။ ရှာဖွေတွေ့ရှိမှုများအား ဒေသခံဘာသာစကားဖြင့်ရရှိနိုင်ရန်အတွက် လုပ်ဆောင်ပေးရန်၊ စီမံကိန်းကြောင့်သဘာဝပတ်ဝန်းကျင် ထိခိုက်ခံစားရမည့်ဒေသခံများအား သင့်တင့်မျှတသည့်လျော်ကြေးငွေများပေးအပ်ရန်။
- မြန်မာနိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့များနှင့်ဆက်စပ်လျက်ရှိသည့် ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းခြင်းများအားရှောင်ကျဉ်ရန်။ စီးပွားရေး သို့မဟုတ် အခြေခံ အဆောက်အဦးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြန်မာအစိုးရ၊ လုံခြုံရေးတပ်ဖွဲ့များ၊ အခြားလက်နက်ကိုင်အဖွဲ့များနှင့် လှည့်ဖြားရန် ပူးပေါင်းကြံစည်ခြင်းများအားရှောင်ကျဉ်ရန်။
- ပုဂ္ဂလိကလုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံများ၏လူ့အခွင့်အရေးချိုးဖောက်ခြင်းမရှိပဲ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လေ့ကျင့်သင်ကြားပေးရန်။ ပုဂ္ဂလိကလုံခြုံရေးတပ်ဖွဲ့ဝင်များကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများအား မျှတသည့်လျော်ကြေးငွေများပေးအပ်ရန်နှင့် ကျူးလွန်သူများအား အရေးယူရန်။

# အစီရင်ခံစာရေးသားမှုနည်းလမ်းများ

## ကွင်းဆင်းသုတေသနပြုခြင်း

ကရင်လူ့အခွင့်အရေးအဖွဲ့သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံပြည်သူများအား ၎င်းတို့၏ဒေသအတွင်း ခံစားရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းယူရန်အတွက် သင်ကြားထောက်ပံ့ပေးသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ လူသားအရင်းအမြစ်စုဆောင်းမှုမူဝါဒသည် ကျားမ၊ လူမျိုး၊ ဘာသာရေး သို့မဟုတ် နိုင်ငံရေးယူဆချက်ကိုအခြေခံပြီး ခွဲခြားဆက်ဆံခြင်းမရှိပေ။ ကျွန်ုပ်တို့အနေဖြင့် ဒေသနှင့်ဆိုင်သည့် ဗဟုသုတရှိသူများနှင့် မိမိ၏ဒေသအတွင်း လူ့အခွင့်အရေးအခြေအနေတိုးတက်အောင် ဆောင်ရွက်လိုသူမည်သူ့ကိုမဆို လေ့ကျင့်သင်ကြားပေးသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းအချက်အလက်ကောက်ခံသူများသည် ဒေသခံပြည်သူများအား သက်ရောက်မှုရှိနေသောကိစ္စရပ်များကို ပိုမိုနားလည်သဘောပေါက်ရန်အတွက် ထိုသူများနှင့်တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့သည်။

## စီစစ်အတည်ပြုခြင်း

ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းကောက်ယူသူများသည် စီစစ်အတည်ပြုခြင်းမူဝါဒကို လိုက်နာသည်။ ထိုမူဝါဒတွင် မတူညီသည့်သတင်းအရင်းမြစ်များမှ သတင်းအချက်အလက်များရယူရန်၊ ယုံကြည်စိတ်ချရသည့် သတင်းအရင်းအမြစ်များထံမှ သတင်းများရယူရန်နှင့် ၎င်းတို့၏ဒေသအပေါ် ကိုယ်ပိုင်နားလည်မှုနှင့် ရရှိလာသည့် သတင်းအချက်အလက်များအားနှိုင်းယှဉ်ရန် စသည့်အချက်များပါဝင်သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကောက်ယူထားသောများပြားလှသည့်သတင်းအချက်အလက်များကြောင့် အဖွဲ့အနေဖြင့် သတင်းအချက်အလက်များကို ဘာသာပြန်ဆိုခြင်းမပြုလုပ်မီတွင် သတင်းအချက်အလက်တစ်ခုစီ၏ အရည်အသွေးနှင့် မှန်ကန်တိကျမှုကို ဦးစွာစီစစ်ခြင်းများ ပြုလုပ်သည်။ လူတိုင်းတွင် မတူညီသည့်အမြင်သဘောထားများနှင့် စိတ်ဝင်စားမှုများရှိသည်ကို အသိအမှတ်ပြုပြီး ရရှိလာသည့်သတင်းအချက်အလက်များကို သတင်းတင်ပြမှုအပေါ် တွင်အခြေခံပြီး ရွေးချယ်စီစစ်မှုများပြုလုပ်သည်။

## ဤအစီရင်ခံစာအားသုံးသပ်ခြင်း

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၁၉ ခုနှစ်၊ ဧပြီလအကြားတွင် ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းအချက်အလက်စုဆောင်းသူများမှ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်အပါအဝင် တနင်္သာရီတိုင်းနှင့်ပဲခူးတိုင်းတို့မှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု ၁၅၀ ခု ပြုလုပ်ခဲ့သည်။ ကွဲပြားသည့်လူမှုအဖွဲ့အစည်း၏ မတူညီသည့်အတွေးအမြင်များကို ဖော်ပြနိုင်ရန်အတွက် တွေ့ဆုံမေးမြန်းမှုများအား မတူညီသည့်အဖွဲ့အစည်းများနှင့်လည်း ပြုလုပ်ခဲ့သည်။ ထို့နောက်တွင် ဤအစီရင်ခံစာ၏ရည်ရွယ်ချက်နှင့် သင့်လျော်ပြီးခိုင်မာသည့် သတင်းအချက်များပါရှိသော တွေ့ဆုံမေးမြန်းမှု ၉၅ ခုကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ ရွေးချယ်ခဲ့သည်။

ထိုတွေ့ဆုံမေးမြန်းမှုများမှ ၅၉ ခုမှာ အမျိုးသားများဖြစ်ပြီး ၃၆ ခုမှာ အမျိုးသမီးများဖြစ်သည်။ အများအားဖြင့် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာဝင်တို့ဖြစ်ပြီး (၄)ဦးမှာ နတ်စားများဖြစ်ကာ (၁)ဦးမှာ မူစလင်ဖြစ်သည်။ အများစုမှာ ကရင်များဖြစ်သော်လည်း ရှမ်း (၁)ဦး၊ ဗမာ(၅)ဦးနှင့် ကရင်-ဗမာလူမျိုး (၁) ဦးတို့ပါဝင်သည်။

ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းအချက်အလက်စုဆောင်းသူများက ထိုတွေ့ဆုံမေးမြန်းမှုများကို စကောကရင်နှင့် ဗမာဘာသာစကားတို့ဖြင့်ပြုလုပ်ခဲ့သည်။ ပါဝင်ဖြေကြားသူအားလုံးကို တွေ့ဆုံမေးမြန်းခန်းများ၏ ရည်ရွယ်ချက်များအားရှင်းပြခဲ့ပြီး ၎င်းတို့၏သတင်းအချက်အလက်များအား ဤအစီရင်ခံစာတွင် ထည့်သွင်းခွင့်တောင်းပြီးဖြစ်သည်။

ဤအစီရင်ခံစာ၏ ကနဦးစီစစ်ချက်များသည် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် ဧပြီလအတွင်း စုဆောင်းခဲ့သော သတင်းအချက်အလက်များကို အခြေခံထားသည်။ မေးခွန်းဖြေကြားသူများမှ ပေးအပ်သော

သတင်းအချက်အလက်များအား ပြည့်စုံစေရန်အတွက် ကရင်လူ့အခွင့်အရေးအဖွဲ့မှ အခြားအရင်းအမြစ်များအားလည်း အသုံးပြုခဲ့သည်။

## အရင်းအမြစ်များနှင့် ရည်ညွှန်းချက်များ

ဤအစီရင်ခံစာတွင်ဖော်ပြထားသော သတင်းအချက်အလက်များသည် ရွာသားများ၏သက်သေခံချက်များ၊ ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကွင်းဆင်းလုပ်သားများစုဆောင်းထားသည့် သတင်းအချက်အလက်များအား ပြန်လည်စီစစ်ထားမှုများမှ ရရှိထားခြင်းဖြစ်သည်။ ဤသတင်းအချက်အလက်များအား ပွင့်လင်းမြင်သာမှုရှိရန်နှင့် သက်သေပြနိုင်ရန်အတွက် တွေ့ဆုံမေးမြန်းမှုများအား သတင်းအရင်းမြစ် ၈၂ ခုအဖြစ် အောက်ခြေမှတ်စုတွင်ဖော်ပြထားပြီး **နောက်ဆက်တွဲမူရင်းသတင်းမှတ်တမ်း** အဖြစ်တွေ့ရှိနိုင်ပါသည်။

## ပညာရှင်များ၏ သုံးသပ်ချက်များ

အစီရင်ခံစာအား စီစစ်နေသည့်အချိန်တွင် ကရင်လူမှုအဖွဲ့အစည်းများဖြစ်သည့် ကရင်အမျိုးသမီးအစည်းအရုံး၊ ဌာနေမဲ့ပြည်တွင်းကရင်ဒုက္ခသည်များဆိုင်ရာကော်မတီ၊ ကရင်သတင်းစဉ်နှင့် ကရင်လူမှုအသင်းအဖွဲ့များကွန်ယက်မှ အဖွဲ့ဝင်လေးဦးနှင့် အလွတ်သဘောတွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ ဤတွေ့ဆုံမှုများမှ အချက်အလက်များအား အစီရင်ခံစာ၏သင့်လျော်သည့်နေရာတွင် ထည့်သွင်းဖော်ပြထားသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် ဤအစီရင်ခံစာရေးသားသည့်အချိန်များအတွင်း အကျိုးသက်ဆိုင်သူအားလုံးမှ စိတ်ရင်းဖြင့်ပါဝင်ကာပေးခဲ့သည့် သုံးသပ်ချက်များအတွက် ကျေးဇူးတင်ရှိပါသည်။

## သတင်းအချက်အလက်ကောက်ယူသည့်နေရာများနှင့် ပထဝီအနေအထားအရ အသုံးအနှုန်းများ

ကရင်လူ့အခွင့်အရေးအဖွဲ့သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နယ်မြေ (၇) ခုဖြစ်သည့် သထုံ၊ တောင်ငူ၊ ညောင်လေးပင်၊ မြိတ်-ထားဝယ်၊ ဖာပွန်၊ ဒူးပလာယာနှင့် ဘားအံခရိုင်များတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် ကွင်းထဲမှသတင်းအချက်အလက်များအား ရရှိသည့်အခါတွင် ထိုသတင်းအချက်အလက်များကို ဤဒေသခုနစ်ခုနှင့်အညီ စီစစ်မှုများပြုလုပ်သည်။ ထိုဒေသများအား ကရင်အမျိုးသားအစည်းအရုံးနှင့် အခြားသောကရင်အမျိုးသားအဖွဲ့အစည်းနှင့် သက်ဆိုင်သောအဖွဲ့များ၊ သက်ဆိုင်မှုမရှိသည့်အဖွဲ့အစည်းများက သုံးနှုန်းသကဲ့သို့ ခရိုင်များဟုသုံးနှုန်းသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် ထိုခရိုင်များအား နိုင်ငံရေးနှင့်ဆက်နွယ်ခြင်းမရှိပဲ ဒေသခံအများစုက ထိုသို့အသုံးပြုသည့်အတွက် မိမိတို့သတင်းအချက်အလက်ရယူသည့်နေရာများအဖြစ် ရည်ညွှန်းသုံးနှုန်းခြင်းဖြစ်သည်။ သို့ရာတွင် နေရာများ၏အမည်များအား တသမတ်တည်းရှိစေရန်အတွက် ကရင်အမျိုးသားအစည်းအရုံး၏ အုပ်ချုပ်ရေးစနစ်အရ သုံးနှုန်းသော်လည်း မြို့နယ်နှင့်ခရိုင်များ၏အမည်အား မြန်မာဘာသာဖြင့် သုံးနှုန်းထားသည်။

ထို့အပြင် ကရင်လူ့အခွင့်အရေးအဖွဲ့သည် မြန်မာဟူသည့်အသုံးအနှုန်းအား ဤအစီရင်ခံစာတွင် အသုံးပြုခဲ့သည်။ ဤနိုင်ငံအား စစ်အစိုးရမှ ၁၉၈၉ ခုနှစ်တွင် မြန်မာဟုပြောင်းလဲသုံးနှုန်းမှုမပြုမီကာလများက နိုင်ငံ၏တရားဝင်အမည်မှာ ဗမာနိုင်ငံဖြစ်သည်။

## အမည်များ၊ နေရာများနှင့် အခြားအသေးစိတ်အချက်များအား ဆင်ဆာဖြတ်ခြင်း


စကားလုံးများ သို့မဟုတ် အညွှန်းများ အထူးသဖြင့်လူတစ်ဦးချင်း သို့မဟုတ် ကျေးရွာများ၏ အမည်နာမများအား ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် ရွာသားများနှင့်အဖွဲ့၏ ကွင်းဆင်းလုပ်သားများအား အန္တရာယ်ပေးနိုင်မည်ဟု ယူဆပါက ဆင်ဆာဖြတ်ခြင်းများ ပြုလုပ်သည်။ ကျေးရွာနှင့် လူပုဂ္ဂိုလ်တို့၏အမည်နာမများအား စာလုံးတစ်လုံး သို့မဟုတ် နှစ်လုံး က--- မှ အ--- အထိ အသုံးပြုပြီး ဆင်ဆာဖြတ်သည်။ ဆင်ဆာဖြတ်သည့်အမည်များသည် ဒေသခံများ၏အမည်အစစ်များ သို့မဟုတ် ယခင်အစီရင်ခံစာများတွင် ကရင်လူ့အခွင့်အရေးအဖွဲ့က အသုံးပြုထားသည့်အမည်များနှင့် သက်ဆိုင်မှုမရှိပါ။ ဤအစီရင်ခံစာအတွင်း ထည့်သွင်းထားသောအမည်များသည် နောက်

ဆက်တွဲအချက်အလက်များတွင် ပါဝင်သည့်အမည်များနှင့်လည်း သက်ဆိုင်ခြင်းမရှိပါ။ ကရင်လူ့အခွင့်အရေးအဖွဲ့တွင် ဆင်ဆာဖြတ်ခြင်းပြုလုပ်ထားသည့်အမည်နှင့် နေရာများ၏မူရင်းအချက်အလက်အမှန်များ ရှိပါသည်။

## သတင်းအချက်အလက်စုဆောင်းရာတွင် အမှီအခိုကင်းမှုနှင့် အတားအဆီးများ

ကရင်လူ့အခွင့်အရေးအဖွဲ့သည် အမှီအခိုကင်းပြီး မည်သည့်အဖွဲ့နှင့်မျှဆက်နွယ်မှုမရှိသော အဖွဲ့ဖြစ်သည်။ အချို့သောနေရာများ အထူးသဖြင့် တပ်မတော်စစ်တပ်၏တပ်စခန်းများအနီးရှိ လမ်းမများသို့ဖြတ်ရသောအခါ သို့မဟုတ် မြေမြှုပ်မိုင်းရှိနိုင်သောနေရာများသို့ရှောင်ရှားနိုင်ရန်အတွက် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၏အကူအညီကို ရယူရသည်။ အခြားသောအဖွဲ့များမှာ ကရင်လူ့အခွင့်အရေးအဖွဲ့အားကူညီရန် စိတ်ဆန္ဒမရှိပေ။ သတင်းအချက်အလက်စုဆောင်းသည့်အချိန်တွင် လက်နက်ကိုင်တပ်ဖွဲ့များဖြစ်သည့် တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် အဖွဲ့များသည် ကွင်းဆင်းလုပ်သားများ၏လုံခြုံရေးအတွက် အတားအဆီးများဖြစ်သည်။

## ကေအဲန်ယူသတ်မှတ်ထားသော ကရင်ပြည်နယ်နှင့် မြန်မာနိုင်ငံအစိုးရသတ်မှတ်ထားသော တိုင်းနှင့်ပြည်နယ် နယ်နိမိတ်




ကရင်လူ့အခွင့်အရေးအဖွဲ့

# နိုင်ငံရေး အခြေအနေ

ကရင်လူ့အခွင့်အရေးအဖွဲ့၏ ၂၀၁၇ ခုနှစ်တွင် ထုတ်ဝေသည့် **အကြောက်တရား၏အုတ်မြစ်** [2] ကို လွှမ်းခဲ့သည့် ၂၅ နှစ်တာအတွင်း ဒေသခံများ၏ဘဝတွင် ဖြစ်ပေါ်ခဲ့သည့်ပြောင်းလဲမှုများနှင့် အနာဂတ်အတွက်လိုအပ်ချက်များကို ဖော်ပြထားသည်။ ထိုအစီရင်ခံစာတွင် ဒေသခံများမှ တိုးတက်ကောင်းမွန်လာသည်ဟု ခံစားရသော်လည်း အနာဂတ်တွင် ပိုမိုကောင်းမွန်လာနိုင်သည်ဟု ယူဆထားသော၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုဆိုင်ရာ အချက်များ ပါဝင်သည်။ ထိုအစီရင်ခံစာတွင် ပါဝင်သောသက်သေခံချက်များသည် ၂၀၁၂ ခုနှစ် KNU နှင့် မြန်မာအစိုးရတို့ကြားရှိ ပဏာမအပစ်ခတ်ရပ်စဲရေးသဘောတူညီချက်ရေးထိုးပြီးသည့်အချိန်မှစ၍ ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အား မြန်မာစစ်တပ်နှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNU/KNLA)၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC)နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)တို့ပါဝင်သည့် တိုင်းရင်းသားလက်နက်ကိုင်ရှစ်ဖွဲ့(ယခု ၁၀ ဖွဲ့) တို့ ရေးထိုးသည့်အချိန် နှင့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွင်းကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲပြီးသည့်နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP)မှ အမျိုးသားဒီမိုကရေအဖွဲ့ချုပ် (NLD)သို့ ၂၀၁၆ ခုနှစ်၊ မတ်လတွင် အာဏာလွှဲအပ်ချိန်အတွင်းကောက်ယူထားသည့် သတင်းအချက်အလက်များပါဝင်သည်။

အောက်တွင်ဖော်ပြထားသောဇယားမှာ ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းအချက်အလက် ကောက်ယူသည့် ဒေသများတွင်တည်ရှိနေသော လက်နက်ကိုင်တပ်ဖွဲ့များနှင့် ၎င်းတို့၏ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အား ရေးထိုးမှုအခြေအနေဖြစ်သည်။

| | | |
|---|---|---|
| **အစိုးရ/တပ်မတော်** | ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ | တပ်မတော်သည် မြန်မာအစိုးရ တပ်မတော်ဖြစ်ပြီး အစိုးရတစ်ရပ်အနေဖြင့် ၂၀၁၁ ခုနှစ်အထိ အချုပ်အခြာအာဏာအား ချုပ်ကိုင်ထားသည်။ အရပ်သားအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲခဲ့သော်လည်း တပ်မတော်အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာနှင့် ပြည်ထဲရေးဝန်ကြီးဌာနများအပြင် လွှတ်တော်တွင် ၂၅ ရာခိုင်နှုန်းအား ထိန်းချုပ်ထားဆဲဖြစ်သည်။ |
| **BGF** | တပ်မတော်လက်အောက်ခံတွင်ရှိသည်။ | BGF အား ၂၀၁၀ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထိုတပ်ရင်းများကို တပ်မတော်သို့ဝင်ရန် သဘောတူသည့် ယခင်တိုင်းရင်းသား လက်နက်ကိုင်တပ်သားဟောင်းများနှင့် ဖွဲ့စည်းထားသည်။ |
| **KNU/KNLA** | ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ | KNLA သည် KNU ၏စစ်တပ်ဖြစ်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအထဲတွင် အကြီးဆုံးအဖွဲ့ဖြစ်သည်။ ထိုအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်အချိန်မှစ၍ တိုက်ခိုက်နေခဲ့ခြင်းဖြစ်သည်။ |

[2] KHRG ၏ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလတွင် "အကြောက်တရား၏အုတ်မြစ် - ၂၅ နှစ်အတွင်း မှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှ ရွာသားများ၏အသံများ", တွင်ကြည့်ပါ။

| | | |
|---|---|---|
| **KNU/KNLA-PC** | ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ | KNU/KNLA-PC သည် KNLA မှ ခွဲထွက်သော အဖွဲ့ဖြစ်ပြီး ၂၀၀၇ ခုနှစ်တွင် ၎င်း၏ခေါင်းဆောင်မှ တပ်မတော်နှင့် ပစ်ခတ်မှုရပ်စဲရန် သဘောတူသည့် အချိန်တွင် စတင်ဖွဲ့စည်းခဲ့သည်။ |
| **DKBA** | ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ | DKBA (တိုးတက်သော ဗုဒ္ဓဘာသာကရင် အမျိုးသား တပ်မတော်)သည် ၁၉၉၄ ခုနှစ်တွင် KNLA မှ ဘာသာရေးအယူအဆကြောင့် ခွဲထွက်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် DKBA အဖွဲ့၏ တပ်ဖွဲ့ဝင်အများစုမှာ BGF အဖြစ်သို့ အသွင်ပြောင်းသွားခဲ့သော်လည်း ကျန်အဖွဲ့ တစ်ဖွဲ့မှာ နယ်ခြားစောင့်တပ်သို့မဝင်ပဲ ၎င်း၏အမည်အားDKBA (ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်) ဟူ၍ ၂၀၁၂ ခုနှစ်တွင် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ |
| **မွန်ပြည်သစ်ပါတီ/ မွန်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (NMSP/ MNLA)** | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ | NMSP/ MNLA သည် မွန်ပြည်သစ်ပါတီ၏ လက်နက်ကိုင်အစုအဖွဲ့ဖြစ်ပြီး မွန်ပြည်နယ် တွင်လှုပ်ရှားသော မွန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည်။ ထိုအဖွဲ့သည် ၁၉၅၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ |
| **DKBA (ခွဲထွက်အဖွဲ့)** | လက်မှတ်ရေးထိုးထားခြင်းမရှိ | DKBA (ခွဲထွက်အဖွဲ့) သည် အဓိက DKBA အဖွဲ့ထံမှ အဖွဲ့ဝင်များမှခွဲထွက်ပြီး ၂၀၁၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ထိုအဖွဲ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ် မရေးထိုးရသေးပေ။ |

တပ်မတော်သည် ၎င်း၏တပ်ဖွဲ့များအား အချို့သောနေရာများသို့ သွားခွင့်မရှိသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြို့နယ်များအားလုံးတွင် တပ်ဖြန့်ထားလျက်ရှိသည်။ ထိုနည်းတူစွာပင် KNLA သည်လည်း KNU သတ်မှတ်ထားသည့် ကရင်ပြည်နယ်တစ်လျှောက်တွင် ၎င်း၏တပ်များကို နေရာချထားသည်။ အချို့သောနေရာများသို့ ထိုတပ်များသွားလာခွင့်မရှိပါ။ NMSP/ MNLA သည်လည်း အစိုးရသတ်မှတ်ထားသည့် မွန်နှင့်ကရင်ပြည်နယ်ကြားရှိ နယ်နိမိတ်များတွင် တပ်ဖွဲ့များနေရာချထားသည်။ ၎င်း၏ဗဟိုဌာနချုပ်မှာ ရေးမြို့နယ်တွင်ဖြစ်သည်။ DKBA (အကျိုးပြုတပ်)သည် ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ဆုံဆည်းမြိုင်တွင် လှုပ်ရှားသည်။ DKBA (ခွဲထွက်)အဖွဲ့သည် ဟတ်ကြီးရေကာတာတည်ဆောက်မည့် နယ်မြေတစ်လျှောက်နှင့် ဘားအံ-ဖာပွန် ကားလမ်းမတစ်လျှောက်တွင် လှုပ်ရှားသွားလာလျက်ရှိသည်။ နယ်ခြားစောင့်တပ်သည် သထုံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူ၊ ဘားအံခရိုင်၊ နဘူးမြို့နယ် ရွှေကုက္ကိုလ်ဒေသနှင့် ဖာပွန်ခရိုင်၊ ဘူးသိုနှင့်ဒွယ်လိုးမြို့နယ်၊ ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ကော့ကရိတ်ဒေသများတွင် အခြေချသည်။ KNU/KNLA ငြိမ်းချမ်းရေးကောင်စီသည် ဘားအံခရိုင်၊ နဘူးမြို့နယ် အဓိကအားဖြင့် ထို့ကော်ကိုးဒေသတွင်လှုပ်ရှားသည်။[3]

NCA သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် လမ်းပြမြေပုံတစ်ခုအားအဆိုပြုခဲ့ပြီး လက်နက်ကိုင်တပ်ဖွဲ့ဝင်များအားလုံးလိုက်နာရန်အတွက် ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများကိုအတည်ပြုကာ အပစ်အခတ်ရပ်စဲမှုစောင့်ကြည့်လေ့လာရေးကော်မတီအား(JMC) ဖွဲ့စည်းခဲ့သည်။ ကော်မတီသည် တစ်နိုင်ငံလုံးဆိုင်ရာအဖွဲ့၊ ပြည်နယ်နှင့်ဒေသတွင်းအဖွဲ့များနှင့် ဖွဲ့စည်းထားပြီး[4] NCA အားချိုးဖောက်မှုရှိမရှိကိုစောင့်ကြည့်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်း

3 Myanmar Peace Monitor ၂၀၁၆ မှ ထုတ်ဝေသော "Armed Ethnic Groups- EAOs Current Status 2016: Armed Groups Profile", တွင်ကြည့်ပါ။

4 အပိုဒ် ၁၂ (ခ), ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင်ထုတ်ဝေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်။

စဉ်နှင့်ပတ်သက်သည့် မကျေနပ်ချက်များအားဖြေရှင်းရန်အတွက် တာဝန်ရှိသည်။[5] ကံမကောင်းစွာဖြင့် NCA တွင်ဖော်ပြထားသည့် အပေါင်းလက္ခဏာဆောင်သည့်ပြောင်းလဲမှုများအား အကောင်အထည်ပြနိုင်ခြင်းမရှိသေးပေ။ သို့သော် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပဋိပက္ခများကြောင့်ဖြစ်ပေါ်သည့်ပြဿနာများမှာ မြန်မာပြည်အရှေ့တောင်ပိုင်းတွင်နေထိုင်သူများအတွက် ဆိုးကျိုးများရရှိစေပြီး ဆက်လက်ဖြစ်ပွားလျက်ရှိနေသေးသည်။ ဤအစီရင်ခံစာတွင် NCA သဘောတူညီချက်ရယူပြီးနောက်ပိုင်း အခြေအနေများနှင့်ကိုက်ညီမှုရှိသော ရွာသားများ၏အနာဂတ်နှင့်ပတ်သက်သော အမြင်သဘောထားများနှင့် စိုးရိမ်ပူပန်မှုများကို ဖော်ပြထားသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ သိသာသောဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းသည် အပေါင်းလက္ခဏာဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုမရှိသေးကြောင်းကို ဖော်ပြနေသကဲ့သို့ဖြစ်သည်။ KNU ကိုတပ်မတော်နှင့် နိုင်ငံရေးစားပွဲဝိုင်းဆွေးနွေးပွဲတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ ခေါင်းဆောင်အဖြစ်မြင်နိုင်ပြီး အစိုးရအား ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို တောင်းဆိုခဲ့သကဲ့သို့ ယုံကြည်မှုမတည်ဆောက်နိုင်သည့်အချိန်များတွင် ညှိနှိုင်းမှုများမှ အကြိမ်များစွာထွက်ခွာခဲ့ဖူးသည်။[6] စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ် အားနည်းသည့်အတွက်သော်လည်းကောင်း၊ တာဝန်ယူမှုတာဝန်ခံမှုမရှိသည့်အတွက်သော်လည်းကောင်း၊ အပစ်ခတ်ရပ်စဲရေးသဘောတူညီချက် သို့မဟုတ် ကျင့်ဝတ်စည်းကမ်းများအား ဖောက်ဖျက်ခြင်းနှင့် ပါဝင်သည့်အဖွဲ့များမှရေးဆွဲထားသည့် လမ်းပြမြေပုံတွင်ပါဝင်သည့် အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် ပျက်ကွက်သည့်အခါများတွင် ညှိနှိုင်းမှုများအချိန်ကြာမြင့်ခဲ့ရသည်။

၂၀၁၂ ခုနှစ် ပဏာမအပစ်ခတ်ရပ်စဲရေး သဘောတူညီချက်ပြုလုပ်ပြီးနောက်ပိုင်း တပ်မတော်တပ်ဖွဲ့များအား ပဋိပက္ခဖြစ်ပွားရာ အခြားတိုင်းရင်းသားဒေသများဖြစ်သည့် ရှမ်း၊ ကချင်နှင့် ရခိုင်ဒေသများသို့ ပို့ဆောင်ခြင်းများကြောင့် ကရင်ဒေသရှိဒေသခံများခံစားရသည့် အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား လျော့ကျစေသည်။ သို့သော် အကြမ်းဖက်မှုများမှာ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။[7]

၂၀၁၂ ခုနှစ်နောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် တိုက်ပွဲများဖြစ်စေသည့် အကြောင်းအရင်းများထဲမှ တစ်ချက်မှာ ထိုင်းမြန်မာနယ်စပ်ရှိ မြဝတီမြို့မှ ကော့ကရိတ်ဖက်သို့ ဖောက်လုပ်ထားသည့် အာရှလမ်းမဖြစ်သည်။[8] အာရှလမ်းမသည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ငွေကြေးထောက်ပံ့မှုဖြင့် ဆောက်လုပ်ထားသည့် ကုန်းတွင်းပို့ဆောင်ရေးလမ်းမကြီးဖြစ်သည်။ မြဝတီမှကော့ကရိတ်သို့ ဆက်သွယ်သည့်လမ်းပိုင်းအား ဆောက်လုပ်သည့်အချိန် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် DKBA (ခွဲထွက်အဖွဲ့) နှင့် တပ်မတော်တို့အကြား တိုက်ပွဲစတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်းတွင် BGF သည်လည်း တပ်မတော်တပ်ဖွဲ့များနှင့်ပူးပေါင်းကာ တိုက်ပွဲအတွင်းပါဝင်လာခဲ့သည်။ ဒေသခံများ၏အဆိုအရ ဤတိုက်ပွဲများကြောင့် ရွာသား ၁၀၀၀ ကျော် နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီး သက်ရောက်မှုများအား ပြင်းထန်စွာခံစားခဲ့ကြရသည်။ ကော့ကရိတ်မြို့နယ်တွင် အမျိုးသမီးတစ်ဦးသည် လက်ပစ်ဗုံးအစထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်။ လှိုင်းဘွဲမြို့နယ်တွင်ဖြစ်ပွားခဲ့သည့်တိုက်ပွဲကြောင့် ရွာသားနှစ်ဦး အသက်သေဆုံးခဲ့ရသည်။ ကော့ကရိတ်မြို့နယ်မှ ကျောင်းတစ်ကျောင်းမှာ M79 လက်နက်ကြီးပစ်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည်။ ကော့ကရိတ်မြို့အနီးတစ်ဝိုက်ရှိရွာသားများမှာ အနီးအနားတွင်ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ကြောက်ရွံ့မှုများဖြင့် နေထိုင်ကြရသည်။[9]

---

5 အပိုဒ် (၃), ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်။

6 Myanmar Times မှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ထုတ်ဝေသော "Amid concerns, KNU to continue non-participation in peace process", တွင်ကြည့်ပါ။

7 KHRG မှ ၂၀၁၄ ခုနှစ်၊ မေလတွင်ထုတ်ဝေသော "ဆိုင်းငံ့ခြင်း (သို့) အသွင်ကူးပြောင်းခြင်း - ၂၀၁၂ အပစ်ခတ်ရပ်စဲပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်း ပြောင်းလဲလာသောလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဒေသခံတို့၏တုံ့ပြန်မှုများ", တွင်ကြည့်ပါ။

8 KHRG မှ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသော "လှပသောစကားလုံးများနှင့် အကျည်းတန်ရုပ်ဆိုးသောလုပ်ရပ်များ - အာရှအဝေးပြေးလမ်းမကြီး", တွင်ကြည့်ပါ။

9 KHRG မှ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော "Fighting between Tatmadaw and DKBA soldiers along the Asian Highway displaces villagers in Dooplaya District, July 2015", တွင်ကြည့်ပါ။

အခြားသော တင်းမာမှုရှိသည့်နေရာမှာ ဟတ်ကြီးရေတာကာနေရာဖြစ်ပြီး ထိုနေရာအား ကရင်လက်နက်ကိုင်များက ခလေ့ထုံးတမ်းအရ ထိန်းချုပ်ထားသည်။[10] မြန်မာအစိုးရအနေဖြင့် ဒေသအတွင်းနိုင်ငံရေးနှင့် စစ်ရေးတို့အကြား တင်းမာမှုများတိုးမြင့်လာခြင်းနှင့်ပတ်သက်ပြီး ထိုဒေသများအားထိန်းချုပ်လိုသည့် ၎င်း၏အားထုတ်မှုများကြောင့်ဖြစ်သည်ဟူ၍ အပြစ်တင်ခံရလျက်ရှိသည်။[11] ၂၀၁၃ ခုနှစ်တွင် တပ်မတော်၏လက်အောက်ခံ BGF တပ်ရင်း ၂ ခုအား ထိုဆောက်လုပ်ရေးနေရာကို လုံခြုံရေးပေးရန်အတွက် တာဝန်ပေးခြင်းခံရသည်။ KNLA မှ စစ်သားများ ထိုဒေသအနီးသို့လာရောက်ခြင်းမပြုလုပ်နိုင်ရန်အတွက် မြန်မာအစိုးရသည် BGF အား တာဝန်ပေးသည်ဟု ဒေသခံအသိုက်အဝန်းမှ တင်ပြခဲ့သည်။[12] ထိုဒေသတွင် တပ်မတော်နှင့် KNU တို့အကြား ဖြစ်ပွားခဲ့သည့်တိုက်ပွဲအပြီးတွင် ယခင်ဖာပွန်ခရိုင်အတွင်းရှိတိုက်ပွဲများကြောင့် ပြည်တွင်းနေရပ်စွန့်ပြောင်းနေထိုင်သူ ၄၀၀၀ ခန့်နေထိုင်သည့် အီးတုထစခန်းတွင် KNLA ၏ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောဘောကျော်ဟဲက ဤသို့ပြောခဲ့သည်။ *"ဟတ်ကြီးရေကာတာနဲ့ အလားတူလုပ်ငန်းတွေဟာ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို အတားအဆီးဖြစ်စေတယ်။"*[13]

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် တပ်မတော်နှင့် KNLA ကြား၊[14] KNLA နှင့် MNLA ကြား၊[15] ပစ်ခတ်မှုများဆက်လက်ဖြစ်ပွားလျက်ရှိပြီး အခြားလက်နက်ကိုင်အဖွဲ့ငယ်များဖြစ်သည့် DKBA(ခွဲထွက်အဖွဲ့) နှင့် BGF များအကြားတွင်လည်း တိုက်ပွဲငယ်များ[16] ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ တပ်မတော်အနေဖြင့် ၎င်း၏လှုပ်ရှားမှုများအား တိုးချဲ့လုပ်ဆောင်လျက်ရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရွာသားများ၏လုံခြုံရေးအား ခြိမ်းခြောက်လျက်ရှိပြီး ကြောက်ရွံ့မှုများ နေရာအနှံ့ဖြစ်ပေါ်စေသည်။ ဥပမာအားဖြင့် တပ်မတော်သည် တပ်မဟာ ၂၊ ၃ နှင့် ၅ နယ်မြေများတွင် ၎င်းတို့၏တပ်စုများနှင့် စစ်ဘက်ဆိုင်ရာအရင်းအမြစ်များအား ထိုနေရာများတွင် လွယ်ကူစွာပြောင်းရွှေ့နိုင်ရန်အတွက် လမ်းဖောက်လုပ်ခြင်းများကို လုပ်ကိုင်လျက်ရှိသည်။[17] ၂၀၁၈ ခုနှစ် အစပိုင်းမှစ၍ ဖာပွန်ခရိုင်သည် ပစ်မှတ်နယ်မြေဖြစ်လာပြီး တပ်မတော်၏တပ်ရင်းအမြောက်အများဖြင့် လှုပ်ရှားမှုများကြောင့် ရွာသားပေါင်း ၂၅၀၀ ကျော်အား အတင်းအဓမ္မနေရပ်စွန့်ပြောင်းနေထိုင်မှု ဖြစ်ပေါ်စေခဲ့သည်။[18]

---

[10] KHRG မှ ၂၀၁၉ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "အိမ်ပြန်ချိန်ကိုတမ်းတရင်း ငြိမ်းချမ်းရေးကိုမျှော်လင့်ခြင်း"၊ နှင့် KHRG မှ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင်ထုတ်ဝေသော "ရေကာတာသည် ဖွံ့ဖြိုးရေးလော၊ ပျက်စီးခြင်းလော - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရေအားလျှပ်စစ်စီမံကိန်းကြောင့် ရွာသားများအပေါ် ဖြစ်ပေါ်လာသောဆိုးကျိုးသက်ရောက်မှုများ"၊ တွင်ကြည့်ပါ။

[11] Frontier Myanmar မှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ထုတ်ဝေသော "Activists damn Salween plans", တွင်ကြည့်ပါ။

[12] KHRG မှ ၂၀၁၄ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Hpapun Field Report: January to December 2013", တွင်ကြည့်ပါ။

[13] Bangkok Post မှ ၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ထုတ်ဝေသော "Salween dam projects jeopardise fragile ceasefire accords", တွင်ကြည့်ပါ။

[14] KHRG မှ ၂၀၁၈ ခုနှစ်၊ မေလတွင် ထုတ်ဝေသော၊ "Attacks on villagers, ongoing fighting and displacement in Hpapun and Toungoo districts from January to April 2018", တွင်ကြည့်ပါ။

[15] KHRG မှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော၊ "A month after the New Mon State Party joins the NCA: Skirmishes occur between the MNLA and the KNLA in Win Yay Township, Dooplaya District", တွင်ကြည့်ပါ။

[16] KHRG မှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော၊ "Recent fighting between newly-reformed DKBA and joint forces of BGF and Tatmadaw soldiers led more than six thousand Karen villagers to flee in Hpa-an District, September 2016", တွင်ကြည့်ပါ။

[17] KHRG မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော "Toungoo Situation Update: Tatmadaw military activities continue in Htantabin and Thandaunggyi townships", KHRG မှ ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "Nyaunglebin District: Tatmadaw road construction activities lead to confrontations with the KNLA, displacement and property damage in Kyaukkyi Township", နှင့် KHRG မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော "Hpapun Situation Update: Tatmadaw road construction activities result in skirmishes with the KNLA and displacement in Lu Thaw Township", တွင်ကြည့်ပါ။

[18] SaferWorld မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော "Security, justice and governance in south east Myanmar; Justice provision in south east Myanmar", တွင်ကြည့်ပါ။

မြေယာသိမ်းယူမှုများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေပြီး ရွာသားများအပေါ် ထိခိုက်နစ်နာမှုများ ဖြစ်စေသည့် နိုင်ငံခြားနှင့်ဒေသတွင်းရင်းနှီးမြှုပ်နှံမှုပြုသည့်ကုမ္ပဏီများအတွက် လုံခြုံရေးရရှိရန် လက်နက်ကိုင် တပ်ဖွဲ့ဝင်များ၏ကူညီပေးမှုများကို ရယူကြသည်။ ထိုသို့လုပ်ဆောင်ပေးခြင်းများသည် အာဏာပိုင်များ၏ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရရှိနေခြင်းနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲမှုဥပဒေ (VFV)ကဲ့သို့သော တရားဥပဒေများကြောင့် ပိုမိုဆိုးရွားမှုရှိနေသည်။[19] အချို့သောကိစ္စရပ်များတွင် ဤစီမံကိန်းများသည် သီးသန့်သြဇာလွှမ်းမိုးမှု နယ်ပယ်များဖြစ်ပေါ်စေပြီး သဘာဝပတ်ဝန်းကျင်နှင့် စားဝတ်နေရေးကဲ့သို့သော လူမှုရေးဆိုင်ရာဆိုးကျိုးများကို ခံစားရစေသည်။ ဒေသတွင်းစီမံခန့်ခွဲရေး တိုးတက်ကောင်းမွန်လာခြင်းအပြင် ပညာရေး၊ ကျန်းမာရေး စသည့် လူမှုရေးဝန်ဆောင်မှုများ ရရှိခြင်းနှင့်ပတ်သက်ပြီး အပစ်ခတ်ရပ်စဲရေးနောင်းပိုင်းကာလများတွင် တိုးတက်မှုများ ရှိလာခဲ့သည်။ ဤသို့တိုးတက်လာမှုများသည် အရင်းအမြစ်များအား လက်လှမ်းမှီရန်ခက်ခဲသည့် ရွာသားများ အတွက် အဓိပ္ပါယ်ပြည့်ဝပြီး ကောင်းမွန်သောရလာဒ်များဖြစ်ပြီး ထိုအချက်များအား ချန်လှပ်ထား၍မရပေ။ သို့သော် ဤသို့ဝန်ဆောင်မှုများ ပိုမိုရရှိလာခြင်းအား ကရင်ရွာသားအများအပြားက ဗမာလူမျိုးကြီးဝါဒအတွက် လုပ်ဆောင်နေခြင်းဖြစ်သည်ဟုလည်း ယူဆကြသည်။ ဥပမာအားဖြင့် ယခုအချိန်တွင် ရောနှောအုပ်ချုပ်နယ်မြေများတွင် ကျောင်းများပိုမိုများပြားလာသော်လည်း ၎င်းတို့သင်ကြားသည့်ဘာသာရပ်များတွင် ကရင်ဘာသာစကား သို့မဟုတ် ကရင်ယဉ်ကျေးမှုများ မပါဝင်ပေ။[20] ဤအခြေအနေသည် ကွဲပြားခြားနားမှုများနှင့် ဒေသတွင်း ယဉ်ကျေးမှုများအား တဖြည်းဖြည်းပျောက်ကွယ်သွားစေနိုင်သည့်အပြင် ဒီမိုကရေစီစနစ်အရ ဆုံးဖြတ်ချက်ချနိုင်ခြင်း များမရှိကြောင်းကိုလည်း ဖော်ပြနေသည်။

အောက်တွင်ဖော်ပြထားသော အခန်းများသည် လက်ရှိဒေသတွင်းနှင့် နိုင်ငံအဆင့်တွင်ဖြစ်ပေါ်နေသော အချက်အလက်များကိုအခြေခံပြီး အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများအတွင်း ဖြစ်ပေါ်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအား မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများ၏ သက်သေခံချက်များမှတစ်ဆင့် ပြန်လည်ဖော်ပြထားခြင်းဖြစ်သည်။

[19] KHRG မှ ၂၀၁၉ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Do Not Trespass: Land Confiscations by Armed Actors in Southeast Myanmar", နှင့် KHRG မှ ၂၀၁၉ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "The Day After: Contemplating the Impact of the Vacant, Fallow, and Virgin Law Amendments", တွင်ကြည့်ပါ။

[20] The Asia Foundation မှ ၂၀၁၇ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "Ceasefires, Governance and Development: The Karen National Union in Times of Change", တွင်ကြည့်ပါ။

# ဝေါဟာရများနှင့် အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| BGF | နယ်ခြားစောင့်တပ် |
| CBO | လူထုအခြေပြုအဖွဲ့အစည်း |
| CSO | အရပ်ဖက်အဖွဲ့အစည်း |
| DKBA | ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် |
| DKBA (splinter) | တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (ခွဲထွက်) |
| EAOs | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ |
| FPIC | လွတ်လပ်၍ ကြိုတင်အသိပေး သဘောတူညီချက် ရယူသည့်စနစ် |
| IDP | ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ |
| KHRG | ကရင်လူ့အခွင့်အရေးအဖွဲ့ |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KNU/KNLA-PC | KNU/KNLA ငြိမ်းချမ်းရေးကောင်စီ |
| KWO | ကရင်အမျိုးသမီးအစည်းအရုံး |
| MNLA | မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| NCA | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| VFV | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ |

# အခန်း (၁)။ ။ အပစ်ခတ်ရပ်စဲရေးမတိုင်မီက လူ့အခွင့်အရေးချိုးဖောက်မှု များ - ဆက်လက်ခံစားရလျက်ရှိသော အမွေဆိုး

**အဓိကရှာဖွေတွေ့ရှိချက်များ**

၁။ ဖြတ်လေးဖြတ် မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုအရ တပ်မတော်မှ ကရင်လူထုအသိုက်အဝန်း များအား စနစ်တကျ ထိုးနက်တိုက်ခိုက်ခြင်းများနှင့် ပဋိပက္ခဖြစ်ပွားရာနေရာဒေသများတွင် ရွာသားများ အားဆန့်ကျင်၍ လူ့အခွင့်အရေးချိုးဖောက်မှုများအား ကျယ်ပြန့်စွာ ပြုလုပ်လေ့ရှိသည်။ ထိုလူ့အခွင့် အရေးချိုးဖောက်မှုများတွင် သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှဉ်းပမ်းခြင်းနှင့် အခြားသောလူမဆန်သည့် သို့မဟုတ် အရှက်ရစေသည့်လုပ်ရပ်များပါဝင်ပြီး အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု များကို စစ်လက်နက်သဖွယ် ကျယ်ပြန့်စွာအသုံးပြုခြင်းနှင့် ပိုင်ဆိုင်မှုများအား ဖျက်ဆီးခြင်းလည်းပါဝင် ပါသည်။ တစ်ခါတစ်ရံတွင် ရွာတစ်ရွာလုံးကိုလည်း ဖျက်ဆီးကြပါသည်။

၂။ တပ်မတော်သည် ကရင်ဒေသခံပြည်သူများအား အခကြေးငွေမပေးပဲ စစ်တပ်၏လုပ်ငန်းများတွင် လုပ်သားအဖြစ် အမြဲတမ်းအသုံးပြုခြင်း၊ အဓမ္မခိုင်းစေခံရသူများအား အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက် ခြင်းနှင့် အသက်အန္တရာယ်ပေးနိုင်သော ခြိမ်းခြောက်သည့်လုပ်ရပ်များကိုလည်း မကြာခဏကျူးလွန် ခဲ့သည်။ ထို့အပြင် တပ်မတော်မှ ပစ္စည်းများလုယူခြင်း၊ ခြောက်လှန့်တောင်းယူခြင်းများနှင့် မြန်မာအစိုး ရအဖွဲ့အစည်း၊ ဌာနများနှင့်အတူ မြေယာသိမ်းယူခြင်းများကိုလည်း လုပ်ဆောင်လျက်ရှိသည်။

၃။ အပစ်အခတ်ရပ်စဲရေး မတိုင်မီကာလအတွင်း တိုက်ပွဲကြောင့် ကရင်လူထုအသိုက်အဝန်းများနှင့် အခြားသော လူထုအသိုက်အဝိုင်းများမှာလည်း အမြဲတမ်းထွက်ပြေးခဲ့ကြရပြီး အချို့သောအခြေအနေ များတွင်လည်း တပ်မတော်မှ ရွာသားများအား ခြိမ်းခြောက်ခြင်းဖြင့် အတင်းအဓမ္မနေရပ်စွန့်ခွာစေခဲ့ ကြပါသည်။ အချို့သောဒေသခံများသည် မြေယာသိမ်းဆည်းခြင်းကြောင့် ၎င်းတို့ရွာကို စွန့်ခွါနေရစဉ် အတွင်း တစ်ချို့သောဒေသခံများမှာလည်း လူ့အခွင့်အရေးချိုးဖောက်သည့်လုပ်ရပ်များကို ကြောက် ရွံ့ကြသဖြင့် ၎င်းတို့ဒေသမှ ထွက်ခွါသွားခဲ့ကြပါသည်။

၄။ နေရပ်ရွှေ့ပြောင်းနေထိုင်ရသည့် လူထုများသည် ၎င်းတို့၏ စိုက်ခင်းခြံများအား ထားခဲ့ရခြင်းအပြင် အသက်မွေးဝမ်းကြောင်းအခက်အခဲများနှင့် အစားရေစာပြတ်လပ်မှုများကို လည်းကြုံတွေ့ကြရပါသည်။ အလွန်ဆိုးရွားသည့်နေထိုင်မှုအခြေအနေများနှင့် ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမှီနိုင်မှု နည်းပါးခြင်းကြောင့် နေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် ကျန်းမာရေးပြဿနာများကို အများအပြား ခံစားကြရပါသည်။

၅။ လူ့အခွင့်အရေးချိုးဖောက်မှုများသည် ဒေသခံများအား တစ်ခါတစ်ရံတွင် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ရေရှည်ဆိုးကျိုးသက်ရောက်မှုများကို ဆက်လက်ခံစားရစေသည်။ အိမ်ထောင်ဦးစီးမရှိခြင်း သည် မိသားစုများအတွက် မြေယာဆုံးရှုံးမှု သို့မဟုတ် အိမ်မွေးတိရိစ္ဆာန် ဆုံးရှုံးမှုများသည်လည်း ဒေသခံများအတွက် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများအား ကြုံတွေ့ရစေပါသည်။ ထို့ပြင် တပ်မတော်မှ ပြင်းထန်စွာ သွားလာခွင့်ပိတ်ပင်ခြင်းသည် ရွာသားများအား ၎င်းတို့၏ နေ့စဉ်လုပ်ငန်းများတွင် ဆက် လက်လုပ်ကိုင်နိုင်ခြင်းမှ အဟန့်အတားဖြစ်စေခဲ့ပါသည်။

၆။ လူ့အခွင့်အရေးချိုးဖောက်မှု ခံစားခဲ့ရသူများအနေဖြင့် စိတ်ဒဏ်ရာများ ခံစားနေရဆဲနှင့် စိတ်ကျရောဂါ ကြောင့် စိတ်မငြိမ်မသက်ဖြစ်ခြင်းများအပါအဝင် ရုပ်ပိုင်းဆိုင်ရာ နာတာရှည် ကျန်းမာရေးအခက်အခဲ

များနှင့် ကြုံတွေ့ကြရသည်။ အချို့သော မေးခွန်းဖြေကြားသူများက ထိုကဲ့သို့သောခံစားရမှုများသည် ၎င်းတို့အတွက် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နိုင်ရန် တားဆီးမှုရှိနေဆဲပင်ဖြစ်ပါသည်။

၇။ တိုက်ပွဲများ၊ ကျေးရွာများအား တိုက်ခိုက်ခြင်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အခက်အခဲများနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်ရမှုများသည်လည်း ကရင်လူငယ်များ၏ ပညာသင်ကြားခွင့်ကို ထိခိုက်စေပြီး ကလေးများကို ကျောင်းထွက်စေမှုများ ဖြစ်စေခဲ့သည်။

## (က) ခြုံငုံသုံးသပ်ခြင်း

အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများက လက်နက်ကိုင်အဖွဲ့များသည် ပြည်သူများ၏ နေရာဒေသများတွင် ပုံမှန်လှုပ်ရှားကြပြီး အပြန်အလှန်ပစ်ခတ်မှုများကြောင့် ဒေသခံများအပေါ် အန္တရာယ်ကျရောက်စေခဲ့သည်။ တပ်မတော်မှ KNLA ၏ စစ်သားတစ်ဦးအား သတ်ရန်ကြိုးပမ်းခဲ့စဉ်အချိန်က သူမ၏နေအိမ်အား မည်သို့ ပစ်မှတ်ထားခဲ့ကြောင်းကို ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ဤသို့ တင်ပြခဲ့သည်။ *"တစ်ခါက KNLA စစ်သားတွေရွာထဲဝင်ပြီး ကျွန်မအိမ်မှာ နေနေတယ်ဆိုတာကို သူတို့သိတဲ့အခါ အိမ်ကိုသေနတ်နဲ့ပစ်ကြတယ်။ ကလေးတွေကို ကျွန်မအိမ်ထဲကနေ ခေါ်ထုတ်ရတယ်။ ကျည်ဆံက အိမ်တိုင်ကိုမှန်ပြီး အဲ့ဒီမှာသွားစိုက်နေတယ်။ ကျွန်မကလေးတွေရဲ့ အသက်ကို သီသီကလေးဘဲ ကယ်နိုင်ခဲ့တယ်။"* [21] ထိုမြို့နယ်အတွင်းနေထိုင်သူအမျိုးသားတစ်ဦးကလည်း တပ်မတော်အနေဖြင့် KNLA တပ်သားများရှိနေသည်ဟု ယူဆပါက ပေါက်ကွဲတတ်သည့်လက်နက်များဖြင့် ပြည်သူများ၏ နေထိုင်ရာအရပ်များသို့ ပစ်ခတ်ရန်ဝန်မလေးကြောင်း အတည်ပြုခဲ့သည်။ *"အရင်ကဆိုရင် အဖွဲ့တိုင်းကိုကြောက်နေရတယ်။ KNU က ရွာထဲဝင်လာပြီဆိုရင် တပ်မတော်ကလာပြီး လက်နက်ကြီးနဲ့ပစ်မှာကို ကြောက်ရတယ်။"* [22] တပ်မတော်၏ သောင်းကျန်းသူနှိမ်နင်းရေး စစ်ဆင်ရေးများတွင် ကရင်အရပ်သားများက တိုက်ရိုက်ပစ်မှတ်ထားခံခဲ့ကြရသည်။

တပ်မတော်မှ ၁၉၆၀ ခုနှစ်တွင် ချမှတ်ခဲ့သော ဖြတ်လေးဖြတ် စစ်ဆင်ရေး[23] ဆိုသည်မှာ စစ်ရေးဗျူဟာတစ်ရပ်ဖြစ်ပြီး လက်နက်ကိုင်တပ်ဖွဲ့များအား တိုင်းရင်းသားဒေသခံများမှ ထောက်ပံ့နေမှုများကို နှိမ်နင်းရန်အတွက် အဓိကထောက်ပံ့မှု လေးခုဖြစ်သည့် ရိက္ခာ၊ ဘဏ္ဍာငွေ၊ သတင်းအဆက်အသွယ်နှင့် တပ်သားသစ်များစုဆောင်းခြင်းသည် လူထုအထောက်အပံ့များကို ဖြတ်တောက်ခြင်း ဖြစ်သည်။ ဤဗျူဟာ၏ အစိတ်အပိုင်းတစ်ခုအနေနှင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြို့နယ်များအားလုံးသည် အမဲရောင်နယ်မြေအဖြစ် သတ်မှတ်ခြင်းခံရပြီး ထိုနယ်မြေအတွင်းတွင်ရှိသော မည်သူ့ကိုမဆို ကရင်လက်နက်ကိုင်တပ်ဖွဲ့ဝင်အဖြစ် သတ်မှတ်ခံရမည်ဖြစ်ပြီး တွေ့သည်နှင့် ပစ်သတ်ခံရမည်ဖြစ်သည်။ အခြားနေရာဒေသတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့်မူ သွားလာလှုပ်ရှားမှုများအား တင်းတင်းကျပ်ကျပ် ကန့်သတ်ခြင်းခံရကြောင်းကို ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက ဤသို့ အတည်ပြုဖြေကြားခဲ့သည်။ *"တပ်မတော်က ကျွန်တော်တို့ကို ကန့်သတ်နယ်မြေအတွင်း မသွားဖို့တားမြစ်ခဲ့တယ်။ ပြီးတော့ [ခရီးသွား] ခွင့်ပြုစာယူဖို့လည်း အမိန့်ပေးခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ သူတို့ ချမှတ်ထားတဲ့ စည်းကမ်းတွေကို မလိုက်နာရင်အဖမ်းခံရတာ၊ အသတ်ခံရတာတွေ ဖြစ်နိုင်တယ်။ ရွာသားအများကြီးဟာ ငါးများဖို့ ဒါမှမဟုတ် တောထဲမှာဟင်းသီးဟင်းရွက်သွားရှာစားတဲ့အခါ သတ်မှတ်နယ်မြေကျော်မိလို့ အသတ်ခံခဲ့ရတဲ့သူတွေအများကြီးပဲ။"* [24]

*"ဖြတ်လေးဖြတ်"* စစ်ဆင်ရေးသည် သူပုန်အဖွဲ့များအား အထောက်အပံ့ပေးနေမှုများကို လျှော့ချရန် ရည်ရွယ်ခဲ့သော်လည်း တပ်မတော်အနေဖြင့် ထိုဒေသများအတွင်းရှိ ပြည်သူများအားလုံးကို ပစ်မှတ်ထားခဲ့ပြီး လူ့အခွင့်

---

[21] Source #1 တွင် ကြည့်ပါ။

[22] Source #2 တွင် ကြည့်ပါ။

[23] KHRG မှ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော "COMMENTARY", တွင် ကြည့်ပါ။

[24] Source #3 တွင် ကြည့်ပါ။

အရေးချိုးဖောက်မှုများကို တွေ့ကြုံခံစားရစေခဲ့သည်။ ထိုချိုးဖောက်မှုများတွင် ညှဉ်းပမ်းနှိပ်စက်ခြင်း၊ အတင်းအဓမ္မခိုင်းစေခြင်း၊ တရားလက်လွတ် ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ထောင်ချခြင်း၊ တရားဥပဒေမဲ့ သတ်ဖြတ်ခြင်း၊ အစားအသောက်များ ဆေးဝါးများနှင့် နေအိမ်များအား ဖျက်ဆီးခြင်း၊ တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင်ရှိသော နေရာများသို့ပြည်သူများအား အတင်းအဓမ္မ ပြောင်းရွှေ့နေထိုင်စေခြင်းတို့ ပါဝင်သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သော ရွာသားအများစုမှာ မြန်မာ့တပ်မတော်မှ ကျူးလွန်ခဲ့သော အပစ်ခတ်ရပ်စဲရေး မတိုင်မီကာလများက လူ့အခွင့်အရေးချိုးဖောက်မှုများအား မြင်တွေ့ခံစားကြသူများဖြစ်ကြပါသည်။

## သတ်ဖြတ်မှုများ

ဖြတ်လေးဖြတ် မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုအရ တပ်မတော်မှ အမဲရောင်နယ်မြေအတွင်းရှိ ကရင်အရပ်သားများအား စနစ်တကျတိုက်ခိုက်ခြင်းများကို ပြုလုပ်လေ့ရှိသည်။ မကြခဏဆိုသလို ရွာသားများအား ကြိုတင်စစ်ဆေးမေးမြန်းခြင်းမရှိဘဲ သတ်ဖြတ်လေ့ရှိသည်။ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ၎င်း၏ကျေးရွာကိုတပ်မတော်မှတိုက်ခိုက်ဖျက်ဆီးခဲ့သော သူ၏အတွေ့အကြုံကိုကရင်လူ့အခွင့်အရေးအဖွဲ့အား ဤသို့ ပြောပြခဲ့သည်။ "*၁၉၉၇ ခုနှစ်တုန်းက တပ်မတော်က ကျွန်တော်တို့ရဲ့ရွာကိုလာပြီး အိမ်တွေကို မီးရှို့ဖျက်ဆီးခဲ့တယ်။ လူတွေကိုတွေ့တာနဲ့ပစ်တယ်။ အဲ့ဒါက တော်တော်ကိုဆိုးရွားတဲ့ အတွေ့အကြုံတစ်ခုပဲ။ တပ်မတော်က ရွာကနေထွက်သွားတော့ ကျွန်တော်တို့တွေ အိမ်နီးနားကလူသေတွေကို လိုက်ကောက်ပြီး သင်္ဂြိုလ်ရတယ်။ တချို့လူတွေက တပ်မတော်ရဲ့ ဖမ်းဆီးခြင်းခံရပြီးတော့ ဘယ်တော့မှပြန်မလာရတော့ဘူး။ သူတို့တွေက တောထဲမှာအသတ်ခံလိုက်ကြရတယ်။*"[25] မြိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်မှ အမျိုးသားတစ်ဦးကလည်း အလားတူ ဖြစ်ရပ်တစ်ခုအား တင်ပြခဲ့သည်။ "*၁၉၉၆၊ ၉၇ ခုနှစ်တုန်းကဆို ကျွန်တော်တို့ အရမ်းခံစားခဲ့ကြရတယ်။ အဲ့ဒီအချိန်တုန်းက တပ်မတော်စစ်သားတွေ ကျွန်တော်တို့ ရွာထဲကိုလာပြီး ရွာသားတွေကိုနှိပ်စက်သတ်ဖြတ်ခဲ့ကြတယ်။ အသက်ကြီးတဲ့သူတွေကို မညှာမတာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့တယ်။ အခ--- ရွာက လူကြီးတစ်ယောက်နဲ့ တခြားအမျိုးသားတစ်ယောက်ကို တပ်မတော်ကသတ်တာကို ကျွန်တော်ကိုယ်တိုင် မြင်တွေ့ခဲ့တယ်။ အဲ့ဒီလူကြီးက အသက်အရမ်းကြီးနေပြီ။ လမ်းတောင်မလျှောက်နိုင်တော့ဘူး။*"[26]

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသများတွင် အခြားသောသွားလာခွင့် ကန့်သတ်ပိတ်ပင်မှုများအပြင် တပ်မတော်မှ လူတွေ့လျှင်ပစ်ရန်စနစ်အားကျင့်သုံးခဲ့ပြီး ထိုကန့်သတ်နယ်မြေများတွင် သွားလာကြသော ပြည်သူများအား သေနတ်ဖြင့်ပစ်သတ်ခဲ့ကြသည်။ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက တပ်မတော်မှ အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ကလေးငယ်နှစ်ဦးအား ပစ်သတ်ခဲ့ပုံကို ကရင်လူ့အခွင့်အရေးအဖွဲ့အား ရှင်းပြခဲ့သည်။ "*အမျိုးသမီးတစ်ယောက်နဲ့ကလေးနှစ်ယောက် တခြားရွာမှာရှိနေတဲ့ သူ့မရဲ့ယောက္ခထီးဆီကို သွားလည်ဖို့ သွားခဲ့တယ်။ အဲ့ဒီအမျိုးသမီးရဲ့ ပေါင်နဲ့နံရိုးကြားကို သေနတ်ထိမှန်ခဲ့တယ်။ သူမပြန်သက်သာလာဖို့ အချိန်အများကြီးယူခဲ့ရတယ်။ ဒါပေမယ့် သူမဒီနေ့ထိ အသက်ရှင်နေသေးတယ်။ သူမရဲ့ကလေးတွေကတော့ ခေါင်းကိုထိခဲ့ပြီး ချက်ခြင်းသေဆုံးခဲ့ကြတယ်။ သူမရဲ့သေသွားတဲ့ကလေးတွေကိုထားခဲ့ပြီး ထွက်ပြေးခဲ့တယ်။ ရွာကိုရောက်တော့ လမ်းတောင်မလျှောက်နိုင်တော့ဘူး။ ကျွန်တော်တို့ သူမကိုထမ်းပြီး ပြုစုခဲ့ကြရတယ်။*"[27] ၎င်း၏ရွာမှ အခြားသောအမျိုးသမီးတစ်ဦးလည်း အလားတူဖြစ်ရပ်မျိုးနှင့်ကြုံခဲ့ပြီး အသက်သေဆုံးခဲ့ရသည့်အကြောင်းကို ဤသို့ရှင်းပြခဲ့သည်။ "*သူလည်းအဲ့ဒီလိုပဲ ခြံထဲကပြန်လာတုန်းမှာ အပစ်ခံခဲ့ရတာ။ တပ်မတော်က သူမရဲ့အိမ်အပြန်လမ်းမှာပစ်ခဲ့ပြီး အဲ့ဒီနေရာမှာပဲ ဆုံးသွားခဲ့တယ်။ သူ့ရဲ့ကလေးနှစ်ယောက်က အဲ့ဒီတုန်းက အရမ်းငယ်သေးတယ်။*"[28]

---

[25] Source #4 တွင် ကြည့်ပါ။

[26] Source #5 တွင် ကြည့်ပါ။

[27] Source #6 တွင် ကြည့်ပါ။

[28] Source #6 တွင် ကြည့်ပါ။

အချို့သောအဖြစ်အပျက်များတွင် တပ်မတော်မှ ရွာသားများအား အဓမ္မဖမ်းဆီးခဲ့ပြီး မသတ်မီအချိန်တွင် ညှဉ်းပမ်းနှိပ်စက်မှုများ ပြုလုပ်ခဲ့ကြသည်။ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အမျိုးသားတစ်ဦးက လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က တပ်မတော်မှ ၎င်း၏ဆွေမျိုးနှစ်ဦးအား စပါးခင်းထဲတွင် ရိုက်နှက်သတ်ဖြတ်ခဲ့ကြောင်းကို တင်ပြခဲ့သည်။ *"တပ်မတော်စစ်သားတွေက ကျွန်တော့ရဲ့ တူမနဲ့ ကျွန်တော့ဝမ်းကွဲတစ်ယောက်ကို စပါးခင်းထဲမှာ ဖမ်းဆီးခဲ့တယ်။ အဲ့ဒီနောက်မှာ သူတို့ကိုထိုးတာ ရိုက်တာတွေလုပ်တယ်။ ကျွန်တော်တို့အနေနဲ့ အဲ့ဒီအချိန်တုန်းက သွားကူဖို့ ကြောက်ခဲ့တယ်။ နောက်ဆုံးမှာ သူတို့နှစ်ယောက်လုံးကို တပ်မတော်က သတ်ခဲ့ပြီးတော့ တွင်းထဲမှာ မြှုပ်လိုက်တယ်။ ကျွန်တော့်ဝမ်းကွဲရဲ့ အမျိုးသမီးဆိုရင် သူ့ယောက်ျားဆုံးပြီးတော့ ကလေးတွေကို တစ်ယောက်ထဲ ပြုစုပျိုးထောင်တဲ့အခါ အခက်အခဲတွေ အများကြီးကြုံတွေ့ခဲ့ရတယ်။"*[29]

KNLA ၏စစ်သားဟု ယူဆခဲ့သူများကိုလည်း တပ်မတော်ကတွေ့သည်နှင့် သတ်ဖြတ်ခဲ့သည်ဟု ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးကပြောခဲ့သည်။ *"လူသတ်တာတွေ၊ တိုက်ပွဲတွေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေဖြစ်တယ်ဆိုတာ တပ်မတော်က KNLA ကို မရှိစေချင်လို့ဖြစ်တယ်။ တကယ်လို့ ရွာသားက ကရင်စစ်သားဖြစ်တယ်လို့သိတာနဲ့ တစ်ခါတည်းအသတ်ခံလိုက်ရမှာပဲ။"*[30] ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်မှ အမျိုးသားတစ်ဦးက KNLAနှင့်ပတ်သက်ဆက်နွယ်မှုရှိသည်ဟူသော သံသယဖြင့် ပြည်သူများအသတ်ခံရနိုင်ကြောင်းကို ဤသို့ ရှင်းပြခဲ့သည်။ *"တပ်မတော်က ကျွန်တော်တို့ကလေးတွေကိုဖမ်းဆီးခဲ့ပြီး သူတို့ကို နှစ်ရက်၊သုံးရက် ချုပ်ထားမယ်လို့ ပြောတယ်။ ဒါပေမယ့် ကျွန်တော့်သားက ဘယ်တော့မှပြန်ရောက်မလာနိုင်တော့ဘူး။ ၁၃ နှစ်ရှိပြီ။ သူတို့တွေ ဖမ်းခေါ်သွားပြီးနောက်ပိုင်း ကျွန်တော့်ကလေးအကြောင်း ဘာမှပြန်မကြားရတော့ဘူး။ ကျွန်တော်တို့ လူလေးယောက် ဆုံးရှုံးခဲ့ရတယ်။ ကျွန်တော့်သားတွေကို တပ်ရင်းမှူးမျိုးအောင် လက်အောက်က တပ်မတော် အမှတ် (၉) တပ်ရင်းက ဖမ်းခေါ်သွားခဲ့တယ်။ ကလေးတွေ တပ်ရင်း (၉) စခန်းထဲမှာ အသတ်ခံရပြီလို့ လူတွေက ကျွန်တော့်ကို ပြောတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဒါကိုကိုယ်တိုင် မျက်မြင်တွေ့ရတာမဟုတ်ဘူး။ တပ်မတော်က ရွာသားလေးယောက်ကို KNLA စစ်သားတွေဆိုပြီး စွပ်စွဲခဲ့ကြတယ်။"*[31]

တပ်မတော်သည် KNLA စစ်သားများကိုရွာသားများ၏ ထောက်ပံ့မှုမှတားဆီးရန်အတွက် အဆိုပါကူညီပေးခဲ့သော မည်သည့်ရွာသားကိုမဆို သတ်ဖြတ်ခဲ့ကြသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ၁၉၉၄ ခုနှစ် စက်တင်ဘာလတွင် တပ်မတော် စစ်သားများမှ KNLAစစ်သားတစ်ဦးအား ဒေသခံရွာသားတစ်ဦး၏ တဲထဲတွင်တွေ့ရှိခဲ့သောကြောင့် အဆိုပါစစ်သားနှင့် ရွာသားနှစ်ဦးလုံးကို ဖမ်းဆီးခဲ့ပြီး သတ်ဖြတ်ခဲ့သည့်အကြောင်းကို ယခုလို ရှင်းပြခဲ့သည်။ *"အဲ့ဒါက ဘ--- ရွာမှာဖြစ်ခဲ့တာ။ သီးနှံခူးတဲ့အချိန် ရွာသားတစ်ယောက်က သူ့တဲထဲမှာ နေနေတုန်း KNU တပ်ကြပ်တစ်ယောက်က သူ့ဆီသွားလည်ခဲ့တယ်။ အဲ့ဒါနဲ့သူ့ကိုလည်း အဲ့ဒီစစ်သားနဲ့ အတူ ဖမ်းဆီးခဲ့တယ်။ တပ်မတော်က သူတို့နှစ်ယောက်လုံးကို ဘ--- ရွာကနေ ဖမ်းသွားပြီး ညနေပိုင်းမှာ မိုင်နှစ်ဆယ်ကို ခေါ်သွားခဲ့တယ်။ အဲ့ဒီမှာ ညအိပ်ခဲ့တယ်။ မနက်ကျတော့ မိုင်နှစ်ဆယ်နဲ့ တစ်မိုင်လောက်အကွာမှာ သူတို့ကိုမြှုပ်မယ့်တွင်းကို သူတို့ကိုယ်တိုင်တူးရတယ်။ ပြီးတာနဲ့ တပ်မတော်ကသူတို့ကို အကြင်နာတရားကင်းမဲ့စွာပဲ သတ်လိုက်တယ်။"*[32]

[29] Source #7 တွင် ကြည့်ပါ။

[30] Source #8 တွင် ကြည့်ပါ။

[31] Source #9 တွင် ကြည့်ပါ။

[32] Source #12 တွင် ကြည့်ပါ။

## ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လူသားမဆန်သောအခြားလုပ်ဆောင်ချက် သို့မဟုတ် အရှက်ရစေသောလုပ်ဆောင်မှုများ

အပစ်ခတ်ရပ်စဲရေး မတိုင်မီကာလများက ရုပ်ပိုင်းဆိုင်ရာနှိပ်စက်ညှဉ်းပန်းမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခဲ့ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်သူများအား တပ်မတော်စစ်သားများမှ ပုံမှန်ပင် နှိပ်စက်ညှဉ်းပန်းခြင်းများ ပြုလုပ်ခဲ့သည်။ တပ်မတော်စစ်သားများအား ပြန်ခံပြောသည့်အတွက် အမျိုးသားတစ်ဦးအား ရက်စက်စွာရိုက်နှက်ခဲ့သည်ကို ကိုယ်တိုင်တွေ့ရှိခဲ့ကြောင်း တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်မှ အမျိုးသားတစ်ဦးက ယခုလို ပြန်လည်ပြောပြခဲ့သည်။ *"သူတော်တော်လေး ပြင်းပြင်းထန်ထန်အရိုက်ခံခဲ့ရတယ်။ ပြီးတော့ သူ့ကိုကြိုးနဲ့တုပ်ခဲ့တယ်။ သူ့ကို သေနတ်ဒင်နဲ့ရိုက်ခဲ့တယ်။ သူလဲကျပြီးမြေပေါ်မှာ နာကျင်မှုကြောင့်လူးလိမ့်နေခဲ့သည်။ သူ့ရဲ့နာခေါင်း၊ နားနဲ့ ပါးစပ်ကနေ သွေးတွေထွက်တယ်။ သူသတိလစ်သွားတဲ့အခါကျတော့ တပ်မတော်စစ်သားတွေက သူ့ဆီကိုလျှောက်သွားပြီး သူ့ရဲ့ရင်ဘတ်နဲ့ခေါင်းကို သူတို့ရဲ့စစ်ဖိနပ်တွေနဲ့ကန်ကြတယ်။"* [33] ပြည်သူများက တပ်မတော်စစ်သားများ အလိုကျနေရမည်ဟု ခံယူထားကြသည်။ အဘယ့်ကြောင့်ဆိုသော် ထိုစစ်သားများက စိတ်အခန့်မသင့်သည့် အခါများတွင် ၎င်းတို့အားရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ကြသည်ကို တောင်ငူခရိုင်၊ သံတောင်မြို့နယ်မှ အမျိုးသမီးတစ်ဦးက ဤသို့အတည်ပြုခဲ့သည်။ *"တပ်မတော်က ရွာသားတွေကို KNU စစ်သားတွေဘယ်မှာရှိလဲ မေးပြီးဆိုတာနဲ့ ရွာသားတွေက တပ်မတော်ရဲ့ရိုက်နှက်တာကို အမြဲခံကြရတယ်။ ရွာသားအများစုက ပညာမတတ်တဲ့အတွက် တပ်မတော်ကမေးတာကိုဖြေဖို့ ဗမာစကားလည်း မပြောတတ်ကြဘူး။ ဒါတွေက ၁၉၉၇၊ ၁၉၉၈ ခုနှစ် အတွင်းဖြစ်ခဲ့တယ်။ ရွာသားတွေသာမက ရွာသူကြီးတွေကိုယ်တိုင်ကတောင် သူတို့ကိုယ်သူတို့ မကာကွယ်နိုင်ခဲ့ဘူး။"* [34]

KNLA မှ တပ်မတော်စစ်သားများအား တိုက်ခိုက်သည့်အခါများတွင်လည်း တပ်မတော်စစ်သားများက လက်တုန့်ပြန်သည့်အနေဖြင့် ရွာသားများကို ညှဉ်းပန်းနှိပ်စက်ကြသည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်ရှိ အမျိုးသားတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၀ ခုနှစ်များနှောင်းပိုင်းတွင် KNLA နှင့် တပ်မတော်စစ်သားများအကြား ပစ်ခတ်မှုများဖြစ်ပြီးနောက်တွင် ၎င်း၏ကျေးရွာတွင် နေထိုင်သူအားလုံး ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများအား ခံစားခဲ့ရသည့်အကြောင်းကို အောက်ပါအတိုင်းပြောဆိုခဲ့သည်။ *"ကျွန်တော်တို့ တခေါ်ပွာကျေးရွာမှာနေတုန်းကဆိုရင် တိုက်ပွဲဖြစ်တော့ တပ်မတော်စစ်သားတွေဒဏ်ရာရကြတယ်။ သူတို့က ရွာကိုပြန်လာတော့ တွေ့သမျှလူတွေကိုခေါ်ပြီး နေပူထဲမှာနေခိုင်းပြီး နှိပ်စက်ခဲ့တယ်။ အမျိုးသားတွေကို လမ်းမပေါ်မှာလှဲခိုင်းပြီး အဲ့ဒီလူတွေအပေါ် တက်နင်းခဲ့တယ်။ အဲ့ဒါက ၁၉၉၈၊ ၁၉၉၉ ခုနှစ်တုန်းက ဖြစ်မယ်ထင်တယ်။ အဖြစ်အပျက်က အဲ့ဒီလိုဖြစ်ခဲ့တာပေါ့။ တပ်မတော်သင်တန်းဆရာတစ်ယောက် အပစ်သတ်ခံရပြီး သူ့ရဲ့သေနတ်ကို KNLA က ရသွားတယ်။ ကျန်ခဲ့တဲ့စစ်သားတွေကစိတ်ဆိုးပြီး ကျွန်တော်တို့ကိုလာပြီးနှိပ်စက်ကြတာ။"* [35]

အပစ်ခတ်ရပ်စဲရေးမပြုလုပ်ခင်ကာလအတွင်း KNU နှင့် ဆက်နွယ်ခြင်းရှိသည်ဟု သံသယရှိသူ သို့မဟုတ် စွပ်စွဲခံရသူများ၊ KNLA စစ်သားများနှင့် ဆွေမျိုးတော်စပ်သူများကို လက်တုန့်ပြန်သည့်အနေဖြင့် ခေါ် ယူစစ်ဆေးမေးမြန်းပြီး ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများပြုလုပ်သည်ဟု ပြည်သူအများစုက တင်ပြခဲ့သည်။ မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်မှ အမျိုးသမီးတစ်ဦးက ၂၀၀၀ ခုနှစ်တွင် တပ်မတော်မှ(ထိုစဉ်က) KNLA ၏စစ်သားတစ်ဦးဖြစ်သော သူမ၏ဦးလေးဖြစ်သူအား ရှာဖွေလိုသည့်အတွက် သူမ၏အဖွားဖြစ်သူအား ရက်စက်စွာနှိပ်စက်ခဲ့ပုံကို ရှင်းပြခဲ့သည်။ *"တစ်ရက်ကျတော့ သူတို့က ကျွန်မတို့အိမ်ကိုလာပြီး ကျွန်မရဲ့အဖွားနဲ့ အမေကို ဖမ်းသွားခဲ့တယ်။ စစ်သားတွေက သူတို့ကိုမေးခွန်းတွေမေးဖို့ ဖမ်းသွားခဲ့တာ။ ဒါပေမယ့် ကျွန်မအမေကတော့ ခဏလေးနဲ့ ပြန်လွှတ်လာတယ်။ သူတို့က ကျွန်မအဖွားကို ဖမ်းထားပြီးနှိပ်စက်ခဲ့တယ်။ ကျွန်မဦးလေး ဘယ်အချိန်ပြန်လာမလဲ။ ဘယ်မှာပုန်းနေလဲ စတာတွေမေးတယ်။ သူတို့တွေက အဖွားကို နှိပ်စက်ပြီး ပြန်မလွှတ်ခင်မှာ လည်ပင်းကို ဓါးနဲ့လှီးတယ်။ ဒါပေမယ့် ကံကောင်းတော့ အဖွား မသေဘူး။ အဲ့ဒီတုန်းက ကျွန်မရှစ်နှစ်သမီးရှိပြီ။*

[33] Source #11 တွင် ကြည့်ပါ။
[34] Source #12 တွင် ကြည့်ပါ။
[35] Source #13 တွင် ကြည့်ပါ။

*ဒါကြောင့် အများကြီးမှတ်မိနေတာ။ စစ်သားတွေက ကျွန်မတို့ အိမ်ကိုပြန်လာပြီး အဖွားကို သေနတ်နဲ့ပစ်တယ်။ ထိုးတယ်။ ကန်တယ်။ အဲ့ဒီအချိန်တုန်းက ကျွန်မအဖွားနဲ့ ကျွန်မအတူရှိနေတာ။ ကျွန်မအဖွားကို နှိပ်စက်နေတာ မြင်တော့ ကျွန်မသူ့ကိုရပ်ဖို့ သူ့ခြေထောက်ကို ဆွဲခဲ့တယ်။ အဲ့ဒါနဲ့သူက ကျွန်မကိုကန်တော့ ကျွန်မရေပုံးထဲကို ကျသွားတယ်။ ကျွန်မ ခြေလက်တွေတော့ မကျိုးဘူး။ ဒါပေမယ့် သွားတော့ကျိုးသွားတယ်။ ဒါက ကျွန်မကြုံတွေ့ခဲ့ရတဲ့ အဆိုးဆုံးအတွေ့အကြုံပဲ။"*[36]

ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးကလည်း အချို့သောသူ၏ ဆွေးမျိုးများမှာ KNU တွင် အလုပ်လုပ်သည့်အတွက် တပ်မတော်မှ ၎င်း၏ မိဘများအား ညှဉ်းပမ်းနှိပ်စက်ခဲ့သည့်ကြောင်းကို တင်ပြခဲ့သည်။ *"တပ်မတော်က ဒီသတင်းကိုကြားတဲ့အခါ ကျွန်တော့်မိဘတွေကိုဖမ်းပြီး နှိပ်စက်ခဲ့တယ်။ ကျွန်တော့်အဖေပြောပြခဲ့တာတော့ သူကလမ်းဘေးမှာ လှဲပေးရပြီး စစ်သားတွေက သူ့အပေါ်တက်နင်းသွားတယ်။ သူသေတော့မလို့။ ကျွန်တော့်အမေလည်း အရိုက်ခံရတယ်။ ဒါကြောင့် သွားကျိုးသွားတယ်။"*[37] သူ၏ သူငယ်ချင်းနှစ်ဦးမှာ ရွာလူကြီးများဖြစ်သည့်အတွက် သူ၏နေရာအား ထုတ်ဖော်ပြောဆိုခြင်းနှင့်ပတ်သက်ပြီး အဖမ်းခံရခြင်း၊ လျှပ်စစ်နှင့် အတို့ခံရခြင်း စသည့်တပ်မတော်၏ နှိပ်စက်ခြင်းခံခဲ့ရကြောင်းကိုလည်း တင်ပြခဲ့သည်။[38]

ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း တပ်မတော်အနေဖြင့် မည်သူမဆို KNLA စစ်သားများအား ဆက်သွယ်ခြင်း၊ စားစရာပေးပို့ခြင်းများ မပြုလုပ်ရန် တားမြစ်ထားပြီး KNLA တွင်ရှိနေသော ၎င်းတို့၏ဆွေမျိုးများနှင့် ဆက်သွယ်သူအများအပြား နှိပ်စက်ခြင်းခံခဲ့ကြရသည်ဟု ရှင်းပြခဲ့သည်။ သူမ၏ ကျေးရွာရှိလူများသည် အခွန်ကောက်ရန်ရောက်လာကြသော KNLA စစ်သားများအား ၎င်းတို့၏နေအိမ်တွင် တည်းခိုခွင့်ပေးထားသည့်အတွက် တပ်မတော်စစ်သားများမှ ၎င်းတို့အား ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပြုခဲ့ကြသည်။ ထိုစဉ်ကာလအတွင်း တပ်မတော်နှင့် KNLA အကြား ဖြစ်ပွားခဲ့သောပဋိပက္ခကြောင့် တည်ရှိလာသော ဆိုးကျိုးသက်ရောက်မှုအပေါ် ဒေသတွင်းနေထိုင်သူများ မည်သို့ကြောက်ရွံ့ခဲ့ရကြောင်းကိုလည်း ကရင်လူ့အခွင့်အရေးအဖွဲ့အားပြောပြခဲ့သည်။ *"ကျွန်မတို့က တပ်မတော်စစ်သားကို ကြောက်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့က အဖွဲ့နှစ်ဖွဲ့ကြားမှာ နေနေရတယ်။ အဲ့ဒီအချိန်တုန်းက ကျွန်မတို့က အပြစ်မဲ့တဲ့ပြည်သူတွေ။ ကျွဲနှစ်ကောင်ခတ်တော့ မြေစာပင်ကပျက်စီးရတယ်။"*[39] သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း သူမ၏အကိုနှင့်ပတ်သက်ပြီး KNLA အား စားစရာသယ်ယူပေးသည်ဟု သံသယဖြစ်မှုကြောင့် ၁၉၈၈ ခုနှစ်တွင် သူမ၏အကိုနှင့် သူ၏သူငယ်ချင်းတစ်ဦး တွင်းထဲတွင် တစ်လခန့်နေခဲ့ရကြောင်းကို ပြောပြခဲ့သည်။ *"သူမြေအောက်မှာ သေခါနီးနေခဲ့ရတယ်။ သူအပြင်ကိုထွက်လာတော့ အသားဝါရောဂါရလာတယ်။"*[40] ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အခြားသောအမျိုးသမီးတစ်ဦးကလည်း သူမ၏အမျိုးသားဖြစ်သူသည် KNLA နှင့် ဆက်သွယ်ခဲ့သည့်အတွက် ရက်စက်စွာနှိပ်စက်ခံခဲ့ရကြောင်းကို တင်ပြခဲ့သည်။ *"ကျွန်မအမျိုးသားကို တပ်မတော်က ဖမ်းဆီးခဲ့တယ်။ အဲ့ဒီနောက် တပ်မတော်က သူ့ကိုရက်ရက်စက်စက် ရိုက်နှက်ခဲ့တယ်။ နောက်တော့ သူနေမကောင်းဖြစ်ပြီး သူ့ကိုဆေးရုံပို့ခဲ့ရတယ်။ အဲ့ဒါက ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်တုန်းက ဖြစ်ခဲ့တာ။ သူ့ကို တပ်မတော် တပ်ရင်းအမှတ် ၃၅၁ ကဖမ်းပြီး ရိုက်နှက်ခဲ့တယ်။"*[41]

တပ်မတော်စစ်သားများအနေဖြင့် ရွာသူကြီးများအား အထူးသဖြင့် တပ်မတော်၏အမိန့်အား နာခံရန်ပျက်ကွက်သဖြင့် ညှဉ်းပမ်းနှိပ်စက်မှုများ ပြုလုပ်ခဲ့ကြောင်း တင်ပြခဲ့သည်။ ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား *"တပ်မတော်က မကြာခဏနှိပ်စက်နေတော့ အမျိုးသားတွေက ရွာသူကြီးလုပ်ဖို့ ကြောက်လာကြတယ်။ အဲ့ဒီအချိန်တုန်းက ကျွန်မတို့က လက်နက်ကိုင်နှစ်ဖွဲ့ကြားမှာနေရတော့*

36 Source #14 တွင် ကြည့်ပါ။
37 Source #15 တွင် ကြည့်ပါ။
38 Source #15 တွင် ကြည့်ပါ။
39 Source #15 တွင် ကြည့်ပါ။
40 Source #16 တွင် ကြည့်ပါ။
41 Source #17 တွင် ကြည့်ပါ။

*ရွာသူကြီးလုပ်ရတာ အရမ်းအန္တရာယ်ရှိတယ်။ ကျွန်မတို့ အရမ်းသတိထားရတယ်။"* [42] ထို့အတွက်ကြောင့် အမျိုးသမီးများမှာ အမျိုးသားများကိုယ်စား ရွာသူကြီးများအဖြစ် အစားထိုးတာဝန်ယူကြရကြောင်း တင်ပြခဲ့သည်။ *"နေရာတော်တော်များများမှာ အမျိုးသားတွေကကြောက်တဲ့အတွက် အမျိုးသမီးတွေကအရဲစွန့်ပြီး ရွာသူကြီး တာဝန်ယူရတယ်။ အမျိုးသားတွေက ရက်ရက်စက်စက် နှိပ်စက်ခံရကြတယ်။ တပ်မတော်စစ်သားတွေက ကြိုးနဲ့ ချည်ပြီး ရိုက်တာခံကြရတယ်။ အမျိုးသမီးတွေကတော့ တပ်မတော်တွေနဲ့ ထိပ်တိုက်တွေ့ဖို့ သတ္တိပိုရှိတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က အမျိုးသားတွေလို ရက်ရက်စက်စက် အနှိပ်စက်မခံရကြဘူး။"* [43]

ဤယူဆချက်မှာ ယေဘုယျအားဖြင့် မှန်ကန်မှုရှိသော်လည်း အပစ်ခတ်ရပ်စဲရေး မတိုင်မီကာလများက တပ်မ တော်မှ အမျိုးသမီးရွာသူကြီးအချို့ကိုလည်း ရက်ရက်စက်စက် ရိုက်နှက်ခဲ့မှုများရှိခဲ့သည်။ သထုံခရိုင်၊ ဘီးလင်း မြို့နယ်မှ အမျိုးသမီးတစ်ဦး၏ ပြောကြားချက်အရ ရွာသူကြီးအဖြစ်တာဝန်ထမ်းခဲ့သော သူမ၏မိခင်ဖြစ်သူသည် KNLA မှ ထိုဒေသတွင် တိုက်ခိုက်မှုများပြုလုပ်မည်ကို တပ်မတော်စစ်သားများအား အကြောင်းကြားရန် ပျက် ကွက်သည့်အတွက် ဖမ်းဆီးနှိပ်စက်ခံခဲ့ရသည်။ *"တပ်မတော်ကရွာထဲကိုလာပြီး ကျွန်မအမေကို ဖမ်းခေါ်သွား တယ်။ အဲ့ဒီအချိန်တုန်းက ကျွန်မအမေက အသက်ကြီးပြီ။ အသက် ၆၀ ကျော်ပြီ။ သူတို့က သူမကို လက်နောက် ပြန်ကြိုးတုတ်ပြီး သူတို့နဲ့အတူ ခ--- ရွာက စခန်းထဲကိုခေါ်သွားတယ်။ တပ်မတော်စစ်သားတွေက သူမကို နှိပ်စက်တယ်။ ထိုးတယ်။ ပြီးတော့ သူမကို တိုင်မှာချည်ထားတယ်။ သူမဘယ်လောက်တောင် အနှိပ်စက်ခံရ တယ်ဆိုတာ ကျွန်မ မတွေ့ခဲ့ရပေမယ့် သူမတစ်ကိုယ်လုံး ဒဏ်ရာတွေပြည့်နေတာကိုတွေ့ခဲ့ရတယ်။"* [44]

## အတင်းအကျပ်ဝန်ခံစေခြင်းနှင့် ထောင်သွင်းအကျဉ်းချခြင်း

အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများက တပ်မတော်အနေဖြင့် တော်လှန်ရေးလက်နက်ကိုင်အဖွဲ့များနှင့် အချိတ် အဆက်ရှိသည်ဟု သံသယရှိသောကရင်ရွာလူကြီးများနှင့် ဘာသာရေးခေါင်းဆောင်များအား အလုပ်ကြမ်း ထောင်ကျခံစေကြောင်း မေးခွန်းဖြေကြားသူ အများစုက တင်ပြခဲ့သည်။ အဖမ်းခံရသူများအနေဖြင့် အမှုမစစ်မီ ထိန်းသိမ်းခံနေရသည့်အချိန်တွင် အတင်းအပြစ်ဝန်ခံရန်ရည်ရွယ်ချက်ဖြင့် ညှဉ်းဆဲခံခဲ့ရသည်။ KNLA နှင့် အချိတ်အဆက်ရှိသည်ဟုဆိုကာ ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ထောင်ချခံခဲ့ရသော ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ ရွာလူကြီးတစ်ဦးက ၎င်းအနေဖြင့် တပ်မတော်၏စစ်ဆေးရေးကာလအတွင်း လုပ်ဆောင်မှု များဖြစ်သော ရိုက်နှက်ခံရခြင်းများ၊ လျှပ်စစ်နှင့်အတို့ခံရခြင်းများအပြင် ရေအငတ်ထားခြင်းတို့အပါအဝင် အခြား သောညှဉ်းပမ်းနှိပ်စက်မှုများအား ခံစားခဲ့ရကြောင်းကို ကရင်လူ့အခွင့်အရေးအား ပြောပြခဲ့သည်။ [45]

ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း အလားတူအတွေ့အကြုံတစ်ခုကို ဝေမျှခဲ့သည်။ သူမ၏အမျိုးသားသည် ရွာလူကြီးဖြစ်သည့်အားလျော်စွာ KNU နှင့် ဆက်သွယ်မှု ရှိသည့်အတွက် ၂၀၀၇ခုနှစ်၊ ဩဂုတ်လတွင် ဖမ်းဆီးခံခဲ့ရပြီး နှစ်ပေါင်း ၄၀ ကျော် ထောင်ကျခံခဲ့ရသည်။ သူမ၏ အမျိုးသားသည် စစ်ဆေးရေး ကာလအတွင်း နေ့စဉ်အရိုက်ခံခဲ့ရပုံများကို ပြန်လည်ပြောပြခဲ့သည်။ *"ကျွန်မအမျိုးသားကို ဝါးခြမ်းပြားနဲ့ ညတိုင်း ရိုက်တယ်။ တပ်မတော်က ရိုက်လိုက်တိုင်း သူ့ရဲ့ပါးစပ်ထဲကနေ သွေးတွေထွက်ကျလာတယ်။"* [46]

တပ်မတော်မှ အချို့သောပြည်သူများအား စစ်ဆေးရေးကာလအတွင်း ပြင်းထန်စွာနှိပ်စက်ခဲ့သည့်အတွက် အချို့မှာ သေဆုံးခဲ့ကြရသည်။ မြေမြှုပ်မိုင်း လက်ဝယ်ပိုင်ဆိုင်အသုံးပြုသူတစ်ဦးဟု စွပ်စွဲခံရသူအား လက်ခံထား သည့်အကြောင်းပြချက်ဖြင့် တောင်ငူထောင်တွင် ထောင်ဒဏ် ၈ နှစ်ကျခံခဲ့သော ညောင်လေးပင်ခရိုင်၊ ကျောက် တံခါးမြို့နယ်မှ အမျိုးသားတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား ဤသို့ပြောပြခဲ့သည်။ *"တောင်ငူက တခြားရွာ*

42 Source #21 တွင် ကြည့်ပါ။
43 Source #21 တွင် ကြည့်ပါ။
44 Source #18 တွင် ကြည့်ပါ။
45 Source #19 တွင် ကြည့်ပါ။
46 Source #20 တွင် ကြည့်ပါ။

*သားသုံးယောက်လည်း ကျွန်တော်တို့နဲ့ အတူ နှိပ်စက်ခံရပြီး ထောင်ကျခံခဲ့ရတယ်။ ဒါပေမယ့် ကံမကောင်းတော့ သူတို့အားလုံး အဲ့ဒီနှိပ်စက်မှုဒဏ်နဲ့ ထောင်ထဲမှာပဲ ဆုံးသွားကြတယ်။"*[47]

စစ်ဆေးရေးပြုလုပ်ခံရပြီးနောက်တွင် ဖမ်းဆီးခံရသူများအား တရားရုံးသို့ ခေါ် ဆောင်သွားကာ မျှတမှုမရှိသည့် အမှုစစ်ဆေးခြင်းများအပြီးတွင် တရားဝင်ထောင်ချခံကြရသည်။ မေးခွန်းဖြေကြားသူအများစုက ၎င်းတို့အနေဖြင့် ခြောက်လှန့်ခံရခြင်းနှင့် တစ်ခါတစ်ရံ အသက်အန္တရာယ်ခြိမ်းခြောက်ပြီး အကျဉ်းချခံရကြောင်း တင်ပြခဲ့သည်။ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ ရွာသူကြီးဟောင်းတစ်ဦးက *"ထောင်ထဲမှာနေရတာ ငရဲကျသလိုပဲ။ ခွေးတွေ၊ ဝက်တွေကိုကျွေးတဲ့အစာက ကျွန်တော်တို့ကို ထောင်မှာကျွေးတဲ့အစာထက် ပိုကောင်းတယ်။ ကျွန်တော်တို့ ရေသန့်မသောက်ရဘူး။ လေသန့်မရှူရဘူး။ ကျွန်တော်တို့ ခိုးယူလာတဲ့ အစာပဲစားရတယ်။ ကျွန်တော့် ကျန်းမာရေးအခြေအနေဆို တော်တော်ဆိုးခဲ့တာ။"*[48]

ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက ထောင်တွင်းမှ အစားအစာများကြောင့် သူမ၏အမျိုးသား ကျန်းမာရေးအခြေအနေ ချို့တဲ့ရပုံကို ဆက်စပ်တင်ပြခဲ့သည်။ *"ကျွန်မသူ့ဆီကို ၅ နှစ်လောက် မသွားနိုင်ခဲ့ဘူး။ ကျွန်မသူ့ဆီကို နောက်တစ်ခါသွားတော့ သူတို့စားတဲ့အစားအစာတွေက အရမ်းဆိုးပြီး နံစော်နေတာကို တွေ့ရတယ်။ အဲ့ဒီအစားအစာတွေက သိုးနံ့နံနေတယ်။ သူအဲဒီလို အမြဲစားရတာကြောင့် သူအစာအိမ်ဖြစ်တာလို့ ထင်တယ်။"*[49] ထောင်သားများအား ထောင်မှ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလေ့မရှိကြောင်းကိုလည်း သူမကပြောပြခဲ့သည်။ *"သူကပြောတယ်။ ထောင်ထဲမှာ ဘယ်သူမဆိုဖျားပြီဆိုရင် ပါရာစီတမောပဲ ပေးလေ့ရှိတယ်။ အဲ့ဒါကြောင့်သူက ကျွန်မကို ဆေးဝယ်ခိုင်းတယ်။ ကျွန်မဆေးဝယ်ပေးပြီး သူ့ကိုယ်သူဂရုစိုက်ဖို့ သူ့ကို ပြောခဲ့တယ်။"*[50] သူမကြိုးစားခဲ့သော်လည်း သူမ၏ ခင်ပွန်းသည်မှာ ဆေးဝါးမရှိခြင်းနှင့် ခွဲစိပ်မှုမခံယူခဲ့ရခြင်းတို့ကြောင့် အကျဉ်းထောင်ထဲမှာပင် အသက်ဆုံးရှုံးခဲ့ရသည်။ *"လူတွေကပြောတယ်။ သူဆုံးသွားတာ အစာအိမ်ရောဂါကြောင့်တဲ့။ ဒါပေမယ့် ဆရာဝန်က သူ့အလောင်းကိုခွဲစိတ်ကြည့်တော့ အူအတက်ပေါက်လို့ဖြစ်တာ။"*[51]

## အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ

မြန်မာပြည် အရှေ့တောင်ပိုင်းတွင် တပ်မတော်မှ အမျိုးသမီးများအား လိင်အကြမ်းဖက်မှုကို စစ်လက်နက်သဖွယ် ကျယ်ပြန့်စွာအသုံးပြုခဲ့သည်။[52] ဤသို့ စနစ်တကျ တိုက်ခိုက်ခြင်းကို မြိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်မှ အမျိုးသားတစ်ဦးက သက်သေခံတင်ပြခဲ့သည်။ *"တိုက်ပွဲဖြစ်တဲ့အချိန်တုန်းက တပ်မတော်စစ်သားတွေက ကျွန်တော်တို့ရွာထဲကိုဝင်လာတိုင်း အမျိုးသမီးတွေကို အဓမ္မပြုကျင့်ခဲ့တယ်။"*[53] အထူးသဖြင့် အပစ်ခတ်ရပ်စဲရေး မတိုင်မီကာလများက အမျိုးသမီးများ၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်စော်ကားခံရမှုများ၊ ထိုကျူးလွန်မှုများအား အဆက်မပြတ် တွေ့ကြုံခံစားရမှုများနှင့် ကြောက်ရွံ့နေမှုများအား နေရာအနှံ့ဖြစ်ပျက်နေမှုများကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ ကျယ်ပြန့်စွာ မှတ်တမ်းရယူထားသည်။[54]

မေးခွန်းဖြေကြားသူများက ကရင်လူ့အခွင့်အရေးအဖွဲ့အား အပစ်ခတ်ရပ်စဲရေး မတိုင်မီကာလအတွင်းက တပ်မတော်မှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများကို ၎င်းတို့မြင်တွေ့ခဲ့ရကြောင်း တင်ပြခဲ့သည်။

---

47 Source #22 တွင် ကြည့်ပါ။

48 Source #19 တွင် ကြည့်ပါ။

49 Source #20 တွင် ကြည့်ပါ။

50 Source #20 တွင် ကြည့်ပါ။

51 Source #20 တွင် ကြည့်ပါ။

52 KHRG မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင်ထုတ်ဝေသော 'အကြောက်တရား၏အုတ်မြစ် - ၂၅နှစ်အတွင်းမှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှ ရွာသားများ၏အသံများ', တွင်ကြည့်ပါ။

53 Source #4 တွင် ကြည့်ပါ။

54 KHRG မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော 'တိတ်တဆိတ်ခံစားခြင်းလော။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ခံစားနေရသည့်အမျိုးသမီးများ', နှင့် KHRG မှ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင်ထုတ်ဝေသော 'Dignity in the Shadow of Oppression: The abuse and agency of Karen women under militarisation', တွင်ကြည့်ပါ။

မြိတ်-ထားဝယ်ခရိုင်မှ အမျိုးသမီးတစ်ဦးက ၎င်း၏ အတွေ့အကြုံအား ကရင်လူ့အခွင့်အရေးအဖွဲ့သို့ တင်ပြခဲ့သည်။ *"တစ်နေ့တော့ ကျွန်မအဖွားနဲ့ သူမရဲ့ သမီးနော် အ--- ကို သူမကွမ်းခြံကအပြန်လမ်းတွင် ဒ--- ကျေးရွာမှာ တပ်မတော်စစ်သားတွေ အဓမ္မကျင့်ဖို့ ကြိုးစားခဲ့တယ်။ အဖွားက သူ့သမီးကို ထွက်ပြေးခိုင်းပြီးတော့ ဖြစ်လာသမျှ ကို သူပဲခံလိုက်တယ်။ အဲ့ဒီနောက်မှာ တပ်မတော်စစ်သားတွေက အဖွားကို အကြမ်းဖက် အဓမ္မစော်ကားပြီးတော့ ရေတွင်းထဲကို ပစ်ချလိုက်တယ်။ ဖြစ်ပျက်ခဲ့တဲ့ လကိုတော့ ကျွန်မ အတိအကျမမှတ်မိဘူး။ အဲ့ဒါက ၂၀၀၁ ခုနှစ် ဇန်နဝါရီလအတွင်းမှာ ဖြစ်မယ်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီအချိန်တုန်းက ရာသီဥတုက အေးတယ်။"* [55] အလားတူ မြို့နယ်မှအမျိုးသားတစ်ဦးကလည်း ဖြစ်ရပ်တစ်ခုကို ပြန်လည်ပြောပြခဲ့သည်။ *"ကျွန်တော်ကိုယ်တိုင်ပဲ မျက်မြင်တွေ့ခဲ့တာ။ အဲ့ဒီကိစ္စတွေက ၂၀၀၁ - ၂၀၀၂ ခုနှစ်၊ တစ်လျှောက်မှာဖြစ်ခဲ့တာ။ ဖ--- ရွာမှာ အမျိုးသမီး တစ်ဦးနဲ့သူရဲ့ သမီးကို တပ်မတော်တပ်ရင်း အမှတ် ၁၀၁ က စစ်သားတွေ အဓမ္မပြုကျင့်ခဲ့ကြတယ်။"* [56]

KNLA နှင့် ပူးပေါင်းခဲ့သည့်အတွက် ပြန်လည်တုန့်ပြန်သောအားဖြင့် တပ်မတော်စစ်သားများက အမျိုးသမီးများ အပေါ် လိင်ပိုင်းဆိုင်ရာစော်ကားမှုများကို ပြုကျင့်ခဲ့ကြသည်။ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"အရင်တုန်းက တိုက်ပွဲကပြန်လာတဲ့ KNLA စစ်သားတွေကို ကျွန်မတို့က အစားအစာတွေ သွားပို့ပေးရတယ်။ ဒါကို တပ်မတော်ကကြားတော့ ကျွန်မတို့ကိုဖမ်းဆီးခဲ့တယ်။ အဲ့ဒီတုန်းကသူတို့ အိမ်ထောင် ကျပြီးတဲ့လင်မယားနှစ်ယောက်ကိုဖမ်းပြီးတော့ စစ်တောင်းမြစ်ဘေးမှာ အမျိုးသမီးကိုအမျိုးသားရှေ့မှာပဲ မုဒိမ်း ကျင့်ခဲ့တယ်။ အဲ့ဒီနောက် သူတို့နှစ်ယောက်လုံးကိုသတ်ပြီး အလောင်းတွေကို မြစ်ထဲကန်ချခဲ့တယ်။"* [57]

တပ်မတော်၏ အချုပ်ခန်းထဲမှ အမျိုးသမီးများနှင့်အဓမ္မပေါ် တာထမ်းရသော အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား ခံရရန်အတွက် အန္တရာယ်အမြင့်ဆုံးအနေအထားတွင်ရှိကြောင်းကို တွေ့ဆုံမေးမြန်းသူ များက တင်ပြကြသည်။ သထုံခရိုင်မှ တိုက်ပွဲအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ လွတ်မြောက်ခဲ့သူတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့၏ ၁၉၉၂ ခုနှစ် တွေ့ဆုံမေးမြန်းမှုတွင် ဖြေကြားခဲ့သည်မှာ *"တစ်ညလုံးပဲ စစ်သားတွေက အမျိုးသမီးတွေကို အဓမ္မပြုကျင့်ဖို့ ခေါ်သွားခဲ့ကြတယ်။ သူတို့က အလှည့်ကျယူပြီး မကြာခဏဆိုသလို အမျိုး သမီးတွေက တစ်ညကို စစ်သားအများကြီးရဲ့ မုဒိမ်းကျင့်တာခံခဲ့ရတယ်။ ကျွန်မလည်း တခြားအမျိုးသမီးတွေလိုပဲ မကြာခဏ အဓမ္မပြုကျင့်ခံခဲ့ရတယ်။ ကျွန်မ အဓမ္မပြုကျင့်ခံနေရတဲ့အချိန် ဒါမှမဟုတ် အိပ်ဖို့ ကြိုးစားတဲ့အချိန် တွေမှာ တခြားအမျိုးသမီးတွေရဲ့ အော်သံကိုကြားနေရတယ်။ ဒါကတစ်ညလုံးဖြစ်နေတာပဲ။ ပြီးတော့ မနက် ရောက်တာနဲ့သူတို့က ကျွန်မတို့ကို ပစ္စည်းတွေတောင်ပေါ်ကို ထမ်းခိုင်းပြန်တယ်။ ကျွန်မကတော့ ညတိုင်းပဲ အဓမ္မပြုကျင့်ခံရပြီး ပစ္စည်းတွေသယ်ဖို့အရမ်းငယ်သေးတဲ့ နော်အ--- ကို ပိုပြီးသနားမိတယ်။"* [58]

## အတင်းအဓမ္မ ခိုင်းစေမှုများ

အဓမ္မခိုင်းစေမှုသည် အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခဲ့သော လူ့အခွင့်အ ရေးချိုးဖောက်မှုအမျိုးအစားတစ်ခုဖြစ်သည်ဟု မေးခွန်းဖြေကြားသူအများစုက တင်ပြခဲ့သည်။ တပ်မတော်မှ ပြည်သူများအား လုပ်အားခမပေးပဲ အလုပ်အမျိုးမျိုး ခိုင်းစေခဲ့ကြောင်းကို ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက အတည်ပြုခဲ့သည်။ *"ရွာသားတွေက သူတို့အတွက် အကုန်လုပ်ပေးရတယ်။ ကျွန်တော်တို့ ဝါးတွေခုတ်ပေးရတယ်။ တပ်စခန်းတွေ ခြံစည်းရိုးကာဖို့ ကူညီရတယ်။ ညအချိန်ဆို ကျွန်တော်တို့ ညစောင့်လုပ်ပြီး ကင်းစောင့်ပေးရတယ်။"* [59] ရွာသားများအနေဖြင့် တပ်မတော်အားအာခံရန် အလွန်ကြောက်ရွံ့ကြောင်းနှင့် ပြန်လည်တုန့်ပြန်ခြင်းထက် တပ်မတော်၏တောင်းဆိုမှုများအား လိုက်လျောလိုကြောင်းကို ဆက်လက်ပြီးရှင်းပြ

[55] Source #14 တွင် ကြည့်ပါ။

[56] Source #24 တွင် ကြည့်ပါ။

[57] Source #8 တွင် ကြည့်ပါ။

[58] KHRG မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော 'TESTIMONY OF PORTERS ESCAPED FROM SLORC FORCES', တွင်ကြည့်ပါ။

[59] Source #13 တွင် ကြည့်ပါ။

ခဲ့သည်။ အချို့သောကိစ္စရပ်များတွင် တပ်မတော်၏တောင်းဆိုမှုကို လိုက်နာရန်ငြင်းဆိုသော ရွာသားများသည် စစ်သားများအတွက် ငွေကြေး သို့မဟုတ် အစားအသောက်များ အစားထိုးပေးခဲ့ရသည်။[60]

တွေ့ဆုံမေးမြန်းမှုအများအပြားတွင် အဓမ္မစေခိုင်းခံရသောသူအများစုမှာ ခြိမ်းခြောက်ခြင်း၊ ငွေညှစ်ခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ခံစားခဲ့ကြရသည်။ ဥပမာအားဖြင့် သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီး တစ်ဦးက တပ်မတော်မှ ၎င်းတို့၏အမိန့်အား လိုက်နာမှုမရှိသည့်ရွာသားများကို ရိုက်နက်ခဲ့ကြောင်း ပြောပြခဲ့ သည်။ *"သူတို့က ကျွန်မတို့ကို သူတို့အတွက် အခမဲ့အလုပ်လုပ်ခိုင်းတယ်။ ပြီးတော့ သူတို့လိုချင်တာမရရင် ကျွန်မတို့ကိုရိုက်တယ်၊ ထိုးတယ်၊ ကန်တယ် ဒါမှမဟုတ် သတ်လိုက်တယ်။"*[61] စစ်သားများသည် ရွာသားတစ်ဦး ဦးမှ အလုပ်ကောင်းမွန်စွာ လုပ်ဆောင်ခြင်းမရှိဟုထင်လျှင် ထိုသူ၏လယ်မှတိရိစ္ဆာန်များအား ဖမ်းဆီးခြင်းဖြင့် အပြစ်ဒဏ်ပေးခြင်းများကို လုပ်ဆောင်ခဲ့ကြသည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက *"သူတို့က ကျွန်တော်တို့အလုပ်ကောင်းကောင်းလုပ်မလုပ် လာစစ်တယ်။ ကျွန်တော်တို့ အိပ်နေတာကိုတွေ့ရင် သူတို့ကို ကြက်တွေပေးဖို့တောင်းတယ်။ ပြီးတော့ တခြားဒဏ်ပေးတာတွေလည်း အမျိုးမျိုးလုပ်တယ်။"*[62]

တပ်မတော်မှ ပြည်သူများအား ၎င်းတို့၏ တပ်စခန်းများပြုပြင်ရာတွင် သို့မဟုတ် ဆောက်လုပ်ရာတွင် ပြည်သူများ ၏ လုပ်အားများအား အဆမတန် အသုံးပြုခဲ့ကြသည်ဟု ၁၉၉၀ ခုနှစ်များတွင် ထိုအလုပ်များအား လုပ်ခဲ့ရသော ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက တင်ပြခဲ့သည်။ *"ကျွန်တော်တို့ သူတို့ကို ခြံစည်းရိုးကာပေးရတယ်။ ကျွန်တော်ဆို ခြံစည်းရိုးမကာတတ်ဘူး။ ဒါပေမယ့် တခြားလူတွေ လုပ်တဲ့အတိုင်း လိုက်လုပ်ခဲ့တယ်။"*[63] တပ်မတော်မှ ရွာသားများအားမြို့သို့ဆင်းပြီး မွေးမြူရေးတိရိစ္ဆာန်များ ရောင်းချစေခဲ့ကြောင်း ကိုလည်း ရှင်းပြခဲ့သည်။ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အမျိုးသားတစ်ဦးက ၂၀၀၀ ခုနှစ်တွင် တပ်မတော်မှ ရွာသားများ၏ မြေများအားသိမ်းယူပြီး လျော်ကြေးငွေပေးခြင်းမရှိပဲ ထိုမြေများပေါ်တွင် ၎င်းတို့၏တပ်စခန်းများ ဆောက်လုပ်ရန် ခိုင်းစေခဲ့သည်။ *"ကျွန်တော်တို့လယ်တွေ တပ်မတော်ကို ပေးလိုက်ရတယ်။ ဝါးတွေ သစ်တွေ သူတို့ရဲ့ အဆောက်အဦးတွေဆောက်ဖို့ ခုတ်ပေးရတယ်။ အမိုးတွေ လုပ်ပေးရတယ်။ ကျွန်တော်တို့ ဘာမှမရဘူး။ ကိုယ့်စားစရာတောင် ကိုယ့်ဟာကိုယ် ယူသွားရတယ်။"*[64]

တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက တပ်မတော်သည် ဒေသခံပြည်သူများအား စေတီ ပုထိုးတည်ဆောက်ခြင်းနှင့် ၎င်းတို့၏တပ်စခန်းများ နေရာရွှေ့ပြောင်းခြင်းတို့တွင် လိုက်ပါဆောင်ရွက်စေသည် ဟု ရှင်းပြခဲ့သည်။ *"၂၀၁၀ ခုနှစ်အထိ ရွာသားတွေက စစ်တပ်စခန်းဆောက်ဖို့ ဝါးတွေခုတ်ပေးရတယ်။ စကခ [စစ်ကွပ်ကဲ အခြေစိုက်စခန်း] အမှတ် ၅ က စေတီဆောက်တော့ ရွာသားတွေကို သဲနဲ့ကျောက် သယ်ခိုင်းတယ်။ နောက်ပိုင်း သူတို့ဗဟိုဌာနတွေ ဘောဂလိကနေမိုင်နှစ်ဆယ်ကိုပြောင်းတဲ့အခါကျတော့ ကျွန်တော်တို့ကို ဝါးတွေ ခုတ်ခိုင်းတယ်။ သူတို့ရဲ့ အဆောက်အဦးတွေဆောက်ဖို့ အဲ့ဒီနေရာကို ကျွန်တော်တို့ရှင်းပေးခဲ့ရတယ်။"*[65] အချို့စစ်သားများသည် ၎င်းတို့ နေ့စဉ်အလုပ်များ သက်သာစေရန်အတွက် ပြည်သူများအား အချိန်နှင့်လုပ်အင်အား သုံးရသောအလုပ်များကို ခိုင်းစေခဲ့ပါသည်။ *"နေ့တိုင်းပဲသူတို့က ရွာသားသုံးလေးယောက်ကို သူတို့ရေချိုးဖို့ ရေခပ်ခိုင်းတယ်။ ကျွန်တော်လည်း စစ်သားတွေအတွက် ရေခပ်ပေးခဲ့ရတယ်။ သူတို့တွေ ဘယ်တော့မှ မြစ်ထဲမှာ ရေသွားမချိုးဘူး။ စခန်းထဲမှာပဲ ရေချိုးတယ်။"*[66]

---

60 KHRG မှ ၂၀၀၉ ခုနှစ်၊ မေလတွင် ထုတ်ဝေသော 'Military movements, forced labour and extortion in Nyaunglebin District', တွင်ကြည့်ပါ။

61 Source #18 တွင် ကြည့်ပါ။

62 Source #13 တွင် ကြည့်ပါ။

63 Source #25 တွင် ကြည့်ပါ။

64 Source #26 တွင် ကြည့်ပါ။

65 Source #27 တွင် ကြည့်ပါ။

66 Source #28 တွင် ကြည့်ပါ။

## အဓမ္မပေါ်တာထမ်းစေခြင်း

အဓမ္မပေါ်တာထမ်းစေခြင်းသည် အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများက အဓမ္မခိုင်းစေမှု အမျိုးအစားများတွင် အများဆုံးဖြစ်ခဲ့သည့် ပုံစံဖြစ်သည်။ တပ်မတော်မှ ပြည်သူများအား အမြဲတစေ ရိက္ခာများ၊ လက်နက်ခဲယမ်းများနှင့် အခြားသောပစ္စည်းများအား သယ်စေခဲ့ကြောင်းကို မေးခွန်းဖြေကြားသူများစုက တင်ပြခဲ့ကြသည်။ ပေါ်တာမလိုက်နိုင်သောပြည်သူများအနေဖြင့် ငွေကြေး သို့မဟုတ် ၎င်းတို့ကိုယ်စား သွားပေးမည့်သူများအား ရှာပေးကြရသည်။ ၁၉၉၉ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်များတွင် တပ်မတော်အတွက် ပေါ်တာထမ်းပေးခဲ့သော ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ထိုအချိန်သည် သူမအတွက် စိတ်ဒဏ်ရာရရှိခဲ့ဆုံး အချိန်ဖြစ်သည်ဟု တင်ပြခဲ့သည်။ *"တပ်မတော်ကရွာထဲကိုလာပြီး လူတွေကိုပေါ်တာထမ်းဖို့ခိုင်းတယ်။ မလုပ်နိုင်တဲ့သူတွေ ဒါမှမဟုတ် သွားဖို့ကြောက်တဲ့သူတွေက ပိုက်ဆံပေးရတယ်။ ပေါ်တာထမ်းဖို့ သွားရတဲ့အချိန်က ကျွန်မအတွက် အဆိုးဆုံးအတွေ့အကြုံပဲ။"*[67] အချို့သောပေါ်တာများက ရက်သတ္တပတ်ပေါင်းများစွာ ပေါ်တာထမ်းခဲ့ရကြောင်းကို ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အမျိုးသားတစ်ဦးက တင်ပြခဲ့သည်။ *"ကျွန်တော်တို့အိမ်မှာ တစ်လကို ၅ ရက် ဒါမှမဟုတ် ၁၀ ရက် လောက်ပဲနေရတယ်။ ကျန်တဲ့အချိန်တွေက တပ်မတော်သားတွေအတွက် ပစ္စည်းတွေထမ်းရတာပဲ။"*[68]

အဓမ္မစေခိုင်းခံရသောပေါ်တာများသည် တပ်မတော်မှကျူးလွန်သော ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပြင် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ခံစားခဲ့ရသည်။ ၂၀၁၅ ခုနှစ်တွင် ပေါ်တာအဖြစ်လိုက်ခဲ့ရသော ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦး၏ ပြောကြားချက်အရ တပ်မတော်မှ ၎င်းတို့၏ အမိန့်အား လိုက်နာမှုအားနည်းသော သို့မဟုတ် မလိုက်နာသူများကို ရိုက်နှက်ခဲ့သည်။[69] ဤအချက်ကို ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်မှ အမျိုးသမီးတစ်ဦး၏ တွေ့ဆုံမေးမြန်းမှုတွင် ဖြေကြားချက်အရ အတည်ပြုနိုင်သည်။ *"သူတို့က အားနည်းပြီး အသက်ကြီးတဲ့ရွာသားတွေကို နှိပ်စက်တယ်။ တချို့ဆို လုံးဝမလှုပ်နိုင်တော့ဘူး။"*[70] သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း ပင်ပန်းသည့်အတွက် ပေါ်တာမထမ်းနိုင်တော့သည့်သူများအား နောက်တွင်ချန်ရစ်ခဲ့ကြောင်းကို ထပ်လောင်းတင်ပြခဲ့သည်။ *"တစ်ခါတစ်လေ အလုပ်လုံးဝမလုပ်နိုင်တော့တဲ့ရွာသားတွေကို တောင်ပေါ်မှာပဲ ချန်ခဲ့ကြတယ်။"*[71]

ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ အမျိုးသားတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့သို့ တင်ပြခဲ့သည်မှာ ၎င်း၏ကျေးရွာမှ လူပေါင်း ၂၀ ကျော်သည် တပ်မတော်အတွက် ပေါ်တာထမ်းသည့် အချိန်အတွင်း သေဆုံးခဲ့ကြသည်။[72] ဘားအံခရိုင်၊ ပိုင်ကျုံမြို့နယ်မှ အမျိုးသမီးတစ်ဦးက အစားအသောက် ပြတ်လပ်ခြင်းကြောင့် အားအင်ကုန်ခမ်းခြင်းနှင့် မြေမြှုပ်မိုင်းတို့သည် ပေါ်တာထမ်းသူများသေဆုံးရသည့် အဓိကအကြောင်းရင်းများဖြစ်သည်ဟု ရှင်းပြခဲ့သည်။ *"သူတို့က ကျွန်မတို့ကို လုံလောက်တဲ့ အစားအသောက်တွေ မပေးဘူး။ သူတို့က ကျွန်မတို့ကို ညစ်ပတ်တဲ့ရေတွေပဲ သောက်စေခဲ့တယ်။ တချို့ရွာသားတွေက အဲ့ဒါကြောင့် ဖျားပြီး အသက်ဆုံးရတယ်။ တချို့ကကျတော့ မိုင်းနင်းမိပြီးသေကြတယ်။ အဲ့ဒါက ၁၉၈၄ ခုနှစ်တုန်းကဖြစ်ပြီးတော့ ၁၉၉၀ အစပိုင်းလောက်အထိ ဆက်ပြီးဖြစ်နေခဲ့တာ။"*[73] ၎င်းတို့သည် ပေါက်ကွဲတတ်သည့် စစ်လက်နက်ပစ္စည်းများကိုလည်း သယ်ခဲ့ကြရသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦး၏ပြောကြားချက်အရ ထို့အတွက်ကြောင့် ၁၉၈၆ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်များအကြားတွင် ပေါ်တာထမ်းသူများစွာ အသက်ဆုံးရှုံးခဲ့ရသည်။[74]

---

[67] Source #29 တွင် ကြည့်ပါ။
[68] Source #30 တွင် ကြည့်ပါ။
[69] Source #31 တွင် ကြည့်ပါ။
[70] Source #32 တွင် ကြည့်ပါ။
[71] Source #18 တွင် ကြည့်ပါ။
[72] Source #33 တွင် ကြည့်ပါ။
[73] Source #34 တွင် ကြည့်ပါ။
[74] Source #35 တွင် ကြည့်ပါ။

ယေဘုယျသဘောတရားအရ တပ်မတော်သားများအား ပေါ်တာထမ်းပေးရာတွင် ဖျားနာသော သို့မဟုတ် ဒဏ်ရာရသော မည်သူတစ်စုံတစ်ယောက်ကိုမျှ ဆေးဝါးထောက်ပံ့ခြင်းမရှိပါ။ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်ရှိ အမျိုးသားတစ်ဦး၏ဖော်ပြချက်အရ *"တကယ်လို့ ခင်ဗျားပြန်လာတဲ့အချိန် ဖျားနေတယ်ဆိုရင် ဆေးခန်း ဒါမှမဟုတ် ဆေးရုံကို ကိုယ့်ဟာကိုယ်သွားရမယ်။ ခင်ဗျားကံကောင်းရင်တော့ ခင်ဗျားခြေထောက်ပြတ်သွားရင် ခြေထောက်တစ်ချောင်း အပိုရမယ်။ တောင်ကလေးမှာဆိုရင်တော့ ခြေတုတွေကို အရပ်ဖက်အဖွဲ့အစည်းတွေက ထုတ်ပေးတယ်။"*[75] တပ်မတော်စစ်သားများမှ ဖျားနာနေသောပေါ်တာထမ်းသူများအား သေစေသောဆေးများကို လူနာအား အဖျားသက်သာစေသော ဆေးကဲ့သို့ပြောပြီး ထိုးပေးခဲ့သည်ကို ကိုယ်တိုင်မြင်တွေ့ရခဲ့ကြောင်း ထိုသူမှ ကရင်လူ့အခွင့်အရေးအဖွဲ့အား ဆက်လက်ရှင်းပြခဲ့သည်။ *"ခင်ဗျားဖျားရင် ဒါမှမဟုတ် ဆူးချွန်တစ်ခုခုကို တက်နင်းမိရင် ခင်ဗျားကို နောက်မှာချန်ထားခဲ့ကြလိမ့်မယ်။ သူတို့က ခင်ဗျားကိုဆေးထိုးပေးလိမ့်မယ်။ ဒါမှမဟုတ် ခင်ဗျားလွယ်လွယ်သေနိုင်မယ့်နည်းကို ရှာကြလိမ့်မယ်။ ခင်ဗျားကိုဆေးထိုးပြီး နောက်မိနစ် ၃၀ ကြာရင် ခင်ဗျား ထာဝရ အိပ်စက်သွားလိမ့်မယ်။ ကျွန်တော်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ပဲ။ ခမရ ၁၀၊ ၃၅ နဲ့ တပ်မ ၆၀ တို့က အဲ့ဒီဆေးတွေထိုးပေးတယ်။"*[76]

အစပိုင်းတွင် တပ်မတော်မှ အမျိုးသားများအား ပေါ်တာထမ်းစေချင်ခဲ့သော်လည်း အမျိုးသားများ ရွာမှထွက်ပြေးသည့်အခါ အမျိုးသမီးများအား ခိုင်းစေခဲ့သည်။ ဤအကြောင်းကို ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်မှ အမျိုးသမီးတစ်ဦးက တင်ပြခဲ့သည်။ *"[၁၉၉၅ ခုနှစ်] အမျိုးသားတွေက ထွက်ပြေးကုန်တော့ တစ်ယောက်မှ မရှိတော့ဘူး။ ဒါကြောင့်သူတို့က အမျိုးသမီးတွေကိုဖမ်းပြီး ပေါ်တာထမ်းခိုင်းခဲ့တယ်။ အမျိုးသမီးတွေက ပစ္စည်းတွေထမ်းရတယ်။ ပေါ်တာသွားရတယ်။"* [77] ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အခြားသော အမျိုးသမီးတစ်ဦးကလည်း ၁၉၉၇ ခုနှစ်အတွင်းက တပ်မတော်၏ ပေါ်တာအဖြစ်သွားခဲ့ရသော သူမ၏ကိုယ်တွေ့ အတွေ့အကြုံကို အသေးစိတ်ပြောပြခဲ့သည်။ *"ကျွန်မတို့ကိုပေါ်တာခေါ်တော့ ကျွန်မတို့လည်းသွားရတယ်။ နာရီပေါင်းများစွာ သွားခဲ့ရပြီး အဲ့ဒီမှာတစ်ညအိပ်ခဲ့တယ်။ ကျွန်မတို့အဲ့ဒါတွေကို ကိုယ်တိုင်မထမ်းနိုင်တော့ ကျောပေါ်တင်ဖို့ တစ်ယောက်နဲ့တစ်ယောက် ကူညီခဲ့ရတယ်။ အဲ့မှာဆို အမျိုးသမီးတွေချည်းပဲ။ တပ်မတော်စစ်သားတွေက ရွာထဲမှာ အမျိုးသားတွေရှာမတွေ့ဘူး။ တပ်မတော်စစ်သားတွေက ကျွန်မတို့ကို မကူညီခဲ့ဘူး။ ကျွန်မတို့တွေ အချင်းချင်းပဲ ပြန်ကူရတယ်။ သူတို့က ကျွန်မတို့ကို ဘာမှမပေးဘူး။ သူတို့က ကျွန်မတို့ကို အမြဲတမ်းခြိမ်းခြောက်တယ်။ ကျွန်မတို့ကို သတ်မယ်လို့လည်းပြောတယ်။"*[78]

အမျိုးသမီးအချို့သည် ၎င်းတို့၏ ကလေးများကို ချန်ရစ်ပြီး တပ်မတော်အတွက် စစ်မြေပြင်အတွင်း နေ့စဉ်ဆိုသလို အသက်နှင့်ရင်းကာ လပေါင်းများစွာ ပေါ်တာထမ်းရန် အဓမ္မခိုင်းစေခံခဲ့ရကြောင်းကို သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့သို့ တင်ပြခဲ့သည်။ *"နေ့ရက်ကိုတော့ ကျွန်မသေချာမမှတ်မိဘူး။ ဒါပေမယ့် အဲ့ဒါက [၁၉၉၁ ခုနှစ်] ထွီဖါးဝီးကျိုး တိုက်ပွဲတုန်းကဖြစ်တယ်။*[79] *အမျိုးသမီးတွေက အကျီတွေဆုတ်ပြဲသွားတဲ့အထိ လပေါင်းများစွာ ပေါ်တာထမ်းခဲ့ရတယ်။ အရှေ့တန်းကို လက်နက်မျိုးစုံ ထမ်းခဲ့ရတယ်။ တပ်မတော်အတွက် ပေါ်တာထမ်းပေးရတယ်ဆိုတာ အမျိုးသမီးတွေအတွက် အရမ်းခက်ခဲတဲ့အလုပ်ဖြစ်တယ်။ တချို့အမျိုးသမီးတွေဆို နို့တိုက်ရမယ့် မွေးကင်းစကလေးတွေရှိတယ်။ အဲ့ဒီကလေးတွေကနို့ဆာပြီး အော်ငိုနေကြတယ်။ တပ်မတော်အတွက် အမေတွေ ပေါ်တာထမ်းပေးဖို့ အဝေးရောက်နေချိန်တွေမှာ တချို့ကလေးတွေက နို့ငတ်ကြရတယ်။"*[80] ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်မှ အမျိုးသမီးတစ်ဦး၏အဆိုအရ အချို့ကလေးများမှာ မိခင်များနှင့်အတူ ရှေ့တန်းသို့သွားခဲ့ကြသည့်အတွက် အပြန်အလှန်ပစ်ခတ်မှုများကြားတွင် ၎င်းတို့အတွက်

75 Source #30 တွင် ကြည့်ပါ။

76 Source #30 တွင် ကြည့်ပါ။

77 Source #21 တွင် ကြည့်ပါ။

78 Source #36 တွင် ကြည့်ပါ။

79 KHRG မှ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော 'THE NEW SLORC CAR ROAD TO TWEE PA WIH KYO,' တွင်ကြည့် ပါ။

80 Source #18 တွင် ကြည့်ပါ။

အခွင့်ရာယ်ရှိစေခဲ့သည်။ *"တစ်ခါက သူတို့တွေကလေးတွေကို တိုက်ပွဲနေရာကို တစ်ပတ်လောက် ခေါ်သွားခဲ့တယ်။ အဲ့ဒီနေရာနားကို လက်နက်ကြီးကျတော့ ကလေးတွေကအော်ငိုကြတယ်။ ဒါပေမယ့် သူတို့ ဘာမှ မလုပ်တတ်ဘူး။ ကံကောင်းလို့ သူတို့အိမ်ပြန်ရောက်ကြတာ။"* [81]

## စစ်ရေးအတွက်ပြည်သူများအား အသုံးပြုခြင်း

တပ်မတော်မှစစ်မြေပြင်တွင် KNLA စစ်သားများ၏ပစ်ခတ်ခြင်းနှင့် ၎င်းတို့အား တပ်ဆုတ်စေခြင်းတို့မှ ကာကွယ်ရန်အတွက် ပြည်သူများအား လူသားဒိုင်းသဖွယ် အသုံးပြုခဲ့သည်။[82] ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်မှ အမျိုးသမီးတစ်ဦးက ၁၉၉၇ ခုနှစ်များတွင် ခြေလျင်တပ်ရင်း အမှတ် (၄၄) မှ စစ်သားများက သူမ၏ကျေးရွာမှ ရွာသားများအား အရှေ့တန်းသို့ ၎င်းတို့ရှေ့မှသွားစေခဲ့ကြောင်းကို တင်ပြထားသည်။ *"သူတို့က သွားဖို့ပြင်းတဲ့ ရွာသားတွေကို သတ်တယ်။ ပထမတော့ လူပျိုတွေနဲ့ အိမ်ထောင်သည် ယောက်ျားတွေကိုဖမ်းပြီး တိုက်ပွဲမှာ လူသားဒိုင်းသဖွယ်သုံးခဲ့တယ်။ ရွာသား ၅ ယောက်သေတယ်။ ဒါကြောင့် သူတို့က အမျိုးသမီးတွေနဲ့ ကလေးတွေကိုဖမ်းပြီး လူသားဒိုင်းလိုသုံးပြန်တယ်။ ကလေးတွေရဲ့ ငိုရှိုက်သံတွေကို ကြားနေရတယ်။"* [83]

ပြည်သူများအနေဖြင့် တပ်မတော်၏ခိုင်းစေမှုကြောင့် မိုင်းရှင်းလင်းခြင်းများကိုလည်း ပြုလုပ်ခဲ့ကြရသည်ကို ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ဤသို့အတည်ပြု ပြောကြားခဲ့သည်။ *"ကျွန်တော်တို့ကို KNLA က ထောင်ထားတဲ့ မိုင်းတွေကိုရှာဖို့၊ နင်းဖို့နဲ့ ဖယ်ရှားဖို့ တပ်မတော်က အတင်းခိုင်းခဲ့တယ်။ ဒါက မလုပ်မနေရဖြစ်တဲ့အတွက် ကျွန်တော်တို့ သွားကိုသွားရတယ်။ ကျွန်တော်တို့က သေမှာကြောက်တယ်လို့ သူတို့ကိုပြောပေမယ့် သူတို့လက်မခံဘူး။ မင်းတို့လူတွေ ထောင်သွားတဲ့မိုင်းကို မင်းတို့ပြန်ရှင်းရမယ်လို့ သူတို့က ပြောတယ်။"* [84] ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်မှ အမျိုးသမီးတစ်ဦးက တပ်မတော် တပ်မအမှတ် (၅၅)မှ လမ်းတစ်လျှောက်တွင် မိုင်းရှင်းလင်းရန်အတွက် ၎င်းတို့၏ယာဉ်တန်းအရှေ့တွင် အမျိုးသမီးများအား လှည်းဖြင့်သွားစေခဲ့သည်။ *"သူတို့တွေက ယောက်ျားတွေကို မတွေ့ဘူးဆိုရင်လည်း အမျိုးသမီးတွေကိုဖမ်းပြီး မိုင်းရှင်းခိုင်းတာပဲ။ သူတို့ရဲ့ ကားတွေလာပြီဆို ကျွန်မတို့က လှည်းနဲ့ ခေါက်ကေးကော်ကို သူတို့ရှေ့ ကသွားရတယ်။ လှည်းတွေပေါ်မှာ အမျိုးသမီးတွေချည်းပဲ။ မိုင်းထပေါက်တာနဲ့ ကျွန်မတို့တွေသေရမယ်ဆိုတာကို သိတယ်။ ကျွန်မတို့လည်း မိုင်း ဘယ်အချိန်ပေါက်မလဲဆိုပြီး ကြောက်နေရတာ။"* [85]

## မြေယာသိမ်းဆည်းမှုများ

ကရင်လူ့အခွင့်အရေးအဖွဲ့၏ တွေ့ဆုံမေးမြန်းမှုများအား ပြန်လည်စီစစ်ထားချက်များအရ ၂၀၁၅ ခုနှစ် NCA မချုပ်ဆိုမီကာလများတွင် တပ်မတော်နှင့် မြန်မာအစိုးရမှ နေရာအနှံ့မြေယာသိမ်းဆည်းမှုများရှိခဲ့သည်။[86] မြေသိမ်းမှုဖြစ်စဉ်အများစု၏နောက်ဆက်တွဲအဖြစ် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားခဲ့သည်။[87] တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ရန်အတွက် ပြင်ဆင်ရာတွင် ၎င်းတွေ့ကြုံခဲ့ရသည့် အတင်းအဓမ္မခိုင်းစေခံရမှုကို ပြန်လည်ပြောပြခဲ့သည်။ *"ကျွန်မတို့ ကိုယ့်မြေကနေ ထွက်သွားရတယ်။ ပြီးတော့ တစ်နေ့ကိုရွာသား ၅ ယောက် လုပ်အားပေး*

81 Source #37 တွင် ကြည့်ပါ။

82 KHRG မှ ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော "FIELD REPORTS Taungoo and Other Districts,' တွင်ကြည့်ပါ။

83 Source #38 တွင် ကြည့်ပါ။

84 Source #39 တွင် ကြည့်ပါ။

85 Source #40 တွင် ကြည့်ပါ။

86 KHRG မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော 'အကြောက်တရား၏အုတ်မြစ် - ၂၅နှစ်အတွင်းမှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှ ရွာသားများ၏အသံများ', တွင်ကြည့်ပါ။

87 KHRG မှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် "လူထုပါဝင်ခွင့်မရှိသည့်ဖွံ့ဖြိုးရေးစီမံကိန်းများ-မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေယာသိမ်းယူမှုများနှင့် ကျေးလက်စွမ်းရည်လုပ်ဆောင်ချက်များ", တွင်ကြည့်ပါ။

*သွားလုပ်ရတယ်။ အဲ့ဒီမှာ ကျွန်မတို့ ကိုယ့်ခြံကိုပြန်ပြီးဖျက်ရတယ်။ ကျွန်မအမေဆို ဒီမြေသိမ်းခံရတာနဲ့ စိတ်ဒဏ်ရာရပြီး ဆုံးသွားတာ။"* [88]

သိမ်းဆည်းခံမြေများအတွက် ရွာသားများရရှိသည့် လျော်ကြေးငွေများမှာ လုံလောက်မှုမရှိပါ။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ဤသို့အတည်ပြု ပြောကြားခဲ့သည်။ *"ပေါက်ဈေးနဲ့ သူတို့ပေးတဲ့ လျော်ကြေးက တခြားဆီပဲ။ သူတို့လက်ခံတယ်ဆိုတာ သူတို့မှာ တခြားရွေးချယ်စရာမရှိလို့။ သူတို့က သူတို့မြေကို ဒီအတိုင်းအဆုံးခံရမှာထက် ရတဲ့လျော်ကြေးကို ယူဖို့ ရွေးချယ်လိုက်တာ။"* [89] ထိုမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း မြေသိမ်းခံရစဉ်ကာလအတွင်း တရားရုံးတွင် အနှောင့်အယှက်ပေးခံရခြင်းများကို တွေ့ကြုံခံရသည်။ *"မြေယာအရေးကြောင့် ကျွန်မတရားရုံးတက်ရတယ်။ တရားရုံးမှာ မြေယာနဲ့ပတ်သက်တဲ့အမှုတွေ အများကြီးပဲ။ ကျွန်မတို့က ဓလေ့ထုံးတမ်းမြေယာအသုံးပြုမှုစနစ်အရ ကျွန်မတို့မြေပေါ်မှာ လုပ်စားခွင့်ရမယ်ထင်ပေမယ့် ကျွန်မတို့ တရားစွဲခံခဲ့ရတယ်။"* [90]

အာဏာရှိသောအဖွဲ့အစည်းများမှ ပြည်သူများ၏မြေယာများကို အကြောင်းအမျိုးမျိုးဖြင့် သိမ်းယူကြသည်။ တပ်မတော်မှ သိမ်းယူသောမြေယာများမှာ စစ်လေ့ကျင့်ရေးပြုလုပ်ရန်အတွက်ဖြစ်ကြောင်း တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက *"ဘုရင့်နောင်တပ်ရဲ့ အရင်ကအကြီးအကဲကလာပြီးတော့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေကို မြေတွေယူပြီး စစ်လေ့ကျင့်ရေးစခန်းတစ်ခုဆောက်မယ်လို့ ပြောတယ်။"* [91] ၂၀၀၀ ခုနှစ်မှစတင်၍ တပ်မတော်မှ ဤရည်ရွယ်ချက်ဖြင့် မြေအမြောက်အများသိမ်းယူခဲ့သည်ဟု ၎င်း၏ ဒေသတွင်းရှိ မြေယာသိမ်းယူခြင်းခံခဲ့ရသော သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ဖော်ပြခဲ့သည်။ *"ကျွန်တော်ယုံတယ်။ ဘုရင့်နောင်တပ်က ဧက ၅၀၀၀ကျော်၊ တပ်ရင်းအမှတ် ၁၂၄ က ဧက ၂၀ကျော်၊ တပ်ရင်းအမှတ် ၆၀၃ က ဧက ၃၀၀ ကျော်နဲ့ စစ်လေ့ကျင့်ရေး အမှတ် ၇ က ဧက ၃၀၀၀ ကျော် ပြည်သူပိုင်မြေတွေကို သိမ်းခဲ့တယ်။"* [92]

မြန်မာအစိုးရကိုယ်စားလှယ်အဖွဲ့များ၏ မြေသိမ်းမှုများနှင့် ပြန်လည်နေရာချထားခြင်းများသည် ထပ်ခါထပ်ခါဆိုသလိုပင် ဆက်တိုက်ဖြစ်ပျက်နေခဲ့သည်။ ဥပမာအားဖြင့် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက တင်ပြခဲ့သည်မှာ *"၁၉၉၃ ခုနှစ် လယ်ဆည်ဝန်ကြီးကျွန်မတို့ရဲ့ရွာကို ရောက်လာတုန်းက သူတို့ကျွန်မတို့ရဲ့ မြေတွေကို စပြီးသိမ်းယူတယ်။ တစ်နှစ်ပြီးတစ်နှစ် ကျွန်မတို့ရဲ့ မြေတွေကို ဆက်သိမ်းတယ်။"* [93] မြေသိမ်းမှုများအား ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ပြုလုပ်ခဲ့ကြသည်။ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက မြေသိမ်းမှုများသည် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက်ဖြစ်ကြောင်းကို ပြောပြခဲ့သည်။ *"အဲ့ဒါက ဘာလို့ဖြစ်ခဲ့တာလဲဆိုတော့ မြန်မာအစိုးရရဲ့ ရေကာတာစီမံကိန်းကြောင့်ပါ။"* [94] ထိုမြို့နယ်မှ အခြားအမျိုးသားတစ်ဦးကလည်း ၁၉၉၀ ခုနှစ်တွင် စည်ပင်ကြီးကျေးရွာအုပ်စုမှ မြေကေပေါင်း ၃၄၅၀ ကို သိမ်းယူပြီး သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ခဲ့စဉ်က ဒေသခံများနှင့် ဆွေးနွေးတိုင်ပင် သဘောတူညီမှုရယူခြင်းများ ပြုလုပ်ခဲ့ခြင်းမရှိပဲ ရွာသားများအား ၎င်းတို့၏ စိုက်ပျိုးမြေများကို အသုံးပြုနိုင်ခွင့်မှ ဥပဒေအရ တားဆီးခဲ့သည်။ *"ဒီသစ်တောကြိုးဝိုင်းဧရိယာအတွင်းမှာ ကျွန်တော်တို့ စိုက်ပျိုးမြေတွေရှိခဲ့တာ နှစ်ပေါင်း ၂၀၀ လောက်ရှိပြီ။ ဒေသခံတွေက ဒီစိုက်ပျိုးမြေတွေ သစ်တောကြိုးဝိုင်းအတွင်း ပါသွားတာကိုမသိဘူး။"* [95] တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှအမျိုးသားတစ်ဦးက အစိုးရမှ သိမ်းယူထားသောမြေများအား ပုဂ္ဂလိကကုမ္ပဏီများဖြစ်သော ဇေကမ္ဘာကဲ့သို့သောကုမ္ပဏီအား ရောင်းချခဲ့သည်။

[88] Source #41 တွင် ကြည့်ပါ။
[89] Source #42 တွင် ကြည့်ပါ။
[90] Source #43 တွင် ကြည့်ပါ။
[91] Source #44 တွင် ကြည့်ပါ။
[92] Source #42 တွင် ကြည့်ပါ။
[93] Source #43 တွင် ကြည့်ပါ။
[94] Source #44 တွင် ကြည့်ပါ။
[95] Source #45 တွင် ကြည့်ပါ။

*"ငွေကြေးချမ်းသာတဲ့ ခရိုနီတွေကလာပြီး မြေယာယ်ကြတယ်။ စားသောက်ဆိုင်တွေ ဟိုတယ်တွေ လာဆောက်ကြတယ်။ အဲ့ဒီမြေတွေက တစ်ချိန်က ဒေသခံတွေပိုင်တဲ့မြေတွေဖြစ်တယ်။"*[96]

## ပိုင်ဆိုင်မှုများအား ဖျက်ဆီးခြင်း

မေးခွန်းဖြေကြားသူအများစုက တပ်မတော်အနေဖြင့် အပစ်ခတ်ရပ်စဲရေး မတိုင်မီကာလများက ပြည်သူများ၏ ပိုင်ဆိုင်မှုများကို ဖျက်ဆီးသိမ်းယူခြင်းများပြုလုပ်လေ့ရှိကြောင်း တင်ပြခဲ့ကြသည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက တပ်မတော်မှ ၎င်း၏ကျေးရွာတစ်ခုလုံးကို ဖျက်ဆီးခဲ့ကြောင်း ရှင်းပြခဲ့သည်။ *"သူတို့က ကျွန်တော်တို့အိမ်တွေကို မီးရှို့ဖျက်ဆီးလိုက်တော့ ရွာထဲမှာဘာမှမကျန်တော့ဘူး။ သူတို့တွေက ကျောင်းနဲ့ ဘုရားကျောင်းတွေကိုတောင် မီးရှို့ဖျက်ဆီးခဲ့ကြတယ်။"*[97] တောင်ငူခရိုင်၊ သံတောင်ကြီး မြို့နယ်မှ အမျိုးသားတစ်ဦးကလည်း ဤတိုက်ခိုက်မှုများ၏ စနစ်တကျလုပ်ဆောင်မှုများကို ဖော်ပြခဲ့သည်။ *"တပ်မတော်စစ်သားတွေ ကျွန်တော်တို့ရွာတွေထဲဝင်လာတာနဲ့ ရွာတွေကိုမီးရှို့ပြီး ရွာသားတွေရဲ့တိရိစ္ဆာန်တွေကို ခိုးယူကြတယ်။"*[98]

ဖြတ်လေးဖြတ်ပျူဟာ၏ အဓိကရည်ရွယ်ချက်မှာ ဒေသခံပြည်သူများအား တပ်မတော်၏ ထိန်းချုပ်မှု အောက်တွင် ပြောင်းရွှေ့နေထိုင်စေရန်ဖြစ်သည်။ ပြည်သူများ၏နေအိမ်များ၊ ဥယျာဉ်ခြံများနှင့် တိရိစ္ဆာန်များအားဖျက်ဆီးခြင်း သို့မဟုတ် လုယူခြင်းတို့မှာ ထိုသူများ၏စားဝတ်နေရေး အဆင်ပြေချောမွေ့မှုမရှိစေရန်နှင့် ၎င်းတို့၏ မူရင်းနေရပ်မှ စွန့်ခွာသွားစေရန်အတွက်ဖြစ်သည်။ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်မှ အမျိုးသားတစ်ဦးက ၁၉၉၀ ခုနှစ်တွင် တပ်မတော် တပ်မ ၇၇ က ရွာသားများ နေရပ်ပြန်လည်နေထိုင်ခြင်မှ တားဆီးရန်အတွက် ၎င်း၏ကျေးရွာ၊ စိုက်ပျိုးခြံများနှင့် စားနပ်ရိက္ခာများအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း ရှင်းပြခဲ့သည်။ *"ကျွန်တော်ကလေးဘဝတုန်းက ကျွန်တော်တို့ရွာဘေးမှာ ပစ်ခတ်တာတွေဖြစ်တော့ တောထဲကိုပြေးခဲ့ရတယ်။ အဲ့ဒီအချိန်မှာ တပ်မတော်က ကျွန်တော် တို့ရဲ့ စပါးကျီနဲ့အိမ်ကို မီးရှို့ဖျက်ဆီးခဲ့တယ်။ သူတို့ရွာထဲဝင်တာနဲ့ ကျွန်တော်တို့ရဲ့ဆန်တွေကို မီးရှို့ဖျက်ဆီးခဲ့တယ်။"*[99] ၁၉၉၀ ခုနှစ် အစောပိုင်းတွင် နေရပ်မှ အတင်းအဓမ္မပြောင်းရွှေ့ခံခဲ့ရသော တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်မှ အမျိုးသားတစ်ဦးကလည်း အခြားနေရာသို့ပြောင်းရွှေ့ရန် ငြင်းဆိုခဲ့သည့်ရွာသားများ၏ ကျေးရွာများအား တပ်မတော်မှ မီးရှို့ဖျက်ဆီးမည်ဟု ခြိမ်းခြောက်ခဲ့ကြောင်းကို တင်ပြခဲ့သည်။ *"သူတို့ကပြောတယ်။ တကယ်လို့ ကျွန်တော်တို့ရွှေ့ရမယ့်ရက်မတိုင်ခင်မရွှေ့ပြောင်းရင် ကျွန်တော်တို့ရဲ့အိမ်တွေ၊ ပိုင်ဆိုင်မှုတွေနဲ့အားလုံးကို မီးရှို့မယ်လို့ပြောတယ်။"*[100]

မြန်မာအစိုးရနှင့် တပ်မတော်သည် ပြည်သူများ၏ဥယျာဉ်ခြံများကို အခြားသောရည်ရွယ်ချက်များဖြင့်လည်း ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။ ၁၉၉၃ ခုနှစ်က မြန်မာအစိုးရ၏ မြေယာသိမ်းဆည်းမှုကိုခံခဲ့ရသော တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက သူမ၏မြေများအား ဝင်ငွေရသီးနှံများ သိုလှောင်ရန်အတွက် အသိမ်းခံခဲ့ရပုံကို ယခုလိုရှင်းပြခဲ့သည်။ *"၁၉၉၇ ခုနှစ်တုန်းက ကျွန်မတို့ရဲ့ ဒုညင်း၊ ကွမ်းသီး၊ ဒူးရင်း၊ ငှက်ပျောနဲ့ ဝါးခြံတွေကို ဖျက်ဆီးခဲ့တယ်။ သူတို့က စက်ကြီးတွေသုံး ကျွန်မတို့ရဲ့ ခြံတွေကို ဖျက်ဆီးပြီးတော့ အဲ့ဒီခြံတွေကို ရာဘာခြံတွေပြန်လုပ်လိုက်တယ်။"*[101] အလားတူပင် ဒူးပလာယာခရိုင်၊ ကံ့ဇိုးမြို့နယ်မှအမျိုးသားတစ်ဦးကလည်း တပ်မတော်မှ တပ်စခန်းဆောက်လုပ်ရန်အတွက် ၎င်းဒေသရှိ ဒေသခံများ၏သီးနှံများကို ဖျက်ဆီးခဲ့ကြောင်း တင်ပြခဲ့သည်။ *"တပ်မတော်က ဂ--- ကျေးရွာမှာ လာပြီးစခန်းချတော့ သူတို့ရဲ့စခန်းချတဲ့နေရာဆောက်ဖို့ ရွာသားတွေရဲ့ အုန်းပင်တွေ ပိန္နဲပင်တွေကို ဖျက်ဆီးခဲ့တယ်။"*[102]

[96] Source #46 တွင် ကြည့်ပါ။
[97] Source #47 တွင် ကြည့်ပါ။
[98] Source #48 တွင် ကြည့်ပါ။
[99] Source #49 တွင် ကြည့်ပါ။
[100] Source #11 တွင် ကြည့်ပါ။
[101] Source #41 တွင် ကြည့်ပါ။
[102] Source #28 တွင် ကြည့်ပါ။

## လုယက်ခြင်းနှင့် အဓမ္မတောင်းယူခြင်း

ကရင်လူ့အခွင့်အရေးအဖွဲ့၏ မှတ်တမ်းအရ အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလက တပ်မတော်၏ နေရာအနှံ့အပြား ကျူးလွန်ခဲ့သော အစားအသောက်၊ တိရိစ္ဆာန်များ၊ အရက်နှင့် ငွေကြေးများအား အဓမ္မတောင်းယူကောက်ခံခြင်း များကို တွေ့နိုင်သည်။ ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက တပ်မတော်မှ ၎င်း၏ ဒေသအတွင်း ကျွဲနွားများအား အဓမ္မခေါ် ဆောင်သွားခဲ့ပုံကို ဤသို့ပြောပြခဲ့သည်။ *"သူတို့ ရွာထဲကိုဝင်လာတိုင်း ကြမ်းတမ်းတဲ့ပုံစံတွေနဲ့လာကြတယ်။ ရွာသားတွေရဲ့ကြက်တွေနဲ့ တခြားတိရစ္ဆာန်တွေကို ချက်စားဖို့ ယူသွားကြ တယ်။ သူတို့ကို ပိုင်ရှင်တွေဆီကနေ ဘယ်တော့မှခွင့်ပြုချက်မတောင်းဘူး။ ဒါပေမယ့် ကျွန်တော်တို့ သူတို့ကို မတားရဲဘူး။"*[103] တပ်မတော်စစ်သားများသည် ရွာသားများထံမှ လက်ဝတ်ရတနာများလည်း လုယူကြကြောင်း ကို ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ဤသို့သက်သေခံခဲ့သည်။ *"ကျွန်မ မှတ်မိသေးတယ်။ တစ်ခါ ကျွန်မတို့မော်ထော်ပူးကျိုးရွာမှာနေတုန်းက စစ်သားတစ်ယောက်က ကျွန်မရဲ့နားကပ်နဲ့ ကျွန်မညီမရဲ့ လက်ထပ်လက်စွပ်ကို ယူသွားတယ်။"*[104]

အပစ်အခတ်ရပ်စဲရေးမတိုင်မီက တပ်မတော်စစ်သားများသည် အစားအစာများနှင့် သီးနှံများကို ရွာသားများထံမှ မကြာခဏဆိုသလို အနိုင်အထက်စီးနင်းပြုကာ လုယူခဲ့ကြသည်။ ထိုအချိန်က အရင်းအမြစ်များ ရှားပါးသော် လည်း မေးခွန်းဖြေကြားသူများအနေဖြင့် တန်ပြန်သက်ရောက်မှုများမှ ကာကွယ်ရန်နှင့် လူမှုအဖွဲ့အစည်း၏ လုံခြုံမှုရှိစေရန်အတွက် တပ်မတော်၏အမိန့်များ တောင်းဆိုမှုများကိုနာခံရန် လိုအပ်သည်ဟု ခံစားခဲ့ကြရကြောင်း နှင့်ပတ်သက်ပြီး သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက ဤသို့ဖြေကြားခဲ့သည်။ *"ကျွန်မတို့က သူတို့တောင်းဆိုသမျှကို ဖြည့်ဆည်းပေးလိုက်တယ်။ သူတို့ကြက်မှာရင် ကျွန်မတို့ကြက်ပို့ပေးတယ်။ ကျွန်မတို့စား ဖို့ မရှိရင်တောင်မှ သူတို့ကမှာတယ်ဆိုရင် ကျွန်မတို့ဆီမှာ ရှိတဲ့စားစရာလေးတွေစုပြီး ပို့ပေးလိုက်တာပဲ။"*[105] တပ်မတော်၏ အတင်းအဓမ္မတောင်းယူမှုများသည် ပြည်သူများအတွက် အသက်ရှင်ရပ်တည်မှုအတွက် ဝန်ထုတ် ဝန်ပိုးများဖြစ်စေသည်ကို ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက ဤသို့ဖော်ပြခဲ့သည်။ *"တပ်မ တော်က ကျွန်တော်တို့ရဲ့ပြဿနာကို နားမလည်ဘူး။ လယ် ၁ ဧကအတွက် စပါးတစ်လှည်းတောင်းတယ်။ တချို့လူတွေက လယ် ၁ ဧက တောင်မရှိလည်း စပါးတစ်လှည်းပေးရတယ်။ ကျွန်တော်တို့က မပေးရင် ကျွန်တော်တို့ကို လက်နက်သုံးပြီး ခြိမ်းခြောက်တယ်။"*[106]

မကြာခဏဆိုသလိုပင် ပြည်သူများသည် တပ်မတော်၏တောင်းဆိုမှုများကို ဖြည့်ဆည်းခဲ့သော်လည်း လူ့အခွင့် အရေးချိုးဖောက်မှုအတွက် ပစ်မှတ်ထားခြင်းခံရကြသည်။ ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ၎င်းအနေဖြင့် ၂၀၀၈ ခုနှစ်တွင် အဓမ္မဖမ်းဆီးခံခဲ့ရမှုနှင့်ပတ်သက်ပြီး ပြောပြခဲ့သည်။ *"တပ်ရင်းအမှတ် ၂၈၄ က ကျွန်တော့်ကို သူတို့ဆီသွားဖို့ခေါ်တဲ့အတွက် ကျွန်တော်သွားခဲ့တယ်။ သူတို့က ကျွန်တော့်ကို အရက်ဝယ်ခိုင်းတော့ ဝယ်ပေးတယ် ပြီးတော့သူတို့နဲ့ အတူသောက်ခဲ့တယ်။ ဒါပေမယ့် ညနေခင်း သူတို့ဆီက ပြန်လာခါနီးကျတော့ ကျွန်တော်ဘာအမှားမှမလုပ်ပဲ ကျွန်တော့်ကိုဖမ်းထားကြတယ်။"*[107] သထုံ ခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း တပ်မတော်မှ ၎င်းတို့၏တောင်းဆိုမှုများအား ဖြည့်ဆည်းပေး သည့်တိုင် သူမ၏မိခင်ဖြစ်သည့် ရွာသူကြီးအား ဖမ်းဆီးချုပ်နှောင်ထားခြင်းနှင့်ပတ်သက်ပြီး တင်ပြခဲ့သည်။ *"ရွာ သားတွေက သူတို့ကို ဆိတ်တစ်ကောင်နဲ့ ဘဲယူသွားပေးတော့ ကျွန်မအမေကိုလွှတ်လိုက်တယ်။ ဒါပေမယ့် အဲ့ဒီအချိန်မှာ အိမ်ကိုတော့မပြန်နိုင်ခဲ့ဘူး။"*[108]

---

[103] Source #50 တွင် ကြည့်ပါ။
[104] Source #36 တွင် ကြည့်ပါ။
[105] Source #51 တွင် ကြည့်ပါ။
[106] Source #52 တွင် ကြည့်ပါ။
[107] Source #2 တွင် ကြည့်ပါ။
[108] Source #18 တွင် ကြည့်ပါ။

ဖြစ်ရပ်များစွာတွင် မေးခွန်းဖြေကြားသူများမှ တပ်မတော် စစ်သားများအနေဖြင့် ရွာသားများအား ၎င်းတို့အတွက် သေနတ်များဝယ်ပေးရန် ခိုင်းစေခဲ့ကြောင်းတင်ပြခဲ့သည်။ သို့ဖြင့် ၎င်းတို့သည် KNLA ၏ လက်နက်အားရရှိကြောင်းကို ပြနိုင်မည်ဖြစ်ပြီး ၎င်းတို့၏အဆင့်အလိုက် ရာထူးတိုးရရှိနိုင်မည်ဖြစ်သည်။ မေးခွန်းဖြေကြားသူများက ၎င်းတို့အနေဖြင့် ထိုကဲ့သို့သော လက်နက်များရရှိနိုင်မည့် အဆက်အသွယ် သို့မဟုတ် အရင်းအမြစ်မရှိကြောင်း တင်ပြခဲ့သည်။ တပ်မတော်၏အမိန့်များနှင့် လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသည့်အတွက် ညှဉ်းပမ်းနှိပ်စက်မှုများခံစားကြရကြောင်းကို မြိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်မှ အမျိုးသားတစ်ဦးက တွေ့ဆုံမေးမြန်းမှုတွင် ရှင်းလင်းတင်ပြခဲ့သည်။ *"[၁၉၉၆ ခုနှစ်နဲ့ ၂၀၀၂ ခုနှစ်ကြားမှာ] တပ်မတော် စစ်သားတွေက ရာထူးတိုးရဖို့အတွက် ရွာသားတွေဆီကနေ M16 နဲ့ AK သေနတ်တွေကို ရွာသားတွေဆီကနေ တောင်းခဲ့တယ်။ ဒါပေမယ့် သူတို့လိုချင်တဲ့သေနတ်တွေကို ရွာသားတွေကမပေးနိုင်ခဲ့ဘူး။ ဒါကြောင့် ရွာသားတွေက အရိုက်နှက်ခံ၊ အထိုးခံပြီး နှိပ်စက်တာခံခဲ့ရတယ်။ တပ်မတော် စစ်သားတွေက ရွာသားတွေကို အဲ့ဒီသေနတ်တွေ အတင်းရှာခိုင်းတယ်။ ဒါက ရွာသားတွေအတွက် အတော်ခက်ခဲခဲ့တယ်။ အဲ့ဒီလို အခြေအနေဆိုးမျိုးမှာ ရွာသားတွေက သူတို့ရဲ့ မြေတွေ ကျွဲနွားတွေကိုရောင်းပြီး စစ်သားတွေတောင်းတဲ့ သေနတ်အမျိုးအစားတွေ ရအောင်လုပ်ပေးရတယ်။"*[109] အလားတူပင် တောင်ငူခရိုင်၊ သံတောင်ကြီး မြို့နယ်မှ အမျိုးသားတစ်ဦးက ၎င်းအနေဖြင့် တပ်မတော်အတွက် စစ်ပစ္စည်းများဝယ်ယူပေးရန် အတင်းအကြပ်ခိုင်းခံခဲ့ရကြောင်းကို ဖော်ပြခဲ့သည်။ *"ကျွန်တော်လည်း တပ်မတော် တပ်ရင်း အမှတ် ၁၂၄ ရဲ့ တပ်ရင်းမှူးအတွက် စစ်တပ်သုံးတဲ့ဖုန်းဝယ်ပေးခဲ့ရတယ်။ သူ့နာမည်ကိုတော့ ကျွန်တော်မေ့သွားပြီ။"*[110]

# (ခ) နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်း

ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းမှုပြုခဲ့သူအများစုသည် အပစ်ခတ်ရပ်စဲရေးမတိုင်မီ ကာလများက နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းများနှင့် ကြုံတွေ့ခဲ့ရကြောင်း ဖော်ပြခဲ့သည်။ ပဋိပက္ခကာလအတွင်း နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းသည် ပုံစံမျိုးစုံဖြင့် ဖြစ်ပွားလေ့ရှိပြီး များသောအားဖြင့် လက်နက်ကိုင်တိုက်ပွဲများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ သို့မဟုတ် အကြောက်တရားကြောင့်ဖြစ်လေ့ရှိသည်။ လူများစုအတွက် နေရပ်မှထွက်ပြေးခြင်းနှင့် မူရင်းကျေးရွာသို့ ပြန်လည်နေထိုင်ခြင်းများသည် ၎င်းတို့၏ဒေသအတွင်း လက်နက်ကိုင်များ တည်ရှိနေခြင်းအပေါ် မူတည်နေပြီး အခြားသူများမှာ နေရပ်ဒေသမှ အမြဲတမ်းထွက်ခွာသွားရပြီး အချို့မှာ အခြားရွေးချယ်စရာလမ်းမရှိပဲ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သောစခန်းများ သို့မဟုတ် ဒုက္ခသည် စခန်းများသို့ အစဉ်အမြဲရွှေ့ပြောင်းနေထိုင်ကြရသည်။ နေရပ်ရွှေ့ပြောင်းနေထိုင် ကြရသူများသည် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခက်အခဲများနှင့် အစားအသောက်ပြတ်လပ်မှုစသည့် ကြီးမားသော စိန်ခေါ်မှုများအား ကြုံတွေ့ခံစားကြရသည်။ ထိုသူများသည် နိမ့်ကျသောလူနေမှုဘဝအခြေအနေဖြင့် ရှင်သန်နေထိုင်ရသည့်အပေါ် ကျန်းမာရေးစောင့်ရှောက်မှုမရသည့်အတွက် များပြားသောကျန်းမာရေးပြဿနာများလည်း ရင်ဆိုင်ခံစားကြရသည်။

### နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်း၏ အကျိုးဆက်များ

လက်နက်ကိုင်တပ်ဖွဲ့များအကြား ပစ်ခတ်တိုက်ခိုက်မှုများသည် နေရပ်ရွှေ့ပြောင်းနေထိုင်မှုကို ဖြစ်စေသော အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်သည်ဟု မေးခွန်းဖြေကြားသူအများစုက တင်ပြခဲ့ကြသည်။ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှအမျိုးသားတစ်ဦးက *"ဖြတ်လေးဖြတ် အချိန်တုန်းကဆို အခြေအနေက အရမ်းဆိုးတယ်။ တပ်မတော်နဲ့ KNLA တို့ရဲ့ တိုက်ခိုက်မှု တင်းမာမှုတွေကြားမှာ ကျွန်တော်တို့တွေ အကြောက်တရားအောက်မှာ နေနေရတယ်။ ကျွန်တော်တို့ ရွာထဲမှာနေလို့မရဘူး။ ရွာသားတွေက တောထဲကို မကြာခဏ ထွက်ပြေးရတယ်။"*[111] လွန်ခဲ့သည့်

[109] Source #53 တွင် ကြည့်ပါ။
[110] Source #54 တွင် ကြည့်ပါ။
[111] Source #7 တွင် ကြည့်ပါ။

၃၈ နှစ်ခန့်က သူ၏ညီမနှစ်ဦးလုံး တပ်မတော်နှင့် KNLA ၏ ပစ်ခတ်မှုများကြားတွင် အသက်သေဆုံးခဲ့ရကြောင်းကိုလည်း တင်ပြခဲ့သည်။ လက်နက်ကိုင်များသည် ရွာသားများနေထိုင်သည့်နေရာများတွင် လှုပ်ရှားကြပြီး အပြန်အလှန်ပစ်ခတ်မှုများကြားတွင် အရပ်သားများအား အန္တရာယ်အတွင်း ကျရောက်စေကြသည်။ ထိုအခြေအနေများကရွာသားများအား ယာယီ သို့မဟုတ် အပြီးတိုင် နေရပ်ရွှေ့ပြောင်းနေထိုင်မှုများဖြစ်စေသည်။

တွေ့ဆုံမေးမြန်းခံရသူများမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) များအနေဖြင့် ကျေးရွာများအား တိုက်ရိုက်တိုက်ခိုက်မှုများပြုလုပ်သောကြောင့် ရွာသားများအား ထွက်ပြေးခဲ့ရကြောင်း ဖြေကြားခဲ့သည်။ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ၁၉၉၀ ခုနှစ်များတွင် တပ်မတော်မှ ၎င်းတို့အနီးရှိရွာအား မီးရှို့ဖျက်ဆီးခဲ့သည်ကို မြင်တွေ့ခံစားခဲ့ရကြောင်း တင်ပြခဲ့သည်။ *"၁၉၉၅ ခုနှစ်မှာ တပ်မတော်က ကျွန်တော်တို့ဘေးကရွာကိုတိုက်ပြီး အိမ်တွေကိုမီးရှို့ခဲ့တယ်။ အဲ့ဒီရွာက ရွာသားတွေအားလုံး ရွာကနေထွက်ပြေးကြပြီး တောထဲမှာပုန်းနေကြတယ်။"* [112] ထိုသို့တိုက်ခိုက်မှုများသည် ဖြတ်လေးဖြတ်ဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အမဲရောင်နယ်မြေဟုခေါ်သော တပ်မတော်ထိန်းချုပ်မှုမရှိသည့် နယ်မြေများထဲမှ ရွာသားများအား မောင်းထုတ်ရန်ရည်ရွယ်သည်။ ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား သူ၏ကျေးရွာကို မြန်မာတပ်မတော်မှပစ်မှတ်ထားပြီး သူ၏မိသားစုနှင့် အခြားသောဒေသခံများကို အခြားရွာသို့ပြောင်းရွှေ့စေခဲ့ကြောင်း ရှင်းပြခဲ့သည်။ *"တစ်ခါက တပ်မတော်မှ ကျွန်တော်တို့ရွာကို လက်နက်ကြီးနဲ့ပစ်ခဲ့တယ်။ ကျွန်တော့်အမျိုးသမီးနဲ့ကလေးတွေ အိမ်မှာလုံးဝနေလို့မရတော့လို့ ပစ္စည်းတချို့ထုတ်ပိုးပြီး ထွက်ပြေးကြရတယ်။ မြစ်နားကိုသူတို့ပြေးခဲ့တယ်။ လက်နက်ကြီးက အိမ်ခေါင်မိုးပေါ်၊ အိမ်ထဲ၊ အိမ်ဘေးနားတွေအပေါ်အကုန်ကျတယ်။ ကျွန်တော်တို့အဲ့ဒီမှာနေလို့လုံးဝမရတော့ဘူး။ ကျွန်တော်တို့ထွက်ပြေးကြရတယ်။"*[113]

အချို့အခြေအနေများတွင် တပ်မတော်မှ ဒေသခံများအား ခြိမ်းခြောက်ပြီး အတင်းအဓမ္မပြောင်းရွှေ့စေခဲ့သည်။ ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက သူ၏အတွေ့အကြုံအား ကရင်လူ့အခွင့်အရေးအဖွဲ့သို့ ယခုလိုပြောပြခဲ့သည်။ *"တပ်မတော် ဗိုလ်မှူးတစ်ယောက်က ရွာသားတွေကို ၁၀ရက်အတွင်း တခြားနေရာကိုပြောင်းဖို့ အမိန့်စာထုတ်ခဲ့တယ်။ ၁၀ ရက်ပြည့်တာနဲ့ တွေ့တဲ့သူကိုဘာမှမမေးပဲ ပစ်သတ်မယ်လို့ပြောတယ်။"* [114] ရွာသားများသည် အချိန်တိုအတွင်းတွင်ပြောင်းရွှေ့ရန် အမိန့်ပေးခံရသဖြင့် ကြောက်ရွံ့မှုများနှင့် ပိုင်ဆိုင်မှု ဆုံးရှုံးရခြင်းများကို တွေ့ကြုံခံစားကြရသည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးသည် ဗိုလ်အေးကိုနှင့် စစ်ကြောင်းမှူးဗိုလ်မင်းသိန်းလက်အောက်ရှိ တပ်မတော်ခြေမြန်တပ်ရင်းအမှတ် ၈၅ က တစ်ရွာလုံးကို မည်သို့ပြောင်းရွှေ့ရန် အမိန့်ပေးခဲ့ကြောင်းကို ယခုလိုတင်ပြခဲ့ပါသည်။ *"၁၉၇၄ ခုနှစ်တုန်းက ပဋိပက္ခကာလအတွင်း နေရပ်ရွှေ့ပြောင်းရတာတွေကို ကြုံတွေ့ခဲ့ရတယ်။ တပ်မတော်က ရွာသားတွေကို တစ်ရက်အတွင်းမှာ အတင်းအဓမ္မရွှေ့ပြောင်းခိုင်းခဲ့တယ်။ သူတို့ပိုင်ဆိုင်သမျှအားလုံး အနောက်မှာချန်ထားခဲ့ရတယ်။"* [115] သူ့အနေဖြင့် ထိုအတွေ့အကြုံမျိုးကို မကြာခဏကြုံတွေ့ခဲ့ရကြောင်းကိုလည်း ထပ်လောင်းတင်ပြခဲ့သည်။ *"ကျွန်တော်တို့ ဟာ--- ရွာကို တစ်နှစ်လောက်ပြောင်းနေခဲ့တယ်။ ပြီးတဲ့နောက်မှာသူတို့က ကျွန်တော်တို့ကို အ--- ရွာကို ပြောင်းခိုင်းပြန်တယ်။"*[116]

လက်နက်ကိုင်တပ်ဖွဲ့များ အထူးသဖြင့် တပ်မတော်၏လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ပစ်မှတ်ထားခြင်းခံရမည်ကိုစိုးရိမ်သဖြင့် သို့မဟုတ် ခံစားကြရသဖြင့် ၎င်းတို့၏ကျေးရွာများမှ ထွက်ပြေးကြရကြောင်း မေးခွန်းဖြေကြားသူများက ပြောခဲ့သည်။ ဥပမာအားဖြင့် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အမျိုးသားတစ်ဦးက ဒေသခံများအပေါ် တပ်မတော်မှ အကြမ်းဖက်မှုများပြုခဲ့သည့်အတွက် ၎င်း၏ရွာမှ ထွက်ပြေးခဲ့ရကြောင်း ပြောခဲ့သည်။ *"၂၀၀၀ - ၂၀၀၁ ခုနှစ်မှာ ဗိုလ်ခင်ညွန့် စစ်ကွပ်ကဲမှုဖြစ်တဲ့အချိန်တုန်းက ဖာပွန်ကလူတွေအားလုံးပြေးကြရတယ်။ သူတို့က*

[112] Source #4 တွင် ကြည့်ပါ။
[113] Source #2 တွင် ကြည့်ပါ။
[114] Source #50 တွင် ကြည့်ပါ။
[115] Source #3 တွင် ကြည့်ပါ။
[116] Source #3 တွင် ကြည့်ပါ။

*အမျိုးသားတွေကို ပေါ်တာထမ်းခိုင်းတယ်။ ပြီးတော့ ဒေသခံတွေကိုဖမ်းပြီး သတ်ခဲ့တယ်။ တချို့က ဘုန်းကြီးဝတ်သွားပြီး တစ်ချို့ကျတော့ထွက်ပြေးခဲ့ကြရတယ်။ ကျွန်တော်ကတော့ မိသားစုစားဝတ်နေရေးအတွက်ပူပန်လို့ မထွက်ပြေးနိုင်ခဲ့ဘူး။ ဒါကြောင့်ကျွန်တော် တောတောင်ထဲတွင် ထွက်ပြေးပြီး အဲ့ဒီမှာဘဲအလုပ်လုပ်ခဲ့တယ်။"* [117] ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ ရွာသူကြီးဟောင်းတစ်ဦးကလည်း တပ်မတော်၏ဖိနှိပ်မှုမှ လွတ်မြောက်ရန်အတွက် ၎င်း၏ရွာသားများထွက်ပြေးသည့်အခါတွင် အလားတူအတွေ့အကြုံကို ရင်ဆိုင်ခဲ့ရသည်။ *"၁၉၉၉ ခုနှစ်နဲ့ ၂၀၀၀ ခုနှစ်တွေမှာ ကျွန်တော်တို့ဒေသမှာ တပ်မတော်ခြေမြန်တပ်ရင်း အမှတ် ၈၈ ရွာထဲလာတဲ့အခါ ကျွန်တော်တို့တွေ အရမ်းခံစားခဲ့ကြရတယ်။ သူတို့ရဲ့ လုပ်ရပ်တွေက ရွာထဲက အပြစ်မဲ့ပြည်သူတွေကို စိတ်ဒုက္ခပေးတယ်။ ၁၉၉၉ ၊ ၂၀၀၀ နဲ့ ၂၀၀၁ ခုနှစ်တွေတုန်းက ရွာသားတွေ တခြားနေရာတွေကို ထွက်ပြေးကုန်တယ်။ ဒီအခြေအနေကို ကျွန်တော်တို့ မထိန်းချုပ်နိုင်ခဲ့ဘူး။"* [118]

အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများက KNLA စစ်သားများ၏ မိသားစုများသည် တပ်မတော်၏ အဓိကပစ်မှတ်ထားခံရသည့်အတွက် ထိုသူများမှာ နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းများ ပိုမိုကြုံတွေ့ခဲ့ရသည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်တွင်နေထိုင်သောKNLA စစ်သားအဖြစ် တာဝန်ထမ်းခဲ့သောသူ၏မြေးဖြစ်သည့် အမျိုးသားတစ်ဦးက သူနှင့် သူ၏မိသားစုများ မြန်မာစစ်တပ်၏လက်မှ အကြိမ်ကြိမ် မည်သို့ထွက်ပြေးခဲ့ရပုံကို ဤသို့တင်ပြခဲ့သည်။ *"တပ်မတော်က အမြဲတမ်းလာပြီး ကျွန်တော့်ကိုမေးတယ်။ ဒါကြောင့် ကျွန်တော်အိမ်မှာနေလို့ မရတော့ဘူး။ ကျွန်တော့် ဝမ်းကွဲတစ်ယောက်ရဲ့ခြံထဲက တဲထဲမှာသွားနေရတယ်။ ဒါပေမယ့် ဒါကကျွန်တော့်အတွက် လုံခြုံမှုမရှိဘူး။ ကျွန်တော့်အမျိုးသမီးနဲ့ ကလေးတွေက သပြေကုန်းမှာ ပြောင်းနေကြတယ်။ နောက်တော့ သူတို့နောက်ကို ကျွန်တော်လိုက်သွားတယ်။"* [119] သူရွှေ့ပြောင်းသည့်နေရာကို သိရှိနိုင်စေရန်အတွက် တပ်မတော်မှ သူ၏သူငယ်ချင်းနှစ်ဦးအား ဖမ်းဆီးနှိပ်စက်ခဲ့သည့်အတွက် နေရာထပ်မံရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ [120] KNU နှင့် ဆက်သွယ်မှုရှိသည်ဟု စွပ်စွဲခံရသူများ အထူးသဖြင့် ဒေသခံအာဏာပိုင်များသည်လည်း တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခံရရန်အတွက် ပစ်မှတ်ထားခံရသဖြင့် လွတ်ကင်းရာသို့ ၎င်းတို့၏ဆွေမျိုးများနှင့် ထွက်ပြေးကြရသည်။ ထိုအတွေ့အကြုံကို ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသမီးတစ်ဦး၏ မိသားစုက ခံစားခဲ့ရသည်။ *"၁၉၆၉ ခုနှစ်တုန်းက ကျွန်မအဖေက ရွာသူကြီး။ ကျွန်မတို့ တောတောင်ထဲကို ထွက်ပြေးကြရတယ်။ တပ်မတော်က သူ့ကို KNU နဲ့ ဆက်သွယ်လို့ ဖမ်းဖို့ စီစဉ်ထားတယ်။ ကျွန်မတို့ ဆက်နေလို့လုံးဝမဖြစ်တော့ဘူး။ အိမ်နဲ့ ရွာကိုထားခဲ့ပြီး ထွက်ပြေးခဲ့ရတယ်။"* [121]

အပစ်ခတ်ရပ်စဲရေးမတိုင်မီက မြေယာသိမ်းဆည်းခြင်းများသည် နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်း၏ အဓိကအကြောင်းအရင်းဖြစ်ခဲ့သည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိပြည်သူများသည် ၎င်းတို့၏ စားဝတ်နေရေးအတွက် မြေကို အဓိကထားအားကိုးနေရသဖြင့် မြေသိမ်းခံရသည့်အခါတွင် ကျေးရွာမှထွက်ခွာရန်မှတပါး အခြားသောရွေးချယ်စရာ မရှိကြပေ။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ၁၉၉၃ ခုနှစ်တွင် အစိုးရမှ ၎င်းတို့၏မြေများအား သိမ်းယူခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ၎င်းတို့၏မြေများအား ဖျက်ဆီးခြင်းမခံရခင် သူမ၏ကျေးရွာတစ်ရွာလုံး နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ရကြောင်း ပြောပြခဲ့သည်။ *"ကျွန်မတို့ ခြံတွေလည်းရှုံးတယ်။ နေစရာမြေလည်းမကျန်တော့ဘူး။ တစ်ရွာလုံး ပြောင်းရွှေ့ခဲ့ရတယ်။ ကျွန်မတို့ရွာဟောင်းက လှိုင်ကော်လမ်းရဲ့ အရှေ့ဘက်မှာရှိတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ နေရာကို အစိုးရစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဌာနကသိမ်းသွားလို့ ကျွန်မတို့ အဲဒီမှာ နေလို့မရတော့ဘူး။ မြန်မာအစိုးရက ကျွန်မတို့ကို မြေအသစ်မပေးဘူး။ ဒါပေမယ့် ရွာသားသုံးယောက်က သနားတော့ သူတို့မြေပေါ်မှာနေဖို့ ကျွန်မတို့ကိုနေရာပေးတယ်။"* [122]

---

[117] Source #26 တွင် ကြည့်ပါ။
[118] Source #56 တွင် ကြည့်ပါ။
[119] Source #15 တွင် ကြည့်ပါ။
[120] Source #15 တွင် ကြည့်ပါ။
[121] Source #17 တွင် ကြည့်ပါ။
[122] Source #41 တွင် ကြည့်ပါ။

မြန်မာအစိုးရသည် ဒေသခံပြည်သူများအတွက် အနည်းငယ်မျှ ထည့်သွင်းစဉ်းစားခြင်းမရှိပဲ အခြေခံအဆောက်အဦးဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အတွက် နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းများ ဖြစ်ပေါ်စေခဲ့သည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ ရေကာတာတည်ဆောက်မှုလုပ်ငန်းကြောင့် ၎င်း၏ ကျေးရွာအား စွန့်ခွါခဲ့ရသူ အမျိုးသားတစ်ဦးက ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ယခုလိုရှင်းပြပါသည်။ *"ရွာကရေမြှုပ်သွားတာကြောင့် ရွာသားတွေက တခြားနေရာကိုပြောင်းရွှေ့ခဲ့ရတယ်။ သူတို့ ဒီရေကာတာကို ၁၉၉၃ ခုနှစ်မှ စတင်တည်ဆောက်တယ်။ သူတို့ဆောက်ပြီးသွားတော့ ရွာဟောင်းက အိမ်တွေနဲ့ခြံတွေအများကြီး ရေမြှုပ်ကုန်တယ်။"* [123]

## လူနေမှုဘဝအခြေအနေများနှင့် အခက်အခဲများ

အပစ်ခတ်ရပ်စဲရေးမတိုင်မီက နေရပ်ရွှေ့ပြောင်းနေထိုင်ရသူများက တပ်မတော်စစ်ကြောင်းများ၏ ဖမ်းဆီးခြင်းခံရမည်ကို ကြောက်ရွံ့စွာနေထိုင်ခဲ့ရကြောင်း တင်ပြခဲ့သည်။ အချို့သောသူများသည် ဒုက္ခသည် သို့မဟုတ် စစ်ဘေးရှောင်စခန်းများသို့ လျင်မြန်စွာသွားရောက်ရန် အခက်အခဲများကြုံတွေ့ရပြီး တပ်မတော်မှ ကြားဖြတ်တိုက်ခိုက်မှုအန္တရာယ်ကိုခံရရန် အခြေအနေပိုများခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ကျေးရွာမှ ထွက်ပြေးခဲ့သည့် တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်မှ အမျိုးသမီးတစ်ဦးက သူမ၏အဖွဲ့တွင် ကိုယ်ဝန်သည်အမျိုးသမီးများနှင့် ကလေးသူငယ်များ သာပါသည့်အတွက် ၎င်းတို့အနေဖြင့် လျင်လျင်မြန်မြန်မသွားနိုင်ပဲ လမ်းတစ်လျှောက် အိပ်ခဲ့ရကြောင်းကို ရှင်းပြခဲ့သည်။[124] ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သည့်စခန်းသို့ ကလေးငယ်များ၊ အသက်ကြီးရွယ်အိုများနှင့်အတူ ခြေလျင်သွားခဲ့ရသော အလားတူအခြေအနေကို တွေ့ကြုံခဲ့ရသည်။ *"ကျွန်မတို့ ခရီးစရိတ်မတတ်နိုင်ခဲ့ဘူး။ ကျွန်မရဲ့ အငယ်ဆုံးကလေးက ငါးနှစ်ပဲရှိသေးတော့ တောင်ပေါ်ကနေ သွားရမှာကိုလည်းကြောက်တယ်။ ကျွန်မရဲ့ မောင်ငယ်၊ ညီမငယ်တွေနဲ့ ဆုံပြီး ကျွန်မတို့ ဖာပွန်ကိုသွားကြတယ်။ လူတွေ ရိပ်မိသွားမှာစိုးလို့ ကျွန်မတို့ မနက်စောစော ၄ နာရီမှာ ထသွားတယ်။ ကျွန်မတို့ ဖာပွန်ကနေပြီး ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သည့် အိတုထစခန်းကို ခြေလျင်နဲ့ဆက်သွားကြတယ်။ ကျွန်မတို့အထဲမှာ ကျွန်မရဲ့အမေလည်းပါတော့ သူ့ကိုလူတွေက ထမ်းသွားရတယ်။"* [125]

နေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများသည် အများအားဖြင့် ၎င်းတို့၏ ဉယျာဉ်ခြံများအား ချန်ထားရသည့်အတွက် စားဝတ်နေရေး ပြဿနာများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။ အချို့တို့သည် စားဝတ်နေရေး ဝင်ငွေရရှိရန် နေ့စား သို့မဟုတ် ဆင်ထိန်းများအဖြစ် အလုပ်လုပ်ခဲ့ရပြီး အချို့တို့မှာ အသေးစားလယ်ယာလုပ်ငန်း သို့မဟုတ် မီးသွေးလုပ်ငန်းများစသည်တို့ကို လုပ်ကိုင်ကြရသည်။ ၁၉၉၀ ခုနှစ်များတွင် မြေသိမ်းခံရမှုကြောင့် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက သူမ၏ အသိုက်အဝန်းမှ အခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်းကို ရှင်းပြခဲ့သည်။ *"ကျွန်မတို့ ရွှေ့ပြောင်းနေထိုင်ရတုန်းက ဒုက္ခအရမ်းရောက်ခဲ့ရတယ်။ ကျွန်မတို့ စားဝတ်နေရေးအတွက် မှီခိုရတဲ့အိမ်တွေ ဉယျာဉ်ခြံတွေ ဆုံးရှုံးခဲ့ရတယ်။ ကျွန်မတို့ တခြား အစားအသောက်ရနိုင်မယ့်နေရာကို မတွေ့ဘူး။ တချို့လူတွေက မွန်လိုက်မြို့နဲ့ ထားဝယ်မြို့တွေကိုပြောင်းခံရပြီးတော့ စားဝတ်နေရေးအတွက် သစ်ခုတ်သမားတွေ ဆင်ထိန်းတွေအဖြစ် အလုပ်လုပ်ကြရတယ်။"* [126] ရလာဒ်အနေဖြင့် သူမသည် စီးပွားရေးအခက်အခဲများ ဆက်လက်ကြုံတွေ့နေရပြီး သူမ၏ မိသားစုအနေဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးရရှိရန် ခက်ခဲလျက်ရှိသည်။ *"ကျွန်မတို့တွေ မိသားစုဝင်တစ်ယောက်ယောက်ဖျားရင် သုံးဖို့ စုထားတာ မရှိဘူး။ ကျွန်မတို့ ကလေးတွေကိုလည်း ငွေကြေးအခက်အခဲကြောင့် ကျောင်းမထားနိုင်ဘူး။"* [127]

[123] Source #44 တွင် ကြည့်ပါ။
[124] Source #57 တွင် ကြည့်ပါ။
[125] Source #8 တွင် ကြည့်ပါ။
[126] Source #41 တွင် ကြည့်ပါ။
[127] Source #41 တွင် ကြည့်ပါ။

နေရပ်ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် ဥယျာဉ်ခြံများသို့မသွားနိုင်ခြင်း သို့မဟုတ် လုံလောက်သည့် အစားအစာများမသယ်နိုင်သည့်အတွက် ရိက္ခာပြတ်လပ်မှုများနှင့် ကြုံတွေ့ခဲ့ရကြောင်းကို ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ အမျိုးသားတစ်ဦးက ဤသို့တင်ပြခဲ့သည်။ *"တစ်ခါတစ်လေတောထဲမှာ ကျွန်တော်တို့အတွက် စားစရာမရှိဘူး။"*[128] ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှအမျိုးသားတစ်ဦးကလည်း ၂၀၁၁ ခုနှစ်တွင် တပ်မတော်မှ တိုက်ခိုက်ခဲ့သည့်နောက် ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့ရသည့်အချိန်တွင် စားစရာပြတ်လပ်ခဲ့သည်နှင့်ပတ်သက်ပြီး အလားတူပင်တင်ပြခဲ့သည်။ *"ကျွန်တော်တို့တွေအရမ်းကြောက်တော့ တောထဲကိုထွက်ပြေးခဲ့တယ်။ အဲ့ဒီလိုထွက်ပြေးတဲ့အချိန်မှာ အဓိကတွေ့ရတဲ့အခက်အခဲက စားစရာနဲ့ ကျန်းမာရေးအတွက်ပဲ။ ကျွန်တော်တို့ နယ်စပ်မရောက်ခင် စားစရာကုန်သွားတော့ မြန်မြန်သွားခဲ့ရတယ်။"*[129] ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်မှ အမျိုးသားတစ်ဦးကလည်း တပ်မတော်မှ ၎င်းတို့အား နေရပ်ရွှေ့ပြောင်းနေထိုင်သော ဒေသခံများအား ၎င်းတို့၏ကျေးရွာများသို့ပြန်လာပြီး စားစရာများယူဆောင်ခြင်းကို တားမြစ်ခဲ့ခြင်းက ၎င်းတို့၏ လူနေမှုအခြေအနေကို ပိုမိုဆိုးရွားစေခဲ့သည်။ *"ကျွန်တော်ငယ်ငယ်က တိုက်ပွဲကြောင့် ကျွန်တော်တို့မိသားစု တောထဲကို ထွက်ပြေးတိမ်းရှောင်ခဲ့ရတယ်။ တပ်မတော်က ကျွန်တော်တို့ရဲ့စပါးကျီတွေနဲ့ အိမ်တွေကို မီးရှို့ဖျက်ဆီးခဲ့တယ်။ ကျွန်တော်တို့ ပိုင်ဆိုင်မှုတွေ စားစရာတွေ ဘာမှမသယ်နိုင်ဘူး။ ကျွန်တော်တို့ တောထဲမှာ တစ်ပတ်နေခဲ့ရတယ်။ စားစရာမရှိတော့ ဆန်ပြုတ်နဲ့ မျှစ်ပြုပ်ပဲစားရတယ်။ တောထဲမှာပုန်းနေတဲ့အချိန် အဖေက စားစရာတွေပြန်ယူဖို့ ရွာထဲကိုပြန်သွားတယ်။ တပ်မတော်က သူ့ကိုလမ်းမှာလှမ်းပစ်တော့ တပ်မတော်လက်ထဲကနေ နောက်တစ်ခါက် ထွက်ပြေးရပြန်တယ်။ ကျွန်တော်တို့ အဲ့ဒီအချိန်တွေတုန်းက သူ့ကို ဆက်သွယ်လို့မရခဲ့ဘူး။ အဲ့ဒီအချိန်က ရိက္ခာကပြတ်ခါနီးဆိုတော့ အဖေစားစရာယူလာမလားဆိုပြီး စောင့်ခဲ့ရတာအရမ်းခက်ခဲခဲ့တယ်။ ကျွန်တော်တို့တောထဲမှာ သစ်သီးသစ်ဥတွေရှာပြီး နေ့တိုင်းစားခဲ့ရတယ်။"*[130]

ပြည်တွင်းနေရပ်စွန့်ခွာသည့် စခန်းများတွင်နေထိုင်သည့် နေရပ်ရွှေ့ပြောင်းနေထိုင်ကြရသူများသည် ရိက္ခာလုံလောက်စွာ ထောက်ပံ့ပေးမှုမရှိခြင်းနှင့် စခန်းပြင်ပမှ အစားအစာဝယ်ယူရန် သို့မဟုတ် ရှာဖွေစားသောက်ရန်အတွက် မတတ်နိုင်ကြသဖြင့် စားနပ်ရိက္ခာပြတ်လပ်မှုများကိုလည်း ကြုံတွေ့ကြရသည်။ ၂၀၀၆ ခုနှစ်အတွင်း ကောက်ရိပ်သိမ်းချိန်တွင် တပ်မတော်၏တိုက်ခိုက်မှုကြောင့် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အိတုထပြည်တွင်းစစ်ပြေးရှောင်စခန်းတွင် နေထိုင်ခဲ့သော တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်မှ အမျိုးသားတစ်ဦးက သူ၏ အတွေ့အကြုံကို ကရင်လူ့အခွင့်အရေးအဖွဲ့အားပြောပြခဲ့သည်။ *"စခန်းထဲမှာဆိုရင် ကျွန်တော်တို့ လူတစ်ယောက်ကို ဆန်တစ်ပုံးရတယ်။ စားစရာမလုံလောက်တော့ ကျွန်တော်တို့ ကိုယ့်ဟာကိုယ် ထပ်ရှာစားရတယ်။"*[131] ၂၀၁၀ ခုနှစ်တွင် အိတုထပြည်တွင်းစစ်ပြေးရှောင်စခန်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သော ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှအမျိုးသမီးတစ်ဦးကလည်းအလားတူအခြေအနေကိုကြုံတွေ့ခဲ့ရသည်။ *"သူတို့က(အလှူရှင်)တွေက လူဦးရေလာစစ်တဲ့အခါ လာတဲ့လူကိုပဲပေးတယ်။ အဝေးရောက်နေတဲ့ကလေးတွေအတွက် ရိက္ခာဖြတ်တာခံရတယ်။ ကျွန်မရဲ့သမီးက မယ်ရာမိုစခန်းမှာ ကျောင်းသွားတက်တော့ သူမရဲ့ရိက္ခာဖြတ်ခံလိုက်ရတယ်။"*[132]

နေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများသည် လူနေမှုဘဝနိမ့်ကျခြင်း၊ ခြင်ထောင်မရှိခြင်း၊ ရာသီဥတုဆိုးရွားမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးများကို လက်လှမ်းမမီသည့်အတွက် ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ကြရသည်။ ၁၉၉၉ ခုနှစ်တွင် တပ်မတော်၏ အဓမ္မနေရပ်ပြောင်းရွှေ့နေထိုင်စေမှုအားခံခဲ့ရသော ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက သူမ၏ဒေသတွင်းရှိ လူအမြောက်အများ တောထဲတွင် ခြင်ကိုက်ခြင်းမှဖြစ်သည့် ရောဂါများကြောင့် သေဆုံးခဲ့ရပုံကိုရှင်းပြခဲ့သည်။ *"ကျွန်မ ၁၂ နှစ် ၁၃ နှစ် အရွယ်တုန်းက တစ်ခုခုဖြစ်တော့မယ်ဆိုတာကြားတာနဲ့ ပစ္စည်းတွေထုတ်ပိုးပြီး လုံခြုံတဲ့နေရာကို ပြေးပုန်းရတယ်။ တချို့လူတွေက ငှက်ဖျားရောဂါနဲ့ သေကုန်တယ်။ ကျွန်မတို့တောထဲမှာနေကြတယ်ဆိုတော့ ခြင်တွေကကျွန်မတို့ကို ပျားတုတ်*

[128] Source #33 တွင် ကြည့်ပါ။
[129] Source #47 တွင် ကြည့်ပါ။
[130] Source #49 တွင် ကြည့်ပါ။
[131] Source #59 တွင် ကြည့်ပါ။
[132] Source #8 တွင် ကြည့်ပါ။

*သလိုပဲကိုက်တယ်။"* [133] ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်းသည် ကလေးနှင့်သက်ကြီးရွယ်အိုကဲ့သို့သော အထူးစောင့်ရှောက်မှုလိုအပ်သော လူမှုအသိုက်အဝန်းမှ ဆိုးကျိုးသက်ရောက်မှုပိုမိုခံရကြောင်း သူမကရှင်းပြခဲ့သည်။ *"ကျွန်မ မင်္ဂလာဆောင်ပြီး နှစ်တွေကြာပြီးတဲ့နောက်မှာ ကလေး ၁၀ ယောက်ရခဲ့တယ်။ ဒါပေမယ့်ကျွန်မတို့ ရွှေ့ပြောင်းနေထိုင်နေရတဲ့အချိန်တွေမှာ ကလေးနှစ်ယောက်ကဖျားပြီး ဆုံးသွားကြတယ်။"* [134] ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း သူမ၏လူမမာဖခင်သည် တောထဲတွင် အစားအစာ ငတ်ပြတ်မှုနှင့် ဆင်းရဲပင်ပန်းစွာနေထိုင်ရသည့်အတွက် သေဆုံးခဲ့ရကြောင်း တင်ပြခဲ့သည်။ *"ကျွန်မအဖေက ဖျားနေတဲ့အချိန် တပ်မတော်စစ်ကြောင်းတက်လာမယ် ဒါမှမဟုတ် တိုက်ပွဲဖြစ်တော့မယ်ဆိုရင် သူကသူ့ရဲ့နို့ဆီဗူးတွေကိုယူပြီးတော့ တောင်ကြားထဲကိုသွားတာပဲ။ နောက်မှာတော့ သူ့ရွာကိုပြန်သွားပြီး အဲ့ဒီမှာပဲ ဆုံးပါးသွားတယ်။"* [135]

နေရပ်ရွှေ့ပြောင်းနေထိုင်ရသည့် ကိုယ်ဝန်သည်အမျိုးသမီးများသည် မီးမဖွားမီ၊ ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားပြီး ကာလများတွင် ကျန်းမာရေးစောင့်ရှောက်မှုများမရရှိပဲ တောတောင်ထဲတွင် ကလေးမွေးရသည့်အတွက် မိခင်သာမက ကလေးအတွက်ပါ ကျန်းမာရေးထိခိုက်နိုင်မှုမြင့်မားပါသည်။ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက သူ၏ ကလေးသုံးဦးမှာ မိုးတွင်းကာလတွင် တောထဲတွင်မွေးဖွားခဲ့ရကြောင်း ပြောပြခဲ့သည်။ *"ကျွန်တော့်ကလေးတွေက မိုးအရမ်းကြီးနေတဲ့အချိန် တောထဲမှာမွေးခဲ့ရတယ်။ ကျွန်တော်တို့ ရွှေ့ပြောင်းနေထိုင်ခဲ့တုန်းက ကျွန်တော့်မှာကလေးခြောက်ယောက်ရှိခဲ့တယ်။"* [136] သူ၏အမျိုးသမီးဖြစ်သူမှာ ကလေးမီးဖွားပြီး နှစ်ရက်အကြာတွင် ထွက်ပြေးရခြင်း၊ စိတ်ဖိစီးမှုဒဏ်များခံစားရခြင်းတို့ကြောင့် နာတာရှည်ရောဂါဝေဒနာများ ခံစားနေခဲ့ရသည်။ *"ကလေးတစ်ယောက်ပဲ အိမ်ထဲမှာမွေးခဲ့တယ်။ မွေးပြီးနှစ်ရက်မှာပဲ ကျွန်တော်တို့ တောထဲ ထွက်ပြေးရပြန်တယ်။ တစ်ခါတစ်လေ ကျွန်တော့်အမျိုးသမီးအတွက် စိတ်မကောင်းဘူး။ ဘာကြောင့်လဲဆိုတော့ အရင်က မီးဖွားပြီးတာနဲ့ မိုးရေထဲမှာပြေးခဲ့ရတော့ သူမအခုဆို ရောဂါတွေခံစားနေရတယ်။"* [137]

## (ဂ) လူ့အခွင့်အရေးချိုးဖောက်မှု၏ သက်ရောက်မှုများ

လူ့အခွင့်အရေးချိုးဖောက်မှုများသည် ဒေသခံများအား တစ်ခါတစ်ရံတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရေရှည်ဆိုးကျိုးသက်ရောက်မှုများကို ဆက်လက်ခံစားရစေသည်။ အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများက အိမ်ထောင်ဦးစီးသေဆုံးခြင်း သို့မဟုတ် အိမ်ထောင်ဦးစီးမရှိသည့်အချိန်တွင် သွားလာခွင့်ပိတ်ပင်ခံရခြင်းသည် အများစုအတွက် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများအား ကြုံတွေ့ရစေသည်။ မိသားစုဝင်များအနေဖြင့် ၎င်းတို့၏ မြေယာများ၊ ပိုင်ဆိုင်မှုများနှင့် အိမ်ထောင်ဦးစီးများ ဆုံးရှုံးရသည့်အတွက် ငွေကြေးအလုံအလောက်မရှိခြင်း သို့မဟုတ် ပညာသင်ကြားမှု ဆုံးခန်းတိုင်စေရန်အတွက် လိုအပ်သည့်ထောက်ပံ့မှုများအားပြုလုပ်ရန် အခက်အခဲများ ကြုံတွေ့ခဲ့ကြရသည်။ လူ့အခွင့်အရေးချိုးဖောက်မှု ခံစားခဲ့ရသူများအနေဖြင့် စိတ်ဒဏ်ရာရပြီးနောက်ပိုင်း စိတ်ကျရောဂါကြောင့် စိတ်မငြိမ်မသက်ဖြစ်ခြင်းများအပါအဝင် နာတာရှည်ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး အခက်အခဲများကြုံတွေ့ကြရသည်။ တိုက်ပွဲများ၊ ကျေးရွာများအားတိုက်ခိုက်မှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အခက်အခဲများနှင့် နေရပ်ရွှေ့ပြောင်း နေထိုင်ရမှုများသည်လည်း ကရင်လူငယ်များ၏ ပညာသင်ကြားခွင့်ကို ထိခိုက်စေပြီး ကလေးများကို ကျောင်းထွက်စေမှုများ ဖြစ်စေခဲ့သည်။[138]

[133] Source #58 တွင် ကြည့်ပါ။

[134] Source #58 တွင် ကြည့်ပါ။

[135] Source #36 တွင် ကြည့်ပါ။

[136] Source #6 တွင် ကြည့်ပါ။

[137] Source #6 တွင် ကြည့်ပါ။

[138] KHRG မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော "အကြောက်တရား၏အုတ်မြစ် - ၂၅နှစ်အတွင်း မှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှ ရွာသားများ၏အသံများ", တွင် ကြည့်ပါ။

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းအား ထိခိုက်စေခြင်း

အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လက်နက်ကိုင်အဖွဲ့များကြား တိုက်ပွဲများသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံများ၏ စားဝတ်နေရေးအား ထိခိုက်မှုရှိစေသည်။ ဤလူမှုအဖွဲ့အစည်းမှ ပြည်သူအများစုသည် လယ်ယာလုပ်ငန်း သို့မဟုတ် နေ့စားအဖြစ်လုပ်ကိုင်ကြပြီး အလုပ်လုပ်ကိုင်နိုင်မှုမရှိခြင်းများက ၎င်းတို့၏မိသားစုများအား ပြည့်ဝစွာထောက်ပံ့နိုင်မှုကို တားဆီးလျက်ရှိသည်။ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် နေထိုင်သူတစ်ဦးက *"မြန်မာနိုင်ငံအခြေအနေကို ခင်ဗျားသိပါတယ်။ လူတစ်ယောက်က တစ်ရက်အလုပ်မလုပ်ဘူးဆိုတာနဲ့ စားဖို့မရှိတော့ဘူး။ ကျွန်တော့်လို ထောင်ထဲမှာ ၈ နှစ်နေခဲ့တဲ့ အိမ်ထောင်ဦးစီးတစ်ယောက်အနေနဲ့ မိသားစုကို ဘယ်လိုထောက်ပံ့ပေးနိုင်မှာလဲ။"*[139]

## အိမ်ထောင်ဦးစီးဆုံးရှုံးရခြင်း သို့မဟုတ် မရှိခြင်း

မိသားစုအများစုသည် ၎င်းတို့၏အိမ်ထောင်ဦးစီး သေဆုံးခြင်း၊ ဖမ်းဆီးခံရခြင်း၊ ထောင်ချခံရခြင်း သို့မဟုတ် အိမ်တွင်မရှိခြင်း (ဥပမာ အတင်းအဓမ္မစေခိုင်းခံရခြင်းကြောင့်) တို့ကို ကြုံတွေ့ရသည့်အခါ မိသားစုအများစုသည် ၎င်းတို့အတွက် လုံလောက်သောငွေကြေးရရှိရန် အခက်အခဲများရင်ဆိုင်ရတော့သည်။ အချို့သောမိသားစုများသည် ၎င်းတို့၏လက်ငင်းလိုအပ်ချက်များအတွက် အခြားရွေးချယ်စရာလမ်းမရှိသောကြောင့် သူတို့ပိုင်ဆိုင်သော မြေယာများကို ရောင်းချကြရသည်။ အချို့မှာ အကြွေးနွံနစ်ခြင်းများကို တွေ့ကြုံခံစားကြရပြီး ရေရှည်တွင် အဆိုးရွားဆုံး အခြေအနေများသို့ ရောက်ရှိခဲ့ကြရသည်။ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက သူ့အနေဖြင့် KNLA နှင့် ဆက်သွယ်သည်ဟု စွပ်စွဲခံရပြီး အကျဉ်းချခံရသည့် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်များအကြားတွင် သူ၏မိသားစုအနေဖြင့် လောကဓံကိုခံစားခဲ့ရကြောင်း တင်ပြခဲ့သည်။ *"ကျွန်တော်တို့မြေတွေဆုံးရှုံးခဲ့ရတယ်။ အကြွေးတင်တယ်။ ကျွန်တော့်ကလေးတွေက အခြားသူတွေရဲ့ နှိပ်စက်တာကို ခံစားကြရတယ်။ ကျွန်တော်တို့ပြဿနာအများကြီးကြုံတွေ့ခဲ့ရတယ်။"*[140] တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီး တစ်ဦးက ၂၀၁၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်များက သူမ၏အမျိုးသားဖြစ်သူ ထောင်သွင်းအကျဉ်းချခံခဲ့ရစဉ်က သူမပိုင်ဆိုင်မှုများကို မည်သို့အဓမ္မရောင်းချခဲ့ရကြောင်း တင်ပြခဲ့သည်။ *"ကျွန်မငွေလိုတဲ့အတွက် ကျွန်မပိုင်ဆိုင်သမျှတွေကို အပေါင်ခံတဲ့သူတွေဆီကို ပေးလိုက်ရတယ်။ အဲ့ဒီနောက်မှာ ကျွန်မဘဝမှာ အခက်အခဲတွေကြုံတွေ့ရပြီး ကျွန်မရဲ့ပိုင်ဆိုင်မှုတွေကို ပြန်ရဖို့အတွက် အပေါင်ခံတဲ့သူတွေကို ငွေပြန်ပေးနိုင်အောင် ငွေကို ကြိုးစားစုခဲ့ရတယ်။ ကျွန်မကလွဲပြီးတော့ ဘယ်သူမှ ကျွန်မခံစားနေရတာကို မသိဘူး။ ကိုယ့်ပြဿနာ ကိုယ်ဘဲဖြေရှင်းနေရတယ်။"*[141]

ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်မှ အမျိုးသားတစ်ဦးက အိမ်ဦးယာယီမရှိသည့်အခါ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် ပျက်စီးဆုံးရှုံးမှုများ ရှိစေနိုင်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ *"ဒေသခံတွေက စိုက်ပျိုးရေးနဲ့ ဥယျာဉ်ခြံကို သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြတယ်။ တစ်ခါတစ်လေ တပ်မတော်က ရွာသားတွေကို ဖမ်းတယ်။ ကျွန်တော်တို့ အကြာကြီးအဖမ်းခံကြရတဲ့အခါကျတော့ ဥယျာဉ်ခြံလုပ်ငန်းတစ်ခုလုံး နှောင့်နှေးပျက်စီးကုန်တယ်။ ဒါကြောင့် အစားအစာမလုံလောက်တာနဲ့ မြေယာပျက်စီးတာတွေ ဖြစ်တယ်။ ကျွန်တော်တို့ သီးနှံခူးဆွတ်တဲ့ကာလအတွင်းမှာဆို တပ်မတော်က မကြာခဏရောက်လာပြီး ရွာသားတွေကို ဖမ်းဆီးတယ်။ ရွာသားအများစုက မရိတ်သိမ်းနိုင်တဲ့အတွက် သူတို့ရဲ့ စပါးတွေဆုံးရှုံးရတယ်။"*[142]

[139] Source #19 တွင် ကြည့်ပါ။
[140] Source #19 တွင် ကြည့်ပါ။
[141] Source #62 တွင် ကြည့်ပါ။
[142] Source #28 တွင် ကြည့်ပါ။

## မြေယာနှင့် မွေးမြူရေးတိရိစ္ဆာန်များ ဆုံးရှုံးရခြင်း

မြေယာသိမ်းယူမှုများကြောင့် မြေယာဆုံးရှုံးခြင်းသည် ပြန်လည်ပြင်ဆင်၍မရသော အသက်မွေးဝမ်းကျောင်း ဆုံးရှုံးမှုကို ဖြစ်ပေါ် စေသည်။ ထိုဆုံးရှုံးမှုသည် အသက်ရှင်ရပ်တည်ရေးအတွက် ငွေကြေးနှင့်သီးနှံအပေါ် များစွာ မှီခိုရသူများ၏ စားဝတ်နေရေးကို စိန်ခေါ် လျက်ရှိသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ မြေယာသိမ်းခံရသော အမျိုးသားတစ်ဦးက ၂၀၀၀ ခုနှစ် အစပိုင်းတွင် တပ်မတော်မှစိုက်ပျိုးမြေများအား သိမ်းယူပြီးနောက်ပိုင်းတွင် ၎င်း၏ကျေးရွာမှ စီးပွားရေးအခက်ခဲများ ကြုံတွေ့ရကြောင်းကို တင်ပြခဲ့သည်။ "*ကျွန်တော်တို့ ဒေသခံတွေက စိုက်ပျိုးရေးလုပ်ပြီး အသက်မွေးကြတယ်။ ဒါကြောင့် ဘုရင့်နောင် တပ်လေ့ကျင့်ရေးစခန်းနဲ့ တခြားတပ်စခန်းတွေရဲ့ မြေသိမ်းမှုတွေက ဒေသခံတွေရဲ့ လက်ဘက်၊ ဖာလာနဲ့ ကော်ဖီစိုက်ပျိုးရေးကို ထိခိုက်စေတယ်။*" [143]

ဥယျာဉ်ခြံများအားဖျက်ဆီးခြင်းနှင့် တိရိစ္ဆာန်များအား လုယူသတ်ဖြတ်ခြင်းသည် ထိုခံရသူရွာသားများ၏ ဝင်ငွေများအား လုယူခြင်းပင်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းဆိုင်ရာစိန်ခေါ် မှုများအား ကြုံတွေ့ခံစားစေပါသည်။ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ၁၉၉၇ ခုနှစ်တွင် တပ်မတော်မှ ၎င်း၏ကျေးရွာရှိ ဥယျာဉ်ခြံများအားဖျက်ဆီးသည့်အခါ ၎င်းခံစားရသည့် စိတ်ဓါတ်ကျခြင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့အား ဤသို့ ဝေမျှခဲ့သည်။ "*ကျွန်တော်တို့ မြေတွေကို ရေရှည်အတွက်တွေးပြီးတော့ ပြုစုပျိုးထောင်ခဲ့တယ်။ မမျှော်လင့်ပဲ တပ်မတော်က အားလုံးကိုတိုက်ခိုက်ဖျက်ဆီးခဲ့တယ်။ ကျွန်တော်တို့လုပ်သမျှအားလုံး သဲထဲရေသွန်ဖြစ်သွားတယ်။*"[144] တပ်မတော်မှ ထိုသို့သောတိုက်ခိုက်မှုများကို သီးနှံရိုးဆွတ်သည့်အချိန်များတွင်လည်း ကျင့်သုံးခဲ့သည့်အတွက် ဆုံးရှုံးမှုများဖြစ်ပေါ် စေခဲ့သည်။[145] ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း တပ်မတော်မှ သူ၏အစားအစာများနှင့် လယ်ယာသုံးတိရိစ္ဆာန်များအား ဖျက်ဆီးပြီးနောက်တွင် သူမကြုံတွေ့ရသည့် စီးပွားရေးအခြေအနေနှင့်ပတ်သက်ပြီး ရှင်းပြခဲ့သည်။ "*အဲ့ဒါက ကျွန်မတို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ထိခိုက်စေတယ်။ သူတို့က ကျွန်မတို့တဲထဲမှာထားထားတဲ့ ဆန်တွေ၊ သီးနှံတွေ၊ ဝက်တွေနဲ့ ကြက်တွေ အစရှိတဲ့ပိုင်ဆိုင်မှုတွေအားလုံးကို ဖျက်ဆီးလိုက်တယ်။*" [146]

## လွတ်လပ်စွာသွားလာခွင့်အား ကန့်သတ်ပိတ်ပင်ခြင်း

အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အရပ်သားပြည်သူများသည် ပုံစံမျိုးစုံဖြင့် လွတ်လပ်စွာသွားလာခွင့်အား ပိတ်ပင်ခံခဲ့ရသည်။ မေးခွန်းဖြေကြားသူများက ၎င်းတို့အနေဖြင့် နေ့ဘက်တွင်သာ သွားလာခွင့်ရခဲ့ကြောင်းနှင့် ထိုသို့သွားလာရန်အတွက် တပ်မတော်ထံမှခွင့်ပြုမိန့် တောင်းခံခဲ့ရကြောင်း တင်ပြခဲ့သည်။ သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသားတစ်ဦးက "*ကျွန်တော်တို့ ရွာကနေ ထွက်မယ်ဆိုရင် ခရီးသွားလက်မှတ် ယူရတယ်။ မနက် ၈ နာရီကနေ ညနေ ၅နာရီအထိဘဲ ခရီးသွားခွင့်ရတယ်။ ကျွန်တော်တို့ ညနေငါးနာရီမတိုင်ခင်အထိ အချိန်ရတယ်။ ဒါက ကျွန်တော်ကြုံတွေ့ရတဲ့ အဆိုးဆုံးအခြေအနေတွေထဲက တစ်ခုပဲ။*" [147] ဤအရာသည် သူ့အား တောင်ယာလုပ်ငန်းများ အချိန်မီလုပ်ရန်အတွက် အတားအဆီးဖြစ်စေပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့်ပတ်သက်ပြီး အခက်အခဲများဖြစ်ပေါ် စေသည်။ "*ကျွန်တော်တို့မှာ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် မရှိဘူး။ ဒါကြောင့် ကျွန်တော်တို့ နေ့စဉ်အလုပ်တွေကို ပြီးမြောက်အောင် မလုပ်နိုင်ခဲ့ဘူး။ ကျွန်တော်တို့ တစ်ရက်ကို အလုပ်တစ်ခု ပြီးအောင် လုပ်ရမယ့်အစား အချိန်သုံးရက်ယူရတယ်။ ဒီဟာတွေကြောင့် ကျွန်တော်တို့ဘဝတိုးတက်မှုမရှိပဲ အခက်အခဲတွေနဲ့ဘဲ ကြုံတွေ့နေရတယ်။*" [148]

---

[143] Source #42 တွင် ကြည့်ပါ။

[144] Source #4 တွင် ကြည့်ပါ။

[145] KHRG မှ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော "Tatmadaw soldiers shell village, attack church and civilian property in Toungoo District", တွင်ကြည့်ပါ။

[146] Source #60 တွင် ကြည့်ပါ။

[147] Source #18 တွင် ကြည့်ပါ။

[148] Source #18 တွင် ကြည့်ပါ။

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တောင်သူများသည် ၎င်းတို့၏ စိုက်ပျိုးမြေများက ကျေးရွာများနှင့် အလှမ်းဝေးသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းအား ပြီးမြောက်အောင် လုပ်ကိုင်နိုင်ရန်အတွက် ၎င်းတို့၏ စိုက်ခင်းများထဲတွင် ရက်သတ္တပတ်ပေါင်းများစွာ နေထိုင်လေ့ရှိသည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက တပ်မတော်အနေဖြင့် အရပ်သားပြည်သူများအား ၎င်းတို့၏တောင်ယာများတွင် ညအိပ်ရန်အခွင့်မပေးပေ။ *"သူတို့က ကျွန်တော်တို့ကို လယ်ထဲမှာမအိပ်ခိုင်းဘူး။ တဲလည်း မထိုးခိုင်းဘူး။ မိုးရာသီဆို ကျွန်တော်တို့ တဲမှာနေခဲ့ဖို့ လိုတယ်။ ဒါပေမယ့် သူတို့ကခွင့်မပြုဘူး။ အဲ့ဒါကြောင့် ကျွန်တော်တို့ရွာက အိမ်ကိုပြန်လာရတယ်။"*[149] ထိုသို့တားမြစ်မှုများကြောင့် ရွာသားများအနေဖြင့် ၎င်းတို့၏မြေများကို အပြည့်အဝ ဂရုမစိုက်နိုင်သည့်အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် အခက်အခဲများ ကြုံတွေ့ကြရသည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက စိုက်ပျိုးရေးလုပ်ကိုင်ရန်အတွက် ခွင့်ပြုမိန့်ရရန် အလွန်ခက်ခဲသည်။ *"သူတို့က ကျွန်တော်တို့ကို ကိုယ်ပိုင်လယ်ထဲဆင်းဖို့တားမြစ်တယ်။ ကျွန်တော်တို့ လယ်စလုပ်ဖို့အတွက် သူတို့ရဲ့ခွင့်ပြုမိန့်ကို စောင့်ရတယ်။ သူတို့က ကျွန်တော်တို့ကို ခွင့်ပြုမိန့်လွယ်လွယ်နဲ့ မပေးဘူး။ ကျွန်တော်တို့အနေနဲ့ လယ်ထဲမှာ တဲထိုးဖို့၊ ဒါမှမဟုတ် လယ်လုပ်ငန်းအတွက် အိမ်တွေမှာ ကျွဲ၊ နွားတွေထားဖို့ သူတို့ကခွင့်မပြုဘူး။"*[150]

အခြားအလုပ်လုပ်ကိုင်သည့် မြေယာပိုင်ဆိုင်မှုမရှိသော ရွာသားများအနေဖြင့်လည်း အလားတူအခက်အခဲများကို ကြုံတွေ့ကြရသည်။ အကြောင်းမှာ ၎င်းတို့အား အလုပ်အကိုင်ရှာဖွေရန်အတွက် ဒေသအတွင်းလွတ်လပ်စွာ သွားလာခွင့်ကို တားမြစ်ထားသည့်အတွက်ဖြစ်သည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက ၎င်းတွေ့ကြုံရသည့် အခက်အခဲကို ဤသို့ရှင်းပြခဲ့သည်။ *"၁၉၈၈ ခုနှစ်တုန်းကဆို ကျွန်တော်တို့မှာ ကိုယ်ပိုင်ခြံမရှိတော့ အသက်မွေးဝမ်းကျောင်းလုပ်ရတာ အရမ်းခက်ခဲတယ်။ ဒါကြောင့် ကျွန်တော်တို့ နေ့စားပဲ လုပ်ကြတယ်။ ကျွန်တော်တို့ရဲ့ ဘဝတွေနဲ့ လှုပ်ရှားမှုတွေကို ကန့်သတ်ထားခံရတယ်။ ကျွန်တော်တို့ဘယ်သွားတယ် ဘာကြောင့်သွားတယ်ဆိုတာကို တပ်မတော်ကို အမြဲသတင်းပေးပြီးတော့ သူတို့ရဲ့ခွင့်ပြုချက်ယူရတယ်။ ကျွန်တော်တို့က နေ့စားလုပ်သားတွေဆိုတော့ နေ့တိုင်း ခရီးသွားရတယ်။ တပ်မတော်ရဲ့ ဖိအားကြောင့် ကျွန်တော်တို့တွေ အကြောက်တရားနဲ့ သွားလာရတယ်။"*[151] ထိုချမှတ်ထားသော မူဝါဒကြောင့် ကြုံတွေ့ရသည့် နောက်ဆက်တွဲ အခက်အခဲများကိုလည်း တင်ပြခဲ့သည်။ *"ကျွန်တော်တို့ ကုန်ပစ္စည်းတွေ၊ အစားအသောက်တွေ ရောင်းဖို့အတွက် လွတ်လွတ်လပ်လပ် သွားလို့မရဘူး။ ကျွန်တော်တို့ရဲ့ စားဝတ်နေရေး ပြေလည်ဖို့အတွက် အသေးစားစီးပွားရေးလုပ်ဖို့ အခွင့်အလမ်းမရှိဘူး။ ဒါက ဒေသထဲကလူတိုင်းအပေါ်ကို သက်ရောက်မှုရှိတယ်။ ၂၀၀၆ ခုနှစ်တုန်းက ကျွန်တော်တို့ ဒေသက စစ်မြေပြင်ဖြစ်ခဲ့တယ်။ ကျွန်တော်တို့ အသက်မွေးဝမ်းကျောင်းအလုပ်ကို ကောင်းကောင်း ဘယ်လိုလုပ်နိုင်မှာလဲ။"*[152]

## ကျန်းမာရေးဆိုးကျိုးသက်ရောက်မှု

အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများက တပ်မတော်မှ တင်းကြပ်စွာချမှတ်ထားသော သွားလာခွင့် ပိတ်ပင်မှုများကြောင့် ကျေးလက်ဒေသရှိအရပ်သားများမှာ ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် အတားအဆီးများဖြစ်စေခဲ့သည်။ သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ အမျိုးသမီးတစ်ဦးက ထိုသို့သောသွားလာခွင့် ပိတ်ပင်မှုများကြောင့် သူမအနေဖြင့် သူမ၏နှစ်နှစ်သားအရွယ်သားလေးအား ကယ်တင်ရန်အတွက် ဆေးဝါးမဝယ်နိုင်သည့်အတွက် သားဖြစ်သူသေဆုံးခဲ့ရကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့အား တင်ပြခဲ့သည်။ သူမအနေဖြင့် တပ်မတော်အား အကူအညီတောင်းသည့်အခါ ၎င်းတို့တွင် လူကြီးများအတွက်သာဆေးရှိကြောင်း ပြန်လည်ဖြေကြားခဲ့သည်။[153]

[149] Source #52 တွင် ကြည့်ပါ။
[150] Source #3 တွင် ကြည့်ပါ။
[151] Source #61 တွင် ကြည့်ပါ။
[152] Source #61 တွင် ကြည့်ပါ။
[153] Source #51 တွင် ကြည့်ပါ။

၂၀၁၂ ခုနှစ် မတိုင်မီကာလများက လူ့အခွင့်အရေးချိုးဖောက်မှုခံရသူအများစုသည် ရုပ်ပိုင်းဆိုင်ရာ နာတာရှည် ဝေဒနာများကို ဆက်လက်ခံစားရလျက်ရှိပြီး ၎င်းတို့၏အသက်မွေးဝမ်းကျောင်းအလုပ်များ မလုပ်နိုင်အောင် တားဆီးခံရလျက်ရှိသည်။ အမျိုးသားဖြစ်သူမှ ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလတွင် တပ်မတော်၏ ဖမ်းဆီးရိုက်နှက်ခြင်း ခံခဲ့ရသော ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက သူမ၏အတွေ့အကြုံကို ဝေမျှခဲ့သည်။ "*အခု ပြဿနာက အေးတဲ့ရာသီတွေမှာဆို သူ့အလုပ်မလုပ်နိုင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ သူ့မှာ မကုရသေးတဲ့ အတွင်းဒဏ်ရာတွေရှိတယ်။ သူက သေနတ်တွေတုတ်တွေနဲ့ အရိုက်ခံထားရတယ်။ အထိုးခံထားရတယ်။ သတိ တောင်လစ်သွားသေးတယ်။ ဒါကြောင့်သူက ကျွန်မတို့လို အလုပ်မလုပ်နိုင်တော့ဘူး။ အရမ်းလည်း ပိန်ကျသွား တယ်။*"[154] တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အခြားသောအမျိုးသမီးတစ်ဦးကလည်း သူမ၏အမျိုးသား ဖြစ်သူရွာသူကြီးသည် တပ်မတော်၏ညှဉ်းပန်းနှိပ်စက်မှုများအား ထောင်ထဲတွင်ခံခဲ့ရပြီးနောက် အလုပ်မလုပ်နိုင် တော့ပေ။ "*သူထောင်ကထွက်လာပြီးတော့ သူပိုပိုပြီးအားနည်းလာတယ်။ အခုဆို သူလုံးဝအလုပ်မလုပ်နိုင် တော့ဘူး။ အဲ့ဒီရွာသူကြီး ရာထူးကိုလက်ခံခဲ့လို့ ကျွန်မသူ့ကို နေ့တိုင်းဆူတယ်။ သူက အလုပ်အရမ်းလုပ်ချင်တော့ အလုပ်မလုပ်နိုင်တဲ့အတွက် အရမ်းစိတ်မကောင်းတွေဖြစ်နေတယ်။ သူက အိမ်မှာပဲနေရတယ်။ သူအခုလိုခံစား နေရတာတွေက အနှိပ်စက်ခံခဲ့ရလို့ပဲ။ သူ့ကျောကုန်းတွေက ခဏခဏနာနေတာ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ဝါးရင်းတုတ်ကြီးနဲ့ရိုက်တယ်လို့ ပြောတယ်။ သူလွတ်လာပြီးတဲ့နောက်မှာ ကျွန်မသူ့ကို ဆေးတွေအများကြီး တိုက်ရတယ်။ ကျွန်မသူ့ကို ကလေးလိုပဲ ပြုစုစောင့်ရှောက်ရတယ်။ ကျွန်မအရမ်းဒေါသထွက်တာပဲ။*"[155] သူမ အနေဖြင့် သူမအမျိုးသားအား ကျန်းမာရေးစောင့်ရှောက်မှုရယူရန် ကူညီလိုသော်လည်း ကြီးမားသော ဆေးဝါး ကုသမှုစရိတ်များကြောင့် မည်သို့မျှမတတ်နိုင်ခဲ့ပေ။ "*ကျွန်မသူ့ကို ဆေးရုံကို ပို့ချင်ပေမယ့် ငွေကြေးအများကြီးကုန် ကျမှာစိုးတယ်။ ဒါကြောင့် ကျွန်မသူ့ကို အိမ်မှာပဲထားတယ်။*"[156]

၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ထောင်ချခံခဲ့ရသော ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသား တစ်ဦးက စစ်ကြောရေးတွင်နှိပ်စက်ခံရပြီး ရရှိခဲ့သောဒဏ်ရာများကြောင့် ၎င်း၏ နေ့စဉ်ဘဝတွင်လည်း ဆက်လက်ခံစားရလျက်ရှိကြောင်းကို ဤကဲ့သို့ ရှင်းပြခဲ့သည်။ "*ကျွန်တော့်သွားတွေက မခိုင်တော့ဘူး။ သူတို့ တွေ တစ်ချောင်းပြီးတစ်ချောင်း ကျိုးကုန်တယ်။ ကျွန်တော် အစားအစာတွေကို မဝါးစားနိုင်တော့ဘူး။ အဲ့ဒါ ကြောင့် ကျွန်တော့်အစာအိမ်ရောဂါကလည်း ပိုပိုပြီးဆိုးလာတယ်။ သူတို့က ကျွန်တော့်ကို ရိုက်နှက်ခဲ့တယ်။ အထူးသဖြင့် အေးတဲ့ရာသီတွေမှာဆို ကျွန်တော်အရမ်းနာကျင်ခံစားရတယ်။ ဒါကြောင့် ကျွန်တော်ဆေးတွေ သောက်နေရတယ်။*"[157]

တပ်မတော်၏လူ့အခွင့်အရေးချိုးဖောက်မှုများကို ခံစားရသူများသည် စိတ်ရောဂါဝေဒနာမျိုးစုံကို ခံစားကြရပြီး ၎င်းတို့၏ နေ့စဉ်ဘဝကိုလည်း သက်ရောက်မှုရှိစေသည်။ လွန်ခဲ့သည့်ဆယ်နှစ်ခန့်က တပ်မတော်အတွက် ပေါ်တာထမ်းပေးခဲ့ရသော ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက သူ့အနေဖြင့် စိုးရိမ်ပူပန်မှုများနှင့် စိတ်မလုံခြုံမှုများကြောင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ရန် အခက်တွေ့ ခဲ့ကြောင်းကို ရှင်းပြခဲ့သည်။ "*ကျွန်တော်အရမ်းကြောက်နေခဲ့ပြီးတော့ တပ်မတော်လို့ပြောတာနဲ့ စိတ်ကိုမထိန်း နိုင်အောင် ဖြစ်ခဲ့ရတယ်။ ကျွန်တော် ကြောက်နေတဲ့အချိန်ဆို အသက်မွေးဝမ်းကျောင်းအလုပ်ကို လုပ်ဖို့အတွက် စိတ်ထဲမှာ မလုံခြုံသလိုခံစားရတယ်။ အဲ့ဒီအတွက် ကျွန်တော့်မိသားစုက အစားအသောက် မလုံလောက်တာတွေ ရင်ဆိုင်ရတယ်။*"[158] လူ့အခွင့်အရေးချိုးဖောက်မှုများအား တွေ့ကြုံခံစားရသော အရပ်သားအရေအတွက် များလာခြင်းကိုကြည့်ခြင်းအားဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိလူဦးရေအများစုမှာ စိတ်ဒဏ်ရာရပြီးနောက်ပိုင်း စိတ်ကျရောဂါကြောင့် စိတ်မငြိမ်မသက်ဖြစ်ရခြင်းများ ခံစားရလျက်ရှိသည်။ ခင်ပွန်းဖြစ်သူ ထောင်အတွင်း သေဆုံးခဲ့ရသည့် ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက ခင်ပွန်းသည်နှင့်အတူ ထောင်ချခံခဲ့ရ

[154] Source #17 တွင် ကြည့်ပါ။
[155] Source #62 တွင် ကြည့်ပါ။
[156] Source #62 တွင် ကြည့်ပါ။
[157] Source #19 တွင် ကြည့်ပါ။
[158] Source #50 တွင် ကြည့်ပါ။

သူများအနေဖြင့် ညှဉ်းပမ်းနှိပ်စက်မှုများကိုခံစားရပြီး စိတ်ရောဂါများ ခံစားရလျက်ရှိကြောင်းကို ဖော်ပြခဲ့သည်။ *"သူဆုံးပြီးနောက် တစ်ပတ်ကြာတော့ သူ့သူငယ်ချင်းတွေ ထောင်ကလွတ်လာကြတယ်။ သူတို့စိတ်တွေ ပုံမှန်မဟုတ်ကြတော့ဘူး။ သူတို့တွေ ထောင်ထဲမှာနေတုန်းက အတွေ့အကြုံတွေပြန်ပြောပြတယ်။ သူတို့ပြောပြချက်အရ သူတို့ကိုစစ်ဆေးတဲ့အချိန်တုန်းက လျှပ်စစ်နဲ့တို့ခံခဲ့ရတယ်။ သူတို့နဲ့စကားပြောရင် အကြာကြီးစိုက်ကြည့်ပြီးမှ ပြန်ပြောဆိုလေ့ရှိတယ်။ သူတို့က အရင်လိုပုံမှန်မဟုတ်ကြတော့ဘူး။ သူတို့အခုဆို အလုပ်လည်း မလုပ်နိုင်တော့ဘူး။"* [159]

## ပညာရေးတွင် ထိခိုက်နစ်နာမှုများ

### ကျောင်းတက်ခွင့်မရခြင်း၊ ကျောင်းပစ္စည်းများအား ဖျက်ဆီးခြင်းနှင့် စာသင်ခန်းများအား နှောင့်ယှက်ခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများက တိုက်ပွဲများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် သွားလာခွင့်ပိတ်ပင်မှုများသည် ကလေးများအား အရည်အသွေးမီပညာရေးရရှိရန်အတွက် အတားအဆီး ဖြစ်စေပါသည်။ တပ်မတော်သည် ၎င်းတို့၏ အရပ်သားများအပေါ် စနစ်တကျတိုက်ခိုက်မှုတစ်ရပ်အနေနှင့် ပညာရေးဆိုင်ရာအဆောက်အဦးများအား ဖျက်ဆီးခြင်းများကို ပြုလုပ်ခဲ့ကြောင်း အများစုက တင်ပြခဲ့သည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက စာသင်ကျောင်းများအပါအဝင် သူ၏ကျေးရွာတစ်ခုလုံး စစ်တပ်၏ဖျက်ဆီးခြင်းကို ခံစားခဲ့ရကြောင်း ရှင်းပြခဲ့သည်။ *"တပ်မတော်က ကျွန်တော်တို့ အိမ်တွေကို မီးရှို့ဖျက်ဆီးလိုက်တာ ဘာမှမကျန်တော့ဘူး။ သူတို့က ကျောင်းတွေနဲ့ ဘုရားကျောင်းတွေကိုလည်း မီးရှို့ခဲ့တယ်။"* [160] တိုက်ပွဲကြောင့် သူ၏ကလေးများ ကျောင်းမနေရကြောင်းကိုလည်း ဆက်လက်ဖော်ပြခဲ့သည်။ *"အဲ့ဒါက ကျွန်တော်တို့ကလေးတွေရဲ့ပညာရေးကို ထိခိုက်မှုရှိစေခဲ့တယ်။ ဆရာတွေက ကလေးတွေကို စာမသင်နိုင်သလို ကလေးတွေကလည်း ကျောင်းမသွားရတော့ဘူး။ ဒါကြောင့် သူတို့တွေ ဘာမှမသင်ယူနိုင်တော့ စာမတတ်တဲ့သူတွေ ဖြစ်ကုန်တယ်။"* [161]

ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးကလည်း ကရင်ကလေးအများစုသည် ကျောင်းထွက်ရပြီး မိသားစု၏လယ်ယာလုပ်ငန်းများတွင် ဝင်ကူနေရသည်နှင့်ပတ်သက်ပြီး ရှင်းပြခဲ့သည်။[162] ထို့အပြင် လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သော အတင်းအဓမ္မစေခိုင်းမှုများသည်လည်း ကရင်လူငယ်များအား ပညာသင်ကြားခွင့်ရရှိရန် အတားအဆီးဖြစ်စေခဲ့သည်။ သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးငယ်တစ်ဦးအား သူမအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုခံရခြင်း ရှိမရှိနှင့်ပတ်သက်ပြီး မေးမြန်းခဲ့သည့်အခါ သူမသည် တပ်မတော်အတွက် ပေါ်တာလိုက်ခဲ့ရသောကြောင့် ကျောင်းထွက်ခဲ့ရကြောင်းကို ဝမ်းနည်းစွာဖြင့် ပြောပြခဲ့သည်။ *"ဖြတ်လေးဖြတ်ကာလတုန်းက ကျွန်မတို့ ကျောင်းမတက်နိုင်ခဲ့ဘူး။ တပ်မတော်က ကျောင်းသားတွေနဲ့ ဆရာမတွေကို ဖမ်းပြီး အတင်းပေါ်တာလိုက်ခိုင်းခဲ့တယ်။ သူတို့ရဲ့ထောက်ပံ့ရေးပစ္စည်းတွေကို ကျွန်မတို့ ကူသယ်ပေးခဲ့ရတယ်။ ဒါကြောင့် ကျွန်မတို့ အထက်တန်းပညာ မသင်ခဲ့ရဘူး။ ဒါက ကျွန်မရသင့်တဲ့ အခွင့်အရေးဖြစ်တယ်။"* [163]

သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ ကျောင်းဆရာမတစ်ဦးကလည်း လက်နက်ကိုင်တပ်ဖွဲ့များအကြား ပစ်ခတ်မှုများကြောင့် ကျောင်းစာသင်ချိန်များကို အနှောင့်အယှက်ဖြစ်စေပြီး သူမ၏ကလေးများအနေဖြင့်လည်း မကြာခဏဆိုသလို အပြန်အလှန်ပစ်ခတ်မှုများကြားတွင်ညှပ်နေတတ်ကြောင်း ဖော်ပြခဲ့သည်။ *"ကျွန်မတို့ လုံခြုံရေးအခြေအနေကြောင့် စာကောင်းကောင်းမသင်ရဘူး။ ကျွန်မဆိုရင် ကလေးတွေပုန်းဖို့အတွက် တွင်းတူးရတယ်။ သေနတ်သံကြားပြီဆိုတာနဲ့ ကျွန်မတို့အားလုံး အဲ့ဒီတွင်းထဲဝင်ရတယ်။ တကယ်လို့ တိုက်ပွဲဖြစ်နေတုန်း ကျွန်မတို့*

[159] Source #20 တွင် ကြည့်ပါ။
[160] Source #47 တွင် ကြည့်ပါ။
[161] Source #47 တွင် ကြည့်ပါ။
[162] Source #23 တွင် ကြည့်ပါ။
[163] Source #18 တွင် ကြည့်ပါ။

*လျှောက်ပြေးနေရင် ကျွန်မတို့ကိုကျည်မှန်လိမ့်မယ်။"*[164] ပဋိပက္ခကာလအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများကို မြင်တွေ့နေရသော အထူးသဖြင့် စိတ်ဖိစီးမှုဒဏ်အား ခံနိုင်ရည်မရှိသည့် ကလေးများအတွက် စိတ်ဒဏ်ရာကို ရရှိစေနိုင်သည်။ စိုးရိမ်သောကများခြင်းနှင့် စိတ်ဓါတ်ကျခြင်းကဲ့သို့သော စိတ်ဒဏ်ရာရပြီးနောက်ပိုင်း စိတ်ကျရောဂါကြောင့် စိတ်မငြိမ်မသက်ဖြစ်ခြင်းနှင့် အခြားသောကြိုတင်ခန့်မှန်းနိုင်သည့် စိတ်ရောဂါများသည် ၎င်းတို့အသက်ကြီးလာသည့်တိုင် ဆက်လက်ပြီး ရောဂါလက္ခဏာပြလာနိုင်သည်။ ထိုရောဂါများသည် ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် တွင် သိသာထင်ရှားစွာ သက်ရောက်မှုရှိစေပြီး ၎င်းတို့၏ သိမြင်ခြင်းများ၊အာရုံစူးစိုက်မှုနှင့် သတင်းအချက်အလက် လက်ခံနိုင်မှုများအပေါ် တွင် ထိခိုက်မှုရှိစေသည်။[165]

## လက်နက်ကိုင်ပဋိပက္ခများကြောင့် နေရပ်စွန့်ခွါရခြင်း

လက်နက်ကိုင်ပဋိပက္ခများကြောင့် နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းများသည် ကရင်ကလေးငယ်များအား အရည်အသွေးပြည့်မီသော ပညာရေးရရှိခြင်းကို ဆိုးရွားစွာအကျိုးသက်ရောက်မှုများဖြစ်စေကြောင်း မေးခွန်းဖြေကြားသူအများစုက ဖော်ပြခဲ့သည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက *"လက်နက်ကိုင်တိုက်ပွဲတွေနဲ့ နေရပ်ရွှေ့ပြောင်းနေထိုင်ရတာတွေက ကျွန်တော်တို့ရဲ့ ကလေးတွေကိုကျောင်းမသွားနိုင်အောင် တားဆီးခဲ့တယ်။ ကျွန်တော်တို့ရဲ့ ကလေးငယ်တွေကို ပညာရေးမှာ နောက်ကျမကျန်ရအောင်လို့ ကျောင်းပြင်ပပညာသင်ကြားရေးတွေလုပ်ပေးတယ်။ တောထဲမှာ ကျွန်တော်တို့ထွက်ပြေးနေရတုန်းက သူတို့ကို အခြေခံစာရေးစာဖတ်သင်တာ၊ ပညာသင်ကြားတာတွေကို သစ်ပင်တွေအောက်မှာ လုပ်ပေးခဲ့ရတယ်။"*[166] အချို့သောပြည်သူများမှာ ဗမာလူမျိုးများသောနေရာများသို့ အတင်းအဓမ္မရွှေ့ပြောင်းခံခဲ့ရပြီး ကလေးများအနေဖြင့် ထိုဒေသမှ အစိုးရကျောင်းများကို တက်ရောက်ခွင့်ရသော်လည်း စာလိုက်နိုင်ရန်အတွက် လိုအပ်သည့်ဗမာစကားစွမ်းရည် မရှိကြပါ။ မြိတ်-ထားဝယ်ခရိုင်၊လယ်မူလာမြို့နယ်မှအမျိုးသားတစ်ဦးက *"ကျွန်တော်တို့မြို့ကိုပြောင်းတော့ကျွန်တော့်ကလေးတွေက ဗမာကလေးတွေနဲ့နေရတယ်။ ကျွန်တော့်ကလေးတွေအတွက် မြန်မာအစိုးရကျောင်းမှာ စာသင်ယူရတာအရမ်းခက်ခဲခဲ့တယ်။"*[167] အခြားသော နေရပ်ရွှေ့ပြောင်းနေထိုင်သူများကဲ့သို့ပင် ထိုသူအနေနှင့်လည်း ၎င်း၏နေရပ်သို့ ပြန်လာသည့်အခါတွင် ပညာရေးအပါအဝင် အခြေခံဝန်ဆောင်မှုများကို မရရှိခဲ့ပေ။ ထိုအခြေအနေကသူ၏ကလေးများအား ကျောင်းထွက်စေသည်အထိ ဖြစ်ခဲ့သည်။ *"အဲ့ဒီနောက်မှာ ကျွန်တော်တို့တောင်ပေါ်ကျေးရွာကို ပြန်လာခဲ့တယ်။ အဲ့ဒီမှာ ကျွန်တော့်ကလေးတွေ ကျောင်းဆက်မတက်ရတော့ဘူး။ ကျွန်တော်တို့ဘဝကို အစကနေပြန်စရတယ်။"*[168]

ပညာသင်ကြားခွင့်မရခြင်းအပြင် တပ်မတော်မှကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် နေရပ်ရွှေ့ပြောင်းနေထိုင်ရသူကလေးများသည် လက်နက်ကိုင်အဖွဲ့များ၏ တပ်သားစုဆောင်းခြင်းများကို ခံစားကြရသည်။ ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက အသက် ၁၃ နှစ်အရွယ်တွင် KNLA ၏တပ်သားသစ်အဖြစ် စာရင်းသွင်းခြင်းမတိုင်ခင်အချိန် သူမ၏အတွေ့အကြုံကို ဤသို့တင်ပြခဲ့သည်။ *"ကျွန်မတို့အမြဲတမ်းပဲထွက်ပြေးနေရတော့ ကျောင်းမတက်ခဲ့ရဘူး။ တိုက်ပွဲဖြစ်တိုင်း ကျောင်းအောက်ကို အမြန်ပြေးဝင်ရလို့ ကျွန်မတို့ ၁ တန်းကနေ ၃ တန်းအထိ အကြောက်တရားနဲ့ စာသင်ခဲ့ရတယ်။ ကျွန်မ ၄ တန်းရောက်တော့ ကျွန်မကျောင်းလုံးဝ မတက်ရတော့ဘူး။ တိုက်ပွဲပြင်းထန်တဲ့အတွက် ကျွန်မအနေဖြင့် နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ရတယ်။ ဒါတွေအားလုံးက ကျွန်မရဲ့ ပညာသင်ကြားခွင့်ကို ချိုးဖောက်ခံခဲ့ရတဲ့အကြောင်းအရင်းပဲ။"*[169]

[164] Source #51 တွင် ကြည့်ပါ။

[165] Psychology Today [blog] မှ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် ထုတ်ဝေသော "The Invisible Trauma of War-Affected Children", တွင်ကြည့်ပါ။

[166] Source #23 တွင် ကြည့်ပါ။

[167] Source #5 တွင် ကြည့်ပါ။

[168] Source #5 တွင် ကြည့်ပါ။

[169] Source #63 တွင် ကြည့်ပါ။

## လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ပညာရေးသင်ကြားရန် မတတ်နိုင်ခြင်း

အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများတွင် မိသားစုအများအပြားသည် အိမ်ထောင်ဦးစီး ဆုံးပါးသွားသည့်အတွက် ၎င်းတို့၏ကလေးများအား ပညာသင်ကြားပေးရန် အခက်အခဲကြုံတွေ့ရသည်။ အဓိကအကြောင်းရင်းမှာ ကျူရှင်လခမတတ်နိုင်ခြင်းနှင့် ကျောင်းပုံနှိပ်စာအုပ်များ သို့မဟုတ် ကျောင်းတက်ရန်အတွက် လိုအပ်သောပစ္စည်းများဝယ်ယူရန် မတတ်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်ဟု ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦး၏ ပြောကြားချက်အရသိရသည်။ *"ကျွန်တော့်အမျိုးသမီးက ကလေးတွေကို ကျောင်းပို့ဖို့ မြေတွေရောင်းလိုက်ရတယ်။"* [170] သူမရှိသည့်အတွက် သူ၏ကလေးများ ပညာမသင်ကြားခဲ့ရသည်နှင့် ပတ်သက်ပြီး နောင်တရကြောင်းကိုလည်း ဤသို့ထပ်လောင်းပြောခဲ့သည်။ *"ကျွန်တော့်ကလေးတွေက ပညာသင်ချင်ပေမယ့် မသင်ရဘူး။ ဒါကြောင့်သူတို့ကို တခြားသူတွေက အထင်သေးကြတယ်။"* [171]

အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများတွင် အိမ်ထောင်ဦးစီးဆုံးပါးသွားသော မိသားစုများအနေဖြင့် ထိုသေဆုံးမှု၏ နောက်ဆက်တွဲအကျိုးဆက်ဖြစ်သော စီးပွားရေးနှင့်ပညာရေးဆိုင်ရာ အခက်အခဲများကိုလည်း ရင်ဆိုင်ကြုံတွေ့ကြရသည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက အကျဉ်းထောင်ထဲတွင် သူမ၏အမျိုးသားဆုံးပါးသွားသည့်အတွက် ကလေးများ၏ပညာရေးတွင် သက်ရောက်မှုရှိကြောင်းကို ဤသို့ရှင်းပြခဲ့ပါသည်။ *"ကျွန်မတို့က မိသားစုမစုံလင်တော့ဘူးဆိုတော့ တစ်ခါတစ်လေ အခက်အခဲတွေ ပင်ပန်းဆင်းရဲမှုတွေ ခံစားရတယ်။ ကျွန်မကလေးတွေကို ကျောင်းမပို့နိုင်ဘူး။ ကျွန်မတစ်ယောက်ထဲ မတတ်နိုင်တော့ သူတို့ရဲ့ ဦးလေးတွေ အဒေါ်တွေကို အကူအညီတောင်းခဲ့ရတယ်။ ကျွန်မသားအကြီးဆိုရင် ဆယ်တန်းမပြီးဘူး။ ကျွန်မတို့သူ့ကို ဆက်မပို့နိုင်တော့လို့ သူကျောင်းထွက်ခဲ့ရတယ်။"*[172] သူမ၏ သူငယ်ချင်း ၆ ဦးလည်း ၎င်းတို့၏ အမျိုးသားများ ထောင်ထဲတွင် ဆုံးပါးသွားကြသည့်အတွက် အလားတူအခြေအနေမျိုးကို ကြုံတွေ့ရကြောင်း တင်ပြခဲ့သည်။[173]

မြေယာသိမ်းယူမှုများကြောင့် ဝင်ငွေဆုံးရှုံးသည့်အတွက် အိမ်ထောင်အများစုမှာ ကလေးကျူရှင်လခပေးရန် မတတ်နိုင်တော့သည့် အခြေအနေများလည်း ဖြစ်ပေါ် စေခဲ့သည်။ ဤအခြေအနေကို ၁၉၉၃ ခုနှစ်က ဘုရင့်နောင် တပ်စခန်းနှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာန၏ မြေသိမ်းခြင်းခံရသော တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ တောင်သူတစ်ဦးက ဖော်ပြခဲ့သည်။ *"သူတို့က ကျွန်မတို့ရဲ့မြေတွေ၊ ဥယျာဉ်ခြံနဲ့ တောင်ယာတွေကို သိမ်းတယ်။ ကျွန်မတို့ကိုယ့်မြေပေါ် ကိုယ်အလုပ်မလုပ်နိုင်တော့ဘူး။ ကျွန်မတို့ကလေးတွေလည်း ကျောင်းမတက်နိုင်တော့ဘူး။"* [174] ၂၀၁၃ ခုနှစ်က ပုဂ္ဂလိကကုမ္ပဏီတစ်ခု၏ မြေယာသိမ်းခြင်းကို ခံခဲ့ရသည့်အတွက် နေရပ်ပြောင်းရွှေ့နေထိုင်ခဲ့ရသူ မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်မှ ဗမာလူမျိုး အမျိုးသားတစ်ဦးကလည်း အလားတူအခက်အခဲကို ဖော်ပြခဲ့သည်။ *"ကျွန်တော်တို့မြေတွေ အသိမ်းခံရပြီးတာနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ဖို့ အခက်အခဲ တွေ့ရတယ်။ ကျွန်တော်တို့ လယ်လုပ်လို့ မရတော့တဲ့အတွက် ကျွန်တော်တို့ရဲ့ အခြေအနေ တော်တော်ဆိုးရွားလာတယ်။ အဲ့ဒါက ကျွန်တော်တို့ကလေးတွေရဲ့ ပညာရေးကိုလည်း သက်ရောက်မှုရှိတယ်။"* [175]

[170] Source #19 တွင် ကြည့်ပါ။
[171] Source #19 တွင် ကြည့်ပါ။
[172] Source #20 တွင် ကြည့်ပါ။
[173] Source #20 တွင် ကြည့်ပါ။
[174] Source #43 တွင် ကြည့်ပါ။
[175] Source #64 တွင် ကြည့်ပါ။

# ဓာတ်ပုံများ။ ။အပစ်ခတ်ရပ်စဲရေးမတိုင်မီက လူ့အခွင့်အရေးချိုးဖောက်မှုများ - ဆက်လက်ခံစားရလျက်ရှိသောအမွေဆိုး



ဤပုံကို ၂၀၀၇ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့၌ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ စစ်ကွပ်ကဲအခြေစိုက်(စကခ)အမှတ်(၅)တပ်မတော်စစ်ကြောင်းလေးကြောင်းမှ ရွာအတွင်းသို့ ဝင်ရောက်ခဲ့ခြင်းကြောင့် ရွာသားများ ထွက်ပြေးခဲ့ရခြင်းဖြစ်သည်။ ထိုတပ်မတော်စစ်သားများသည် ရွာသူရွာသားများ၏ပိုင်ဆိုင်မှုများကို ဖျက်ဆီးခဲ့ပြီး တန်းဖိုးရှိသောအရာများကို ခိုးယူခဲ့သည့်အပြင် ရွာသား(၂) ဦးကိုလည်း သတ်ဖြတ်ခဲ့ပါသည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့၌ တောင်ငူခရိုင်၊ ထန်းတစ်ပင်မြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ ထန်းတစ်ပင်မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာအတွင်းမှ ဒေသခံရွာသူရွာသားများကို တပ်မတော်မှ အဓမ္မရွှေ့ပြောင်းခိုင်းသောပုံဖြစ်သည်။ ရွာသူရွာသားများသည် စားနပ်ရိက္ခာပြတ်လပ်မှုများ၊ ခိုလှုံရန်နေရာထိုင်ခင်းနည်းပါးခြင်းနှင့် ရွှေ့ပြောင်းနေထိုင်ရသည့် နေရာများတွင် အလုပ်လုပ်ရန် အခွင့်အလမ်းနည်းပါးခြင်းတို့ကို ကြုံတွေ့နေရသည်။ ယခုအချိန်တွင် ရွာသူရွာသားများသည် နေရာသစ်သို့ ပြောင်းရွှေ့ နေထိုင်ရန်ကြိုးပမ်းနေကြသည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့၌ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ စစ်ကွပ်ကဲအခြေစိုက် အမှတ်(၁၆)မှ ရွာသူရွာသားများအား အခြားရွာတစ်ရွာသို့ အဓမ္မရွှေ့ပြောင်းစေခဲ့ခြင်းကြောင့် ရွာသူရွာသားများ အနေဖြင့် မြစ်ချောင်းတစ်လျှောက်၌ သွားလာနေရသည့် ပုံဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့၌ ဖာပွန်ခရိုင်၊ လူသောမြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ မြစ်ချောင်းဘေးတွင် ယာယီရွှေ့ပြောင်းနေထိုင်ရသော ရွာသူရွာသားများ၏ပုံကို ဖော်ပြခြင်းဖြစ်သည်။ ရွာသူရွာသားများသည် မည်သည့်နေရာတွင် အခြေချနေထိုင်ရမည် (သို့မဟုတ်) မည်သည့်နေရာတွင် သီးနှံပင်များကို စိုက်ပျိုးရမည်ကို မသိသေးပါ။ *[ဓာတ်ပုံ- KHRG]*




ဤပုံကို ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့၌ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ နေရပ်ရွှေ့ပြောင်းနေထိုင်ရသော မိခင်တစ်ဦးမှ သူမ၏ (၉)လသားအရွယ်ကလေးကို ကုသပေးရန် ဆေးဝါးများမရှိပါ။ သူမသည် ရိုးရာတိုင်းရင်းဆေးများကို ကြိုးစားသုံးနေသော်လည်း ထိရောက်မှုမရှိပေ။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့၌ ဖာပွန်ခရိုင်၊ လူသောမြို့နယ်တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ပုံမှာ ၂၀၀၆ ခုနှစ်၊ မေလတွင် (၂)နှစ်အရွယ် မိန်းကလေးငယ်သည် သူမ၏မိသားစုမှ နေရပ်ရွှေ့ပြောင်းနေထိုင်ရသည့်အချိန်တွင် နာမကျန်းဖြစ်ခဲ့ပါသည်။ သင့်တင့်လျောက်ပတ်သည့် ဆေးဝါးကုသမှုကို သူမ မရရှိခဲ့သည့်အတွက် ၂၀၀၆ ခုနှစ်၊နိုဝင်ဘာလ ၂၉ ရက်နေ့တွင် သေဆုံးခဲ့ပါသည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့၌ ဖာပွန်ခရိုင်၊ လူသောမြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ အမျိုးသမီးတစ်ဦးမှ တောထဲမှာ ရွှေ့ပြောင်းနေထိုင်ခဲ့ရချိန်အတွင်း မီးဖွားခဲ့ခြင်းဖြစ်သည်။ သူမသည် ကွင်းဆင်းကျန်းမာရေးလုပ်သားတစ်ဦးထံမှ ဆေးဝါးစောင့်ရှောက်မှု ရယူခဲ့ပါသည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့၌ ဖာပွန်ခရိုင်၊ လူသောမြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ နေရပ်ရွှေ့ပြောင်းနေထိုင်ရသော ကလေးသူငယ်များမှ ကျွဲများထားရာနေရာကို စာသင်ခန်းအဖြစ် အသုံးပြုနေရပုံကို ဖော်ပြခြင်းဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*




ဤပုံကို ၂၀၀၇ ခုနှစ်၊ မတ်လ၌ ဖာပွန်ခရိုင်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ ၂၀၀၇ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ညနေ (၃) နာရီခွဲ ဝန်းကျင်တွင် ဖလားဒေးသဒါးဒေသရှိ ရွာသူရွာသားများအား တပ်မတော်ခြေမြန်တပ်ရင်း အမှတ် (၅၀၁)မှ ပစ်သတ်ခဲ့ခြင်းကို ဖော်ပြထားပါသည်။ တပ်မတော်မှ ရွာသူရွာသားများ၏အိမ်များနှင့် လယ်ယာများကို မီးရှို့ဖျက်ဆီးခဲ့ပြီးနောက် ရွာသူရွာသားများမှ စားနပ်ရိက္ခာပြတ်လပ်မှုများနှင့် ရင်ဆိုင်ခဲ့သည့်အတွက် ၎င်းတို့မှ စားစရာများအား ရှာဖွေနေရခြင်းဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၀၇ ခုနှစ်၌ တောင်ငူခရိုင်၊ ထန်းတစ်ပင်မြို့နယ်တွင် ရိုက်ယူခဲ့သည်။ ပုံမှာ ရွာသူရွာသားများမှ နအဖ၏ကန့်သတ်နယ်မြေ ပြင်ပသို့သွားလာနိုင်ရန် ခွင့်ပြုထားသော တစ်ပတ်စာခရီးသွား ထောက်ခံစာကို ဖော်ပြထားခြင်းဖြစ်သည်။ နအဖမှ ထောက်ခံစာမပါဘဲ သွားလာသော ရွာသူရွာသားများအား ဖမ်းဆီးခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့သည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ၌ ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့၌ ၃၅ နှစ်အရွယ်ရှိ ရွာသားတစ်ဦးအား စစ်ကြောင်းမှူးရဲနောင်ဦးဆောင်သည့် ခြေမြန်တပ်ရင်းအမှတ် (၄၁၆)၊ စစ်ကြောင်း (၂)မှ ဖမ်းဆီးထိန်းချုပ်ခဲ့ပြီး ပေါ်တာအဖြစ် အဓမ္မခိုင်းစေခိုင်းခဲ့ပါသည်။ ထိုရွာသားသည် ကရင်အမျိုးသားလွတ်မြောက်ရေး (KNLA) စစ်သားတစ်ဦးအဖြစ် စွပ်စွဲခံခဲ့ရပြီး အကြိမ်ပေါင်းမြောက်မြားစွာ ညှဉ်းပန်းနှိပ်စက်ကို ခံခဲ့ရသည်။ ညတိုင်း ထိုရွာသားအား သစ်ပင်မှာချည်နှောင်ခဲပြီး ၎င်းကိုရိုက်ခြင်း၊ ကန်ခြင်း၊ သေနတ်ဒင်ဖြင့်ထုခြင်း၊ ဓါးဖြင့်ထိုးခြင်းနှင့် မီးရှို့ခြင်းများ ပြုလုပ်ခဲ့ပါသည်။ တပ်မတော်စစ်သားများမှ သူ့၏နားရွက်အောက်နားရှိ အသားစများကို ဖြတ်တောက်ခဲ့ပြီး လည်ချောင်းကိုလည်း ဓါးဖြင့်လှီးခဲ့သည်။ ဒင်္ဂါးငွေ (၂) သောင်းကျပ်နှင့်အတူ ကြက်များ၊ မုန့်များနှင့် ဆေးပေါ့လိပ်များကို သူ၏ရွာလူကြီးမှ တပ်မတော်စစ်သားများအား ပေးဆောင်ခဲ့သည့်နောက်ပိုင်းတွင် သူ့ကိုလွတ်ငြိမ်းခွင့်ပေးခဲ့သည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့၌ ဖာပွန်ခရိုင်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ ရွာသူရွာသားများရိတ်သိမ်းခဲ့သော စပါးပုံကို တပ်မတော် ခြေလျင်တပ်ရင်းအမှတ် (၃၅)၊ စစ်ကြောင်း (၁)နှင့် (၂)မှ မီးရှို့ဖျက်ဆီးခဲ့ခြင်းကို ဖော်ပြထားခြင်းဖြစ်သည်။ လယ်ပိုင်ရှင်ကိုလည်း သူတို့ကပစ်သတ်ခဲ့ပါသည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့၌ တောင်ငူခရိုင်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ ဟီဒေါ်ခေါ်ကျေးရွာကို တပ်မတော် ခြေလျင်တပ်ရင်းအမှတ်(၇၅)မှ မီးရှို့ဖျက်ဆီးခဲ့ခြင်းကို ဖော်ပြထားခြင်းဖြစ်သည်။ ရွာသူရွာသားများမှ မိမိတို့၏အသက်လွတ်မြောက်ရေးအတွက် ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး မိမိတို့အိမ်များ မီးလောင်ပျက်စီးတာကို မြင်တွေ့ခဲ့ရပါသည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၀၄ ခုနှစ်၊ မေလ၌ သထုံခရိုင်၊ ဘားအံမြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ နအဖမှ ရွာသူရွာသားများအား ကျိုက်ကော်-လေးကေ့လမ်းဆောက်လုပ်ရေးတွင် အဓမ္မခိုင်းစေခဲ့ပါသည်။ လမ်းဆောက်လုပ်ရေးလုပ်ငန်းတွင် အဓမ္မခိုင်းစေခံခဲ့ရသူအများစုမှာ ဆယ်ကျော်သက်မိန်းကလေးများနှင့် ကလေးသူငယ်များဖြစ်ပါသည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၀၇ ခုနှစ်၌ သထုံခရိုင်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ အမျိုးသမီးတစ်ဦးမှ ပိုလ်မှူးမွန်ဇော်ဦးလက်အောက်ရှိ တပ်မတော်ခြေမြန်တပ်ရင်း အမှတ် (၁၀၂)အတွက် အရက်သောက်ရန်ပြင်ဆင်ပေးနေပုံကို ဖော်ပြထားခြင်းဖြစ်သည်။ ခြေမြန်တပ်ရင်းအမှတ် (၁၀၂)ထံသို့ သက်ကယ်အချပ် ၃၀၀ ပို့ဆောင်ပေးရန်လည်း သူမအား အမိန့်ပေးခဲ့သည်။ *[ဓာတ်ပုံ- KHRG]*




အထက်ပါပုံများကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ အတွင်း၌ ဖာပွန်ခရိုင်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ နယ်ခြားစောင့်တပ်၊ တပ်မတော်တပ်မ အမှတ် (၁၁) နှင့် ခြေမြန်တပ်ရင်းအမှတ် (၂၁၃)ရှိ စစ်ကြောင်းမှူးမှ ရွာသူရွာသားများအား ဆန်အိတ် ၆၀၀ ကျော်ကို ၎င်းတို့စစ်တပ်စခန်းသို့ သယ်ယူပို့ဆောင်ပေးရန် အမိန့်ခိုင်းစေခဲ့သည်။ ပထမပုံတွင် ဖော်ပြထားသည့် စာရင်းထဲတွင်နာမည်ပါဝင်သည့် ရွာသူရွာသားများမှ တစ်နှစ်ပတ်လုံး ပေါ်တာအဖြစ်ခိုင်းစေခြင်းကို ခံခဲ့ရသည်။ *[ဓာတ်ပုံများ- KHRG]*

# အခန်း (၂)။ ။ NCA ရေးထိုးပြီးနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အခြေအနေများ

**အဓိကရှာဖွေတွေ့ရှိချက်များ**

၁။ ပဏာမ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး ဖြစ်စဉ်တစ်လျှောက်တွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံအခြေအနေများ တိုးတက်ကောင်းမွန်လာခဲ့ပါသည်။ လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်မှု ပိုမိုများပြားလာသည့်အတွက်ကြောင့် ဒေသခံများသည် ၎င်းတို့၏ စားဝတ်နေရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခွင့် ရရှိလာကြသည်။ သို့သော် အချို့သောလူမှုအသိုက်အဝန်းများအနေဖြင့် နေရပ်ရွှေ့ပြောင်းနေထိုင်မှုများ၊ မြေယာမရှိခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း မရှိခြင်းများကြောင့် အခက်အခဲများ ရင်ဆိုင်နေရဆဲဖြစ်သည်။

၂။ အချို့သော မေးခွန်းဖြေကြားသူများက လက်နက်ကိုင်များဖြစ်သည့် တပ်မတော်၊ BGF၊ KNLA နှင့် DKBA ခွဲထွက်အဖွဲ့များကြား ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများနှင့် တခါတရံ နေရပ်ရွှေ့ပြောင်းနေထိုင်စေမှုများ ရှိနေသေးသော်လည်း ၎င်းတို့အနေဖြင့် အပစ်အခတ်ရပ်စဲရေးမတိုင်မီ ကာလကထက်စာလျှင် ပိုမိုလုံခြုံသည်ဟု ခံစားရကြောင်း တင်ပြခဲ့ပါသည်။


၃။ အစဉ်အလာအရ လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သည့် သတ်ဖြတ်မှုများ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် ကျားမအခြေပြု အကြမ်းဖက်မှုများ၊ ကလေးအခွင့်အရေး ချိုးဖောက်မှုများ၊ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ဘာသာရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုများ၊ အတင်းအဓမ္မလုပ်အားပေး ခိုင်းစေမှုများနှင့် အဓမ္မငွေတောင်းခံခြင်းများမှာ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဆက်လက်ဖြစ်ပွားလျက်ရှိနေပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှု ပုံစံအသစ်များဖြစ်သည့် မြေယာသိမ်းယူမှုများပိုမိုများပြားလာခြင်း၊ သဘာဝသယံဇာတအသုံးပြုခြင်းနှင့်ပတ်သက်၍ ကျေးလက်နေ ကရင်လူထုများ၏အခွင့်အရေးများအပေါ် လုံးဝလေးစားမှုမရှိခြင်းလည်း ပါဝင်ပါသည်။

၄။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သည့် ရွာသားအမြောက်အများသည် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အခြေခံဗဟုသုတပင်မရှိကြောင်း တွေ့ရှိရသည်။ သို့သော် ဒေသခံအများစုက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုလေ့လာလိုစိတ်ရှိပြီး ဆုံးဖြတ်ချက်ချသူများနှင့်လက်တွဲကာ ၎င်းတို့၏ အကြံပြုချက်များအားတင်ပြပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန် ကူညီဆောင်ရွက်လိုကြသည်။

၅။ အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်များအား ထပ်ခါတလဲလဲချိုးဖောက်မှုများရှိခြင်း၊ စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများ ဆက်လက်ပြုလုပ်နေခြင်း၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်နှင့် မြန်မာ့တပ်မတော်တို့အကြား ပစ်ခတ်နေမှုများရှိနေခြင်းအပြင် မြန်မာစစ်တပ်၏ မြေယာသိမ်းယူမှုများနှင့် ဒေသခံများ၏ ဓလေ့ထုံးတမ်းမြေယာများအား စစ်တပ်၏အကျိုးအတွက် အသုံးပြုနေမှုတို့ကြောင့် ဒေသခံလူထုများကြားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ယုံကြည်မှုပျက်ပြားစေပါသည်။ မြန်မာနိုင်ငံ၏နှေးကွေးသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် ဒီမိုကရေစီသဘောထား ပြည့်ဝသည့် ဖက်ဒရယ်အစိုးရစနစ်အား တည်ဆောက်ရန်အတွက် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ထိခိုက်ပျက်ပြားမှုရှိနိုင်ကြောင်း တစ်ချို့သောမေးခွန်းဖြေကြားသူများက ဖော်ပြကြပါသည်။

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပဏာမသဘောတူညီမှုလက်မှတ် ရေးထိုးပြီးနောက်ပိုင်းတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသအချို့တွင် လူ့အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာအခြေအနေများ ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်ခဲ့ပြီး NCA ထိုးပြီးသည့်အချိန်အထိ တိုးတက်မှုများ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ ထိုတိုးတက်မှုများထဲတွင် လွတ်လပ်စွာသွားလာနေထိုင်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန် အခွင့်အလမ်းများ များပြားလာခြင်း၊ လုံခြုံစိတ်ချမှုပိုရှိလာခြင်း၊ ပညာသင်ကြားခွင့်ရရှိခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ခြင်းနှင့် KNU အပါအဝင် မြန်မာအစိုးရတာဝန်ရှိသူများနှင့် ထိတွေ့ဆက်ဆံမှုများ ပိုမိုပြုလုပ်ခွင့်ရရှိလာခြင်းတို့ ပါဝင်သည်။ အချို့သောမေးခွန်းဖြေကြားသူများက ၎င်းတို့အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နားလည်မှုမရှိသော်လည်း ၎င်းတို့၏ဘဝအခြေအနေမှာ ပိုမိုတိုးတက်ကောင်းမွန်လာကြောင်း တင်ပြခဲ့သည်။ ဥပမာအားဖြင့် ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက *"ကျွန်တော် အဲ့ဒါ [ငြိမ်းချမ်းရေး] နဲ့ ပတ်သက်ပြီး အခြေခံအကြောင်းအရင်းတွေဘာတွေနားမလည်ဘူး။ ပြီးတော့ အဲ့ဒါနဲ့ပတ်သက်ပြီး လေ့လာထားတာမရှိတော့ သူ့ရဲ့ လုပ်ငန်းစဉ်တွေ ရည်ရွယ်ချက်တွေကိုလည်းမသိဘူး။ ဒါပေမယ့် ဒီငြိမ်းချမ်းရေးက ကျွန်တော်နဲ့ ဆက်စပ်မှုရှိတယ်။ ဘာကြောင့်လဲဆိုရင် တိုက်ပွဲတွေမရှိတော့ ကျွန်တော်လည်း ပေါ်တာလိုက်စရာမလိုတော့ဘူး။"*[176]

အောက်တွင်ဖော်ပြထားသည့် ဇယားကွက်တွင် ဖြစ်ပေါ်နေသော အခြေအနေများ၏ အချိုးအစားကို ဖော်ပြထားသည်။




သို့သော် မေးခွန်းဖြေကြားသူအများစုက ယခုလက်ရှိအခြေအနေမှာ ရေရှည်တည်ငြိမ်မှုရှိသည်ဟု မခံစားရကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့ သို့တင်ပြခဲ့သည်။ ကံမကောင်းစွာဖြင့် လက်ရှိဆက်လက်ဖြစ်ပေါ်လျက်ရှိသော ငြိမ်းချမ်းရေးဖြစ်စဉ်အား သိရှိနားလည်ထားသူအများက ထိုငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် လျင်မြန်စွာ တိုးတက်မှုမရှိသကဲ့သို့ ခံစားနေကြရသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက *"ကျွန်တော်တို့ NCA ရဲ့ သဘောတူညီချက်တွေကို နားလည်ချင်တော့ အဲ့ဒီသဘောတူညီမှုတွေကိုဖတ်တယ်။ ဒါပေမယ့် များသောအားဖြင့် တပ်မတော်က ဒေသတွင်းသွားလာလုပ်ရှားနေတဲ့အချိန်တွေဆိုရင် ဒီသဘောတူညီချက်တွေကအချက်ကို တစ်ခါလောက်လိုက်နာရင် ကျန်တဲ့နှစ်ခါက မလိုက်နာဘူး။ ကျွန်တော်တို့ ဒီသဘောတူညီချက်ထဲကအချက်တွေကို တကယ်လိုက်နာမှ ယုံကြည်မှုတည်ဆောက်လို့ရမယ်။"*[177] အများစုက မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လက်နက်ကိုင်တိုက်ပွဲများ၊ အရပ်သားများနေထိုင်ရာ ဒေသများအတွင်း သို့မဟုတ်

[176] Source #50 တွင် ကြည့်ပါ။

[177] Source #35 တွင် ကြည့်ပါ။

အနီးတစ်ဝိုက်တွင် စစ်တပ်များ ပိုမိုတည်ရှိနေမှုများ၊ ဆက်လက်ဖြစ်ပွားလျက်ရှိသော လူ့အခွင့်အရေးချိုး ဖောက်မှုများအပြင် အခြေခံလူမှုဝန်ဆောင်မှုများရရှိရန် ခက်ခဲခြင်းနှင့်ပတ်သက်ပြီး ၎င်းတို့၏စိုးရိမ်မှုများကို ဖော်ပြကြသည်။

## (က) NCA ရေးထိုးပြီးနောက်ပိုင်း လူထုဘဝအခြေအနေများ

### (၁) မြေပြင်အခြေအနေများ

#### လွတ်လပ်စွာသွားလာခွင့်

ပဏာမအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ရေးထိုးပြီးနောက်ပိုင်းတွင် မြန်မာပြည်အရှေ့တောင်ပိုင်း၏ နေရာအတော်များများတွင် လက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲများလျော့နည်းသွားပြီး တပ်မတော်၏ သွားလာခွင့်ပိတ်ပင်မှုများ လျော့နည်းလာသည့်အတွက် အရပ်သားများအတွက် လွတ်လပ်စွာ သွားလာခွင့်ပိုမိုရရှိ လာကြသည်။ ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်မှ အမျိုးသမီးတစ်ဦးက *"အခြေအနေက အရင်ကထက် စာရင် ပိုပြီး တိုးတက်လာတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ [တပ်မတော်ရဲ့ တိုက်ခိုက်မှုကို ကြောက်စရာ မလိုတော့သလို လွတ်လွတ်လပ်လပ်လည်း သွားလာနိုင်ပြီ။"*[178] မေးခွန်းဖြေကြားသူအချို့က ၎င်းတို့အနေဖြင့် ယခုအချိန်တွင် ခြိမ်းခြောက်ခံရခြင်းများ သို့မဟုတ် လူ့အခွင့်အရေး ချိုးဖောက်မှုများအား ကြောက်ရွံ့စရာမလိုပဲ လွတ်လပ်စွာသွားလာနိုင်ပြီဟု ခံစားလာရသည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက ကရင် လူ့အခွင့်အရေးအဖွဲ့အား *"အရင်ကဆို ကျွန်တော်တို့ မြို့ထဲကိုသွားချင်သလို သွားလို့မရဘူး။ ဒါပေမယ့် ခုဆို ဘယ်အချိန်ဖြစ်ဖြစ်သွားလို့ရတယ်။ ကျွန်တော်တို့ စစ်ဆေးရေးဂိတ်တွေမှာ စစ်သားတွေရဲ့ခြိမ်းခြောက်တာ မခံရတော့ဘူး။ တောထဲကိုလည်း လွတ်လွတ်လပ်လပ်သွားလို့ရပြီ။"*[179]

ဤအရာသည် အဓိကကျသော တိုးတက်မှုတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အချို့သောပြည်သူများ အနေဖြင့် ၎င်းတို့၏ စီးပွားရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများအား အနှောင့်အယှက်ကင်းစွာ ပြန်လည်လုပ်ကိုင် လာနိုင်ကြပြီး အလုပ်အကိုင်ရှာဖွေရန်လည်း လွတ်လပ်စွာသွားလာနိုင်ပြီဖြစ်သည်။ ၎င်းတို့အနေဖြင့် စိုက်ပျိုးကုန် များအား ရောင်းချရန်အတွက်လည်း လွတ်လပ်စွာသွားလာခွင့် ရရှိလာကြောင်းကို တောင်ငူခရိုင်၊ သံတောင်ကြီး မြို့နယ်မှ အမျိုးသားတစ်ဦးက ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်တော်ခုနက ပြောခဲ့သလိုပဲ သိသာထင်ရှားသော အပြောင်းအလဲတွေ ကျွန်တော်တို့ တွေ့ရတယ်။ ဝင်ငွေရသီးနှံတွေနဲ့ ကုန်ပစ္စည်းတွေကို လွတ်လွတ်လပ်လပ် သယ်ယူခွင့် ရလာခဲ့တယ်။"*[180] သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း ထိုခံစားချက်ကို ဝေမျှခဲ့သည်။ *"ပြည်သူတွေက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကနေပြီးတော့ အကျိုးကျေးဇူး အပြည့်အဝရကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့တွေ မိသားစုဝင်ငွေရဖို့ သူတို့ရဲ့အလုပ်နဲ့ စီးပွားရေးအတွက် လွတ်လွတ်လပ်လပ် သွားလာလို့ရတယ်။"*[181]

ထိုကဲ့သို့သော တိုးတက်မှုများရှိသော်လည်း လက်နက်ကိုင်တပ်ဖွဲ့ဝင်များအနေဖြင့် မြန်မာပြည် အရှေ့တောင်ပိုင်း တွင် ခရီးသွားလာခွင့်များ ဆက်လက်ပိတ်ပင်ထားလျက်ရှိကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းမှတ် တမ်းများတွင် တွေ့ရှိနိုင်သည်။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ ရွာသူကြီး တစ်ဦးသည် BGF ၏ ဂိတ်ဖွင့်ချိန်အတွင်းသွားလာရန် လိုက်နာခြင်းမရှိသည့်အတွက် BGF စစ်သားများ၏ ရိုက်နှက်ခြင်း ခံခဲ့ရပြီး ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။[182] ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင်ရရှိခဲ့သည့် ကရင်လူ့အခွင့်အရေးအဖွဲ့၏

[178] Source #37 တွင် ကြည့်ပါ။

[179] Source #61 တွင် ကြည့်ပါ။

[180] Source #42 တွင် ကြည့်ပါ။

[181] Source #16 တွင် ကြည့်ပါ။

[182] KHRG မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "Hpapun Incident Report: A village head sustained serious injuries after being tortured by BGF #1014 in Bu Tho Township, November 2018", တွင်ကြည့်ပါ။

အခြားသော အစီရင်ခံစာတစ်ခုတွင်လည်း ပြည်သူများအနေဖြင့် တပ်မတော်စစ်သားများ ၎င်းတို့၏ဒေသများတွင် လှုပ်ရှားနေသည့်အတွက် တစ်ခါတစ်ရံတွင် သွားလာရန်အလွန်ကြောက်ရွံ့ကြသဖြင့် ထိုအခြေအနေက ၎င်းတို့အား လယ်ထဲသို့သွားရန် တားဆီးထားသည်။[183] မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေးသော ခဲယမ်းမီးကျောက်များသည်လည်း ဒေသတစ်ဝှမ်းတွင် စိုးရိမ်ရသည့်ကိစ္စရပ်တစ်ခုအဖြစ် ရှိနေသေးပြီး ဒေသခံများ၏ လွတ်လပ်စွာသွားလာမှုအား အနှောင့်အယှက်ဖြစ်စေသည်။[184]

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု

အပစ်ခတ်ရပ်စဲရေး မတိုင်မီကာလအတွင်းတွင်  KNLA အား ရိက္ခာထောက်ပံ့နေမှုများကို ဖြတ်တောက်ပစ်ရန် ရည်ရွယ်၍ တပ်မတော်မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အစားအစာထုတ်လုပ်မှုကို ကန့်သတ်ထိန်းချုပ်ထားခဲ့သည်။ ထိုသို့ကန့်သတ်မှုများတွင် ဥယျာဉ်ခြံများအား ဖျက်ဆီးပစ်ခြင်း၊ လယ်ယာမြေများသို့ သွားလာမှုကို ကန့်သတ်ထားခြင်းနှင့် တောင်သူများအား တိုက်ခိုက်ခြင်းတို့ပါဝင်သည်။ မေးခွန်းဖြေကြားသူအချို့က ၎င်းတို့အနေဖြင့် အပစ်ခတ်ရပ်စဲရေးအချိန်ကာလအတွင်း စိုက်ပျိုးရေးလုပ်ငန်းများအား ပြန်လည်လုပ်ကိုင်နိုင်ခဲ့သည်ဟု တင်ပြခဲ့သည်။ ၎င်းတို့အနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန် ပိုမိုလွယ်ကူလာကြောင်းကို မှတ်ချက်ပြုခဲ့သည်။ ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"ကျွန်မတို့ ဒေသခံအများစု ဆင်းရဲတဲ့သူတွေ ချမ်းသာတဲ့သူတွေ၊ မြေပိုင်ရှင်ကော မြေမပိုင်တဲ့သူတွေကော နေ့စားသမားတွေအပါအဝင် အားလုံးရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ပိုပြီးကောင်းမွန်လာတယ်။ ကျွန်မတို့မြေပေါ်မှာ အလုပ်လုပ်တဲ့အချိန်မှာ ကြောက်ဖို့မလိုတော့ဘူး။ အလုပ်လက်မဲ့ဖြစ်မှာ၊ တခြားသူတွေဆီကနေ အစားအသောက်တွေ ပိုက်ဆံတွေ ချေးရမှာကိုလည်း စိုးရိမ်စရာမလိုတော့ဘူး။ ဘာကြောင့်လည်းဆိုတော့ ကျွန်မတို့ အလုပ်တွေကို ကိုယ့်ဟာကိုယ် လုပ်နိုင်ပြီ။"*[185] အကျိုးဆက်အနေဖြင့် ပြည်သူအများစု၏ စီးပွားရေး အခြေအနေများ တိုးတက်လာခဲ့ကြောင်းကိုလည်း ထိုအမျိုးသမီးမှ ဆက်လက်ရှင်းပြခဲသည်။ *"ဒါက ကျွန်မတို့နိုင်ငံရဲ့ ဆင်းရဲမှုနှုန်းကို အတော်လျှော့ချနိုင်ခဲ့တယ်။"*[186]

ပဋိပက္ခကြောင့် နေရပ်ရွှေ့ပြောင်းနေထိုင်မှုများ လျော့နည်းသွားခြင်းသည်လည်း ဒေသခံလူထုအချို့အား ၎င်းတို့၏ စိုက်ပျိုးခြံများတွင် အနှောင့်အယှက်မရှိ အချိန်ပြည့်အလုပ်လုပ်နိုင်စေသည့်အတွက် ၎င်းတို့၏မြေတွင် အပြည့်အဝ ရင်းနှီးမြှုပ်နှံနိုင်ကြကြောင်းကို ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အမျိုးသမီးတစ်ဦးက ယခုလိုတင်ပြခဲ့သည်။ *"အရင်ကဆို ကျွန်မတို့ရဲ့ နေ့စဉ်အသက်မွေးဝမ်းကျောင်း အလုပ်လုပ်ရဖို့အတွက် အခက်အခဲတွေကြုံတွေ့ရတယ်။ ကျွန်မတို့ တစ်ခါတစ်လေထွက်ပြေးရတယ်။ ဒါက ကျွန်မတို့ရဲ့ စီးပွားရေးနဲ့ မိသားစုအခြေအနေကို ထိခိုက်မှုရှိခဲ့တယ်။ ဒါပေမယ့်အခုဆို အခြေအနေတွေကပိုပြီးကောင်းလာပြီ။"*[187] ထိုနည်းတူစွာ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးကလည်း လုံခြုံရေးအခြေအနေများ တိုးတက်ကောင်းမွန်လာခြင်းသည် ဒေသခံပြည်သူများအား ၎င်းတို့၏ စိုက်ပျိုးရေးလုပ်ငန်းများကို ဝမ်းစာအတွက်သာမကပဲ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ခွင့်ပြုလာခဲ့သည်ဟု ဖော်ပြခဲ့သည်။ *"ကျွန်တော်တို့ရဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းအခြေအနေတွေ တိုးတက်ကောင်းမွန်လာတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ အခြားစိုက်ပျိုးသီးနှံတွေနဲ့ ရာသီပေါ်သီးနှံတွေလည်း စိုက်ပျိုးလို့ရလာတယ်။ အရင်ကဆို ကျွန်တော်တို့ စပါးပဲစိုက်လို့ရခဲ့တယ်။ ဒါက ကောင်းတဲ့ ပြောင်းလဲမှုတစ်ခုပဲ။"*[188]

---

[183] KHRG မှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော "Toungoo Situation Update: Htantabin and Thandaunggyi townships, Early 2016 to February 2018", တွင်ကြည့်ပါ။

[184] KHRG မှ ၂၀၁၉ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "အိမ်ပြန်ချိန်ကို တမ်းတရင်း ငြိမ်းချမ်းမှုကို မျှော်လင့်ခြင်း", ၏ စာမျက်နှာ ၃၂ မှ ၃၅ အထိ တွင်ကြည့်ပါ။

[185] Source #28 တွင် ကြည့်ပါ။

[186] Source #28 တွင် ကြည့်ပါ။

[187] Source #66 တွင် ကြည့်ပါ။

[188] Source #67 တွင် ကြည့်ပါ။

ဤသို့ ကောင်းမွန်သော ပြောင်းလဲတိုးတက်မှုများ ရှိသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်သူများမှာ အခက်အခဲများကို ရင်ဆိုင်နေရဆဲဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ မေလတွင် ကရင်လူ့အခွင့်အရေးအဖွဲ့၏ အစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြထားသည်မှာ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ ၅၆၀၀ ကျော်သည် ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်ရှိ မြိုင်ကြီးငူဒေသတွင် နေထိုင်နေရလျက်ရှိပြီး စစ်ဘေးရှောင်စခန်းအတွင်းနေထိုင်စဉ်တွင် မိမိကိုယ်ကို သို့မဟုတ် မိသားစုအား ထောက်ပံ့ရန်အတွက် အလုပ်လုပ်ခွင့်မရသဖြင့် ဝင်ငွေရရှိရန်အတွက် အခက်အခဲများရင်ဆိုင်နေရသည်။[189] မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူ အနည်းဆုံး ၁၆၂၀၀၀ ဦး ရှိသည့်အတွက် အလားတူအခြေအနေကို တွေ့ကြုံခံစားနေရသူများစွာ ရှိနေနိုင်သည်။[190] ထို့အပြင် မြေယာပိုင်ဆိုင်မှုမရှိသူများသည် နေ့စဉ်ပုံမှန်မရှိသည့် နေ့စားအလုပ်များကိုသာ မှီခိုနေကြရသည့်အတွက် ၎င်းတို့၏လုပ်အားခများ အပြည့်အဝမရသည့်အခါ သို့မဟုတ် အချိန်အတော်ကြာသည်အထိ အလုပ်အကိုင်မရသည့်အခါများတွင် စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့လာနိုင်သည်။[191] အချို့သောဒေသများတွင် မြေယာပိုင်ဆိုင်မှုမရှိသူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းမရှိသည့်အတွက် အချို့သူများမှာ နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းအလုပ်လုပ်ကြရသည်။ [192]

### ဘေးကင်းလုံခြုံမှု

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လက်နက်ကိုင်တပ်ဖွဲ့များအကြား အပြန်အလှန်ပစ်ခတ်နေမှုများ တစ်ခါတစ်ရံ ရှိနေသေးသော်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲသည့် အချိန်ကာလများတွင် ၎င်းတို့အနေဖြင့် ဘေးကင်းလုံခြုံမှုကို ခံစားကြရသည်ဟု မေးခွန်းဖြေကြားသူအများစုက တင်ပြခဲ့သည်။ ဥပမာအားဖြင့် ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက *"ကျွန်တော့်ရွာကလူတွေ ပျော်ပျော်ရွှင်ရွှင်နဲ့နေနိုင်ပြီး အလုပ်ကိုလည်း ငြိမ်းငြိမ်းချမ်းချမ်း လုပ်နိုင်ကြပြီ။ အရင်ကဆို ကျွန်တော်တို့ ခွေးဟောင်ရင်တောင် ကောင်းကောင်းမအိပ်ရဘူး။ ကျွန်တော်တို့ အစိမ်းရောင်တွေ[စစ်ဝတ်စုံ] မြင်ရင် အရမ်းကြောက်တယ်။ ကျွန်တော်တို့က နစ်ဘက်လုံးကို ကြောက်ရတယ်။ အခုဆို စစ်သားတွေကိုမြင်ရင် သူငယ်ချင်းလိုပဲဆက်ဆံတယ်။ ဘာမှမဖြစ်ဘူး။"* [193]

လက်နက်ကိုင်အဖွဲ့များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ အထူးသဖြင့် အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းများအား ကြောက်ရွံ့ခြင်းသည်လည်း အလွန်ပင်လျော့ကျသွားသည်။ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်မှ အမျိုးသားတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား *"အရင်ကဆို ကျွန်တော်တို့ အကြောက်တရားနဲ့ အသက်ရှင်ရတယ်။ တိုက်ပွဲတွေဖြစ်ပြီဆိုရင် ကျွန်တော်တို့ ပေါ်တာလိုက်ဖို့အတွက် အဖမ်းခံရမှာကိုကြောက်တယ်။ ၂၀၁၂ ခုနှစ်ရောက်ပြီးနောက်ပိုင်းမှ ကျွန်တော်တို့ အေးအေးချမ်းချမ်းအိပ်လို့ရတာ။"* [194]

ဘေးကင်းလုံခြုံမှုအား ခံစားရခြင်းသည်လူအများစုမှ အဦးဆုံးခံစားရသည့် စိတ်သက်သာခြင်းဖြစ်သည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက *"ကျွန်တော်တို့ လက်နက်တွေရဲ့ အသံတွေ မကြားရတော့ဘူး။ ဒါကြောင့် ကျွန်တော်တို့ အရင်လို သိပ်မကြောက်တော့ဘူး။ ဒါက ကျွန်တော်တို့အတွက် ကောင်းတဲ့ ပြောင်းလဲမှု တစ်ခုဖြစ်တယ်။"* [195] ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း ထိုခံစားမှုကို ဝေမှခဲ့သည်။ *"ကျွန်မအခုဆို ညခင်းလည်း တစ်ယောက်ထဲအိပ်ဖို့ မကြောက်တော့ဘူး။ အရင်ကဆို*

---

[189] KHRG မှ ၂၀၁၉ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "အိမ်ပြန်ချိန်ကို တမ်းတရင်း ငြိမ်းချမ်းမှုကို မျှော်လင့်ခြင်း", တွင်ကြည့်ပါ။

[190] The Border Consortium မှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော "Human Security in South Eastern Myanmar", တွင်ကြည့်ပါ။

[191] KHRG မှ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော "Hpapun District: Unpaid wages by the Min Began Company in Bu Tho Townshp, March 2018", တွင်ကြည့်ပါ။

[192] KHRG မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော "Nyaunglebin Situation Update: IDPs face difficulties returning to their villages of origin", တွင်ကြည့်ပါ။

[193] Source #54 တွင် ကြည့်ပါ။

[194] Source #11 တွင် ကြည့်ပါ။

[195] Source #3 တွင် ကြည့်ပါ။

*တစ်ယောက်ထဲအိပ်ရမှာ ကြောက်တယ်။"* [196] တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ကျားမ အခြေပြုအကြမ်းဖက်မှုအားရည်ညွှန်းလျက် သူမအနေဖြင့် ယခုအချိန်တွင် ခရီးထွက်ရန် ကြောက်ရွံ့မှု နည်းပါးသွားကြောင်းရှင်းပြခဲ့သည်။ "*အရင်ကဆို ကျွန်မတို့အပြင်ကိုသွားမယ်ဆို တပ်မတော်က ဒုက္ခပေးတာကို အမြဲခံရတယ်။ အမျိုးသမီးဆိုတော့ အဲ့ဒီအချိန်တုန်းကဆို အပြင်ထွက်ဖို့အရမ်းကြောက်တာ။ လက်ရှိအခြေအနေက ပိုကောင်းတယ်လို့ ကျွန်မခံစားရတယ်။"*[197]

သို့သော်လည်း တပ်မတော်စခန်းအခြေချသော သို့မဟုတ် လှုပ်ရှားသောဒေသများတွင် နေထိုင်ကြသူအချို့မှာ အတိတ်ကာလကကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများကြောင့် စိုးရိမ်ပူပန်မှု များရှိကြောင်းကို ဖော်ပြခဲ့သည်။[198] သထုံခရိုင်၊ သထုံမြို့နယ်မှ အမျိုးသမီးတစ်ဦးက "*စစ်သားတွေက လွတ်လွတ်လပ်လပ်သွားလာလို့ရတော့ လုံခြုံမှုကပိုပြီးလျော့နည်းလာတယ်။ တစ်ခါတစ်လေသူတို့က အရပ်ဝတ်တွေဝတ်ပြီး စစ်ရေးအတွက် အချက်အလက်တွေကောက်ယူဖို့ ရွာထဲကိုလာကြတယ်။ ဒါက ကျွန်မတို့အတွက် လုံခြုံမှု မရှိဘူး။"*[199] လူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်လာခြင်းသည် တပ်မတော်စစ်သားများအတွက် အစိုးရအုပ်ချုပ်ရေးနယ်မြေ သို့မဟုတ် ပူးတွဲအုပ်ချုပ်နယ်မြေများတွင် အရေးယူခံရခြင်းမရှိပဲ ငွေတောင်းခံမှုနှင့် မြေသိမ်းမှုများအားပြုလုပ်ရန် ပိုမိုလွယ်ကူလုံခြုံလာစေသည်။

တပ်မတော် စစ်စခန်းအနီးတွင် နေထိုင်သည့် ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ၎င်းအနေဖြင့် လုံခြုံမှုရှိသည်ဟု မခံစားရကြောင်းနှင့် ၎င်း၏ဒေသမှ အမျိုးသမီးများမှာတပ်မတော် စစ်သားများအား ကြောက်ရွံ့နေသေးကြောင်း ထောက်ပြခဲ့သည်။ "*သူတို့တစ်ယောက်ထဲ အပြင်မသွားရဲဘူး။ သူတို့အပြင်ကို သွားချင်တယ်ဆိုရင် စစ်တပ်စခန်းကိုဖြတ်ရမှာဆိုတော့ အနည်းဆုံး လူလေးယောက်လောက်နဲ့ အဖွဲ့လိုက် သွားကြတယ်။ သူတို့က ညဆိုရင်လည်း အပြင်သွားရမှာကြောက်တယ်။ တကယ်လို့ သူတို့သူငယ်ချင်းတွေကို ခေါ်လို့မရဘူးဆိုရင် သူတို့မသွားတော့ဘူး။ သူတို့အဲ့ဒီလိုမျိုး စိုးရိမ်နေကြသေးတယ်။"* [200] ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးကလည်း ဘေးကင်းလုံခြုံမှု မရှိသည်ကိုခံစားရသည်မှာ တပ်မတော်နှင့် အခြားသောလက်နက်ကိုင်တပ်ဖွဲ့ဝင်များအပေါ် ယုံကြည်မှုအားနည်းသည့်အတွက်ကြောင့် ဖြစ်သည်ဟု တင်ပြခဲ့သည်။ "*ကျွန်တော်တို့ ရန်သူတွေ [တပ်မတော်] ကိုကော KNU ကိုကော မယုံဘူး။"*[201]

## ပညာသင်ကြားခွင့် ရရှိခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသအချို့တွင် ပညာသင်ကြားမှုရရှိနိုင်ရန်အတွက် မြန်မာအစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ကရင်လူ့အခွင့်အရေး အဖွဲ့သို့ပြောခဲ့သည်မှာ "*ကျွန်တော်ထင်တာ ငြိမ်းချမ်းရေးက အရမ်းကောင်းတယ်။ လူတွေကျောင်းတက်ခွင့် ပိုပြီးရလာတယ်။ ကျွန်တော့်ရဲ့ အိမ်မှာဆိုရင် ကျွန်တော်တို့အလုပ်အတူတူလုပ်ပြီးတော့ ကျွန်တော့်ကလေးတွေက ကျောင်းသွားတယ်။"*[202] လုံခြုံရေးတိုးတက် ကောင်းမွန်လာခြင်းသည် ဤအခြေအနေအတွက် အရေးပါသော ကဏ္ဍအဖြစ်ပါဝင်သည်။ သထုံခရိုင်၊ သထုံမြို့နယ်မှ ဆရာမတစ်ဦးက "*ကျွန်မတို့အခုဆို ကလေးတွေကို ကောင်းကောင်းစာသင်ပေးနိုင်ပြီ။ အရင်ကလို လုံခြုံရေးအတွက် စိုးရိမ်စရာမလိုတော့ဘူး။ အရင်ကဆို ကျွန်မတို့ ကြောက်ကြောက်နဲ့ စာသင်ရတယ်။"*[203]

[196] Source #36 တွင် ကြည့်ပါ။

[197] Source #68 တွင် ကြည့်ပါ။

[198] အောက်ပါဖော်ပြထားသည့် ခေါင်းစဉ်ဖြစ်သည့် "Militarisation in Southeast Myanmar" အပိုင်းတွင် အကြောင်းအရာ အသေးစိတ်အချက်အလက်များကို ဖော်ပြထားပါသည်။

[199] Source #18 တွင် ကြည့်ပါ။

[200] Source #6 တွင် ကြည့်ပါ။

[201] Source #25 တွင် ကြည့်ပါ။

[202] Source #54 တွင် ကြည့်ပါ။

[203] Source #51 တွင် ကြည့်ပါ။

ဤသို့ တိုးတက်မှုများ ရှိသော်လည်း ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကောက်ခံရရှိထားသော အချက်အလက်များအရ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးအတော်များများမှာ လူထုအသိုက်အဝန်းနှင့် နီးစပ်သည့်နေရာတွင် ပညာသင်ကြားခွင့်မရသေးကြောင်း ဖော်ပြလျက်ရှိသည်။ ကျောင်းဝင်ကြေးများနှင့် အခြားသောကုန်ကျစရိတ်များသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအခက်အခဲဖြစ်နေသည့် မိသားစုများအတွက် ပညာသင်ကြားခွင့်ရရှိရန် အတားအဆီးဖြစ်စေသည်။ ကလေးအတော်များများသည် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သည့် စစ်ဘေးရှောင်စခန်းများတွင် နေထိုင်ကြရဆဲဖြစ်သည့်အတွက် ၎င်းတို့၏ပညာအရည်အချင်းနှင့် ပညာရေး လက်လှမ်းမီနိုင်မှုတို့အပေါ် သက်ရောက်မှုရှိစေသည်။[204] တပ်မတော်နှင့် လက်နက်ကိုင်တို့အကြား တစ်ခါတစ်ရံ ဖြစ်ပေါ်သည့် ပစ်ခတ်မှုများသည် လူမှုအသိုက်အဝန်းတစ်ခုလုံးအား ၎င်းတို့၏ကျေးရွာများမှ ထွက်ခွါစေပြီး ကျောင်းသင်ခန်းစာများအား အနှောင့်အယှက်ဖြစ်စေသည်။ ထို့အပြင် မြန်မာအစိုးရအနေဖြင့် တရားဝင်မဟုတ်သည့် ပညာရေးစနစ်မှ ထုတ်ပေးသည့်လက်မှတ်များအား အသိအမှတ်ပြုခြင်း မရှိပေ။ ထိုသို့ အသိအမှတ်ပြုခြင်း မရှိသည့်အတွက် ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) ကျောင်းများနှင့် ဒုက္ခသည်စခန်းရှိ ကျောင်းများမှ ကျောင်းသားများအပေါ် ဖယ်ကျဉ်ထားသကဲ့သို့ ဖြစ်စေသည်။

ထို့အပြင် မြန်မာအစိုးရကျောင်းများသို့ တက်ရောက်ကြသော ကရင်ကလေးငယ်များမှာ အတန်းတွင် မြန်မာဘာသာစကားဖြင့် သင်ကြားရသည့်အတွက် သင်ရိုးအတိုင်းလိုက်နိုင်ရန် အခက်အခဲရှိသည်။ သထုံခရိုင်၊ သထုံမြို့နယ်မှ အမျိုးသမီးတစ်ဦးက ထိုအချက်ကိုထောက်ပြခဲ့သည်။ *"ဒေသခံ [ကရင်] ဆရာတွေက အကုန်းလုံးနီးပါးထွက်ကုန်ပြီ။ များသောအားဖြင့် ကျန်တာက အစိုးရဆရာတွေပဲ။ ဒါ့အပြင် ပြည်သူတွေက ဗမာလိုနားမလည်တော့ ကျောင်းသားနဲ့ဆရာကြားမှာ ဘာသာစကားအခက်အခဲရှိတယ်။"* [205] ၂၀၁၄ ခုနှစ်မှ စ၍ ကရင်စာပေနှင့် ကရင်သမိုင်းအား အစိုးရကျောင်းများတွင် သင်ကြားခွင့်ပြုသော်လည်း ထိုသင်ခန်းစာများမှာ ကျောင်းချိန်ပြင်ပတွင်သာ သင်ရပြီး အချိန်အကန့်အသတ်ရှိသည့်အကြောင်းကို တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ဖော်ပြခဲ့သည်။[206] *"ကျွန်မတို့ ကရင်ဘာသာစကားကို မနက် ၇ နာရီကနေ ၈ နာရီအထိ သင်ရတယ်။ ကျွန်မတို့ကရင်စာသင်ဖို့ တစ်နာရီပဲအချိန်ရတယ်။ ဒါကလည်း ကျောင်းချိန်အတွင်းမှာမဟုတ်ဘူး။"* [207]

သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက ပညာရေးသည် အစိုးရ၏ တာဝန်ဝတ္တရားသာဖြစ်နေသည့်အတွက် ထိုအခြေအနေက ကရင်လူမျိုး၏ဖြစ်တည်မှုအား ခြိမ်းခြောက်မှုရှိသည်ဟု ဖော်ပြခဲ့သည်။ *"ကျွန်မတို့မှာ ကရင်သမိုင်း စာအုပ်ရှိတယ်။ ဒါပေမယ့် ဒါကိုကျွန်မတို့ သင်ခွင့်မရှိဘူး။ ဒီလိုပဲ ဆက်သွားနေမယ်ဆို ကျွန်မတို့ရဲ့ ကလေးတွေ သူတို့ရဲ့ သမိုင်းကို သူတို့သိတော့မှာမဟုတ်ဘူး။ ကျွန်မကတော့ မူလ KECD သင်ရိုးညွှန်းတန်းတစ်ခုပဲ လိုချင်တယ်။ အစိုးရက ကျွန်မတို့ကိုကျရှုံးအောင်လုပ်တယ်လို့ ကျွန်မမြင်တယ်။ ဘာကြောင့်လဲဆိုတော့ ကရင်အလံနဲ့ကရင်သမိုင်းက မကြာခင်ပျောက်သွားပြီး ကျွန်မတို့ရဲ့ ကလေးတွေက မြန်မာ့သမိုင်းကိုပဲ သိလိမ့်မယ်။"*[208] ကရင်ကလေးများအနေဖြင့် KNU ထိန်းချုပ်သည့် နယ်မြေများတွင် ၎င်းတို့၏ဘာသာစကားနှင့် KNU ၏ သင်ရိုးညွှန်းတန်းဖြင့် သင်ယူနိုင်သော်လည်း KNU ၏ပညာရေးစနစ်မှာ အရင်းအမြစ် လုံလောက်မှုမရှိသကဲ့သို့ မြန်မာအစိုးရမှ အသိအမှတ်ပြုခြင်းလည်း မရှိပေ။

## လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းနှင့် ဒေသတွင်း ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ခြင်း

ငြိမ်းချမ်းရေးဖြစ်စဉ်ကြောင့် လူအချို့တို့၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုကြောက်ရွံ့မှု၊ လက်တုံ့ပြန်လိုမှုများမရှိပဲ ခံစားကျင့်သုံးနေရကြောင်းကို မေးခွန်းဖြေကြားသူအချို့က တင်ပြခဲ့ကြသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက သူ၏ဒေသအတွင်းမှ ပြည်သူများသည် ယခုအချိန်ကာလတွင်

---

[204] KHRG မှ ၂၀၁၉ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "အိမ်ပြန်ချိန်ကိုတမ်းတရင်း ငြိမ်းချမ်းမှုကိုမျှော်လင့်ခြင်း", တွင်ကြည့်ပါ။

[205] Source #18 တွင် ကြည့်ပါ။

[206] KHRG မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော "အကြောက်တရား၏အုတ်မြစ် - ၂၅နှစ်အတွင်း မှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှ ရွာသားများ၏ အသံများ", တွင်ကြည့်ပါ။

[207] Source #41 တွင် ကြည့်ပါ။

[208] Source #16 တွင် ကြည့်ပါ။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပြီး နေထိုင်လျက်ရှိကြောင်းကို *"အရင်ကဆို ကျွန်တော်တို့နိုင်ငံရေးအကြောင်း ပြောရမှာကြောက်ကြတယ်။ အခုဆိုကျွန်တော်တို့ လွတ်လွတ်လပ်လပ် ပြောလို့ရပြီ။ ကျွန်တော်တို့တွေ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဲ့ဒါတွေကိုပြောဖို့ မကြောက်တော့ဘူး။"* [209] မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်မှ အမျိုးသမီးတစ်ဦးက ထိုသို့သောခံစားချက်ကို ဝေမျှခဲ့သည်။ *"အခုဆိုကျွန်မတို့ ကိုယ့်အမြင်တွေကို လွတ်လွတ်လပ်လပ်ပြောလို့ရပြီ။"* [210]

ဤတိုးတက်မှုများရှိသော်လည်းမြန်မာပြည်အရှေ့တောင်ပိုင်းရှိလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ကြသူများ အနေဖြင့် နိုင်ငံသား၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ပတ်သက်၍ ကန့်သတ်ဥပဒေ အောက်တွင် အဖမ်းခံရမှုများနှင့် တရားစွဲဆိုခံရခြင်းများကို ရင်ဆိုင်နေကြရသေးသည်။ ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ကရင်အမျိုးသမီး မြေယာအရေးလှုပ်ရှားသူနော်အုန်းလှအား ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်ရှိ အိမ်ယာ စီမံကိန်းများနှင့်ပတ်သက်ပြီး သူမ၏အဖော်လေးဦးနှင့်အတူ မြဝတီမြို့တွင် ဆန္ဒပြရာ၌ပါဝင်ခဲ့သည့်အတွက် အဖမ်းခံခဲ့ရသည်။[211] ထိုနည်းတူစွာပင် အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဖိနှိပ်မှုများ၊ လုံခြုံရေးဆိုင်ရာ ခြိမ်း ခြောက်မှုများကို ဆက်လက်ခံစားရလျက်ရှိသည်ဟု KWO ၏ အဖွဲ့ဝင်တစ်ဦးက ရှင်းပြခဲ့သည်။ *"လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနဲ့ငြိမ်းချမ်းရေး စတာတွေနဲ့ပတ်သက်ပြီး အလုပ်လုပ်နေတဲ့ KWO လို အဖွဲ့အစည်းတွေ အနေနဲ့က [အာဏာပိုင်တွေရဲ့] မေးမြန်းတာတွေ မကြာခဏခံကြရတယ်။ ပြည်သူတွေရဲ့ လုံခြုံရေးကတော့ တိုးတက်လာတယ် ဒါပေမယ့် လူ့အခွင့်အရေး၊ နိုင်ငံရေးစတာတွေနဲ့ ပတ်သက်ပြီး အလုပ်လုပ်နေကြတဲ့သူတွေ အတွက်ကတော့ အန္တရာယ်တွေရှိနေကြသေးတယ်။"* [212]

အချို့သော မေးခွန်းဖြေကြားသူများက ၎င်းတို့အနေဖြင့် ယခုအချိန်တွင် တပ်မတော်နှင့် အခြားသော မြန်မာ အစိုးရဝန်ထမ်းများနှင့်ပတ်သက်ပြီး မကျေနပ်ချက်များကိုထုတ်ဖော်ရန် အခွင့်အရေး ပိုမိုရရှိလာကြောင်း တင်ပြ ခဲ့ကြသည်။ ဥပမာအားဖြင့် ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"အရင်ဆို ကျွန်မ တို့ကရင်တွေက [အစိုးရနဲ့ တပ်မတော်ကပေးတဲ့] ဘာအမိန့်ဖြစ်ဖြစ် လိုက်လုပ်ရတယ်။ [တကယ်လို့ ကျွန်မတို့ ပြန်ခံပြောရင်] ကျွန်မတို့ရဲ့ ခေါင်းကိုရိုက်လိမ့်မယ်။ [ငြိမ်းချမ်းရေးရဲ့] အကျိုးကျေးဇူးကတော့ အခုဆိုသူတို့နဲ့ တွေ့ပြီး စကားပြောလို့ရပြီ။"* [213] ဤအခြေအနေသစ်သည် အနာဂတ်အတွက် ကောင်းမွန်သော ခြေလှမ်းအဖြစ် တွေ့မြင်နိုင်သော်လည်း ကရင်လူ့အခွင့်အရေးအဖွဲ့၏ ရှာဖွေတွေ့ရှိချက်များအရ BGF နှင့် တပ်မတော် စသည့် အချို့သောလက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် ဒေသခံများအား၎င်းတို့၏လိုအပ်ချက်များကို တောင်းဆိုရန်အတွက် ထိုတွေ့ဆုံပွဲများကို အသုံးပြုလေ့ရှိသည်။[214]

ထိုနည်းတူစွာ KNU သည်လည်း NCA စာချုပ်အား လက်မှတ်ရေးထိုးပြီးသည့်နောက်တွင် ရွာသားများအား ၎င်းတို့၏အစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားလေ့ရှိကြောင်း တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အခြားသောအမျိုးသမီးတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား ပြောပြခဲ့သည်။ *"NCA ရေးထိုးပြီးတဲ့နောက်ပိုင်း မှာ ရွာသားတွေက ဒေသတွင်း KNU အာဏာပိုင်တွေနဲ့ သူတို့ရဲ့ခေါင်းဆောင်တွေကိုတွေ့ဖို့ အခွင့်အရေး ပိုရလာတယ်။ အစည်းအဝေးတက်ဖို့လည်း အခွင့်အရေးရလာတယ်။"* [215] သို့သော် KNU အစည်းအဝေးအား တက်ရောက်ရသည့်ရွာသားများ သို့မဟုတ် ဒေသခံကိုယ်စားလှယ်များအနေဖြင့် ထွက်ရှိလာသည့် ရလာဒ်အပေါ် တွင် လွှမ်းမိုးနိုင်မှုအလွန်နည်းကြောင်းကို CIDKP ၏ အကြီးတန်းအဖွဲ့ဝင်တစ်ဦးက ရှင်းပြခဲ့သည်။ *"ပြည်သူတွေကို*

[209] Source #19 တွင် ကြည့်ပါ။

[210] Source #14 တွင် ကြည့်ပါ။

[211] Karen News မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် ထုတ်ဝေသော "Land Right Activist Naw Ohn Hla Arrested over Housing Protest in Myawaddy", တွင်ကြည့်ပါ။

[212] Source #10 တွင် ကြည့်ပါ။

[213] Source #63 တွင် ကြည့်ပါ။

[214] KHRG မှ ၂၀၁၉ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "Do Not Trespass" Land Confiscation by Armed Actors in Southeast Myanmar", တွင်ကြည့်ပါ။

[215] Source #41 တွင် ကြည့်ပါ။

*ကိုယ်စားပြုဖို့အတွက် KNU က လူမျိုးစုအစည်းအဝေးကြီးတွေ ကျင်းပလေ့ရှိတယ်။ အဲ့ဒီမှာ ဒေသခံကိုယ်စား လှယ်တွေနဲ့ လူထုအခြေပြုအဖွဲ့အစည်းတွေက သူတို့ရဲ့အမြင်တွေကို တင်ပြနိုင်တယ်။ ဥပမာဆိုရင် သူတို့က ဒေသခံကိုယ်စားလှယ်တွေကိုဖိတ်ပြီး ချပြဆွေးနွေးပြီး ဆုံးဖြတ်ချက်ရယူတဲ့ အစည်းအဝေးတွေဖိတ်တယ်။ ဒါပေမယ့်လည်း ဆက်သွယ်ရေးပိုင်းတွေမှာ အားနည်းချက်ရှိပြီး ပြည်သူတွေ တိုက်ရိုက်ပါဝင်မှု မရှိတာတွေလည်း ရှိတယ်။"*[216]

## ကျန်းမာရေးစောင့်ရှောက်မှု ရရှိခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် စိန်ခေါ်မှုများ ရှိနေသေးကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ တွေ့ဆုံမေးမြန်းမှုများတွင် ဖော်ပြထားသည်။ အထူးသဖြင့် လမ်းပန်းဆက်သွယ်မှု မကောင်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်သည့် အထောက်အပံ့ပစ္စည်းကိရိယာများ လုံလောက်မှုမရှိသည့်အတွက် ဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှု ပစ္စည်းများအား လက်လှမ်းမီရရှိနိုင်သည့်အခါတွင်လည်း လုပ်သားလုံလောက်မှုမရှိခြင်း၊ မရှိမဖြစ်လိုအပ်သည့် ဆေးဝါးများလုံလောက်မှုမရှိခြင်း၊ ဆေးရုံဆေးခန်းများ အချိန်မီမဖွင့်ခြင်းနှင့် အရည်အသွေးပြည့်မီမှုမရှိသည့် ဝန်ဆောင်မှုများသာရှိသည်။[217] မြန်မာအစိုးရအနေဖြင့် NCA ရေးထိုးပြီးနောက်ပိုင်းတွင် ဆေးရုံ၊ဆေးခန်းများစွာ ဆောက်လုပ်ခဲ့သော်လည်း အရည်အချင်းပြည့်မီသော ဝန်ထမ်းများမရှိခြင်းနှင့် ဆေးဝါးမလုံလောက်မှုများက အရေးကြီးသည့် ပြဿနာအဖြစ် ကျန်ရစ်လျက်ရှိသည်။[218] KNU သည် ဒေသတွင်းရှိ ဆေးရုံဆေးခန်းများအား ကူညီထောက်ပံ့ပေးလျက်ရှိသော်လည်း ဆေးဝါးများနှင့် အရင်းအမြစ်လုံလောက်မှုမရှိခြင်းတို့က ကျန်းမာရေးဝန်ထမ်းများအတွက် အလုပ်လုပ်ရန် အဟန့်အတားဖြစ်စေသည်။[219]

သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက အချို့သောနေရာဒေသများတွင် ကျန်းမာရေး စောင့်ရှောက်မှု အဆောက်အအုံများ တိုးတက်မှုရှိလာသော်လည်း ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်မှုမှာ လုံလောက်မှုမရှိသေးဟု ရှင်းပြခဲ့သည်။ *"[မြန်မာအစိုးရရဲ့] ထီးဖာဒို့ထက ဆေးပေးခန်းဆိုရင် တစ်လကို တစ်ခါတောင်မဖွင့်ဘူး။ အစိုးရက ကျန်းမာရေးဝန်ထမ်းတွေကိုတော့ ပို့ပါတယ်။ ဒါပေမယ့် ဆေးဝါးက မလုံလောက်ဘူး။ လူနာတွေက ဆေးခန်းကိုသွားပြီဆိုရင် ဆရာမ မရှိတာနဲ့ ဆေးဝါးမလုံလောက်တာနဲ့။ ကျန်းမာရေး ဝန်ထမ်းတွေက ရွာသားတွေကို ကာကွယ်ဆေးပေးဖို့လောက်ပဲ လာကြတာ။"*[220]

တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦး၏ ပြောကြားချက်အရ အခြားသော လူမှုအသိုက်အဝန်းများတွင် ဆေးပေးခန်းပင်မရှိပေ။ *"ဟင့်အင်း။ ဆေးရုံလည်းမရှိဘူး။ ဆေးခန်းလည်းမရှိဘူး။"*[221] အချိန်ပြည့် ကျန်းမာရေးဝန်ထမ်း မရှိသောနေရာများတွင် ခရီးသွားရန်မတတ်နိုင်သော သို့မဟုတ် ဆေးကုသမှုစရိတ် မတတ်နိုင်သော ဒေသခံများအနေဖြင့် ရိုးရာတိုင်းရင်းဆေးဝါးများကိုသာ မှီခိုကြရသည်။ ထိုသူများအနေဖြင့် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာစေရန် အချိန်ပိုမိုလိုအပ်သည့်အတွက် ထိုအခြေအနေက ၎င်းတို့၏မိသားစုများအတွက် အသက်မွေးဝမ်းကြောင်းလုပ်ငန်းဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်စေသည်။[222] ကရင်လူ့အခွင့်အရေးအဖွဲ့၏

---

216 Source #55 တွင် ကြည့်ပါ။

217 KHRG မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော "အကြောက်တရား၏အုတ်မြစ် - ၂၅နှစ်အတွင်း မှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှ ရွာသားများ၏ အသံများ", တွင်ကြည့်ပါ။

218 KHRG မှ ၂၀၁၈ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "Toungoo Situation Update: Thandaunggyi Township, August to November 2017", တွင်ကြည့်ပါ။

219 KHRG မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "Dooplaya Situation Update: Kyainseikgyi Township, March to June 2018', နှင့် KHRG မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "Toungoo Situation Update: Thandaunggyi Township, March to May 2017", တွင်ကြည့်ပါ။

220 Source #16 တွင် ကြည့်ပါ။

221 Source #69 တွင် ကြည့်ပါ။

222 KHRG မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "Toungoo Situation Update: Thandaunggyi Township, March to May 2017", တွင်ကြည့်ပါ။

သတင်းအချက်အလက်များအရ ကျေးလက်ဒေသများတွင်နေထိုင်ကြသော ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် သေချာစွာ ဆေးသင်တန်းတက်ရောက်ထားခြင်းမရှိသည့် အရပ်လက်သည်များ၏ ကုသပေးမှုကိုသာ ခံယူရသည့်အတွက် ကလေးမွေးဖွားပြီးနောက်ပိုင်း ရောဂါအန္တရာယ်များ ပိုမိုဖြစ်ပေါ်စေနိုင်သည်။[223]

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများ

### တပ်စခန်းများ၊ လမ်းများ ဆောက်လုပ်ခြင်းနှင့် တပ်အင်အား ဖြည့်တင်းခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်း၏ အချို့သောနေရာများတွင် တပ်မတော်၏ တည်ရှိနေမှုများနှင့် စစ်ဘက်ဆိုင်ရာ လုပ်ဆောင်မှုများ ပိုမိုများပြားလာသည်ဟု အချို့သောမေးခွန်းဖြေကြားသူများက တင်ပြခဲ့သည်။ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်မှ အမျိုးသားတစ်ဦးက အပစ်ခတ်ရပ်စဲရေး မတိုင်မီ ကာလများနှင့် နှိုင်းယှဉ်ပါက တပ်မတော် စစ်တပ်စခန်းများ ၎င်း၏ကျေးရွာအတွင်းနှင့် ကျေးရွာဝန်းကျင်တွင် ပိုမိုများပြားလာသည်ဟု ဖော်ပြခဲ့သည်။ *"အပစ်ခတ်ရပ်စဲရေး လက်မှတ်မထိုးခင်က တပ်မတော်စခန်းတွေက ဒီထက်ပိုနည်းတယ်။ အရင်တုန်းက [တပ်မတော် စစ်သားတွေက] သံတောင်ကြီးမှာပဲရှိတယ်။ ဒါပေမယ့် အခုကျတော့ သံတောင်ကြီးနဲ့ တာလော်ခီးမှာ တစ်ဖွဲ့၊ ခိုဝယ်နဲ့ခိုဒိုးကားမှာ တစ်ဖွဲ့ရှိတယ်။"*[224]

ထိုလှုပ်ရှားမှုများသည် အထူးသဖြင့် ဖာပွန်ခရိုင်အတွင်း အနှံ့အပြားဖြစ်ပေါ် လျက်ရှိနေကြောင်းကို ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက ဤသို့ဖော်ပြခဲ့သည်။ *"တပ်မတော်က သူတို့ရဲ့ တပ်တွေကို အထူးသဖြင့် [ဖာပွန်ခရိုင်မှာ] တိုးချဲ့ခဲ့တယ်။ [ဖာပွန်ခရိုင်နဲ့] နှိုင်းယှဉ်မယ်ဆိုရင် ကျွန်တော်တို့ ဆီမှာ စစ်သားနည်းနည်းပဲ ရှိတယ်။ အရင် အပစ်ခတ်ရပ်စဲရေးမတိုင်ခင်ကဆို တပ်စခန်း ၃၀ ပဲ ရှိပေမယ့် အပစ်ခတ်ရပ်စဲရေး နောက်ပိုင်းမှာ စခန်း ၂၅ ခု ထပ်ဆောက်တယ်။"*[225] ထိုသို့ တပ်စခန်းသစ်များ ဆောက်လုပ်နေခြင်းကို KNU မှ သဘောတူညီခြင်း မရှိသည့်အတွက် ရုတ်တရက်တင်းမာမှုများ ဖြစ်ပေါ် လာမည်ကို စိုးရိမ်လျက်ရှိကြောင်း ထပ်မံရှင်းပြခဲ့သည်။ *"သူတို့က တပ်စခန်းတွေဆောက်မယ်ဆိုတာကို KNU ကို အသိပေးခဲ့ပေမယ့် KNU က ခွင့်မပေးခဲ့ဘူး။ တကယ်လို့သူတို့က KNU ရဲ့ ခွင့်ပြုချက်မရပဲ ဆောက်တယ်ဆိုရင် သူတို့ကြားမှာ တိုက်ပွဲပြန်ဖြစ်နိုင်တယ်။"*[226]

ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းအချက်အလက်များအရ တပ်မတော်မှ ဖာပွန်ခရိုင်အတွင်း တပ်များဆက်လက်ပို့ဆောင်နေပြီး လမ်းမကြီးအား ဆက်လက်ဖောက်လုပ်နေသည့်အတွက်[227] ထိုခရိုင်သည် စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများ များပြားစွာဖြစ်ပွားနေသောနေရာအဖြစ် ဆက်လက်တည်ရှိနေသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက လမ်းဖောက်လုပ်မှုသည် စစ်ရေးအတွက် ဖြစ်ကြောင်းကို ရှင်းပြခဲ့သည်။ *"အပစ်ခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ထိုးပြီးတဲ့နောက်မှာ [တပ်မတော်က] တပ်စခန်းတွေ ပိုဆောက်လာပြီးတော့ လမ်းတွေလည်း အသစ်ဖောက်လာတယ်။"*[228] ဤလုပ်ဆောင်မှုသည် တပ်မတော်နှင့် KNLA တို့အကြား ပိုမိုတင်းမာစေပြီး ပစ်ခတ်မှုများကို ဖြစ်စေသည်။ [229]

---

[223] KHRG မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "Toungoo Situation Update: Thandaunggyi Township, March to May 2017", တွင်ကြည့်ပါ။

[224] Source #11 တွင် ကြည့်ပါ။

[225] Source #47 တွင် ကြည့်ပါ။

[226] Source #47 တွင် ကြည့်ပါ။

[227] KHRG မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော "Hpapun Situation Update: Tatmadaw road construction activities result in skirmishes with the KNLA and displacement in Lu Thaw Township", တွင်ကြည့်ပါ။

[228] Source #35 တွင် ကြည့်ပါ။

[229] KHRG မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော "Hpapun Short Update: Skirmishes between the KNLA and Tatmadaw and indiscriminate shelling in Lu Thaw Township", နှင့် KHRG မှ ၂၀၁၈ ခုနှစ်၊ ဖွန်လတွင် ထုတ်ဝေသော "Hpapun Incident Report: Tatmadaw road construction results in the indiscriminate firing of mortars and displacement in Lu Thaw Township, March 2018", တွင်ကြည့်ပါ။

ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်မှ အမျိုးသားတစ်ဦး၏ ပြောကြားချက်အရ တပ်မတော်၏ တပ်စခန်းသစ်များသည် စစ်ရေးအတွက် ရည်ရွယ်၍ဆောက်လုပ်ခြင်းဖြစ်သည်။ *"အဲ့ဒီအဆောက်အဦးတွေက ကြီးမားခိုင်ခံ့တယ်။ ကျွန်တော်မြင်သလောက် သူတို့ရဲ့ တပ်စခန်းတွေကို ရွာနဲ့နီးတဲ့ [တပ်မတော်မှ အခြေအနေအား စောင့်ကြည့်နိုင်သော] အကောင်းဆုံးနေရာတွေမှာ ဆောက်ကြတယ်။ သူတို့ရဲ့ စခန်းတွေကို တောင်ကုန်းတွေပေါ်မှာ ဆောက်တယ်။ သူတို့ရဲ့ လှုပ်ရှားမှုတွေကို ရပ်တန့်တာလုံးဝမရှိဘူး။"* [230] ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ထိုစခန်းများသို့ ရိက္ခာနှင့်လက်နက်ခဲယမ်းများ တင်ပို့နေသည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ပြီး ထိုအရာက သူ၏လူမှုအသိုက်အဝန်းအား စိုးရိမ်မှုများခံစားရစေသည်ဟု တင်ပြခဲ့သည်။ *"တပ်မတော်စစ်သားတွေနဲ့ လက်နက်တွေပိုများလာတာကို တွေ့ရတယ်။ သူတို့က သူတို့စခန်းကို တပ်စုတွေအများကြီးပို့တယ်။ သူတို့ လှုပ်ရှားသွားလာပုံတွေက ကျွန်တော်တို့ကို အလွန်စိုးရိမ်စေတယ်။ သူတို့က ရိက္ခာတွေပစ္စည်းတွေနဲ့ ကျည်ဆံတွေကိုလည်းတင်ပို့ကြတယ်။ ဒီတစ်ခါသူတို့တွေက ပိုကောင်းတဲ့ လက်နက်တွေ ပို့လာကြတယ်။"*[231]

ထိုလုပ်ဆောင်မှုများသည် NCA ၏ အချက် ၅ (ဂ) ကို ချိုးဖောက်နေသည်။ ထိုအချက်တွင် ဖော်ပြထားသည်မှာ တပ်မတော်နှင့် EAOs အနေဖြင့် *"အုပ်ချုပ်ရေးဆိုင်ရာထောက်ပံ့မှုနှင့် ပတ်သက်သည့် လုပ်ဆောင်ခြင်းများမှအပ အပစ်ရပ်နယ်မြေတွင် အင်အားအသစ်ဖြည့်တင်းခြင်း၊ နှစ်ဖက်သဘောတူညီထားသော တပ်စခန်းများမှအပ စခန်းသစ်များဆောက်လုပ်ခြင်းနှင့် လက်နက်ခဲယမ်းများ ထပ်မံဖြည့်တင်းခြင်းများ မပြုလုပ်ရန်။"*ဟု ဖော်ပြထားသည်။[232]

## တပ်မတော်၏ အပစ်ခတ်လေ့ကျင့်ရေးများ

NCA ရေးထိုးပြီးနောက်ပိုင်းတွင် တပ်မတော်မှစစ်လေ့ကျင့်ရေးများအား လုပ်ဆောင်နေလျက်ရှိပြီး ထိုလေ့ကျင့်မှုများအား အရပ်သားများ၏ဒေသထဲတွင် သို့မဟုတ် ဒေသအနီးတွင် လုပ်ဆောင်လျက်ရှိသည်ဟု မေးခွန်းဖြေကြားသူအတော်များများက ဖြေကြားခဲ့သည်။ ပစ်မှတ်လွဲ၍ကျလာသော အမြောက်ကျည်ဆံများနှင့်၎င်း၏အစအနများသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို အန္တရာယ်ဖြစ်စေပြီး ပိုင်ဆိုင်မှုများကိုလည်း ပျက်စီးစေသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ဘုရင့်နောင်တပ်စခန်း၏ စစ်လေ့ကျင့်ရေးသင်တန်း လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများကို ဤသို့တင်ပြခဲ့သည်။ *"သူတို့က သင်တန်းမှာ လက်နက်ကြီးတွေ သေနတ်တွေပစ်တော့ ကျွန်မတို့ရဲ့ ရာဘာခင်းတွေ ပျက်စီးရတယ်။ အဲ့ဒီလက်နက်ကြီးတွေက ကျွန်မတို့ရဲ့ ရာဘာခင်းတွေကိုထိတယ်။ တစ်ချို့ကကျတော့ ကျွန်မတို့ရဲ့ အိမ်ခေါင်မိုးပေါ်ကိုကျတယ်။ စစ်တပ်ကနေပြီးတော့ ရွာတွေအထဲကို အပစ်အခတ်လေ့ကျင့်တယ်ဆိုတာ မသင့်လျော်ဘူး။ သူတို့လုပ်ချင်တယ်ဆို ရွာနဲ့အဝေးမှာ လုပ်သင့်တယ်။ သူတို့က လက်နက်ကြီး၊ လက်နက်ငယ်နဲ့ စစ်ကားတွေကို သုံးကြတယ်။"* [233]

ဥယျာဉ်ခြံများဖျက်ဆီးခံရသဖြင့် ဝင်ငွေရရှိမှုအား ဆုံးရှုံးရသည့်အပြင် အချို့သောအရပ်သားများမှာ ထိုလေ့ကျင့်မှုများအတွက်ကြောင့် ၎င်းတို့၏မြေယာများသို့ စိုက်ပျိုးရိတ်သိမ်းရန် သွားရောက်ခွင့် ပိတ်ပင်ခံရကြောင်းကို အလားတူ မေးခွန်းဖြေကြားသူက အသေးစိတ်ရှင်းပြခဲ့သည်။ *"တပ်က သူတို့ရဲ့ လှုပ်ရှားမှုတွေကို ရွာဘေးမှာလာလုပ်တော့ ကျွန်တော်တို့အခက်အခဲတွေအများကြီးအပြင် စားဝတ်နေရေး အခက်အခဲတွေလည်းကြုံတွေ့ရတယ်။ ဥပမာအနေနဲ့ ကျွန်တော်ရာဘာခြစ်ဖို့ ခြံထဲကိုသွားရမယ် ဒါပေမယ့်သူတို့က ကျွန်တော်တို့ ရွာနားမှာ အပစ်အခတ် လေ့ကျင့်ရေးလာလုပ်တော့ ကျွန်တော်ဒီနေ့ သွားလို့မရဘူး။"* [234] တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှအမျိုးသားတစ်ဦးကလည်း လက်နက်ကြီးပေါက်ကွဲသံများသည် ဒေသခံများအား ကြောက်ရွံ့စေကြောင်း

[230] Source #28 တွင် ကြည့်ပါ။

[231] Source #6 တွင် ကြည့်ပါ။

[232] အပိုဒ် ၅ (ဂ), ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်။

[233] Source #43 တွင် ကြည့်ပါ။

[234] Source #43 တွင် ကြည့်ပါ။

မှတ်ချက်ပြုခဲ့သည်။ *"ရွာသားတွေက ကြောက်နေကြတယ်။ မိုးကုန်းစက်ပစ်ကွင်းက ရဟတ်ယာဉ်ကနေ သေနတ်ပစ်တဲ့အသံတွေကို ကျွန်တော်တို့သုံးလေးရက် တစ်ခါကြားနေရတယ်။"*[235]

စစ်လှေ့ကျင့်ရေးများကြောင့် လယ်ယာမြေများပျက်စီးခြင်းသည် NCA ၏ အပိုဒ် ၅ (က) အား တိုက်ရိုက်ချိုးဖောက်နေခြင်း ဖြစ်သည်။ ထိုအပိုဒ်တွင် တပ်မတော်အနေဖြင့် အပစ်ခတ်ရပ်စဲရေး နယ်မြေများတွင်ရုပ်ဝတ္ထုပစ္စည်းများဖျက်ဆီးခြင်းကို ရပ်ဆိုင်းရန် ဖော်ပြထားသည်။[236] ထိုသို့ အပစ်ခတ်လေ့ကျင့်ခြင်းများသည် ထိုဒေသများ အတွင်း မပေါက်ကွဲသေးသောလက်နက်ခဲယမ်းအန္တရာယ်များ ဖြစ်စေနိုင်ပြီး ဒေသခံပြည်သူများနှင့် ၎င်းတို့၏ လယ်ယာသုံးတိရိစ္ဆာန်များအပေါ် ခြိမ်းခြောက်မှုများဖြစ်စေကာ တောင်သူများအား စိုက်ပျိုးမြေများသို့သွားခြင်းကို အဟန့်အတားဖြစ်စေသည်။

## KNLA နှင့် တပ်မတော်တို့အကြား ပစ်ခတ်မှုများ

NCA အား ရေးထိုးပြီးဖြစ်သော်လည်း KNLA နှင့် တပ်မတော်တို့အကြား ပစ်ခတ်မှုများဖြစ်ပေါ် လျက်ရှိကြောင်း မေးခွန်းဖြေကြားသူများက တင်ပြခဲ့သည်။ သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"မနှစ်က [၂၀၁၈] နွေတုန်းက ဝါသိုးခို ဒေသမှာ တိုက်ပွဲဖြစ်ခဲ့တယ်။ ဒါကြောင့် ကျွန်မသားက ကျွန်မဆီလာလည်လို့မရတော့ဘူး။ တပ်မတော်က ကရင်[KNLA]ကို တိုက်ခိုက်ပြီး သူတို့ရဲ့ ဂိတ်တွေကို မီးရှို့ဖျက်ဆီးခဲ့တယ်။ တပ်မတော်စစ်သား အများစုက မြေမြှုပ်မိုင်းတွေထောင်ခဲ့တယ်။ ဒါကြောင့် ကျွန်မသားက ရွာကိုပြန်လာလို့မရတော့ဘူး။"*[237]

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှစ၍ အထူးသဖြင့် KNU ၏ ထိန်းချုပ်မှု နယ်မြေများအတွင်း အစိုးရစစ်သားများမှ နယ်မြေကျူးကျော်မှုများ ပြုလုပ်ခဲ့သဖြင့် KNLA နှင့် တပ်မတော်တို့အကြား ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ သတင်းအချက်အလက်များရရှိခဲ့သည်။ တပ်မတော်မှ KNU ၏ ထိန်းချုပ်မှု နယ်မြေအတွင်း လမ်းစတင်ဖောက်လုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ဖာပွန်ခရိုင်၊ လူသောမြို့နယ်အတွင်း တိုက်ခိုက်မှုများစွာဖြစ်ပွားခဲ့ကာ တပ်မတော် စစ်သားတစ်ဦး သေဆုံးခဲ့သည်။[238] ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလအထိ တိုက်ခိုက်မှုများ မကြာခဏဖြစ်ပေါ် ခဲ့ပြီး ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် KNLA ၏ စစ်သားများက ၎င်းတို့၏ဒေသအတွင်း ရိက္ခာတင်ပို့ခဲ့သော တပ်မတော်စစ်ကားများအား ခြုံခိုတိုက်ခိုက်ခဲ့သည်။[239] ထိုဒေသအတွင်းတွင် ယခင်ကဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုများကြောင့် ၂၀၁၈ ခုနှစ်၊ မတ်လတွင် ဒေသခံ ၂၃၀၀ ခန့် နေရပ်ရွှေ့ပြောင်း နေထိုင်ခဲ့ကြရသည်။[240] အခြားလမ်းဖောက်လုပ်မှု စီမံကိန်းတစ်ခုကြောင့် ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအတွင်း KNLA နှင့် တပ်မတော်တို့အကြား ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး ဒေသခံ ၁၀၈ ဦး နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ကြရသည်။[241]

အပစ်ခတ်ရပ်စဲရေးနယ်မြေအတွင်း မိုင်းထောင်ခြင်းနှင့် လက်နက်ကိုင် တိုက်ပွဲများဖြစ်ပွားစေခြင်းကို တားမြစ်ထားကြောင်း NCA ၏ စာပိုဒ် ၅(က) တွင် ဖော်ပြထားသည်။ တပ်မတော်နှင့် KNLA အနေဖြင့် အခြားအဖွဲ့၏

---

[235] Source #48 တွင် ကြည့်ပါ။

[236] အပိုဒ် ၅ (က), ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်။

[237] Source #16 တွင် ကြည့်ပါ။

[238] KHRG မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော "Hpapun Short Update: Fighting breaks out between the Tatmadaw and the KNLA in Lu Thaw Township", တွင်ကြည့်ပါ။

[239] KHRG မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော "Hpapun Short Update: Fighting breaks out between the Tatmadaw and the KNLA in Lu Thaw Township", တွင်ကြည့်ပါ။

[240] KHRG မှ ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "Attacks on villagers, ongoing fighting and displacement in Hpapun and Toungoo districts from January to April 2018", တွင်ကြည့်ပါ။

[241] KHRG မှ ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "Nyaunglebin District: Tatmadaw road construction activities lead to confrontations with the KNLA, displacement and property damage in Kyaukkyi Township", တွင်ကြည့်ပါ။

နယ်မြေအတွင်းတွင် လှုပ်ရှားရန်အတွက် ခွင့်ပြုချက်ရယူရမည်။[242] *"နှစ်ဖက်တိုက်ရိုက် ထိတွေ့ရင်ဆိုင်မှုရှိသော နေရာများတွင် ထိတွေ့ပစ်ခတ်မှုမရှိစေရေးအတွက် စက်ဆက်သွယ်မှု၊ မြေပြင်ဆက်သွယ်မှုနှင့် အခြားဆက်သွယ်မှုနည်းလမ်းများရယူပြီး ချက်ခြင်းဆောင်ရွက်ရမည်။"*[243] NCA အား ဖောက်ဖျက်မှုအတွက်အကြမ်းဖက်တိုက်ခိုက်မှုနှင့် တုံ့ပြန်မည့်အစား တစ်ဖက်နှင့်တစ်ဖက်ညှိနှိုင်းပြီး ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခြင်းမှ ရှောင်ကျဉ်ရန် သင့်လျော်သည့်နည်းလမ်းဖြင့် ညှိနှိုင်းဆောင်ရွက်သင့်သည်။

ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အမျိုးသားတစ်ဦးက ထိုသို့သောထိပ်တိုက်ရင်ဆိုင်မှုများသည် ပဋိပက္ခများကို ထပ်မံဖြစ်ပွားစေပြီး ဒေသခံများအတွက် အခက်အခဲများကိုသာ ဖြစ်ပေါ်စေမည်ကို စိုးရိမ်ကြောင်း ဖော်ပြခဲ့သည်။ *"တပ်မတော် စစ်သားတွေက KNU ထိန်းချုပ်နယ်မြေကိုလာကြတော့ အဆိုးတွေဖြစ်လာမှာကို ကြောက်တယ်။ ဒီအခြေအနေသာ နောက်တစ်ခေါက်ထပ်ဖြစ်မယ်ဆိုရင် ရွာသားတွေ အရမ်းပဲ ဒုက္ခရောက်ကြရမှာ။"*[244] လက်ရှိထိလွယ်ရှလွယ်ဖြစ်နေသော ငြိမ်းချမ်းရေးအခြေအနေကြောင့် ပြဿနာများထပ်မံဖြစ်ပေါ်စေနိုင်သည်ကိုလည်း ထိုသူမှ ထပ်လောင်းပြောပြခဲ့သည်။ *"တပ်မတော်စစ်သားတွေက KNU ထိန်းချုပ်နယ်မြေကို ကျူးကျော်လာကြတယ်။ KNLA စစ်သားတွေက သူတို့အနေနဲ့ ဒါကိုဘယ်လိုမှ သည်းမခံနိုင်ပဲ ပစ်လိုက်ချင်တယ်လို့ပြောတယ်။ ဒါပေမယ့် သူတို့ရဲ့ ဗိုလ်ကြီးတွေက ပစ်မိန့်မပေးသေးဘူး။ ကျွန်တော်တို့ သူတို့နဲ့တွေ့တော့ အဲ့လိုမလုပ်ဖို့ပြောခဲ့တယ်။ ရွာသားတွေဆိုတော့ ကျွန်တော်တို့ငြိမ်းချမ်းရေးပဲ လိုချင်တယ်။"*[245]

## (၂) NCA ချုပ်ဆိုပြီးနောက် လူ့အခွင့်အရေးအခြေအနေ

ငြိမ်းချမ်းရေးဖြစ်စဉ်သည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် တည်ငြိမ်အေးချမ်းမှုကို ယူဆောင်လာသော်လည်း ဒေသခံအများစုမှာ ပဋိပက္ခများနှင့် ဆက်လက်ဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ကြောက်ရွံ့မှုများဖြင့် နေထိုင်ကြရလျက်ရှိသည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက *"သူတို့က အပစ်ခတ်ရပ်စဲရေး သဘောတူလက်မှတ်ထိုးပြီးပြီဆိုတော့ ကျွန်တော်တို့ကို ပြန်လို့ရပြီလို့ပြောတယ်။ ကျွန်တော်အခု ရွာကိုမပြန်သေးတာက ကျွန်တော့်အနေနဲ့ လက်ရှိအခြေအနေနဲ့ တပ်မတော်ကို မယုံနိုင်သေးလို့ပဲ။"*[246] ထန်းတပင်မြို့နယ်မှအမျိုးသားတစ်ဦးက *"လူတစ်ချို့ပဲ ရွာကို ပြန်လာတယ်။ [ဒါပေမယ့် သူတို့လည်း] အကြောက်တရားနဲ့နေကြတယ်။ နိုင်ငံရေးအခြေအနေက တည်ငြိမ်မှုမရှိသေးဘူးလို့ သူတို့ထင်ကြတယ်။"*[247] ပဏာမအပစ်ခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင် လူ့အခွင့်အရေးအခြေအနေများ တိုးတက်မှုရှိလာပြီး NCA ရေးထိုးပြီးသည့်အချိန်ထိ တိုးတက်မှုများဆက်လက်ရှိနေသော်လည်း အစဉ်အလာအရ လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သည့် သတ်ဖြတ်မှုများ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် ကျားမအခြေပြုအကြမ်းဖက်မှုများ၊ ကလေးအခွင့်အရေးချိုးဖောက်မှုများ၊ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ဘာသာရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုများ၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုများနှင့် အဓမ္မငွေတောင်းခံခြင်းများမှာ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ သတင်းအချက်အလက် ကောက်ခံရရှိထားသည်။ အဖွဲ့အစည်းအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှု ပုံစံအသစ်များဖြစ်သည့် ပိုမိုများပြားလာသော မြေယာသိမ်းယူမှုများ၊ သဘာဝသယံဇာတ အုပ်ချုပ်မှုဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်၍ သတင်းအချက်အလက်များကိုလည်း ကောက်ယူရရှိခဲ့သည်။

ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းမှု ပြုလုပ်ထားသူအများစု တင်ပြလေ့ရှိသော အချက်တစ်ချက်မှာ တိုက်ပွဲများသည် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေသည့် အကြောင်းရင်းဖြစ်ကြောင်း

[242] အပိုဒ် ၈ (ခ)၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်။

[243] အပိုဒ် ၇ (က)၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်။

[244] Source #7 တွင် ကြည့်ပါ။

[245] Source #7 တွင် ကြည့်ပါ။

[246] Source #47 တွင် ကြည့်ပါ။

[247] Source #11 တွင် ကြည့်ပါ။

ကိုလည်း သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးကတင်ပြခဲ့သည်။ *"တိုင်းရင်းသားလူမျိုးစုတွေ အားလုံး ကိုယ်စား ကျွန်မပြောချင်တာက ကချင်ပြည်နယ်နဲ့ ဖာပွန်ခရိုင်တို့ဘက်မှာလည်း တိုက်ပွဲတွေ အကြီးအကျယ်ဖြစ် တယ်။ ဒါက NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်းမှာ ဖြစ်တာ။ မြန်မာနိုင်ငံထဲမှာရှိနေတဲ့ တိုင်းရင်းသားလူမျိုးစု တွေအတွက် အခက်အခဲစိန်ခေါ်မှုတွေအများကြီးပဲ။ ဒီတိုက်ခိုက်မှုတွေရဲ့ အကျိုးဆက်က နေရပ်ရွှေ့ပြောင်းနေထိုင် ရတာ၊ စားနပ်ရိက္ခာပြတ်လပ်မှု၊ ဝတ်မွတ်မှုတွေ၊ သန့်ရှင်းတဲ့ရေ မသောက်သုံးရတော့ ကျန်းမာရေးချို့တဲ့မှု ပြဿနာတွေကို ခံစားရတယ်။ ဒါတွေက သဘာဝဘေးအန္တရာယ်တွေရဲ့ အကျိုးဆက်တွေမဟုတ်ဘူး။ ဒါတွေက တပ်မတော်က တိုင်းရင်းသားတွေအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုရဲ့ အကျိုးဆက်တွေဖြစ်တယ်။"* [248]

## တရားဥပဒေမဲ့ သတ်ဖြတ်ခြင်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၉ ခုနှစ်၊ ဧပြီလများ အကြားတွင် လက်နက်ကိုင်တပ်ဖွဲ့များမှ ညောင်လေး ပင်ခရိုင်၊ ဖာပွန်ခရိုင်၊ ဒူးပလာယာခရိုင်နှင့် ဘားအံခရိုင်များတွင် ကျူးလွန်ခဲ့သည့် တရားဥပဒေမဲ့သတ်ဖြတ်မှု (၇) ခုနှင့် ပတ်သက်ပြီး ကရင်လူ့အခွင့်အရေးအဖွဲ့မှ သတင်းအချက်အလက် ရရှိခဲ့သည်။ ထိုသူများထဲတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လက်နက်ကိုင်တပ်ဖွဲ့ဝင်များမှ စစ်မှုထမ်းများ၏ ကျူးလွန်ခြင်းဖြစ်သည်။ အမည်နှင့်တကွ ဖော်ပြရမည်ဆိုလျှင် တပ်မတော် မှ (၄)မှု[249] ၊ KNLAမှ (၁) မှု[250] ၊ BGF မှ (၁)မှု[251] KNU/ KNLA-PC မှ (၁)မှု[252] တို့ ဖြစ်သည်။

NCA ရေးထိုးပြီးဖြစ်သော်လည်း တပ်မတော်မှ အပြစ်မဲ့ပြည်သူများအား ဆက်လက်သတ်ဖြတ်နေမှုများ ရှိကြောင်း မေးခွန်းဖြေကြားသူအချို့က တင်ပြခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းသည် အပိုဒ် ၉ (ခ) ကို ပေါ်ပေါ်ထင်ထင် ကျူးလွန် နေခြင်းဖြစ်သည်။ ဖာပွန်ခရိုင်၊ လူသောမြို့နယ်မှ အမျိုးသားတစ်ဦးက တပ်မတော်စစ်သားများမှ ဒေသခံ ခေါင်းဆောင်တစ်ဦးအား ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် သတ်ဖြတ်ခဲ့သည်နှင့် ပတ်သက်ပြီး တင်ပြခဲ့သည်။ *"[တပ်မတော်]က စောအိုမူးကို ၂၀၁၈ ခုနှစ်မှာ ပစ်သတ်ခဲ့တယ်။ ဒီလိုလုပ်တာက မမှန်ဘူး။ သူက ဌာနေတိုင်းရင်း သားတစ်ယောက်ပဲ။ သူခရီးထွက်နေတုန်း တပ်မတော်ရဲ့ ပစ်သတ်တာကို ခံခဲ့ရတယ်။ သူက ဒေသခံတွေနဲ့ လူမှုအသိုက်အဝန်းအတွက်ပဲ အလုပ်လုပ်ခဲ့တာ။ သူက KNU အတွက် အလုပ်မလုပ်ခဲ့ဘူး။ သူတို့အနေနဲ့ သူ့ကို မပစ်ခင် နှစ်ခါတောင်မတွေးခဲ့ဘူး။"* [253] ထိုအမှုနှင့်ပတ်သက်ပြီး ပြည်တွင်းပြည်ပသတင်းဌာနများက သတင်းများ ရေးသားခဲ့ကြသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းအချက်အလက်များအရ စောအိုမူးသည် ကရင်အမျိုး သားကာကွယ်ရေးတပ်ဖွဲ့ (KNDO)၏ တပ်သားနှင့်အတူ ဆိုင်ကယ်အတူစီးလာခဲ့သောကြောင့် ချောင်းပစ်ခံခဲ့ ရခြင်းဖြစ်သည်။[254] တပ်မတော်မှ အမျိုးသားနှစ်ဦးလုံးအား အရပ်ဝတ် ဝတ်ထားသောသူပုန် *"မသင်္ကာဖွယ် အဖျက်သမားများ"* ဖြစ်သည်ဟု ထိုအချိန်က ဖော်ပြခဲ့သည်။[255] အကယ်၍အခြေအနေမှာ ထိုကဲ့သို့ဖြစ်စေကာမူ

---

[248] Source #18 တွင် ကြည့်ပါ။

[249] KHRG မှ ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "Dooplaya Incident Report: Two Tatmadaw deserters killed seven civilians in Win Yay Township, April 2019"၊ KHRG မှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော "Two separate killing incidents committed by Tatmadaw soldiers in Shwegyin Township, Nyaunglebin District (March and May 2017)" နှင့် KHRG မှ ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "A Karen Community Leader, Saw O Moo, Was Murdered by Tatmadaw forces in Hpapun District, April 2018" တို့တွင် ကြည့်ပါ။

[250] KHRG မှ ၂၀၁၇ ခုနှစ်၊ ဖွန်လတွင် ထုတ်ဝေသော "Hpapun Situation Update: Bu Tho Township, September to November 2016" တွင် ကြည့်ပါ။

[251] KHRG မှ ၂၀၁၇ ခုနှစ်၊ ဖွန်လိုင်လတွင် ထုတ်ဝေသော "Three separate killing incidents based on witchcraft suspicion in Hpa-an District" တွင် ကြည့်ပါ။

[252] ဤအချက်အလက်သည် မထုတ်ဝေရသေးသည့် ဘားအံခရိုင်အစီရင်ခံစာတွင် ယူထားခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် လက်ခံရရှိ ထားပါသည်။

[253] Source #73 တွင် ကြည့်ပါ။

[254] KHRG မှ ၂၀၁၈ ခုနှစ်၊ ဖွန်လတွင် ထုတ်ဝေသော "A Karen Community Leader, Saw O Moo, Was Murdered by Tatmadaw forces in Hpapun District, April 2018", တွင် ကြည့်ပါ။

[255] The Guardian မှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့တွင် ထုတ်ဝေသော "Indigenous Environmental Campaigner Killed by

ထိုသူများအား တိုက်ခိုက်ခြင်းသည် NCA ၏ အပိုဒ် ၅ (က) ဖြစ်သည့် တပ်မတော်နှင့် EAOs အနေဖြင့် အပစ်ရပ်နယ်မြေတွင် တိုက်ခိုက်မှုများအား ရပ်တန့်ထားရမည်ဆိုသောအချက်ကို ချိုးဖောက်ခြင်းဖြစ်သည်။

## ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အကြမ်းဖက်မှုများ

NCA အပိုဒ် ၉ (ခ) သည် အရပ်သားများအား အကြမ်းဖက်မှု၊ ညှဉ်းပမ်းနှိပ်စက်မှုနှင့် လူမဆန်သော ဆက်ဆံမှုများကို တားမြစ်ထားပါသည်။ သို့သော်လည်း ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ ခုနှစ်၊ ဧပြီလအထိ သထုံ၊ ညောင်လေးပင်၊ မြိတ်-ထားဝယ်၊ ဖာပွန်၊ ဒူးပလာယာနှင့် ဘားအံခရိုင်များတွင် ဖြစ်ပွားခဲ့သည့် ညှဉ်းပမ်းနှိပ်စက်မှုများနှင့် အကြမ်းဖက်မှု ၁၂ ခုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား လက်ခံရရှိခဲ့သည်။ ထိုကျူးလွန်မှုများတွင် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လှုပ်ရှားနေသော လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် ပါဝင်ပတ်သက်မှုများရှိနေပြီး NCA ရေးထိုးထားသော အဖွဲ့များအများစု ပါဝင်သည်။ ထိုအထဲတွင် တပ်မတော်၏ကျူးလွန်မှု (၂) မှု၊ KNU/KNLA မှ ကျူးလွန်မှု (၅)မှု၊ BGF ၏ ကျူးလွန်မှု (၂)မှု၊ DKBA (ခွဲထွက်) အဖွဲ့၏ကျူးလွန်မှု (၁)မှုနှင့် KNU/KNLA-PCမှ ကျူးလွန်မှု (၂) မှုတို့ ပါဝင်သည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် KNLA တပ်ရင်း အမှတ် (၈) ၏ တပ်ကြပ်ကြီးနှင့် တပ်ကြပ်တစ်ဦးတို့မှ အရပ်သားနှစ်ဦးအား ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်တွင် မြေယာအငြင်းပွားမှုတစ်ခုနှင့် ပတ်သက်ပြီး ဖမ်းဆီးခဲ့သည်။ တာဝန်ရှိသူများမှ ထိုသူများအား ကြိုးဖြင့်ချည်နှောင်ပြီး မြေယာစာရွက်စာတမ်းတွင် လက်မှတ်ရေးထိုးစေခဲ့ခြင်းဖြစ်သည်။ အရပ်သားထဲမှတစ်ဦးသည် ဝန်ထမ်းများ၏ချုပ်နှောင်ထားခြင်းခံရသည့်အချိန်တွင် ရိုက်နှက်ခြင်းကို ခံခဲ့ရသည်။[256]

၂၀၁၈ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် တပ်မတော် တပ်မ ၂၂ လက်အောက်ခံ ခြေမြန်တပ်ရင်း အမှတ် ၂၀၃ မှ တပ်သားများသည် ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်ရှိ KNU ထိန်းချုပ်နယ်မြေအတွင်း ကျူးကျော်ခဲ့သဖြင့် KNLA ၏ ခြိမ်းခြောက်တိုက်ခိုက်ခြင်းခံခဲ့ရသည်။ ထို့နောက်တွင် တပ်မတော်စစ်သားများသည် အနီးအနားရှိကျေးရွာများသို့ သွားရောက်ပြီး ထိုရွာများမှ ရွာသူကြီးများအား ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်မှုများ ပြုလုပ်ခဲ့သည်။ KNLA မှ တပ်မတော်စစ်သားများအား ထပ်မံတိုက်ခိုက်မည်ဆိုပါက တပ်မတော်မှ ကျေးရွာခေါင်းဆောင်တစ်ဦးကိုပစ်သတ်ပြီး တစ်ရွာလုံးကိုမီးရှို့ဖျက်ဆီးမည်ဟု ခြိမ်းခြောက်ခဲ့ပါသည်။[257]

၂၀၁၉ ခုနှစ်၊ ဧပြီလတွင် KNU/KNLA–PC မှ ဗိုလ်မှူးတစ်ဦးနှင့် စစ်သားများသည် ဘားအံခရိုင်၊ ပိုင်ကျုံမြို့နယ်ရှိ အရပ်သားတစ်ဦးအား မည်သည့်အကြောင်းပြချက်မှမပေးပဲ ဝါးရင်းတုတ်ဖြင့်ရိုက်ခဲ့သည်။ ထိုအရိုက်ခံရသူသည် တစ်နာရီကျော် သတိမေ့မျောခဲ့ပြီး တစ်ညလုံးနာကျင်စွာ အော်ဟစ်ညည်းတွားခဲ့သည်။ နောက်ပိုင်းတွင် ထိုသူအား နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။[258]

## အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ကျားမအခြေပြုအကြမ်းဖက်မှု

လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှုများသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသော ပြဿနာတစ်ရပ်အဖြစ် ကျန်ရှိနေခဲ့သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလအတွင်း လက်ခံရရှိသော အမျိုးသမီးနှင့်ပတ်သက်သည့် အစီရင်ခံစာ ၅၂ ခုတွင် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ၂၇ မှု ပါဝင်ပြီး ၎င်းတို့မှာ သက်ဆိုင်သူများမှ ကျူးလွန်ခဲ့

Myanmar Government”, တွင်ကြည့်ပါ။

256 KHRG မှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော “Nyaunglebin Interview: Saw P---, December 2015”, တွင်ကြည့်ပါ။

257 KHRG မှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော “Hpapun Incident Report: Explicit Threats in Dwe Lo Township, April 2018”, တွင်ကြည့်ပါ။

258 ဤအချက်အလက်သည် မထုတ်ဝေရသေးသည့် ဘားအံခရိုင်အစီရင်ခံစာတွင် ယူထားခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် လက်ခံရရှိ ထားပါသည်။

သည်။ သို့သော်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ကျားမအခြေပြုအကြမ်းဖက်မှုများကို မတိုင်ကြားနိုင်ပဲ ကျန်ရှိနေသည်မှာ ကျူးလွန်ခံရသူအား အရိပ်မဲမျိုးများကျန်စေခြင်း၊ အပြစ်တင်သည့် ယဉ်ကျေးမှုတွင် နေထိုင်စေခြင်း၊ ကျူးလွန်သူများထံမှ ခြိမ်းခြောက်မှုများခံရခြင်းနှင့် လူမှုအသိုက်အဝန်းအတွင်း တိုင်ကြားမှုယန္တရားများနှင့် ပတ်သက်သောသတင်းအချက်အလက်ဖလှယ်မှု အားနည်းခြင်းကြောင့်ဖြစ်သည်။ ထို့အပြင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ကျားမအခြေပြုအကြမ်းဖက်မှုများအား ကျူးလွန်သူများသည် ၎င်းတို့၏ရာထူးကြောင့် အရေးယူနိုင်ချေမရှိခြင်း၊ ပြစ်ဒဏ်ကင်းလွတ်ခွင့်အလေ့အထများနှင့် အမျိုးသားများဦးဆောင်သော တရားစီရင်ရေးစနစ်များအား အားကိုးအားထားပြုရသည့်အတွက် ကျူးလွန်သူများအနေဖြင့် တာဝန်ယူမှု တာဝန်ခံမှုရှိရန် မဖြစ်နိုင်တော့ပေ။[259]

ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းအချက်အလက်များအရ လက်နက်ကိုင်တပ်ဖွဲ့ဝင်များမှ ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် ယခုအချိန်တွင် လူတစ်ဦးချင်းစီမှလည်း ကျူးလွန်လျက်ရှိသည်။ အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများနှင့် နှိုင်းယှဉ်လျှင် ဖြစ်ပွားမှုနှုန်းအလွန်နည်းပါးသော်လည်း ဤပုံစံဖြင့် အခွင့်အရေးချိုးဖောက်မှုများသည် ဆက်လက်ဖြစ်ပွားလျက်ရှိပြီး အရေးယူမှုမရှိကြောင်းကို မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီ မြို့နယ်မှ အမျိုးသမီးတစ်ဦးက *"ပဏာမအပစ်ခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ထိုးပြီး (၂) နှစ်နောက်ပိုင်း၊ ၂၀၁၄ ခုနှစ်တွင် တပ်မတော်စစ်သားပောင်းတစ်ဦးက အိမ်မှာကျန်ခဲ့တဲ့ ကလေးမလေးနှစ်ယောက်ကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခဲ့တယ်။ ကလေးမလေးတစ်ယောက်က (၈) နှစ်နဲ့ နောက်တစ်ယောက်က (၁၂)နှစ်။ အမေကအလုပ်လုပ်တဲ့အချိန်မှာသူတို့ကိုအရိပ်အောက်မှာထားခဲ့တယ်။ ဒီကလေးမလေးနှစ်ယောက်လုံး လျော်ကြေး ဒါမှမဟုတ် နစ်သိမ့်အကြံပေးဆွေးနွေးမှုတွေ လုပ်ပေးတာမရှိဘူး။"*[260] အိမ်နီးခြင်းများမှ ထိုအခြေအနေနှင့်ပတ်သက်ပြီး အတင်းပြောခြင်းများရှိသည့်အတွက် ခံရသူများအနေဖြင့် ရှက်ကြောက်ခြင်းကို ခံစားရကြောင်းနှင့် လိင်ပိုင်းဆိုင်ရာ ထိခိုက်ခံစားသူများအား ပိုမိုကောင်းမွန်သော ကာကွယ်စောင့်ရှောက်မှုများပေးရန် လိုအပ်ကြောင်းကိုလည်း ဤသို့တင်ပြခဲ့သည်။ *"ထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးတာကို မလုပ်နိုင်ရင်တောင် ခံရတဲ့သူတွေကိုကာကွယ်ပေးသင့်တယ်။ ဒီလိုခံစားရတဲ့သူတွေအတွက် အကာအကွယ်ပေးတဲ့ဥပဒေတွေရှိသင့်တယ်။"*[261]

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ကျားမအခြေပြု အကြမ်းဖက်မှုများကို အစိုးရဝန်ထမ်းများနှင့် အာဏာရှိပုဂ္ဂိုလ်များမှလည်း ကျူးလွန်တတ်ကြသည်။[262] ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်မှ အမျိုးသားတစ်ဦး၏ တင်ပြချက်အရ NCA ရေးထိုးပြီးနောက်ပိုင်းတွင် ပလောဝကျေးရွာရှိ ကရင်အမျိုးသမီးတစ်ဦးသည် တပ်မတော်မှ ခန့်အပ်ထားသော ဗမာလူမျိုးရွာသူကြီး၏ အဓမ္မပြုကျင့်ခြင်းကို ခံခဲ့ရသည်။ ကျူးလွန်သူ၏ လက်ရှိရာထူးအရ သူ့အနေဖြင့် တာဝန်ခံမှုမရှိပေ။ *"သူက ကရင်ဆရာမတစ်ယောက်ကို အဓမ္မပြုကျင့်တယ်။ ဒါပေမယ့် သူ့ကို ဘယ်သူမှ အပြစ်မတင်ရဲဘူး။ သူ့ကို အပြစ်တင်တဲ့သူမှန်သမျှကို သူသတ်လိမ့်မယ်။ ခံရတဲ့သူကို (လုံခြုံရေးအရ) KNU ခရိုင်ရုံးကို လျှို့ဝှက်စွာပို့ခဲ့တယ်။ ကျူးလွန်တဲ့သူက မြန်မာအစိုးရအာဏာပိုင်ဆိုတော့တာဝန်ရှိတဲ့ ပုဂ္ဂိုလ် [KNU] အနေနဲ့က ဒီကိစ္စကို ရှာဖွေဖော်ထုတ်နိုင်မှာ မဟုတ်ဘူး။ ရွာသူကြီးက သူ့နောက်မှာ တပ်မတော်ရှိတယ်ဆိုပြီး အာဏာကိုတလွဲသုံးကြတယ်။ သူက ကရင်အမျိုးသားတစ်ယောက်ကိုဓါးနဲ့ထိုးသတ်ပြီး အမျိုးသမီးတစ်ယောက်ကို အဓမ္မပြုကျင့်ခဲ့တယ်။"*[263]

---

[259] KHRG မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "တိတ်တဆိတ် ခံစားခြင်းလော။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ခံစားနေရသည့်အမျိုးသမီးများ", တွင်ကြည့်ပါ။

[260] Source #14 တွင် ကြည့်ပါ။

[261] Source #14 တွင် ကြည့်ပါ။

[262] KHRG မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "တိတ်တဆိတ် ခံစားခြင်းလော။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လိင်ပိုင်းဆိုင် ရာအကြမ်းဖက်မှု ခံစားနေရသည့်အမျိုးသမီးများ", တွင်ကြည့်ပါ။

[263] Source #49 တွင် ကြည့်ပါ။

သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ တွေ့ဆုံမေးမြန်းခဲ့သူ အမျိုးသမီးတစ်ဦးက သူမ၏ဒေသအတွင်းတွင် ဖြစ်ပေါ် လျက်ရှိသော အိမ်တွင်းအကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး မီးမောင်းထိုးပြခဲ့သည်။ *"အမျိုးသားတွေ အိမ်ကိုအရက်မူးပြီးပြန်လာရင် အမျိုးသမီးနဲ့ကလေးတွေအပေါ် အိမ်တွင်းအကြမ်းဖက်မှုတွေ ရှိတယ်။"* [264] အမျိုးသမီးများအပေါ် အိမ်တွင်းအကြမ်းဖက်မှုများသည် မြန်မာနိုင်ငံနေရာအနှံ့တွင် ဖြစ်ပေါ် လျက်ရှိသည့် ပြဿနာပင်ဖြစ်ပြီး[265] NCA ရေးထိုးပြီးနောက်ပိုင်းတွင် ထိုကိစ္စနှင့်ပတ်သက်သော အဖြစ်အပျက်အချို့ကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ မှတ်တမ်းပြုစုခဲ့သည်။ ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်မှ အမျိုးသမီးတစ်ဦးအား ဖောက်ပြန်သည်ဟု သံသယရှိသဖြင့် သူမ၏အမျိုးသားဖြစ်သူမှ သူမအား သတိလစ်သည်အထိ ဝါးရင်းတုတ်ဖြင့်ရိုက်နှက်ခဲ့သည်။ ထိုသို့ဖြစ်ပွားပြီးနောက်ပိုင်းတွင် သူမအနေဖြင့် ကွာရှင်းခွင့်တောင်းဆိုခဲ့သော်လည်း ကျေးရွာအုပ်စုမှူးမှ ထိုကိစ္စကို သုံးလ ရပ်တန့်ထားကာ သူမ၏သဘောထားအား ပြောင်းလဲရန်ကြိုးစားလျက်ရှိသည်။[266] အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် အိမ်တွင်းအကြမ်းဖက်မှုများကို ဖြစ်ပွားစေသည်။ ၂၀၁၉ ခုနှစ်တွင် ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှအမျိုးသားတစ်ဦးက ဆေးကြောင်သည့်အတွက် သူ၏အမျိုးသမီးအားရိုက်နှက်ပြီး သူ၏အိမ်ကို မီးရှို့ဖျက်ဆီး ပစ်ခဲ့သည်။[267] အစီရင်ခံတင်ပြခြင်းမရှိပါက အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်၍ သေချာသည့်အခြေအနေကို သိရှိရန်ခက်ခဲမှုရှိသည်။ ထိုအရာကို ကရင်လူမှုအသိုက်အဝန်းများက တစ်ဦးချင်းစီ၏ ပုဂ္ဂလိကပြဿနာဟု ယူဆထားကြသည်။

## ကလေးအခွင့်အရေး ချိုးဖောက်မှုများ

ကရင်လူ့အခွင့်အရေးအဖွဲ့မှပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများအား ပြန်လည်သုံးသပ်ရာတွင် ကလေးအခွင့်အရေးချိုးဖောက်မှုများကိုလည်း ဖော်ပြထားသည်။ ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ အမျိုးသားတစ်ဦးက သူ၏ ဒေသအတွင်းရှိ ကလေးများသည် အိမ်မှုဝေယျာဝစ္စများ လုပ်ရသည့်အတွက် ကျောင်းမတက်ရကြောင်းကို ဖော်ပြထားသည်။ *"မိဘတွေက အပြင်ထွက်အလုပ်လုပ်တဲ့အခါ သူတို့ရဲ့ ငါးတန်းကျောင်းသူ သမီးလေးက ထမင်းချက်ဖို့ နေခဲ့လို့ရတယ်လို့ ထင်နေကြတယ်။"* [268] ၂၀၁၉ ခုနှစ်၊ မေလတွင် ထုတ်ဝေခဲ့သည့် အစီရင်ခံစာတွင် မြိုင်ကြီးငူဒေသမှ နေရပ်ရွှေ့ပြောင်းနေထိုင်ကြရသော ကလေးငယ်များသည်လည်း အိမ်မှုဝေယျာဝစ္စများကူလုပ်ရန်အတွက် သို့မဟုတ် မိသားစုမှ သူတို့၏လုပ်အားခကို မှီခိုနေရသည့်အခါများတွင် ကျောင်းဆက်မတက်နိုင်ကြတော့ပေ။[269] ထိုလုပ်ဆောင်မှုများသည် ကလေးများ၏ပညာရေး လက်ခံရရှိနိုင်မှုကို ထိခိုက်စေနိုင်ပြီး ဆင်းရဲသည့်မိသားစုမှ ပေါက်ဖွားလာသူများအပေါ် ဖယ်ကျဉ်ထားမှုများကို ဖြစ်ပေါ် စေနိုင်သည်။

ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ ဆရာမတစ်ဦးက ကျောင်းသားများအား အကြမ်းဖက်ခဲ့ကြောင်းကိုလည်း ထိုတွေ့ဆုံမေးမြန်းမှုတွင် ဖော်ပြထားသည်။ *"ကျောင်းသားတွေရဲ့ ခေါင်းကို သူက နေ့တိုင်းခေါက်တယ်။ ကျောင်းသားတွေကို သူတို့သူငယ်ချင်းရဲ့ ခေါင်းကို သူ့ကိုယ်စားခေါက်ခိုင်းတယ်။"* [270] ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းအချက်အလက်များအရ ကျောင်းတွင် ကြိမ်ဒဏ်ပေးခြင်းသည် KNU နှင့် မြန်မာနိုင်ငံအစိုးရ၏ ပညာရေးစနစ်တွင် အသုံးပြုလေ့ရှိသောစနစ်ဖြစ်သည်။ မြိတ်-ထားဝယ်ခရိုင် ကဆယ်ဒိုမြို့နယ်အတွင်းရှိ အစိုးရကျောင်းတစ်ကျောင်းတွင် ကလေးတစ်ဦး၏ပြောကြားချက်အရ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် သူ၏

[264] Source #51 တွင် ကြည့်ပါ။

[265] The Conversation မှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ဝေသော "Myanmar Debates Women's Rights Amid Evidence of Pervasive Sexual and Domestic Violence", တွင်ကြည့်ပါ။

[266] KHRG မှ ၂၀၁၈ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Hpapun Situation Update: Bu Tho Township and Dwe Lo Township, July to September 2017", တွင် ကြည့်ပါ။

[267] KHRG မှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသော "Dooplaya Situation Update: Theft of civilian property by Tatmadaw soldiers, land confiscation and drug-related human rights abuses in Win Yay, Kawkareik and Kyainseikgyi townships between December 2018 and February 2019", တွင် ကြည့်ပါ။

[268] Source #33 တွင် ကြည့်ပါ။

[269] KHRG မှ ၂၀၁၉ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "အိမ်ပြန်ချိန်ကို တမ်းတရင်း ငြိမ်းချမ်းရေးကို မျှော်လင့်ခြင်း", တွင်ကြည့်ပါ။

[270] Source #16 တွင် ကြည့်ပါ။

အတန်းဖော်များသည် ဗမာဆရာတစ်ဦး၏ ရုပ်ပိုင်းဆိုင်ရာ စော်ကားမှုများကို ခံစားခဲ့ကြရသည်။ *"ကလေးတွေစာကို အာရုံမစိုက်နိုင်တဲ့အချိန်တွေဆိုရင် ဆရာက ကျောင်းသားတွေကိုရိုက်တယ်။ တစ်နေ့ ကျောင်းသားတစ်ချို့ စာမလိုက်နိုင်တော့ ဆရာက သူတို့ကိုလှဲချခိုင်းပြီး သူတို့အပေါ်ကို ခြေထောက်နဲ့ တက်နင်းခဲ့တယ်။ ကျောင်းသားတွေက အဲ့ဒီနာကျင်မှုကို မခံနိုင်လို့ အော်ငိုခဲ့ကြတယ်။"*[271]

ကလေးများအား ရိုက်နှက်ပြစ်ဒဏ်ပေးခြင်းသည် ၎င်းတို့၏ အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူညီချက်စာချုပ်၏ နံပါတ် ၈ (၂၀၀၆) တွင်ဖော်ပြထားသည်မှာ ထိုအပြုအမူများသည် ကလေးသူငယ်များ၏ ဂုဏ်သိက္ခာနှင့် ရုပ်ပိုင်းဆိုင်ရာအခွင့်အရေးများကို ချိုးဖောက်နေခြင်းဖြစ်သည်။[272]

## ခွဲခြားဆက်ဆံခြင်း။ ။လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုအား ကန့်သတ်ပိတ်ပင်ခြင်း

သမိုင်းကြောင်းအရ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ခရစ်ယာန်ဘာသာနှင့် မူစလင်ဘာသာကဲ့သို့သော[273] လူနည်းစု အဖွဲ့များအား ၎င်းတို့၏ ဘာသာရေးအဆောက်အအုံများ၊ ကျမ်းစာအုပ်များကို ဖျက်ဆီးခြင်း၊ အတင်းအဓမ္မနေရပ်ရွှေ့ပြောင်းနေထိုင်စေခြင်း၊ ဗုဒ္ဓဘာသာနယ်မြေများတွင် သွားရောက်နေထိုင်စေခြင်းနှင့် ကိုးကွယ်ယုံကြည်မှုများအား ကန့်သတ်ပိတ်ပင်ခြင်း စသည့်လုပ်ဆောင်မှုများပြုလုပ်လေ့ရှိသည်။[274] အစီရင်ခံစာများတွင် ကရင်ခရစ်ယာန်အသိုင်းအဝိုင်းအပေါ် ခွဲခြားဆက်ဆံမှုများ လျော့နည်းသွားသော်လည်း ရပ်တန့်သွားခြင်းမရှိပေ။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းအချက်အလက်များကို ပြန်လည်သုံးသပ်ကြည့်သည့်အခါတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူနည်းစုတိုင်းရင်းသားများအနေဖြင့် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့် အခွင့်အရေးကို အပြည့်အဝ မရရှိကြသေးပေ။

ဘုရားကျောင်းနှင့် ဗလီကျောင်းများ ဆောက်လုပ်ရန်အတွက် မြန်မာအစိုးရထံ ခွင့်ပြုချက် တောင်းခံသည့်အခါတွင် တွေ့ကြုံရသည့် အခက်အခဲများကို မေးခွန်းဖြေကြားသူ အတော်များများက ဖော်ပြခဲ့သည်။ ဗုဒ္ဓဘာသာအဆောက်အဦးများ ဆောက်လုပ်သည့် အခါတွင်မူ ထိုသို့သော တားမြစ်မှုများ မရှိပေ။ ညောင်လေးပင်ခရိုင်၊ ကျောက်တံခါးမြို့နယ်မှ အမျိုးသားတစ်ဦးက *"ဒါက လူ့အခွင့်အရေးဥပဒေအရဆိုရင် လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုပဲ။ ဒါပေမယ့် ကျွန်တော်တို့ လူမှုအသိုက်အဝန်းထဲမှာတော့ မျှတမှုမရှိသေးဘူး။ ခရစ်ယာန်ဘာသာကိုပြောင်းလဲလာတဲ့သူတွေအတွက် ဘုရားကျောင်းအသစ်ကို ဒီလိုလူမှုအသိုင်းအဝိုင်းမှာ ဆောက်ပေးဖို့ခွင့်ပြုချက်မရဘူး။ အာဏာပိုင်တွေက ဗုဒ္ဓဘာသာကျောင်းတွေကိုတော့ မဆောက်ခိုင်းဘူးပြောပေမယ့် တကယ်တန်းကျတော့ သူတို့တွေက ဗုဒ္ဓဘာသာကျောင်းတွေနဲ့ ဘုန်းကြီးကျောင်းတွေကို ဆောက်ခွင့်ပြုတယ်။ သူတို့က ခရစ်ယာန်ဘုရားကျောင်းနဲ့ မူစလင်ဗလီတွေကို မဆောက်ဖို့အတွက် သီသီသာသာကို တားမြစ်ထားတယ်။"*[275]

ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ မူစလင်အမျိုးသားတစ်ဦးက ဤကန့်သတ်ပိတ်ပင်မှုများနှင့် ပတ်သက်ပြီး သူ၏တုန့်လှုပ်ခြောက်ချားမှုကို တင်ပြခဲ့သည်။ *"ဒါက ကျွန်တော်တို့ မူစလင်တွေကို ရှင်းရှင်းလင်းလင်း ခွဲခြားဆက်ဆံတာဖြစ်တယ်။ ကျွန်တော်တို့က လူနည်းစုဖြစ်တယ်ဆိုတာကို သိတယ်။ ကျွန်တော်တို့မှာ ဗလီဆောက်ဖို့နဲ့*

[271] KHRG မှ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော "Mergui-Tavoy Situation Update: K'Ser Doh and Ler Muh Lah townships, December 2017 to February 2018", တွင် ကြည့်ပါ။

[272] ဤ UN Committee on the Rights of the Child, GENERAL COMMENT No. 8 on the right of the child to protection from corporal punishment and other cruel or degrading forms of punishment (2006), articles 19, 28, and 37, inter alia တွင် ကြည့်ပါ။

[273] The classification 'Muslim' in Southeast Myanmar is referred to and often self-identified as both a religion and an ethnicity. Throughout this chapter KHRG uses the term 'Muslim' to encompass both religion and ethnicity.

[274] KHRG မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော "အကြောက်တရား၏အုတ်မြစ် - ၂၅နှစ်အတွင်း မှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှ ရွာသားများ၏အသံများ", ၏ စာမျက်နှာ ၁၂၀ တွင် ကြည့်ပါ။

[275] Source #22 တွင် ကြည့်ပါ။

*ဖလီကိုအတူသွားပြီးဆုတောင်းဖို့ အခွင့်အရေးမရှိတာ။ ကျွန်တော်တို့ဒါကို လွတ်လွတ်လပ်လပ် လုပ်လို့မရသေးဘူး။"* [276] လူနည်းစု ဘာသာရေးအဖွဲ့များကြားတွင် တန်းတူညီစွာ ဆက်ဆံရေးနှင့်ပတ်သက်ပြီး ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အခြားသော မေးခွန်းဖြေကြားသူတစ်ဦးကလည်း အလားတူခံစားချက်ကို ဖော်ပြခဲ့သည်။ *"ကျွန်တော်ယုံတယ်။ တကယ်လို့သူတို့က စနေသင်းတွေကို ဘုရားကျောင်းဆောက်ခွင့်ပေးမယ်ဆို မူစလင်တွေကိုလည်း တန်းတူအခွင့်အရေးပေးသင့်တယ်။ ခရစ်ယာန်တွေကျတော့ ဘုရားကျောင်းဆောက်ခွင့်ရပြီး မူစလင်တွေက ဘာလို့ဆောက်ခွင့်မရှိလဲဆိုတာ သိချင်တယ်။"* [277]

ဘာသာရေးကိုအခြေခံပြီး ခွဲခြားဆက်ဆံခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇ နှင့် ၃၄၈ တို့အား ချိုးဖောက်နေခြင်းဖြစ်သည်။ ထိုအထဲတွင် ၎င်း၏ ပြည်သူများ အားသာတူညီမျှအခွင့်အရေးပေးပြီး ခွဲခြားဆက်ဆံမှုများမပြုလုပ်ရန်အတွက် အာမခံချက်ပေးထားသည်။

## အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုများ

အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုများသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် (ILO)၏ ဖိအားပေးမှုနှင့် ပဏာမအပစ်ခတ်ရပ်စဲရေး သဘောတူညီချက်များကြောင့် အတင်းအဓမ္မခိုင်းစေခြင်းများ လျော့နည်းသွားသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လက်နက်ကိုင် တပ်ဖွဲ့ဝင်များသည် ဒေသခံများအား အတင်းအဓမ္မခိုင်းစေခြင်းများကို ဆက်လက်ပြုလုပ်နေလျက်ရှိသည်။ ဤအကြောင်းအရာကို ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်မှ အမျိုးသားတစ်ဦးက *"တပ်မတော်က ခရီးသွားနေတဲ့ ပြည်သူတွေကို ရပ်ခိုင်းပြီး သူတို့အတွက် အလုပ်လုပ်ခိုင်းတယ်။"* [278] ထိုနည်းတူစွာ ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် သူမ၏ဒေသတွင်းရှိ ပြည်သူများအား ပေါ်တာအဖြစ် ခိုင်းစေလေ့ရှိကြောင်းကို ဤသို့တင်ပြခဲ့သည်။ *"ကျွန်မတို့ ဒေသမှာဆို ပေါ်တာထမ်းရတာတွေရှိသေးတယ်။ လက်နက်ကိုင်တပ်ဖွဲ့တွေက ကျွန်မတို့ ဒေသခံတွေကို ပေါ်တာထမ်းခိုင်းတယ်။ ရွာသားတွေ သူတို့ရဲ့ခြံအလုပ်ကို ကောင်းကောင်းလုပ်နိုင်ဖို့ ကျွန်မကတော့ ဒါကိုရပ်ခိုင်းစေချင်တယ်။"* [279]

NCA အခန်း ၉ (ဃ) တွင် တပ်မတော်နှင့် EAOs ကို ရွာသားများအား အတင်းအဓမ္မခိုင်းစေခြင်းများ မပြုလုပ်ရန် တားမြစ်ထားသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းအချက်အလက်များတွင် တပ်မတော်မှ ဤအချက်ကို မကြာခဏ ချိုးဖောက်နေသည်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ရွာသူကြီးတစ်ဦးနှင့် သူ၏အမျိုးသမီးအား ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ တပ်မတော်ဗိုလ်မှူးတစ်ဦးဖြစ်သူက အတင်းအဓမ္မခိုင်းစေခဲ့သည်။[280] ထိုလအတွင်းမှာပင် ဘားအံခရိုင်၊ လှိုင်းဘွဲမြို့နယ်တွင် တပ်မတော်နှင့် BGF တို့သည် ရွာသားများအား လမ်းပြနှင့် ပေါ်တာများအဖြစ်အသုံးပြုခဲ့သည့်အတွက် မြေမြှုပ်မိုင်းများနင်းမိပြီး DKBA (ခွဲထွက်အဖွဲ့)၏ တိုက်ခိုက်မှုကို ခံခဲ့ရသည်။[281]

## ငွေတောင်းယူခြင်းနှင့် တရားလက်လွတ်အခွန်ကောက်ခံခြင်း

ပြည်သူများအနေဖြင့် အားကြီးသည့် လက်နက်ကိုင်အဖွဲ့ဝင်များ၏ ငွေတောင်းယူခြင်းများကို ဆက်လက်ရင်ဆိုင်နေကြရသည်ဟု မေးခွန်းဖြေကြားသူအချို့ကပြောခဲ့သည်။ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ မူစလင်အမျိုးသား

[276] Source #30 တွင် ကြည့်ပါ။

[277] Source #72 တွင် ကြည့်ပါ။

[278] Source #71 တွင် ကြည့်ပါ။

[279] Source #70 တွင် ကြည့်ပါ။

[280] KHRG မှ ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "Dooplaya Incident Report: Forced labour ordered by Tatmadaw officer in Win Yay Township, October 2017 " တွင်ကြည့်ပါ။

[281] KHRG မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "Ongoing fighting, displacement, landmines, porter demands, and child recruitment in Hlaingbwe Township, Hpa-an District, October and November 2017", တွင်ကြည့်ပါ။

တစ်ဦးက မြန်မာရဲတပ်ဖွဲ့နှင့် BGFတို့သည် စစ်ဆေးရေးဂိတ်များတွင် ငွေညှစ်ရန်အတွက် အထူးသဖြင့် မူစလင် ဒေသခံများအား ပစ်မှတ်ထားကြသည်။ *"[မူစလင်]တက္ကစီမောင်းတဲ့သူတွေက တခြားသူတွေထက်ပိုပြီး မေးမြန်း တာခံရတယ်။ သူတို့ ဆိတ်လေးတစ်ကောင် နှစ်ကောင်သယ်လာရင် သူတို့ကို ပိုက်ဆံတောင်းတယ်။ ဥပမာအား ဖြင့် ဆိတ်တစ်ကောင်ရဲ့ တန်ဖိုးက ၂၀၀၀ ကျပ်ကျရင် သူတို့ကိုလည်း အဲ့လိုဈေးပေးရတယ်။"* [282]

NCA အပိုဒ် ၉ (ဃ) အရ တပ်မတော်နှင့် EAOs အနေဖြင့် ငွေ၊ စည်းစိမ်ဥစ္စာနှင့် အစားအသောက်များကို အတင်းအဓမ္မတောင်းခံခြင်းမှ တားမြစ်ထားသည်။ သို့သော်လည်း ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းအချက် အလက်များတွင် NCA ရေးထိုးထားသောအဖွဲ့များ၏ ငွေကြေးတောင်းခံမှုများသည် မြန်မာပြည်အရှေ့ တောင်ပိုင်းတွင် ကြီးမားသောပြဿနာတစ်ရပ်အဖြစ် ရှိနေသေးသည်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ဖာပွန်ခရိုင်၊ ဘူးသိုနှင့် ဒွယ်လိုးမြို့နယ်တို့မှ ရွာသားများအား ပေါ်တာထမ်းရန် ငြင်းဆန်သဖြင့် BGF တပ်ရင်း အမှတ် ၁၀၁၄ မှ ငွေကြေး ၁၈၀၀၀၀ ကျပ် ကောက်ခံခဲ့သည်။[283] ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလအထိ တပ်မတော် တပ်ရင်း အမှတ် ၅၃ က မြိတ်-ထားဝယ်ခရိုင်တွင် [284] သစ်များနှင့် ငွေကြေးများ ကောက်ခံပြီး အလားတူစွာပင် ၂၀၁၈ ခုနှစ်၊ မတ်လတွင် သထုံခရိုင်၊ ဘီးလင်းမြို့နယ်တွင်လည်း တပ်မတော် ခြေမြန်တပ်ရင်း အမှတ် ၂၁၀ မှ တရားမဝင် အခွန်များကောက်ယူခဲ့သည်။[285]

ဒေသအတွင်း အစီရင်ခံစာများကလည်း KNU အနေဖြင့် ၎င်းတို့၏ ထိန်းချုပ်မှုနယ်မြေအတွင်း နေထိုင်သော ပြည်သူများထံမှ အခွန်များကောက်ခံလျက်ရှိကြောင်းကို အတည်ပြုခဲ့ပြီး ပြည်သူအချို့က KNU ၏ အခွန်ကောက် ယူမှုစနစ်၏ ပွင့်လင်းမြင်သာမှု အားနည်းခြင်းနှင့်ပတ်သက်ပြီး ၎င်းတို့၏စိုးရိမ်မှုများကို တင်ပြထားသည်။ ၎င်းတို့ အနေဖြင့် တရားဝင်ဖြစ်ခြင်းမဖြစ်ခြင်းကို မေးမြန်းခြင်းမဟုတ်ပေ။ သို့သော်လည်း အများစုမှာ အခွန်အခပေး ဆောင်ရန်အတွက် ဝန်ထုပ်လျှော့သင့်ပြီဟု ထင်သည်။ ၎င်းတို့၏ နေ့စဉ်ဝင်ငွေများဖြစ်သည့်အတွက် ထိုအခွန် အား မပေးဆောင်ရလျှင် မိသားစုအား ပိုမိုထောက်ပံ့နိုင်မည်ဖြစ်သည်။[286] ငွေကြေးအခွန်အခများအပြင် KNU မှ KNLA အတွက် ဆန်နှင့်အစားအသောက်များဝယ်ရန်အတွက် ငွေကြေးကိုလည်း တောင်းခံကြသည်။[287]

---

[282] Source #30 တွင် ကြည့်ပါ။


[283] KHRG မှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော "Hpapun Incident Report: Forced portering and extortion in Bu Tho and Dwe Lo townships, October 2017", တွင်ကြည့်ပါ။

[284] KHRG မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "Mergui-Tavoy Situation Update: Extortion and Land Confiscations in Tanintharyi Township, November 2017 to January 2018 ", တွင်ကြည့်ပါ။

[285] KHRG မှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော "Thaton Situation Update: Bilin Township, January to March 2018", တွင်ကြည့်ပါ။

[286] KHRG မှ ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "Toungoo Field Report: Fighting grounds: land disputes, militarisation and development challenges in a time of 'peace', December 2015 to December 2016", တွင်ကြည့်ပါ။

[287] KHRG မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော "Hpa-an Field Report: Explicit killing, fighting leading to massive displacement, arbitrary taxation and the improvement of healthcare and education, January to December 2016", တွင်ကြည့်ပါ။


မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ဖြစ်ပွားသောလုံခြုံရေးဆိုင်ရာမှုခင်းများ
(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ခုနှစ်၊ ဧပြီလအထိ)
မန္တလေး
ရှမ်း
တောင်ငူခရိုင်
(ကရင်ပြည်နယ်မြောက်ပိုင်း)
ကယား
ပဲခူး
ညောင်လေးပင်ခရိုင်
(ပဲခူးတိုင်းအရှေ့ပိုင်း)
ဖာပွန်ခရိုင်
(ကရင်ပြည်နယ်အရှေ့
မြောက်ပိုင်း)
ထိုင်းနိုင်ငံ
သထုံခရိုင်
(မွန်ပြည်နယ်မြောက်ပိုင်း)
ဘားအံခရိုင်
(ကရင်ပြည်နယ်အလယ်ပိုင်း)
ရန်ကုန်
ကရင်
မွန်
ဒူးပလာယာခရိုင်
ကရင်ပြည်နယ်တောင်ပိုင်း
KHRG Karen Human Rights Group
မြေပုံအညွှန်း
လက်နက်ကိုင်တပ်ဖွဲ့များအကြားတိုက်ခိုက်မှုဖြစ်ပွားသည့်နေရာ
မြေမြှုပ်မိုင်းပေါက်ကွဲသည့်နေရာ
လက်နက်ခဲယမ်းအကြွင်းအကျန်များပေါက်ကွဲသည့်နေရာ
မြေမြှုပ်မိုင်းနှင့်လက်နက်ခဲယမ်းအကြွင်းအကျန်များရှိသည့်နေရာ
အစိုးရသတ်မှတ်ထားသောကရင်ပြည်နယ် နယ်နိမိတ်
ကေအဲန်ယူသတ်မှတ်ထားသောကရင်ခရိုင်နယ်နိမိတ်

## (၃) မြေယာသိမ်းယူခြင်းနှင့် သဘာဝသယံဇာတများအား စီမံခန့်ခွဲခြင်း

၂၀၁၂ ခုနှစ်၊ ပဏာမပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်နှင့် NCA တို့သည် များပြားသော ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှု၏ အစပြုရာဖြစ်သည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အခြေခံအဆောက်အဦး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများနှင့် သဘာဝသယံဇာတ ထုတ်လုပ်ခြင်းများ များပြားလာသောကြောင့် မြေယာ အငြင်းပွားမှုများတိုးမြင့်ခဲ့သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ သုတေသနပြုချက်များအရ မြေယာသိမ်းယူခြင်းများသည် မြန်မာပြည်အရှေ့တောင်ပိုင်းတစ်လျှောက်တွင် ပိုမိုများပြားလာသည်။[288] တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးဖြစ်သူ၏ ရှင်းလင်းချက်အရ *"၂၀၁၅ နောက်ပိုင်းမှာ ကျွန်မတို့ ရွာမှာ မြေသိမ်းယူမှုတွေ ပိုပြီးတိုးများလာတယ်။"*[289] ထိုအချက်ကို KWO ၏ အဖွဲ့ဝင်မှ ထပ်လောင်း၍ *"တချို့ ဒေသခံလူမှုအသိုက်အဝန်းတွေ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေရှိတဲ့ နေရာမှာ နေတဲ့သူတွေဟာ အရင်ကထက်စာရင် ပိုဆိုးရွားတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ကြုံတွေ့နေရတယ်။"*[290] ပုဂ္ဂလိက ကုမ္ပဏီများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ လက်နက်ကိုင်အဖွဲ့များ၊ အစိုးရဌာနများနှင့် မြန်မာ့လုံခြုံရေးတပ်ဖွဲ့များအပါအဝင် မြေသိမ်းယူသူအများအပြားက မြေယာသိမ်းယူခြင်းအား ကျူးလွန်လျက်ရှိသည်။

ဓလေ့ထုံးတမ်း မြေယာအသုံးပြုမှု လွှမ်းမိုးမှုရှိခြင်း၊ မြေယာစီမံခန့်ခွဲမှုစနစ်များထိရောက်မှုအားနည်းပြီး တစ်ခုနှင့်တစ်ခု ထပ်နေသောကြောင့် တိုင်းရင်းသားနယ်စပ်ဒေသများရှိ ကျေးလက်နေပြည်သူများသည် မြေယာသိမ်းယူခြင်းကို ခံရလေ့ရှိသည်။ KNU နှင့် မြန်မာအစိုးရနှစ်ဖွဲ့လုံး၏ ကိုယ်ပိုင်မြေယာမှတ်ပုံတင်ခြင်းစနစ်များ ရှိကြပြီး ၂၀၁၂ ခုနှစ်မှ စတင်၍ မြေယာပုံစံစာရွက်စာတမ်းများကို စတင်ထုတ်ပေးလျက်ရှိသည်။ သို့သော် မြေယာပုံစံစာရွက်စာတမ်းများအား မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်နေပြည်သူများမှ သုံးလေ့သုံးထမရှိသည့်အပြင် ထိုစာရွက်စာတမ်းများသည် မြေယာသိမ်းယူခြင်းများအား အပြည့်အဝကာကွယ်ပေးခြင်း မရှိပေ။ KNU ၏ မြေယာပုံစံစာရွက်စာတမ်းများအား မြန်မာအစိုးရမှ အသိအမှတ်ပြုခြင်းမရှိပေ။ မြန်မာအစိုးရ၏ မြေယာပုံစံစာရွက်စာတမ်း ကိုင်ဆောင်သူများမှ မြေယာသိမ်းယူခံရမှုများနှင့်ပတ်သက်ပြီး ကရင်လူ့အခွင့်အရေးအဖွဲ့မှ သတင်းအချက်အလက်များ ကောက်ယူထားသည်။[291]

အချို့သောရွာသားများမှာ ကွဲပြားခြားနားသော မြေယာမှတ်ပုံတင်ခြင်းများနှင့်ပတ်သက်ပြီး အသိပညာများအားနည်းကြောင်းနှင့် မြေယာမှတ်ပုံတင်ခြင်းကို နားလည်သူများက ရွာသားများ၏ အားနည်းချက်ကို အသုံးချပြီး မြေယာများကို သိမ်းယူရန်ဖြစ်စေကြောင်း တောင်ငူခရိုင်၊ သံတောင်မြို့နယ်မှ အမျိုးသမီးတစ်ဦးက တင်ပြခဲ့သည်။ *"ပွင့်လင်းမြင်သာမှုနဲ့ ပတ်သက်ပြီး အခြေအနေတွေက ကောင်းလာပေမယ့် [မြေယာအခွင့်အရေးနဲ့ပတ်သက်ပြီး] ဒေသခံရွာသားတွေရဲ့ မသိနားမလည်မှုတွေ ရှိနေသေးတယ်။ ပညာတတ်တဲ့သူတွေက မြေယာဥပဒေနဲ့ ပတ်သက်ပြီး နားလည်တယ်။ ဒါကြောင့်သူတို့က မြေနဲ့ပတ်သက်တဲ့ကိစ္စတွေကို ဘယ်လို ရင်ဆိုင်ဖြေရှင်းရမလဲ သိတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ မြေတွေက သူတို့ရဲ့ မြေတွေဖြစ်လာတယ်။"*[292] ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်တွင် ငွေကြေး ချမ်းသာသူများက နေရပ် ပြန်လည်ရောက်ရှိလာမည့် ဒုက္ခသည်များ၏ မြေယာများအား သိမ်းယူလျက်ရှိသည်ဟု ကရင်လူ့အခွင့်အရေးအဖွဲ့က ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် သတင်းကောက်ယူ ရရှိခဲ့သည်။ ဤသူများက ဓလေ့ထုံးတမ်းအရ မြေယာအသုံးပြုလာသော ဒေသခံများအနေဖြင့် တရားဝင်စာရွက်စာ

[288] KHRG မှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် "လူထုပါဝင်ခွင့်မရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းများ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေယာသိမ်းယူမှုများနှင့် ကျေးလက်စွမ်းရည်လုပ်ဆောင်ချက်များ", တွင်ကြည့်ပါ။

[289] Source #41 တွင် ကြည့်ပါ။

[290] Source #10 တွင် ကြည့်ပါ။

[291] KHRG မှ ၂၀၁၉ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "Thaton District: Land Confiscation by the Super One Company in Kyaikto Township, October 2018 ", တွင် ကြည့်ပါ။

[292] Source #41 တွင် ကြည့်ပါ။

တမ်းများမရှိခြင်းကို အခွင့်ကောင်းယူပြီး မြန်မာနိုင်ငံအစိုးရ၏ မြေတိုင်းဌာနသို့ သွားရောက်ကာ မြေယာများအား သူတို့၏ အမည်ဖြင့် မှတ်ပုံတင်ခဲ့ကြသည်။ [293]

မြန်မာနိုင်ငံအတွင်းရှိ မြေယာစီမံခန့်ခွဲမှုကို ဥပဒေပေါင်း ၇၀ ကျော် ပါဝင်သည့် ရှုပ်ထွေးသော မူဘောင်များဖြင့် စီမံအုပ်ချုပ်လျက်ရှိသည်။ သို့သော် ထိုဥပဒေတစ်ခုကမျှ ဓလေ့ထုံးတမ်းမြေယာအား မှတ်ပုံတင်ရန် နည်းလမ်းများနှင့် ကာကွယ်ပေးခြင်းမရှိသကဲ့သို့ အချို့သောဥပဒေများမှာ ထိုဓလေ့ထုံးတမ်း မြေယာအသုံးပြုမှု စနစ်များအား တရားမဝင်ဖြစ်စေသည်။ ထိုအချက်က မြန်မာအစိုးရ၊ တပ်မတော်၊ ပုဂ္ဂလိကနှင့် လက်နက်ကိုင်အဖွဲ့များမှ ဆယ်စုနှစ်များစွာကပင် ဓလေ့ထုံးတမ်းမြေယာများအား သိမ်းဆည်းမှုနှင့် ပါဝင်ပတ်သက်ရာတွင် အပြစ်ပေး အရေးယူခံရခြင်း တစ်စုံတစ်ရာမရှိပေ။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ပြင်ဆင်ရေးဆွဲခဲ့သော မြေလွတ်မြေလပ်မြေရိုင်း စီမံခန့်ခွဲမှုဥပဒေ (VFV)အရ ၂၀၁၉ ခုနှစ်၊ မတ်လမှ စတင်၍ မြေလွတ်မြေလပ်မြေရိုင်းဟု သတ်မှတ်ထားသော မြေယာများပေါ်တွင် လုပ်ကိုင်စားသောက်လျက်ရှိသော ပြည်သူများအနေဖြင့် ပိုင်နက်ကျူးကျော်မှုဖြင့် တရားစွဲခံရနိုင်ပြီး ထောင်ဒဏ် (၂)နှစ်အထိ ကျခံရနိုင်သည်။

ပြည်သူအများစုက အဆိုပါဥပဒေတည်ရှိနေကြောင်းကို မသိကြပေ။ အချို့သောသူများမှာ ထိုဥပဒေ ပြန်လည်ပြင်ဆင်ရေးဆွဲနေကြောင်းကို သိသော်လည်း အများစုက မသိရှိကြပါ။ သို့သော် ရွာသားအများစုက ယခုအခါ (မြေယာမှတ်ပုံတင်ခြင်း မရှိသေးသည့်) ဓလေ့ထုံးတမ်းမြေယာများ ထိုဥပဒေထဲတွင် ပါဝင်နေသည်ကို မသိကြပေ။[294] မြေဧက သန်း ၅၀ တွင် ၈၂ ရာခိုင်နှုန်းမှာ မြေလွတ်မြေလပ်မြေရိုင်းအဖြစ် အစိုးရမှသတ်မှတ်ထားပြီး ထိုမြေများမှာ ဓလေ့ထုံးတမ်း မြေယာအသုံးပြုမှုအား အဓိကကျင့်သုံးသော တိုင်းရင်းသားဒေသများတွင် တည်ရှိသည်။ ဤဥပဒေအား ပြင်ဆင်မှုသည် ကြီးမားသည့် မြေသိမ်းမှုများ နှင့် ဒေသခံ ငွေရှင်ကြေးရှင်များအား မြေယာသိမ်းယူမှုများ ဆက်လက်ပြုလုပ်နိုင်ရန်အတွက် သတင်းအချက်အလက် ပိုမိုရရှိစေသည်။ ထိုဥပဒေသည် မြန်မာနိုင်ငံအတွင်းရှိ သန်းပေါင်းများစွာသော တောင်သူများ၏အသက်မွေးဝမ်းကျောင်းပြုမှုများအား ခြိမ်းခြောက်လျက်ရှိပြီး အထူးအကူအညီလိုအပ်သော သူများဖြစ်သည့် ပြည်တွင်းနေရပ်ရွှေ့ပြောင်း နေထိုင်သူများနှင့် ဒုက္ခသည်များပိုမိုများပြားလာစေသည်။ မြန်မာအစိုးရအနေဖြင့်ဓလေ့ထုံးတမ်းမြေယာများအားကာကွယ်စောင့်ရှောက်ပေးမည်ဟူသော အချက်များပါသည့် ၂၀၁၆ ခုနှစ် မြေယာအသုံးချမှု မူဝါဒကို လက်တွေ့အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုခဲ့သည်။ သို့သော်လည်း မြေလွတ်မြေလပ်မြေရိုင်း စီမံခန့်ခွဲမှုဥပဒေ (VFV)နှင့် ၂၀၁၉ ခုနှစ်အတွင်း ထိုဥပဒေအား ပြင်ဆင်ချက်များသည် မြေယာအသုံးချမှုမူဝါဒနှင့် ရှင်းလင်းစွာဆန့်ကျင်နေသည်။

## NCA ရေးထိုးပြီးနောက် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ မြေယာသိမ်းယူခြင်းများ

NCA အပိုဒ် ၉ တွင် တပ်မတော်နှင့် EAOs အနေဖြင့် ဒေသခံများ၏ မြေယာများကို အတင်းအဓမ္မ သိမ်းယူခြင်းနှင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် တားမြစ်ထားပါသည်။ ထိုသူများအနေဖြင့် ပြည်သူလူထုထံမှ ငွေ၊ စည်းစိမ်ဥစ္စာ၊ လုပ်အားနှင့် ဝန်ဆောင်မှုများကို အတင်းအဓမ္မတောင်းခံရယူခြင်းများ ရှောင်ကြဉ်ရမည်။ သို့သော်လည်း NCA ရေးထိုးပြီးနောက်ပိုင်းတွင် တပ်မတော်နှင့် ၎င်း၏လက်အောက်ခံ BGF အဖွဲ့များမှ ဆက်လက်ကျူးလွန်လျက်ရှိသည့် မြေသိမ်းမှုသုံးခုနှင့် ပတ်သက်ပြီး ကရင်လူ့အခွင့်အရေးအဖွဲ့မှ သတင်းအချက်အလက် ရယူခဲ့သည်။ ဤအချက်က မြေယာသိမ်းယူခြင်းသည် ဆက်လက်ဖြစ်ပွားလျက်ရှိသည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။[295]

---

[293] KHRG မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော "Nyaunglebin Situation Update: IDPs face difficulties returning to their villages of origin", တွင် ကြည့်ပါ။

[294] ဤ "Most Farmers Do Not Know about the Vacant, Fallow and Virgin Land Management Law as the Grace Period to Register Closes", NAMATI,31 March 2019 တွင် ကြည့်ပါ။

[295] KHRG မှ ၂၀၁၉ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Do Not Trespass: Land Confiscations by Armed Actors in Southeast Myanmar", တွင်ကြည့်ပါ။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် ဘုရင့်နောင်တပ်မတော် စစ်သင်တန်းကျောင်းမှ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်မှ ဒေသခံများပိုင်ဆိုင်သည့် စိုက်ပျိုးမြေဧက ၁၈၅၁ ကို အတင်းအဓမ္မသိမ်းယူခဲ့သည်။[296] ထိုနည်းတူစွာ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ဗိုလ်ဒီးတဲလဲ ဦးဆောင်သည့် BGF အမှတ် ၁၀၁၅ ဖာပွန်ခရိုင်၊ ပိုင်ကျုံမြို့နယ်ရှိ ဒေသခံ ၁၁ ဦး ပိုင်ဆိုင်သည့် မြေများကို သိမ်းယူခဲ့သည်။ ထိုမြေများထဲမှ အချို့ကို အခြားသောကျေးရွာများသို့ ရောင်းချခဲ့ပြီး အချို့ကို စေတီတည်ရာတွင် အသုံးပြုခဲ့သည်။[297]

၂၀၁၇ ခုနှစ်၊ ဖွန်လတွင် လက်ခံရရှိသော ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းအချက်အလက်များအရ တောင်ငူခရိုင်၊ ပျဉ်းမနားမြို့နယ်မှ အမျိုးသမီးတစ်ဦးက ၂၀၁၀ ခုနှစ်တွင် တပ်မတော်မှ သူမတို့၏မြေအား သိမ်းယူခဲ့သည်ဟု ကြေညာပြီးနောက် သူမ၏မြေပေါ် မှ နှင်ထုတ်ခံခဲ့ရသည်။ *"၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှာ တပ်မတော်စစ်သားတွေ ကျွန်မတို့ရဲ့ အိမ်ကိုလာပြီး ကျွန်မတို့ကို ကျူးကျော်နေ့ာင့်ယှက်သူတွေဆိုပြီး ပိုစတာတွေလာကပ်တယ်။ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှာ တပ်ရင်းမှူးက အစည်းအဝေးခေါ်တယ်။ အဲ့ဒီမှာသူက ကျွန်မတို့နေနေတဲ့မြေတွေကို တပ်မတော်က ၂၀၁၀ ခုနှစ်ကတည်းက သိမ်းထားတယ်ဆိုတာကို ပြောပြတယ်။ အဲ့ဒီနောက်မှာသူတို့က ကျွန်မတို့မြေကို ခြံစည်းရိုးခတ်ပြီး ကျွန်မတို့ကိုထွက်သွားခိုင်းတယ်။ ကျွန်မတို့ရဲ့ မြေတွေကို ၂၀၁၇ ခုနှစ်၊ ဧပြီလကုန် နောက်ဆုံးရှင်းထားရမယ်လို့ ပြောတယ်။"*[298]

ဖာပွန်ခရိုင်၊ လူသောမြို့နယ်မှ အမျိုးသမီးတစ်ဦးက တပ်မတော်၏မြေယာသိမ်းယူမှုများ အထူးသဖြင့် လမ်းဖောက်လုပ်မှုအတွက် မြေသိမ်းရာတွင် အကြမ်းဖက်ခြိမ်းခြောက်မှုများ ပါဝင်ခဲ့ကြောင်း ရှင်းပြခဲ့သည်။ *"တပ်မတော်က လယ်မှုပလောမှာ ဒီလမ်းလာဖောက်တော့ သူတို့က ဒေသခံတွေရဲ့မြေတွေ စိုက်ခင်းတွေပေါ်မှာ ဒီတိုင်းဝင်ပြီးဆောက်ကြတယ်။ ဒါက ဒေသခံတွေအတွက် အရမ်းအခက်အခဲဖြစ်စေတယ်။ လယ်မှုပလော၊ ဆောမူပလောနဲ့ ဟောဂေါ်လူဒဲ ဒေသခံတွေက ဒါကိုခွင့်မပြုဘူး။ သူတို့က လမ်းမလိုချင်ဘူး။ ဒါပေမယ့် သူတို့က ကျွန်မတို့ကို သေနတ်နဲ့ချိန်မှာစိုးတော့ သူတို့ကို ရပ်လို့သွားမပြောရဲဘူး။ ကျွန်မတို့က သူတို့ကိုကြောက်ရတယ်။"*[299]

ရှားပါးဖြစ်စဉ်ဖြစ်သည့် မြန်မာ့လုံခြုံရေးတပ်ဖွဲ့များမှ ဒေသခံများနှင့် မြေယာသိမ်းယူမှုအရေးကိစ္စအား အသိပေးဆွေးနွေးသဘောတူညီချက်လာယူခြင်း ပြုလုပ်ခဲ့သော်လည်း ထိုအစည်းအဝေးများသည် ထုံးစံအားဖြင့် အနိုင်အထက်ပြုကျင့်မှုများ ပါဝင်သည်။ ၂၀၁၇ ခုနှစ်တွင် BGF မှ ရွှေကိုက္ကိုလ်ဒေသခံများ၏ မြေယာများအားပေါက်ဈေးထက်လျော့ပြီး ရောင်းရန်အတွက် တွန်းအားပေးခဲ့သည်။ ဤသည်မှာ NCA ၏ အပိုဒ်(၉) အားရှင်းလင်းစွာ ချိုးဖောက်နေခြင်းဖြစ်သည်။ ထိုမြေသိမ်းယူခြင်းသည် တရုတ်မြို့စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းနှင့် စပ်ဆက်မှုရှိနိုင်သည်။ တရုတ်မြို့စီမံကိန်းသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား စီးဆင်းလျက်ရှိသောသောင်ရင်းမြစ်ကမ်းနံဘေးတွင် အပန်းဖြေရာနေရာ တည်ဆောက်ရန်ဖြစ်သည်။ အဓိက ရင်းနှီးမြှုပ်နှံသူမှာ တရုတ်နိုင်ငံ၏ အစိုးရပိုင်ကုမ္ပဏီတစ်ခုဖြစ်သော ဂျီလင်းယာတိုင်အဖွဲ့ (Jilin Yatai Group) ဖြစ်သည်။ ထိုကုမ္ပဏီသည် အဆင့်မြင့်အိမ်ယာများ၊ ဟိုတယ်များ၊ ဈေးဝယ်စင်တာများနှင့် အခြားသော လောင်းကစားရုံများဆောက်လုပ်ရန်အတွက် BGF နှင့် သဘောတူညီချက် လက်မှတ်ရေးထိုးပြီးဖြစ်သည်။[300]

---

[296] KHRG မှ ၂၀၁၈ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "Toungoo Situation Update: Thandaunggyi Township, August to November 2017", တွင် ကြည့်ပါ။

[297] KHRG မှ ၂၀၁၈ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Hpa-an Situation Update: Paingkyon Township, Hlaingbwe Township and Nabu Township, November 2016 to October 2017", တွင် ကြည့်ပါ။

[298] KHRG မှ ၂၀၁၉ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Do Not Trespass: Land Confiscations by Armed Actors in Southeast Myanmar", တွင်ကြည့်ပါ။

[299] Source #73 တွင် ကြည့်ပါ။

[300] KHRG မှ ၂၀၁၈ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "Hpa-an Interview: Mann F---, March 2018", KHRG မှ ၂၀၁၉ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "Do Not Trespass" Land Confiscation by Armed Actors in Southeast Myanmar", တွင် ကြည့်ပါ။

၂၀၁၅ ခုနှစ်တွင် NCA ရေးထိုးခြင်းနှင့် တိုက်ပွဲဖြစ်ပွားရာနယ်မြေများတွင် တည်ငြိမ်မှုများရှိလာခြင်းကြောင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ ယခင်ကသိမ်းယူခဲ့သောမြေယာများအား ၎င်းတို့ထံ ပြန်လည်ပေးအပ်လာနိုင်သည်ဟု ဒေသခံများက ယူဆလျက်ရှိသည်။ ဤမျှော်လင့်ချက် မပြည့်မီသေးသည့်အတွက် မြေသိမ်းခံရသည့် ဒေသခံရွာသားများ၏ စားဝတ်နေရေးအခက်အခဲများကို ဖြစ်ပေါ်စေသည်။ ၂၀၁၆ ခုနှစ်၊ မတ်လတွင် NLD မှ အစိုးရအာဏာရရှိပြီးနောက် *"လယ်ယာမြေနှင့် အခြားမြေများ သိမ်းယူခြင်းခံရမှုများ ပြန်လည်စီစစ်ရေး ဗဟိုကော်မတီ"* အား ဖွဲ့စည်းခဲ့ပြီး ထိုအဖွဲ့မှ မြေသိမ်းမှုများအား ခြောက်လအတွင်း ဖြေရှင်းပေးမည်ဟု ကြေညာခဲ့သည်။ ထိုကော်မတီမှ ထောင်နှင့်ချီသော မြေသိမ်းမှုအရေးကိစ္စများအား ဖြေရှင်းပြီးဖြစ်သော်လည်း ထောင်ချီရှိသည့် အခြားမြေသိမ်းမှုများစွာ ဖြေရှင်းရန်ကျန်ရှိနေသေးသည်။[301]

## ပုဂ္ဂလိကကုမ္ပဏီများမှ မြေသိမ်းယူခြင်းနှင့် အရင်းအမြစ်စီမံအုပ်ချုပ်မှုပြဿနာ

မြန်မာပြည်အရှေ့တောင်ပိုင်း၏ လုံခြုံရေးတည်ငြိမ်မှုအခြေအနေသည် စီးပွားရေးလုပ်ငန်း အခွင့်အလမ်းအသစ်များအား ဖန်တီးပေးသည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် NCA ရေးထိုးပြီးနောက်ပိုင်း ပုဂ္ဂလိကကုမ္ပဏီမှ မြေသိမ်းယူခြင်းနှင့်ပတ်သက်၍ အစီရင်ခံစာ ၅ ခုကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ လက်ခံရရှိခဲ့သည်။ ဒေသအတွင်းရှိ မြေယာများနှင့် သဘာဝသယံဇာတများကို တိုးမြင့်အသုံးပြုခြင်းများအပြင် အခြေခံအဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းများအား အကောင်အထည်ဖော်နေမှုများသည် အရင်းမြစ်စီမံအုပ်ချုပ်မှုနှင့် ပတ်သက်၍ စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ အမှန်တွင် ထိုလုပ်ဆောင်မှုများသည် ဒေသခံပြည်သူများအတွက် အကျိုးအမြတ်မရှိပေ။ ညောင်လေးပင်ခရိုင်၊ ကျောက်တံခါးမြို့နယ်မှ အမျိုးသားတစ်ဦး၏တင်ပြချက်အရ *"ကရင်ပြည်နယ်မှာ ဒေသခံပြည်သူတွေအတွက် အကျိုးအမြတ်မရှိတဲ့ ရွှေတူးတာတို့လို သဘာဝသယံဇာတ ထုတ်လုပ်တဲ့လုပ်ငန်းတွေကိုကုမ္ပဏီနဲ့ မြန်မာအစိုးရက လုပ်နေကြတယ်။ အကျိုးအမြတ်အနည်းငယ်ပဲ KNU ခေါင်းဆောင် တချို့ဆီကို ရောက်တာ။ တခြားဒေသခံပြည်သူတွေ ဘာအကျိုးမှမခံစားရဘူး။"*[302]

ပုဂ္ဂလိကကုမ္ပဏီတွေက သူတို့၏လုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိမရှိ စဉ်းစားမှုမရှိပဲ လုပ်လေ့ရှိပါသည်။ အများအားဖြင့်ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် မှီခိုရသည့် မြေယာများအား ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းယူခြင်းများကို ပြုလုပ်လေ့ရှိသည်။ ညောင်လေးပင်ခရိုင်၊ ကျောက်တံခါးမြို့နယ်မှ အမျိုးသားတစ်ဦးက သူ၏ကျေးရွာအတွင်းရှိ စိုက်ပျိုးမြေများအား စီးပွားရေးလုပ်ငန်းရှင်များက ဖျက်ဆီးခဲ့ပုံကို ကရင်လူ့အခွင့်အရေးအဖွဲ့အား ရှင်းပြခဲ့သည်။ *"ကုမ္ပဏီက သူတို့ရဲ့ စီမံကိန်းဝင်ပြီးတာနဲ့ ကျွန်တော်တို့ရဲ့ မြေဆီလွှာကောင်းတဲ့မြေတွေလည်း ကျောက်တွေနဲ့ စိုက်ပျိုးလို့မရတော့တဲ့ မြေတွေဖြစ်ကုန်တယ်။ ကုမ္ပဏီက ရေကာတာဆောက်ဖို့ မြေတွေသိမ်းတော့ ကျွန်တော်တို့ရဲ့ ရွာအနီးက မြေတွေကို ဆုံးရှုံးရတယ်။ သူတို့ ရွှေတူးတဲ့လုပ်ငန်းလုပ်တာနဲ့ ကျွန်တော်တို့စပါးစိုက်ဖို့သုံးတဲ့ မြေဆီလွှာကောင်းတဲ့ မြေတွေလည်းပျက်စီးကုန်တယ်။"*[303] မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီ မြို့နယ်မှ အမျိုးသားတစ်ဦးက သတ္တုတူးဖော်မှုလုပ်ငန်းများကြောင့် ဒေသတွင်းရှိ ရေသွင်းခြင်းလုပ်ငန်းများကို ထိခိုက်ပျက်စီးစေကြောင်းကို တင်ပြခဲ့သည်။ *"တချို့အဖွဲ့တွေက ရွာသားတွေရဲ့ ကွမ်းခြံတွေဘေးမှာ ခဲတူးတာတွေလာလုပ်တော့ ဒါက ပျက်စီးဆုံးရှုံးမှုကို ဖြစ်စေတယ်။ ဒါ့အပြင် ခဲတူးတာက ရေကိုလည်းညစ်ညမ်းစေတယ်။ ဒါ့အပြင် ရေနေသတ္တဝါများကို ထိခိုက်စေတဲ့အပြင် ရွာသားများအတွက်လည်း အခက်အခဲကြုံတွေ့စေတယ်။"*[304]

ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးကလည်း အခြေခံအဆောက်အဦး စီမံကိန်းများနှင့် သဘာဝသယံဇာတများအား အလွန်အကျွံထုတ်ယူမှုများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ်

[301] ဤ "Nothing for Our Land' – Impact of Land Confiscation on Farmers in Myanmar", Human Rights Watch, 17 July 2018 တွင် ကြည့်ပါ။

[302] Source #22 တွင် ကြည့်ပါ။

[303] Source #49 တွင် ကြည့်ပါ။

[304] Source #24 တွင် ကြည့်ပါ။

ဆိုးရွားစွာ သက်ရောက်မှုရှိကြောင်း တင်ပြခဲ့သည်။ *"ရေကာတာတည်ဆောက်မှု စီမံကိန်းတွေ၊ ရွှေတူးဖေါ်တာတွေနဲ့ သစ်တောပြုန်းတီးမှုတွေက လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အဓိကဖြစ်စေတဲ့အချက်တွေဖြစ်တယ်။ စီးပွားရေးသမားတွေရဲ့ သစ်ထုတ်လုပ်မှုတွေက သစ်ပင်တွေအများကြီး ဆုံးရှုံးရတယ်။ သစ်တောပြုန်းတီးမှုကြောင့် ကျွန်တော်တို့ရဲ့ လယ်ယာမြေတွေရေမြုပ်ကုန်တော့ ဒါက ကျွန်တော်တို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကိုထိခိုက်တယ်။"* [305] ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အခြားအမျိုးသားတစ်ဦးကလည်း စီးပွားရေးလုပ်ငန်းများ သို့မဟုတ် အခြေခံအဆောက်အဦးဆောက်လုပ်ခြင်းများ၏ ဆိုးကျိုးသက်ရောက်နိုင်မှုများကို ဒေသခံများအား ထိုလုပ်ငန်းများမလုပ်ဆောင်မီ ကြိုတင်အသိပေးရန်လိုကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့သို့ တင်ပြခဲ့သည်။ *"ဥပမာအားဖြင့် ကုမ္ပဏီတစ်ခုက ကျွန်တော်တို့ရဲ့ ဒေသမှာ ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်တော့မယ်ဆိုရင် အဲ့ဒီစီမံကိန်းကရရှိမယ့် အကျိုးအမြတ်နဲ့ဆိုးကျိုးတွေကို ကျွန်တော်တို့ကို ကြိုတင်ပြောပြထားသင့်တယ်။"* [306]

ကမ္ဘာ့ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားဆိုင်ရာအခွင့်အရေး ကြေညာစာတမ်း (UNDRIP) ၏ အပိုဒ် ၃၂ တွင် ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏မြေယာ၊ ပိုင်နက်နယ်မြေ၊ သဘာဝအရင်းအမြစ်များကို အသုံးပြုရေးအတွက်သော်လည်းကောင်း၊ ဖွံ့ဖြိုးရေးအတွက်သော်လည်းကောင်း၊ မဟာဗျူဟာရေးဆွဲချမှတ်ခြင်း၊ ဦးစားပေးရွေးချယ်သတ်မှတ်ခြင်း စသည့်အခွင့်အရေးရှိသည်။ ထို့အပြင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာ၊ ပိုင်နက်နယ်မြေ သဘာဝအရင်းအမြစ်ပေါ် သက်ရောက်မှုရှိနိုင်သည့်စီမံကိန်းများ အထူးသဖြင့် သယံဇာတ၊ ရေနှင့် အခြားအရင်းအမြစ်များ၊ တူးဖော်သုံးစွဲခြင်းနှင့် သက်ဆိုင်သောစီမံကိန်းများကို အတည်မပြုမီ နိုင်ငံတော်သည် စိတ်ရင်းစေတနာအမှန်ဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများအား လွတ်လပ်၍ကြိုတင်အသိပေး သဘောတူညီချက်ရယူသည့်စနစ်နှင့် လွတ်လပ်စွာဆန္ဒသဘောထားဖော်ထုတ်မှုအရ ထွက်ပေါ်လာသည့် သဘောတူညီမှုရယူနိုင်ရန်အလို့ငှါ သက်ဆိုင်ရာဌာနေတိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားလှယ်၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းအချက်အလက်များအရ မြန်မာအစိုးရသည် ထိုအချက်များအား လိုက်နာရန်အမြဲတစေပျက်ကွက်ခဲ့သဖြင့် ကရင်တိုင်းရင်းသားများအား ၎င်းတို့၏မြေနှင့် သယံဇာတများ သုံးစွဲခွင့်ကို ငြင်းပယ်သကဲ့သို့ဖြစ်သည်။ ပို၍အရေးကြီးသည်မှာ အစိုးရသည်နိုင်ငံ၏ ဥပဒေမူဘောင်အတွင်းပါရှိသော ဌာနေတိုင်းရင်းသားများနှင့် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကို ကာကွယ်ရန်အတွက် ပျက်ကွက်ခဲ့သည်။ ၂၀၁၅ ခုနှစ် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၅ တွင် ဖော်ပြထားသည်မှာ ဌာနေတိုင်းရင်းသားများအနေဖြင့် စီးပွားရေးလုပ်ငန်းများ ၎င်းတို့၏နယ်မြေအတွင်း လာရောက်လုပ်ကိုင်ခြင်းမပြုမီ ပြည့်စုံတိကျသော သတင်းအချက်အလက်များကို ရရှိသင့်သည်။ ထိုနည်းတူစွာ ၂၀၁၆ ခုနှစ် မြန်မာရင်းနှီးမြှုပ်နှံမှုဥပဒေ၏ အပိုဒ် ၆၅ တွင်လည်း တိုင်းရင်းသားများ၏အခွင့်အရေးနှင့် ဓလေ့ထုံးတမ်းများကို လေးစားရန်လိုအပ်ကြောင်း ဖော်ပြထားသည်။

## မြေယာအရေး။ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အန္တရာယ်တစ်ခု

မြေယာသိမ်းယူခြင်းသည် ဗမာနှင့် အခြားတိုင်းရင်းသားတို့ကြားရှိ ဆက်လက်ဖြစ်ပေါ်နေသော တိုင်းရင်းသားအချင်းချင်းကြား တင်းမာမှုများကို ပိုမိုဆိုးရွားစေသည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက တင်ပြခဲ့သည်မှာ *"ကျွန်တော်တို့တွေ တခြားတိုင်းရင်းသားတွေနဲ့ အဆင်ပြေအောင် အကောင်းဆုံး ကြိုးစားပြီးနေတယ်။ ကျွန်တော်တို့ အခက်အခဲ နည်းနည်းပဲရှိတယ်။ တိုက်ပွဲတွေဖြစ်တုန်းက ကျွန်တော်တို့ဒေသရဲ့အဝေးမှာ နေခဲ့ရတယ်။ အဲ့ဒီအချိန်မှာ လူတွေကလာပြီး ကျွန်တော်တို့ရဲ့မြေပေါ်မှာ နေခဲ့ကြတယ်။ ဒါကိုကျွန်တော်တို့ ဘယ်လိုပြန်ရအောင်လုပ်ရမလဲ မသိဘူး။ သူတို့ကို ဒါတွေနဲ့ပတ်သက်ပြီး တိုက်ရိုက်ပြောရင် သူတို့ကို ခွဲခြားဆက်ဆံတယ်လို့ ထင်လိမ့်မယ်။ ဒါက ကျွန်တော်တို့ကြားမှာ ပြဿနာဖြစ်စေမှာစိုးတယ်။ ဒါကြောင့် သူတို့ကို*

[305] Source #4 တွင် ကြည့်ပါ။

[306] Source #74 တွင် ကြည့်ပါ။


*ကျွန်တော်တို့ မပြောဘူး။”* [307] အလားတူအခြေအနေများသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တည်ရှိနေပြီး သောတိုင်းရင်းသားအချင်းချင်းကြား ဆက်ဆံရေးကို ပိုမိုပြေလည်စေနိုင်မည်။

မြေလွတ်မြေလပ်မြေရိုင်းဥပဒေ (VFV) နှင့် ထိုဥပဒေအား အတည်ပြုခြင်းများသည်လည်း KNU နှင့် မြန်မာအစိုးရ တို့အကြား တင်းမာမှုများကို ပိုမိုဖြစ်ပေါ် စေသည့် အချက်များဖြစ်သည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် KNU မှ ထိုမြေလွတ်မြေလပ်မြေရိုင်းဥပဒေ (VFV) အား ပယ်ဖျက်ရန်အတွက် တောင်းဆိုမှုစာတမ်းတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ဤအခြေအနေတွင် KNU ၏ ဗဟိုမြေယာကော်မတီမှအဖွဲ့ဝင်တစ်ဦးက ထိုဥပဒေအား ပယ်ဖျက်မှု မပြုလုပ်ပါက နှစ်ဖက်အဖွဲ့များအကြား ယုံကြည်မှုအား ထိခိုက်မှုရှိစေနိုင်သည်ဟု ထောက်ပြခဲ့သည်။ ထိုဥပဒေသည် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အားလည်း ထိခိုက်ပျက်စီးစေနိုင်ကြောင်း ထပ်လောင်းပြောကြားခဲ့ သည်။[308]

[307] Source #13 တွင် ကြည့်ပါ။

[308] ဤ “KNU Calls for Govt’s to Tear-up it’s Vacant, Fallow and Virgin Land Management Law”, Karen News, 21 December 2018 တွင် ကြည့်ပါ။

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိအကြီးစားစီးပွားဖြစ်ဖွံ့ဖြိုးရေးစီမံကိန်းများ



# (ခ) ဒေသခံများ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အမြင်သဘောထားများ

## ၁) ဒေသခံအသိုက်အဝန်း၏ ပါဝင်ပတ်သက်ခွင့်အားနည်းခြင်း

### ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် နားလည်သဘောပေါက်မှု အားနည်းခြင်း

မေးခွန်းဖြေကြားသူ သုံးပုံတစ်ပုံက ၎င်းတို့အနေဖြင့် NCA နှင့် ပတ်သက်ပြီး အခြေခံ နားလည်သဘောပေါက်ခြင်းပင် အားနည်းကြောင်း ပြောခဲ့သည်။ ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ အမျိုးသမီးတစ်ဦးက တင်ပြသည်မှာ *"ကျွန်မကတော့ အပစ်ခတ်ရပ်စဲရေးနဲ့ပတ်သက်ပြီး ဘာမှ မသိဘူး။ အပစ်ခတ်ရပ်စဲရေးနဲ့ ပတ်သက်တာအားလုံးက အာဏာပိုင်လူကြီးတွေကပဲ စီစဉ်ကြတာ။ ဒါနဲ့ပတ်သက်ပြီး ဘာမှမကြားမိဘူး ဘာလို့လဲဆိုတော့ ကျွန်မတို့က ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုတွေမှာ မပါခဲ့ဘူး။"* [309] အကြောင်းရင်းတစ်ခုမှာ မြန်မာအစိုးရအနေဖြင့် NCA နှင့် ပတ်သက်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အသိပညာပေးမှုများကို အနည်းငယ်သာ ပြုလုပ်ခဲ့သည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက *"အရပ်ဖက်လူမှုအဖွဲ့အစည်းတွေနဲ့ KNU ကလာပြီး အသိပညာပေးတာလုပ်မှ ကျွန်တော်တို့ NCA နဲ့ပတ်သက်ပြီး သိရတယ်။ ဒါပေမယ့် မြန်မာအစိုးရကတော့ ဒေသတွင်းမှာ NCA နဲ့ပတ်သက်ပြီး အသိပညာပေးတာတွေမလုပ်ဘူး။"* [310] ရေဒီယိုသတင်းများအား သတင်းအချက်အလက်ရရှိရန်အတွက် အဓိကအသုံးပြုနေသော မေးခွန်းဖြေကြားသူများအနေဖြင့် ရေဒီယိုအစီအစဉ်များမှာ မြန်မာဘာသာစကားဖြင့်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးနှင့်ပတ်သက်သော အချက်အလက်များကို နားလည်ရန် စိန်ခေါ်မှုများကြုံတွေ့နေကြရသည်။ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အမျိုးသားတစ်ဦးက *"ငြိမ်းချမ်းရေးဖြစ်စဉ်က ဘာတိုးတက်မှုမှမရှိဘူး။ ကျွန်တော် သတင်းအချက်အလက်ပိုရအောင်လို့ BBC နဲ့ VOA ကိုနားထောင်တယ်။ ကျွန်တော်က ဗမာလိုသိပ်နားမလည်ဘူး။ ကျွန်တော် တချို့စကားလုံးတွေကို နားမလည်ရင် ဒါနဲ့ပတ်သက်ပြီးတော့ တစ်ယောက်ယောက်ကလာပြီး ကျွန်တော့်ကို ရှင်းပြစေချင်တယ်။"* [311]

မေးခွန်းဖြေကြားသူ အတော်များများက NCA နှင့်ပတ်သက်ပြီး ပိုမိုလေ့လာလိုကြောင်း ၎င်းတို့၏ ဆန္ဒရှိသည်ကို ဖော်ပြခဲ့သည်။ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ထိုအကြောင်းကို အလွန်လေ့လာလိုကြောင်းကို ဆက်လက်ပြီး ဤသို့တင်ပြပါသည်။ *"ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေက အပစ်ခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြတယ်။ ကျွန်တော်တို့က သူတို့ရဲ့ သားသမီးတွေဆိုတော့ ဒါကကျွန်တော်တို့နဲ့ဆိုင်တယ်။ ကျွန်တော်တို့လို ဒေသခံတွေက စစ်မှန်တဲ့ငြိမ်းချမ်းရေးကို လိုအပ်တယ်။ ကျွန်တော်တို့ တိုက်ပွဲနောက်တစ်ကြိမ်ထပ်ဖြစ်မှာကို မလိုလားဘူး။ တကယ်လို့ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေက NCA ရဲ့ သဘောတူညီချက်တွေကို အပြည့်အဝလိုက်နာဖို့ အကောင်းဆုံးကြိုးစားကြမယ်ဆိုဒါက ရွာသားတွေကို ပျော်ရွှင်စေမှာပဲ။ ကျွန်တော်တို့အနေနဲ့ကတော့ တိုက်ပွဲနောက်တစ်ကြိမ်ထပ်မဖြစ်ဖို့ တကယ်မျှော်လင့်တယ်။ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေဆီကနေ NCA နဲ့ပတ်သက်ပြီး စာလက်ခံရတယ်။ သူတို့က အစည်းအဝေးခေါ်ပြီးတော့ အဲ့ဒီစာကိုဝေခဲ့တယ်။ ကျွန်တော်တို့ကို အဲ့ဒီစာကို ဗမာလိုအရင်ပေးတယ်။ နောက်တော့ ကရင်လိုပြန်ပေးတယ်။ ကျွန်တော်တို့ရွာသားတွေလည်း အဲ့ဒီစာကို ဖတ်ရတယ်။ အဲ့ဒီစာကို အိမ်တိုင်းမှာတစ်အုပ်စီမရပေမယ့် တစ်ရွာကို သုံးလေးအုပ်တော့ရတယ်။ တချို့အဖွဲ့အစည်းတွေကလည်း အဲ့ဒါနဲ့ပတ်သက်ပြီး အသိပညာပေးတာတွေ လုပ်ကြတယ်။"* [312]

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပူပေါင်းပါဝင်မှုအားနည်းခြင်း

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး နားမလည်သော သို့မဟုတ် လုပ်ငန်းစဉ်တွင် မည်သို့ပါဝင်ရမည်ကို မသိသောသူများအနေဖြင့် ပူးပေါင်းပါဝင်လိုမှု ရှိကြသည်။ ဥပမာအားဖြင့် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အမျိုးသမီး

[309] Source #75 တွင် ကြည့်ပါ။
[310] Source #35 တွင် ကြည့်ပါ။
[311] Source #7 တွင် ကြည့်ပါ။
[312] Source #6 တွင် ကြည့်ပါ။

တစ်ဦးက *"ကျွန်မလည်း ပါဝင်ချင်တယ်။ တကယ်လို့ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးဆောင်နေကြတဲ့သူတွေရှိရင် ကျွန်မက သူတို့ကိုထောက်ပံ့ပြီး သူတို့နဲ့အတူတူအလုပ် လိုက်လုပ်မယ်။ ဒါကိုလုပ်ဖို့အတွက် ကျွန်မကိုယ်တိုင် ဒီလုပ်ငန်းစဉ်ကို သေချာနားမလည်ဘူး။"* [313] အချို့သောသူများအတွက် ဤစိတ်ဆန္ဒသည် တာဝန်အရ ပြည်သူ တစ်ဦးအနေဖြင့် ပါဝင်ခြင်းမဟုတ်ပဲ ဒီမိုကရေစီလမ်းစဉ်အား ပံ့ပိုးမှုပေးရန်အတွက်ဖြစ်သည်။ ဥပမာအားဖြင့် မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"ကျွန်မတို့ရဲ့ ခေါင်းဆောင်တွေက ငြိမ်းချမ်းရေး လုပ်ငန်းမှာပါဖို့ဆုံးဖြတ်တော့ ကျွန်မတို့အရမ်းဝမ်းသာတယ်။ ဒါပေမယ့် ကျွန်မအနေနဲ့ ကျွန်မရဲ့ ခေါင်းဆောင်တွေ ကိုအကြံပြုချင်တာက သူတို့ရဲ့ နိုင်ငံရေးစကားဝိုင်းတွေကို အောက်ခြေကနေစပြီး သွားဖို့လုပ်သင့်တယ်။ ဆိုလို တာက ဒေသခံပြည်သူတွေကို ထည့်သွင်းစဉ်းစားပေးဖို့ပေါ့။"* [314]

မေးခွန်းဖြေကြားသူအချို့က ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချခြင်းများတွင် အရပ်သား ကိုယ်စားလှယ်များ ပိုမိုပါဝင်သင့်သည်ဟု ထင်မြင်ကြသည်။ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်မှ အမျိုးသား တစ်ဦး၏အဆိုအရ *"အရပ်သားတွေနဲ့ ဒေသခံတွေရဲ့ ဆန္ဒတွေလည်း ပါသင့်တယ်။ သူတို့တွေလည်း KNU၊ အစိုးရနဲ့ တပ်မတော်တို့ရဲ့ တွေ့ဆုံမှုတွေမှာ ပါဝင်သင့်တယ်။ အရပ်သားတွေက ပိုများတယ်ဆိုရင် အရပ်သားကိုယ် စားလှယ်တွေ ပိုပြီးပါသင့်တယ်။ အခုကျတော့ အစိုးရဘက်ကဆယ်ယောက်၊ တိုင်းရင်းသားလက်နက်ကိုင်က ဆယ်ယောက်ဆိုရင် အရပ်သားက ခြောက်ယောက်ပဲပါတယ်။ အရပ်သားတွေက ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး နားမလည်ဘူးဆိုတာက သူတို့ရဲ့ ပါဝင်ပတ်သက်မှု နည်းလို့ဖြစ်တယ်။"* [315]

တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်မှ အမျိုးသားတစ်ဦးက လူတိုင်းငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သင့်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ *"ဆင်းရဲသားအားလုံးလည်း ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာပါဝင်ပြီး သူတို့ ရဲ့ အတွေး တွေနဲ့ အကြံဉာဏ်တွေကို တင်ပြခွင့်ရသင့်တယ်။ တကယ်လို့ ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ အားလုံးသာ ပါဝင်လာမယ် ဆို ဒါကကျွန်တော်တို့ကို ရေရှည်တည်တံ့တဲ့ငြိမ်းချမ်းရေးကို ပေးလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ ဒီငြိမ်းချမ်းရေး ဖြစ်စဉ်မှာ ပညာတတ်တွေကိုပဲမထည့်သင့်ဘူး။ ဆိုက်ကားသမားတွေ၊ လယ်သမားတွေနဲ့ တောင်ယာလုပ်တဲ့သူ တွေက ဒီဖြစ်စဉ်မှာ ပါဝင်ခွင့်မရဘူးဆိုရင် ကျွန်တော်တို့ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကိုရမှာမဟုတ်ဘူး။ စစ်သားတွေ၊ ခေါင်းဆောင်တွေ၊ သမ္မတတွေ၊တိုင်းရင်းသားခေါင်းဆောင်တွေ၊ ဆရာဝန်တွေနဲ့ သူနာပြုတွေလည်း ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်သင့်တယ်။ လူတိုင်း ဘယ်အခြေအနေမဆို ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်လာမယ် ဆိုရင် ကျွန်တော်တို့ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကို ရရှိမှာဖြစ်တယ်။"* [316]

## (၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုအားနည်းခြင်း

အခြေအနေအမြောက်အများကြောင့် ငြိမ်းချမ်းရေး ဖြစ်စဉ်အပေါ် ယုံကြည်မှုအားနည်းစေပြီး မြန်မာပြည်အရှေ့ တောင်ပိုင်းတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိနိုင်မည်မဟုတ်ဟူသော ခံစားချက်များကို ဖြစ်ပေါ်စေ သည်။

### ဆက်လက်ဖြစ်ပွားနေသော စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများနှင့် KNLA နှင့် တပ်မတော်တို့အကြားရှိ တိုက်ပွဲငယ်များ

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဆက်လက်ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများသည် ၎င်းတို့အား ရေရှည်တည်တံ့ သောငြိမ်းချမ်းရေးအားမရရှိနိုင်ဟု သံသယဖြစ်စေသောအကြောင်းရင်းတစ်ခုဖြစ်သည်ဟု မေးခွန်းဖြေကြားသူများ က ဖော်ပြထားသည်။ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ပြောကြားသည်မှာ *"တပ်မဟာ ၅ မှာ တိုက်ပွဲတွေ ခဏခဏဖြစ်တယ်လို့ ကျွန်မတို့ကြားတယ်။ ကျွန်မတို့တွေလည်း KNU ထိန်းချုပ်*

[313] Source #66 တွင် ကြည့်ပါ။
[314] Source #14 တွင် ကြည့်ပါ။
[315] Source #11 တွင် ကြည့်ပါ။
[316] Source #19 တွင် ကြည့်ပါ။

*နယ်မြေတစ်နေရာမှာ နေကြတော့စိုးရိမ်တယ်။"* [317] ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်မှ အမျိုးသမီးတစ်ဦး ကလည်း *"NCA ထိုးထားလည်း တပ်မဟာ ၅ မှာ တိုက်ပွဲတွေ ဆက်ဖြစ်နေတယ်လို့ကြားတယ်။ ဘာကြောင့် အဲ့လိုလုပ်တာလဲ။ သူတို့ဒီမှာမတိုက်ကြတော့ရင် အဲ့ဒီမှာလည်းရပ်သင့်တယ်။ သူတို့ဒီလိုပဲ ဆက်လုပ်နေရင် ဒါကငြိမ်းချမ်းရေးဆိုတာ ကျွန်မ မယုံတော့ဘူး။"* ဟူ၍ ထပ်လောင်းတင်ပြသည်။[318]

လက်နက်ကိုင်တပ်ဖွဲ့ဝင်များ အထူးသဖြင့် တပ်မတော်၏ ယခင်ကကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှု များကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အကြောက်တရားများ ဆက်လက်တည်ရှိနေသည်။ ထို့အတွက် ကြောင့် မေးခွန်းဖြေကြားသူများအနေဖြင့် ၎င်းတို့၏ ဝန်းကျင်အနီးတွင်တပ်စခန်းများတည်ရှိနေမှုနှင့် ပတ်သက်ပြီး လုံခြုံမှုရှိသည်ဟု မခံစားရကြချေ။ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက တင်ပြသည် မှာ *"ကျွန်တော် NCA မှာပါတဲ့ အချက်တွေကို ဖတ်ဖြစ်တယ်။ ကျွန်တော်အားလုံးကိုတော့ နားမလည်ပါဘူး။ ဒါပေမယ့် ဖတ်ကြည့်ပြီးတဲ့အချိန်မှာ စိတ်ချမ်းသာရာတော့ရတယ်။ ကျွန်တော်တို့ သွားရေးလာရေးတော့ လွယ်ကူ လာတယ်။ ဒါပေမယ့် တပ်မတော်ရဲ့ တပ်စခန်းတွေကတော့ ခဲဒဲကျေးရွာအုပ်စုက အီးသာပလောရွာနဲ့ ကလယ် စိုရွာလမ်းတစ်လျှောက်မှာ ရှိနေတုန်းပဲ။ ကျွန်တော်တို့ ဒီစခန်းတွေကို ဖြတ်သွားတဲ့အခါ တစ်ခါတစ်လေ လုံခြုံမှု မရှိသလိုခံစားရတယ်။ ကျွန်တော်တို့ တောင်ယာကတဲထဲမှာ တစ်ယောက်ထဲ ဒါမှမဟုတ် နှစ်ယောက်ထဲ မအိပ်ရဲ သေးဘူး။ အတိတ်ကကြောက်စိတ်တွေ ကျွန်တော်တို့ဆီမှာရှိနေတုန်းပဲ။ ကျွန်တော်တို့ပိုင်ဆိုင်တဲ့ စပါးတွေ တိရိစ္ဆာန်တွေကို သူတို့ယူသွားမှာ စိုးရိမ်တယ်။ တချို့လူတွေဆို တောင်ယာတောင်မလုပ်ကြတော့ဘူး။ သူတို့သာ ကျွန်တော်တို့နေရာကနေ စခန်းတွေကိုရုတ်သိမ်းသွားမယ်ဆိုရင် ကျွန်တော်တို့ပိုပြီး စိတ်ချမ်းသာလိမ့်မယ်။ အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်က အရမ်းကောင်းတယ်။ တကယ်လို့ဒါကိုသာ တကယ်ကျင့်သုံးမယ်ဆို ကျွန်တော်တို့အတွက် အကျိုးအရမ်းရှိမယ်။"* [319]

NCA ၏အားနည်းချက်မှာ တပ်မတော်နှင့်  EAOs အကြား ရှင်းလင်းသည့် နယ်မြေသတ်မှတ်ချက် မရှိခြင်းဖြစ် သည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက *"ကျွန်တော်တို့ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး မျှော်လင့်ထားတာတွေအများကြီးပဲ။ ရောနှောထိန်းချုပ်နယ်မြေတွေမှာ အုပ်ချုပ်ရေးက နှစ်ခုထပ် နေတယ်။ လက်နက်ကိုင်တပ်ဖွဲ့တွေနဲ့ မြန်မာအစိုးရတပ်အနေနဲ့ ရှင်းလင်းတဲ့ နယ်မြေသတ်မှတ်ချက်တွေရှိရင် ပိုကောင်းလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဘာလို့လဲဆိုတော့ အခုဆိုရင် မတူညီတဲ့လက်နက်ကိုင်တပ်ဖွဲ့ဝင် တွေမှာ ရှင်းလင်းတဲ့ထိန်းချုပ်နယ်မြေတွေ ရှိမနေဘူး။"* [320] *"တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တွေအနေနဲ့ တကယ်ပဲငြိမ်းချမ်းရေးလိုချင်တယ်ဆိုရင် ယုံကြည်မှုတည်ဆောက်နိုင်ဖို့အတွက် ရှင်းလင်းတဲ့ နယ်မြေသတ်မှတ်ချက်တွေ ထားရမယ်။ တကယ်လို့ သူတို့ရဲ့ အုပ်ချုပ်ရေး နယ်မြေကို ခွဲခြားသတ်မှတ်နိုင်ပြီဆိုရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ရှေ့ကိုချောချောမွေ့မွေ့ ဆက်သွားနိုင်မယ်"* ဟု ထိုသူမှအကြံပြုခဲ့သည်။[321]

တပ်စခန်းများ ကျေးရွာများအနီးတွင် ဆက်လက်တည်ရှိလာနေခြင်းနှင့်ပတ်သက်ပြီး မေးခွန်းဖြေကြားသူများက စိုးရိမ်မှုများရှိနေသည်။ ညောင်လေးပင်ခရိုင်၊ ကျောက်တံခါးမြို့နယ်မှ အမျိုးသားတစ်ဦးက *"တပ်မတော်က တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးတည်ဆောက်ဖို့အတွက် အကြီးမားဆုံးသော အတားအဆီးတစ်ခုပဲ။ ဘာကြောင့် လဲဆိုတော့ သူတို့တွေက ကျေးရွာတွေကနေ သူတို့ရဲ့ တပ်စခန်းတွေကို ဘယ်တော့မှမရုတ်သိမ်းဘူး။ စစ်တပ် စခန်းအနီးမှာနေကြတဲ့ပြည်သူတွေအတွက် ဒါကအကြီးမားဆုံးသောခြိမ်းခြောက်မှုတစ်ခုပဲ။ ဓမ္မဆရာတစ်ယောက် အနေနဲ့ ကျွန်တော်ဘုရားသွားရှိခိုးဖို့အတွက် ခရီးထွက်ရမှာကို ကြောက်တယ်။ တပ်မတော်က ကျေးရွာတွေ အနီးက သူတို့ရဲ့ တပ်စခန်းတွေကိုမဖယ်ပဲနဲ့ အပစ်ခတ်ရပ်စဲရေးကို ဘယ်လိုခိုင်မာအောင်လုပ်မှာလဲ။"* [322]

317 Source #8 တွင် ကြည့်ပါ။
318 Source #38 တွင် ကြည့်ပါ။
319 Source #6 တွင် ကြည့်ပါ။
320 Source #35 တွင် ကြည့်ပါ။
321 Source #35 တွင် ကြည့်ပါ။
322 Source #22 တွင် ကြည့်ပါ။

ထိုနည်းတူစွာ မေးခွန်းဖြေကြားသူများအနေဖြင့် ၎င်းတို့၏ ရပ်ရွာအနီးတွင် တပ်မတော်စစ်သားများမှ ရိက္ခာတင်ပို့နေမှုများနှင့် တပ်သားဖြည့်တင်းခြင်းများပြုလုပ်သည်များကို တွေ့ရှိနေရသည့်အခါ လုံခြုံမှုမရှိသလိုခံစားကြရသည်။ NCA အရ ဤသို့ပြုလုပ်နေမှုများအား ခွင့်ပြုထားသော်လည်း ထိုအပြုအမူများက ဒေသခံများအား မယုံကြည်မှုများနှင့် မလုံခြုံမှုများကို ဖြစ်ပေါ်စေသည်။ သံတောင်ကြီးမှ အမျိုးသားတစ်ဦးက "*သတင်းတွေကို ကြည့်ပြီး ကျွန်တော် NCA အကြောင်းကိုသိရတယ်။ ကျွန်တော်တို့ ခေါင်းဆောင်တွေ သူတို့အချင်းချင်းကြားမှာ သဘောတူညီချက်ရဖို့ ညှိနှိုင်းနေတာ တွေ့ရတယ်။ ကျွန်တော်ထင်တာကတော့ သူတို့တွေအနေနဲ့ ငြိမ်းချမ်းရေးရဖို့ ခြေလှမ်းတွေလှမ်းနေတယ်ဆိုပြီး တခြားနိုင်ငံကို ကြွားပြချင်တာပဲရှိတယ်။ တကယ်တမ်းမှာတော့ တပ်မတော်က ကရင်ပြည်နယ်ထဲကို လက်နက်အပြည့်အစုံနဲ့ စစ်သားတွေကို ကားပေါ်တင်လာကြတယ်။ သူတို့က ပြည်နယ်ထဲမှာ အကြီးစား စီးပွားရေးစီမံကိန်းတွေ လုပ်ကြတယ်။ တိုက်ပွဲတွေအကြောင်းကိုလည်း ကျွန်တော်တို့ ကြားတယ်။ ဒါကြောင့် ကျွန်တော်ကတော့ ဒီအပစ်ခတ်ရပ်စဲရေး သဘောတူညီချက်ဆိုတာကို ယာယီဖြစ်ပြီးတော့ အတုလို့ပဲထင်တယ်။*"[323]

ဤအစီရင်ခံစာ၏ အခန်း ၂ (က) အပိုင်း (၃) တွင် ဖော်ပြထားသကဲ့သို့ ဓလေ့ထုံးတမ်းမြေယာများသည် တပ်မတော်စခန်းများနှင့် တပ်မတော်စစ်လေ့ကျင့်ရေးများအတွက် အသုံးပြုခံနေရလျက်ရှိသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ ယခင်ကာလများက ကရင်လူ့အခွင့်အရေးအဖွဲ့မှ ကျယ်ကျယ်ပြန့်ပြန့် သတင်းအချက်အလက်ကောက်ယူမှုများ ပြုလုပ်ခဲ့ပြီး အောက်ပါမြို့နယ်များဖြစ်သော ထန်းတပင်၊ သံတောင်ကြီး၊ ပျဉ်းမနား (တောင်ငူခရိုင်)၊ ကျောက်ကြီး(ညောင်လေးပင်ခရိုင်)၊ လယ်မူလား၊ တနင်္သာရီ၊ ကဆယ်ဒို (မြိတ်-ထားဝယ် ခရိုင်)၊ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ် (ဒူးပလာယာခရိုင်)၊ ဒွယ်လို၊ ဘူးသို (ဖာပွန်ခရိုင်) နဘူး၊ ပိုင်ကျုံ (ဘားအံခရိုင်)[324] များမှ ပြည်သူများသည် မြေသိမ်းမှုနှင့်ပတ်သက်ပြီး ထိခိုက်ခံစားရလျက်ရှိသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား "*တကယ်လို့ တပ်မတော်က ကျွန်မတို့ရဲ့ မြေတွေပေါ်မှာ စစ်လေ့ကျင့်ရေးတွေ ဆက်လုပ်နေမယ်ဆိုရင် ငြိမ်းချမ်းရေးက ပျက်စီးသွားလိမ့်မယ်။ ကျွန်မတို့ရဲ့ မြေက ဒေသခံတွေအတွက် ဖြစ်ရမယ်။ တပ်မတော်က ကျွန်မတို့ရဲ့ မြေကို စစ်ရေးအတွက်သုံးနေတာကို မကြိုက်ဘူး။ ကျွန်မတို့ရဲ့ မြေတွေကို ပစ်မှတ်နယ်မြေအဖြစ်သုံးနေတာ မလိုချင်ဘူး။ ကျွန်မတို့ရဲ့ ရွာဘေးမှာ စစ်လှုပ်ရှားမှုတွေ လာလုပ်နေကြလို့ ကျွန်မတို့အခက်အခဲတွေ စားဝတ်နေရေးစိန်ခေါ်မှုတွေ အများကြီးရင်ဆိုင်ရတယ်။*"[325] ငြိမ်းချမ်းရေးဖြစ်စဉ်၏ အဓိကအချက်မှာ သူမ၏ကျေးရွာအတွင်း လုံခြုံစိတ်ချစွာနေထိုင်နိုင်သည်ဟူသော ခံစားချက်ဖြစ်သည်ဟု သူမက ဆက်လက်ရှင်းပြခဲ့သည်။ "*တကယ်လို့ ကျွန်မတို့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကိုရမယ်ဆိုရင် ရွာထဲမှာ လုံခြုံရေးပြဿနာအတွက် စိုးရိမ်စရာမလိုပဲ ကျွန်မတို့ နေနိုင်မယ်*" ဟုတင်ပြခဲ့ပါသည်။[326]

တပ်မတော်အနေဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အာဏာတည်မြဲစေရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အသုံးပြုနေခြင်းအပေါ် အချို့မေးခွန်းဖြေကြားသူများက ၎င်းတို့၏ စိုးရိမ်မှုများကို ဖော်ပြခဲ့သည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက "*ကျွန်တော်တို့ ခေါင်းဆောင်တွေပြောတဲ့ ငြိမ်းချမ်းရေးဆိုတာက ကျွန်တော်တို့မြေပြင်မှာ မျှော်မှန်းထားတဲ့ ငြိမ်းချမ်းရေးမဟုတ်ဘူး။ တပ်မတော်က KNU ထိန်းချုပ်နယ်မြေထဲဝင်ပြီး လမ်းဖောက်ပြီး ငြိမ်းချမ်းရေးကိုသူတို့လုပ်ချင်တာ လုပ်ခွင့်ရဖို့အတွက် အသုံးပြုတဲ့အခါ ကျွန်တော့်အနေနဲ့ စစ်မှန်တဲ့ငြိမ်းချမ်းရေးရတယ်လို့ မထင်တော့ဘူး။ တစ်နေ့မှာ သူတို့ကျွန်တော်တို့ကို ထပ်ပြီး လှည့်စားမှာကိုကြောက်တယ်။*"[327] ဤကိုးကားချက်တွင် ဖော်ပြထားသည့်အတိုင်း လမ်းဖောက်လုပ်ခြင်းနှင့် အသစ်ပြုပြင်ခြင်းများသည် အခြေခံအဆောက်အဦး တိုးတက်မှုရှိစေရန်အတွက် လုပ်ဆောင်ခြင်းထက် မြန်မာစစ်တပ်အနေဖြင့် ထိုဒေသအား ထိန်းချုပ်ခွင့်ရရှိစေရန်အတွက် တပ်အင်အားဖြည့်တင်းခြင်းအတွက် ရည်ရွယ်

[323] Source #44 တွင် ကြည့်ပါ။

[324] KHRG မှ ၂၀၁၈ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Do Not Trespass: Land Confiscations by Armed Actors in Southeast Myanmar", ၏ စာမျက်နှာ ၂၂ မှ ၂၃ အထိတွင် ကြည့်ပါ။

[325] Source #43 တွင် ကြည့်ပါ။

[326] Source #43 တွင် ကြည့်ပါ။

[327] Source #44 တွင် ကြည့်ပါ။

လျက်ရှိသည်ဟု ဒေသခံလူထုက သံသယဖြစ်လျက်ရှိသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသား တစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား ဤလုပ်ရပ်များကြောင့် KNLA နှင့် အသစ်တဖန် ပစ်ခတ်တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပေါ် စေမည်ကို ကြောက်ရွံ့နေကြောင်း ပြောပြခဲ့သည်။ *"ဒေသခံတွေက တပ်ရဲ့ ဒီလို လှုပ်ရှားမှုတွေ ကြောင့် အရမ်း စိုးရိမ်နေကြတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဒေသတွေမှာ ရှင်းလင်းတဲ့နယ်မြေသတ်မှတ်မှုတွေ မရှိဘူး။ သူတို့တွေ တစ်ယောက်နဲ့တစ်ယောက်ကြား နားလည်မှုလွဲရင် တိုက်ပွဲက အချိန်မရွေးပြန်ဖြစ်နိုင်တယ်။"*[328]

မည်သို့ပင်ဆိုစေကာမူ အခြားသော တိုင်းရင်းသားဒေသများတွင် တိုက်ပွဲများဖြစ်နေသည့်အတွက် မြန်မာပြည် အရှေ့တောင်ပိုင်းတွင်လည်း ငြိမ်းချမ်းရေး တည်မြဲမှုမရှိမည်ကို အခြားသူများက စိုးရိမ်နေကြလျက်ရှိသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက *"သူတို့ အပစ်ခတ်ရပ်စဲရေး လုပ်မယ်ဆိုရင် သူတို့ တစ်နိုင်ငံလုံးနဲ့ လုပ်ရမယ်။ ဒါပေမယ့် သူတို့ကရခိုင်မှာ တိုင်းရင်းသားတွေ အညံ့ခံအရှုံးပေးတဲ့အထိ တိုက်မယ်။ တပ်မတော်က ကယားပြည်မှာလည်း ရိက္ခာတွေ၊လက်နက်တွေ ထပ်ပို့တယ်။ တပ်သားသစ်တွေ စုဆောင်းတယ်။ စစ်သားတွေလည်း ထပ်ပို့တယ်။ ကျွန်တော်တို့ သံတောင်မှာလည်း မြင်းတွေနဲ့ရိက္ခာတွေ ပို့တယ်။ ဒါတွေက အဲ့ဒီနေရာတွေကို ကျူးကျော်သိမ်းပိုက်နေတာနဲ့ပဲ တူတယ်။ သူတို့က ရခိုင်မှာတိုက်ပြီးတာနဲ့ ဒီဘက်ကိုပြန်လှည့် လာလိမ့်မယ်။"*[329]

## မြန်မာနိုင်ငံ၏ မရေရာသော နိုင်ငံရေးအပြောင်းအလဲ

မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီဖက်ဒရယ်အုပ်ချုပ်ရေးစနစ်ထူထောင်ရန်အတွက် ကြန့်ကြာနေသော နိုင်ငံရေး အပြောင်းအလဲသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် နှောင့်နှေးစေသည်ဟု မေးခွန်းဖြေကြားသူ များက တင်ပြခဲ့သည်။ ဥပမာအားဖြင့် ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"ကျွန်မတို့လိုချင် တာက ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရနိုင်တဲ့ ဖက်ဒရယ်စနစ်ဖြစ်တယ်။ အခုက အဲ့လိုမဟုတ်ဘူး။ ကျွန်မတို့ဆီမှာ လွတ်လပ်စွာပြောဆိုခွင့်တွေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ မရှိဘူး။ မြန်မာအစိုးရက ဗမာကြီးစိုးရေးဝါဒကို အကောင်အထည်ဖော်ချင်တယ်။ ဒီနိုင်ငံရေးအခြေအနေနဲ့ ဒီနိုင်ငံထဲမှာ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့ အရမ်းကိုကြာအုံးမယ်လို့ ကျွန်မထင်တယ်။"*[330]

ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ဖြစ်စဉ်အား ယုံကြည်မှုမရှိခြင်းကြောင့် တပ်မတော်၏ *"တစ်နိုင်ငံ စစ်တပ် တစ်တပ်"* ဟူသည့် အဆိုအတွက် လုံခြုံမှုမရှိသကဲ့သို့ ခံစားရလျက်ရှိသည်။ သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"တပ်မတော်ကပြောတယ် [ဒီနိုင်ငံမှာ] စစ်တပ်တစ်ခုပဲ ရှိရမယ်။ တခြားလက်နက်ကိုင်အဖွဲ့ တွေမရှိရဘူး။ စစ်တပ်တစ်ခုပဲရှိရမယ်ဆိုတာက တပ်မတော်တစ်ခုပဲရှိရမယ်လို့ပြောတာ။ တခြားတိုင်းရင်းသား စစ်တပ်တွေဖြစ်တဲ့ ကချင်၊ ကရင်၊ ကယားလို တိုင်းရင်းသားတပ်တွေမရှိရဘူး။ တိုင်းရင်းသားတပ်တွေရှိခွင့် ပေးမှာမဟုတ်ဘူး။ ဒါဆို ကျွန်မတို့တွေက သူတို့ရဲ့ ထိန်းချုပ်မှုအောက်မှာပဲ နေရလိမ့်မယ်။ ဒါကြောင့် ကျွန်မတို့က ဒါကိုသဘောမတူဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့အနေနဲ့ စိတ်မချမ်းသာမှုတွေ၊ မယုံကြည်မှုတွေ၊ စိတ်မ ကျေနပ်မှုတွေ၊ မပျော်ရွှင်မှုတွေနဲ့ပဲ အနာဂတ်မှာနေရလိမ့်မယ်။"*[331]

အထက်တွင်ဖော်ပြခဲ့သော စိုးရိမ်ပူပန်မှုများသည် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အားနည်းချက်များနှင့် တိုးတက်မှုအ တွက် ခြိမ်းခြောက်မှုများသည် မြန်မာနိုင်ငံ၏အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုရှာဖွေရာတွင် အတား အဆီးများဖြစ်စေသည်။ အဘယ်ကြောင့်ဆိုသော် ဤအခြေအနေသည် ဆက်လက်ဖြစ်ပွားနေသော ပြဿနာများ အား လျော့ချရေးကိုနှောင့်နှေးစေသည့်အတွက်ဖြစ်သည်။ နိုင်ငံရေးဆိုင်ရာ ကျပ်တည်းသောအခြေအနေများကို တင်ပြပြီးနောက် အစီရင်ခံစာ၏ နောက်ဆုံးအခန်းတွင် တရားမျှတမှု ရရှိရေးဆိုင်ရာ အကြောင်းအရာများကို

[328] Source #35 တွင် ကြည့်ပါ။
[329] Source #77 တွင် ကြည့်ပါ။
[330] Source #76 တွင် ကြည့်ပါ။
[331] Source #16 တွင် ကြည့်ပါ။

ဖော်ပြထားပါသည်။ ဥပမာ လက်ရှိ နိုင်ငံရေးတွင်တည်ရှိနေသော တရားစီရင်ရေး အခြေအနေများကို ပြောင်းလဲတင်ပြထားသည်။ ဤတွင် တရားစီရင်ရေးကဏ္ဍအနေဖြင့် လက်ရှိမြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသည့် နာကျည်းဝမ်းနည်းဖွယ်ဖြစ်ရပ်များကို ဖြေရှင်းနိုင်မှုမရှိခြင်းနှင့်ပတ်သက်ပြီး ဆန်းစစ်မှုများ ပြုလုပ်ထားပါသည်။

# ဓာတ်ပုံများ။ ။ NCA ရေးထိုးပြီးနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အခြေအနေများ



ဤပုံကို ၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ရက်နေ့၌ ဖာပွန်ခရိုင်၊ လူသောမြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ ရွာသူရွာသားများမှ တပ်မတော်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)အကြားဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် တိမ်းရှောင်ထွက်ပြေးခဲ့ရခြင်းကို ဖော်ပြထားခြင်းဖြစ်သည်။ တပ်မတော်မှ ကရင်အမျိုးသားအစည်းအရုံး(KNU)ထိန်းချုပ်နယ်မြေများသို့ လမ်းဆောက်လုပ်ရန်အတွက် ကျူးကျော်ဝင်ရောက်ခဲ့ခြင်းကြောင့် တိုက်ပွဲများဖြစ်ပွားခဲ့ပါသည်။ ရွာသူရွာသားများမှ တောထဲတောင်ထဲတွင် ယာယီရွှေ့ပြောင်းနေထိုင်ရန်အတွက် နေရာများ ပြင်ဆင်ခဲ့ကြပါသည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၁၉ခုနှစ်၊ ဧပြီလ၌ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ တပ်မတော်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ရွာသူရွာသားများမှ တောထဲတွင်ရွှေ့ပြောင်းနေထိုင်ခဲ့ရခြင်းဖြစ်သည်။ တပ်မတော်မှ (KNU) ထိန်းချုပ်နယ်မြေများသို့ လမ်းဆောက်လုပ်ရန်အတွက် ကျူးကျော်ဝင်ရောက်ခဲ့ခြင်းကြောင့် တိုက်ပွဲများဖြစ်ပွားခဲ့ပါသည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၁၇ ခုနှစ်၊ မေလ ၁၈ရက်နေ့၌ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ ၂၀၁၇ ခုနှစ်၊ မေလ ၁၄ ရက်နေ့က ခြေမြန်တပ်ရင်းအမှတ် (၅၉၈)ရှိ တပ်မတော်စစ်သားတစ်ဦး၏သတ်ဖြတ်ခဲ့ခြင်းကို ခံခဲ့ရသော အသက်(၈)နှစ်အရွယ် မိန်းကလေးတစ်ဦး၏ပုံကို ဖော်ပြထားခင်းဖြစ်သည်။ မကြာခင်နောက်ပိုင်းမှာ စစ်သား (မြင့်ဝင်း)သည် သေဆုံးခဲ့ကြောင်း အစီရင်ခံစာထွက်ခဲ့ပါသည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၁၆ ခုနှစ်၊ မေလ ၂၅ရက်နေ့၌ ဖာပွန်ခရိုင်၊ ဒွယ်လိုမြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ မြေမြှုပ်မိုင်း နင်းခဲ့မိသော ရွာသားတစ်ဦးမှ သူ၏ကျေးရွာအတွင်းရှိ ကျန်းမာရေးလုပ်သား တစ်ဦး၏ ဆေးကုသမှုအား ခံယူနေပုံကို ဖော်ပြထားခြင်းဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၁၇ ခုနှစ်၊ မေလ၁၅ရက်နေ့၌ ဖာပွန်ခရိုင်၊ လူသောမြို့နယ်၊ ဖလခိုကျေးရွာအုပ်စုတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် သူတို့၏မူလနေရပ်ကျေးရွာများသို့ ပြန်သွားနိုင်ရန်အတွက် တပ်မတော်အား ၎င်းတို့၏ စစ်တပ်စခန်းကို ရုပ်သိမ်းပေးရန် ဆန္ဒပြတောင်းဆိုခဲ့သော ပုံဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၁၉ ခုနှစ်၊ မတ်လ ၂၁ရက်နေ့၌ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ခဲဒဲကျေးရွာအုပ်စုတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ ခဲဒဲကျေးရွာအုပ်စုရှိ ရွာသူရွာသားများမှ တပ်မတော်လမ်းဆောက်လုပ်ရေးစီမံကိန်းကို ကန့်ကွက်ဆန္ဒထုတ်ဖော်ပြခြင်းဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ၌ တောင်ငူခရိုင်၊ ထန်းတစ်ပင်မြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ တပ်မတော်မှ ကုန်တင်ကားကြီးများဖြင့် စားနပ်ရိက္ခာနှင့် စစ်သားများကို ဘောဂလိ (ခလယ်လာ)နှင့် ရေသိုးကြီး(ကော်သေးဒဲ) စစ်တပ်စခန်းများသို့ တိုးချဲ့ပို့ဆောင်နေပုံကို ဖော်ပြထားခြင်းဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၌ ဘိတ်ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ မပေါက်ကွဲဘဲကြွင်းကျန် ခဲ့သော လက်ပစ်ဗုံးများကို ဒေသခံရွာသူရွာသားများ၏ မြေယာများထဲတွင် တပ်မတော်စစ်သားများမှ ချန်ထားခဲ့သောပုံကို ဖော်ပြထားခြင်းဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*




ဤပုံကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ၌ ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ ခိုခန့်တောင်မှ ဘိလပ်မြေထုတ်လုပ်ရေးကို ရပ်တန့်ရန်အတွက် ကျေးရွာကော် မတီဖွဲ့စည်းရန် ဒေသခံလူမှုအသိုက်အဝန်းမှ ဘုန်းကြီးကျောင်းတွင် အစည်းအဝေးပြုလုပ်ခဲ့ပုံကို ဖော်ပြထားခြင်းဖြစ်သည်။ အစည်းအဝေးတက်ရောက်ခဲ့သူ (၅၄) ဦးအနက် ကျေးရွာလူကြီး၊ ကျေးရွာအုပ်စုမှူးနှင့် ဘုန်းတော်ကြီးလေးပါးလည်း ပါဝင်တက်ရောက်ခဲ့သည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့၌ တောင်ငူခရိုင်၊ ထန်းတစ်ပင်မြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ ကျေးရွာသုံးရွာရှိ ရွာသူရွာသားများမှ အေးရှားဝေါနှင့် ကောင်းမြန်မာအောင် ကုမ္ပဏီများကို ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်ပြခြင်းဖြစ်သည်။ ကုမ္ပဏီများမှ ၎င်းတို့၏လုပ်ငန်းများကို ဖော်ဆောင်ရန်အတွက် ဒေသခံများ၏မြေယာများကို သိမ်းဆည်းခဲ့ခြင်းကြောင့် ရွာသားများ၏ အသက်မွေးဝမ်းကျောင်းအခက်ခဲများကို ဖြစ်စေခဲ့ပါသည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၁၈ ခုနှစ်၊ ဧပြီလ၌ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ ဌာနေမဲ့ပြည်တွင်းကရင်ဒုက္ခသည်များဆိုင်ရာကော်မတီ (CIDKP) မှ ပါဝင်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးမှုအစည်းအဝေးကို ဦးဆောင်စုရုံးစီစဉ်ခဲ့သည်။ ထိုအစည်းအဝေးကို ပါဝင်တက်ရောက်ခဲ့သူ (၃၀၀) ဝန်းကျင်အနက် အစိုးရအာဏာပိုင်အဖွဲ့များ၊ KNU အစိုးရအာဏာပိုင်အဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့များနှင့် ပြည်သူလူထုများ တက်ရောက်ခဲ့သည်။ လက်ရှိငြိမ်းချမ်းရေးစီမံကိန်းနှင့်ပါတ်သက်သည့် သူတို့၏ရှုထောင့်များနှင့်စိုးရိမ်ပူပန်မှုများကို ဆွေးနွေးဝေငှခဲ့သည်။ *[ဓာတ်ပုံ- KHRG]*




ဤပုံကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ၌ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ ဒေသခံ (KNU/KNLA) အစိုးရအာဏာပိုင်အဖွဲ့များမှ ဦးဆောင်ပြုလုပ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပါတ်သက်သည့် အစည်းအဝေးကို ရွာသူရွာသားများမှတက်ရောက်ခဲ့ပုံကို ဖော်ပြခြင်းဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့၌ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ လယ်ဒို့မြို့တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ မုန်း၊ ကျောက်ကြီးနှင့် ရွှေကျင်မြို့နယ်များရှိ ရွာသူရွာသားဦးရေ (၄၀၀၀) ကျော်သည် လာမည့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ထိုးရေးအခမ်းအနားကို အတူတကွ ပူးပေါင်းကျင်းပရန်အတွက် စုရုံးလာခဲ့ပါသည်။ *[ဓာတ်ပုံ- KHRG]*



ဤပုံကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့၌ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာဘုရင့်နောင်တပ်မတော်စစ်တပ်သင်တန်းမှူးဖြစ်သူ ဗိုလ်မှူးကျော်ကျော်လွင်မှ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့က ဒေသခံရွာသူရွာသားများ၏မြေယာထဲတွင် ဆိုင်းဘုတ်တစ်ခုကို စိုက်ထူထားခဲ့သောပုံဖြစ်သည်။ ထိုဆိုင်းဘုတ်ထဲတွင် ၎င်းမြေယာသည် စစ်တပ်လေ့ကျင့်ရေးနယ်မြေဖြစ်သည့်အတွက် ဒေသခံပြည်သူလူထုများ၏ ဝင်ထွက်သွားလာခြင်းကို တားမြစ်ထားကြောင်းရေးသားထားသည်။ *[ဓာတ်ပုံ- KHRG]*

# အခန်း (၃)။ ။မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တရားမျှတမှု အခြေအနေ

**အဓိကရှာဖွေတွေ့ရှိချက်များ**

၁။ အတိတ်ကာလမှ လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တရားမျှတမှုလုံးဝ ရရှိခဲ့ခြင်းမရှိကြောင်း မေးခွန်းဖြေကြားသူ ရွာသားများက ခံစားကြရသည်။ တရားမျှတမှုရရှိရန်အတွက် အတားအဆီးများ ထဲတွင် လက်နက်ကိုင်အဖွဲ့များအားကြောက်ရွံ့ရခြင်းနှင့် တရားစီရင်ရေးတွင် တပ်မတော်၏ ကြီးမား လှသော လွှမ်းမိုးမှုရှိနေခြင်းတို့သည် လူ့အခွင့်အရေးချိုးဖောက်ခံရသူများအနေဖြင့် ဖြစ်ပျက်ခဲ့သောအမှု များအား တင်ပြရန်မှ အတားအဆီးဖြစ်စေခဲ့ပါသည်။ တရားမျှတမှုစနစ်ကို ဖော်ဆောင်ရာတွင် ပျက်ကွက်ခြင်းနှင့် စစ်တပ်မှတစ်ဦးချင်းစီ ကျူးလွန်မှုများအပေါ် အရပ်သားတရားရုံးများတွင် တရား စီရင်ပိုင်ခွင့်မရှိခြင်းတို့သည် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိရန်အတွက် လမ်းကြောင်းဖြစ်စေပါသည်။ တပ်မတော်၏ ရာထူးအမြင့်ဆုံးအရာရှိများမှ ချမှတ်ထားသောမူဝါဒ အစိတ်အပိုင်းတစ်ခုအနေဖြင့် တပ်မတော်မှ လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်သော ၎င်းတို့၏တပ်သားများအား စစ်ခုံရုံးတွင် တရားစီရင်အပြစ်ပေးနိုင်ချေ မရှိပါ။

၂။ အချို့သော မေးခွန်းဖြေကြားသူများက ၎င်းတို့၏ တရားမျှတမှု လက်လှမ်းမှီနိုင်စွမ်းနှင့်ပတ်သက်ပြီး အဆိုးမြင်မှုများ ရှိနေသေးသော်လည်း အများစုမှာ အတိတ်ကလူ့အခွင့်အရေးချိုးဖောက်မှုများ အရေး ယူဖြေရှင်းနိုင်ရန် အကြံပြုချက်များပေးခဲ့ကြပါသည်။ အချို့တို့သည် လူ့အခွင့်အရေးချိုးဖောက်ကျူး လွန်သူများအား ပြင်းထန်သောဒဏ်ခတ်မှုများဖြစ်သည့် ဥပဒေအတိုင်း ပြစ်မှုဆိုင်ရာ တရားစီရင်ရေး ယန္တရားအောက်တွင် အပြစ်ဒဏ်ပေးခြင်းကို ခံစေလိုကြောင်း သို့မဟုတ် ၎င်းတို့၏ ရာထူးအာဏာများမှ ဖယ်ရှားစေလိုကြပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရသူများမှ ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာအပါအဝင် အသက်ရှင်နေထိုင်မှုအား ဖြည်းဆည်းပေးရန် လုံလောက်သောလျော်ကြေးပေးခြင်း၊ သိမ်းဆည်းထား သော ၎င်းတို့၏မြေယာများအား ပြန်လည်ပေးအပ်ခြင်း၊ ငွေကြေး သို့မဟုတ် ပစ္စည်းဥစ္စာများအား ထောက်ပံ့ပေးခြင်းတို့အတွက် တင်ပြခဲ့ကြပါသည်။

၃။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ သုတေသနပြုလုပ်ချက်အရ အပစ်ခတ်ရပ်စဲရေးပြုလုပ်ပြီးနောက်ပိုင်း ဒေသခံများတွေ့ကြုံခံစားရသည့် လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများအပေါ် မြန်မာပြည်အရှေ့ တောင်ပိုင်းတွင်တည်ရှိနေသည့်တရားစီရင်ရေးစနစ် သုံးခုစလုံးမှာ စိတ်ကျေနပ်စေလောက်သည်အထိ တစ်ခုမှ ကုစားမှုပေးနိုင်ခြင်းမရှိကြောင်း ကောက်ချက်ချထားပါသည်။ ဓလေ့ထုံးတမ်း တရားစီရင်ရေး စနစ်သည် သဟဇာတမဖြစ်ခြင်းနှင့် အမှုကြီးများအား ဖြေရှင်းနိုင်ခြင်းမရှိပါ။ မြန်မာအစိုးရ၏ တရားစီ ရင်ရေးစနစ်သည် တိုင်းရင်းသားလူနည်းစုများနှင့် ဆန့်ကျင်ပြီး ဘက်လိုက်မှုရှိခြင်း၊ ပွင့်လင်းမြင်သာမှု မရှိခြင်း၊ ထိရောက်မှုမရှိခြင်းနှင့် တရားရုံးတက်ရောက်သူများအတွက် အလွန်များပြားသည့်ငွေကြေး ကုန်ကျမှုများလည်း ရှိသည်။ ကရင်ဒေသခံများအနေဖြင့် ကရင်အမျိုးသားအစည်းအရုံး၏ တရားစီရင် ရေးစနစ်ကိုအသုံးပြုရန် အားသန်ကြသော်လည်း သက်ညှာမှုရှိလွန်းကြောင်း ထင်မြင်ယူဆကြပါသည်။ သို့သော် ထိုစနစ်သည် ရွာသားများ၏တိုင်ကြားမှုအားလုံးကို စီရင်ရန်အတွက် လုပ်ဆောင်နိုင်မှုမရှိ ခြင်း၊ ဥပဒေအား တသမတ်တည်းအသုံးချမှု မရှိခြင်း စသည့်စိန်ခေါ်မှုများအပြင် အရင်းအမြစ်နှင့် အရည်အသွေးမီသော ဝန်ထမ်းများလည်း မရှိပေ။ ထိုစနစ်သုံးခုစလုံးသည် လာဘ်စားခြင်းနှင့် အဂတိ လိုက်စားမှုများ ရှိနေပါသည်။

မြန်မာနိုင်ငံတွင် အတိတ်ကာလ၌ တရားမျှတမှုရရှိရန်အတွက် အဓိကအခက်အခဲတစ်ခုမှာ တရားရုံးများမှအပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများ၌ ဖြစ်ပေါ်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်ခြင်းများအား ခံရသူများအတွက် ကုစားပေးနိုင်စွမ်းမရှိခြင်းပင်ဖြစ်သည်။ လူ့အခွင့်အရေးချိုးဖောက်ခံရသူ အများစုအနေဖြင့် ထိုချိုးဖောက်မှုများ၏ ရေရှည် အကျိုးဆက်များအား ယခုထက်ထိတိုင် ခံစားနေကြရလျက်ရှိပြီး ၎င်းတို့အနေဖြင့် တရားမျှတမှုရရှိရန်နှင့် သင့်တော်သည့် လျော်ကြေးများပြန်လည်ရရှိရန် အလွန်အရေးကြီးသည်။ တရားဥပဒေအရပြန်လည်ကုစားခြင်းကို အသုံးပြုနိုင်စွမ်းသည် တရားမျှတမှုကို လက်လှမ်းမှီနိုင်ရန် ဖြစ်နိုင်ချေရှိသော နည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။ ထို့ကြောင့် ဤအခန်း၏နောက်ဆုံးအပိုင်းတွင် တရားမျှတမှုအား ရရှိရန်အတွက် တားဆီးထားသည့် အချက်များအား ရှာဖွေဖော်ထုတ်ရန်၊ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံပြည်သူများအနေဖြင့် တရားမျှတမှုအား မည်သို့ အဓိပ္ပါယ်ဖွင့်ဆိုသည်ကို သိရှိရန်အပြင် ၎င်းတို့အနေဖြင့် ဒေသအတွင်းရှိ တရားစီရင်မှုနည်းလမ်းအမျိုးမျိုးတို့နှင့် ၎င်းတရားစီရင်မှုနည်းလမ်းများသည် မည်ကဲ့သို့ အပြန်အလှန်ဆက်သွယ်မှု ရှိခဲ့ကြောင်းကို ရှာဖွေဖော်ထုတ်သွားမည်ဖြစ်သည်။ ထို့ကြောင့် ဒေသခံများ၏ တရားမျှတမှုနှင့်ပတ်သက်၍ ကွဲပြားသော နားလည်မှုများအား အခြေခံပြီး ဆွေးနွေးရန်အတွက် အရေးကြီးသည်။

## (က) ပဏာမအပစ်ခတ်ရပ်စဲရေးမတိုင်မီ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ယူမှုတာဝန်ခံမှုမရှိခြင်း

အတိတ်ကာလမှ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများအတွက် တရားမျှတမှုလုံးဝ ရရှိခဲ့ခြင်း မရှိကြောင်း မေးခွန်းဖြေကြားသူရွာသားများက ခံစားကြရသည်။ တပ်မတော်မှ ၎င်းတို့၏ ကျေးရွာအားတိုက်ခိုက်ခဲ့ချိန်က အဓမ္မနေရပ်ပြောင်းရွှေ့ခံခဲ့ရသော ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ မေးခွန်းဖြေကြားသူ ရွာသားတစ်ဦးက *"လူ့အခွင့်အရေး ချိုးဖောက်မှုတွေကနေ အသက်ရှင်ကျန်ရှိနေသူတွေအတွက် ဘာတရားမျှတမှုမှ မရှိဘူး။"* [332] မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံအများစုက တရားမျှတမှုကိုလက်လှမ်းမှီနိုင်စွမ်းသည် ၎င်းတို့အတွက် မျှော်လင့်ချက်မဲ့နေသည်ဟု ခံစားရလျက်ရှိသည်။ ထိုသူများက ၎င်းတို့၏အသံများသည် လျစ်လျူရှုခံနေရသည်ဟု ခံစားကြရလျက် ရှိသည်။ တပ်မတော်၏ ချောင်းမြောင်းပစ်ခတ်မှုမှ လွတ်မြောက်ခဲ့သည့် မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက တရားမျှတမှုနှင့်ပတ်သက်၍ သူ၏ခံစားချက်ကို ဤကဲ့သို့ဖော်ပြခဲ့သည်။ *"ဟင်အင်း။ တရားမျှတမှုဆိုတာမရှိဘူး။ ကျွန်တော်တို့ ဟိုးအရင်တုန်းက လူ့အခွင့်အရေး ချိုးဖောက်မှုတွေ အကြောင်းပြောရင်တောင် နားထောင်ပေးမယ့်သူမရှိတော့ဘူး။ ဒါက ကျွန်တော်တို့ရဲ့ ကံတရားလား။ ကျွန်တော်တို့အနေနဲ့ ဒါကိုဘယ်လိုပြောပြရမလဲဆိုတာတောင် မသိတော့ဘူး။ ဒါကြောင့် ကျွန်တော်ဆိုရင် ဘာကြောင့်များ ငါဒီလို အခက်အခဲတွေ၊ ကံမကောင်းခြင်းတွေနဲ့ မွေးဖွားလာရတာလဲလို့ ကိုယ့်ကိုကိုယ် ပြန်မေးမိတယ်။"* [333]

ဤအခန်းသည် ပြဿနာများအား ဖော်ထုတ်ခြင်းနှင့် ဖြေရှင်းမှုနည်းလမ်းများအား အဆိုပြုခြင်းတို့ကို အဓိက ဖေါ်ပြထားသည်။ ပိုမိုတိကျစွာဆိုရလျင် ဤအခန်းတွင် အတိတ်ကာလချိုးဖောက်ခြင်းများနှင့် အကြမ်းဖက်မှုများ အတွက် တရားမျှတမှုရရှိရန် ဆောင်ရွက်ရာတွင် တွေ့ကြုံရသောအတားအဆီးများနှင့် ပတ်သက်ပြီး ဒေသခံများ ၏ အတွေးအမြင်များကို ဖော်ပြထားပါသည်။ တရားမျှတမှု ရရှိရန်အတွက် ဖြစ်နိုင်ခြေရှိသော နည်းလမ်းများနှင့် ပတ်သက်ပြီး ဆွေးနွေးထားချက်များကို ဖော်ပြနိုင်ရန်အတွက် ဒေသခံလူမှုအသိုက်အဝန်းများ၏ တရားမျှတမှု အပေါ် အဓိပ္ပါယ်ဖွင့်ဆိုထားချက်ကိုလည်း စုစည်းဖော်ပြထားပါသည်။

### ၁) တရားမျှတမှုရရှိရန်အတွက် အတားအဆီးများ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းထားသူများက တရားမျှတမှုရရှိရန်အတွက် အတားအဆီး အမျိုး အစားများကို ခွဲခြားဖော်ပြထားပါသည်။ ထိုအထဲတွင် လက်နက်ကိုင်တပ်ဖွဲ့များအား ကြောက်လန့်ခြင်း၊ အမှီအခို ကင်းသောတရားစီရင်ရေးနှင့် လုပ်ထုံးလုပ်နည်းမရှိခြင်း၊ ဒေသတွင်း တရားစီရင်ရေးစနစ်တွင် စုံစမ်းစစ်ဆေးမှု

[332] Source #23 တွင် ကြည့်ပါ။

[333] Source #15 တွင် ကြည့်ပါ။

ပြုလုပ်ရန် အစွမ်းအစမရှိခြင်း၊ တရားဥပဒေစိုးမိုးမှု မရှိခြင်း၊ စစ်တပ်၏ တရားစီရင်ရေးစနစ်အတွင်း ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် ရရှိနေခြင်းနှင့် အရပ်သားများ၏ တရားရုံးများတွင် စစ်သည်အရာရှိများအား တရားစီရင်ပိုင်ခွင့် မရှိခြင်းတို့ ပါဝင်သည်။

## လက်နက်ကိုင်တပ်ဖွဲ့များအား ကြောက်လန့်ခြင်း

တပ်မတော် စစ်သားများအား ကြောက်ရွံ့သည့်အတွက် ဒေသခံပြည်သူလူထုများသည် ၎င်းတို့ခံစားရသော လူ့အခွင့်အရေးချိုးဖောက်မှုများကို တင်ပြလေ့မရှိပေ။ အဓမ္မပေါ်တာခိုင်းစေခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်မှုများအပါအဝင် လက်နက်ကိုင်တိုက်ပွဲများအကြား လူ့အခွင့်အရေးချိုးဖောက်မှုများ ခံစားခဲ့ရသော ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ မေးခွန်းဖြေကြားသူတစ်ဦးက ဒေသခံများ၏ လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများနှင့်ပတ်သက်၍ ၎င်း၏အမြင်ကို တင်ပြခဲ့သည်။ *"တပ်မတော်မှာ ပျောက်ကြားအဖွဲ့ဆိုတာရှိတယ်။ အဲ့ဒီအဖွဲ့က လူတွေအများကြီးကို သတ်ခဲ့တယ်။ သူတို့က အရမ်းကြမ်းတမ်းတော့ ဒေသခံတွေက သူတို့ကိုအရမ်းကြောက်တာ။ သူတို့ရှေ့ကို ဖြတ်လျှောက်သွားတယ်ဆိုရင် ကျွန်တော်တို့ ခေါင်းငုံ့ပြီးသွားရတယ်။ ပြီးတော့ သူတို့ရဲ့ မျက်နှာကိုလည်း မကြည့်ရဲဘူး။ သူတို့က တစ်ယောက်ယောက်ကို လက်ပြခေါ်ပြီဆိုရင် အဲ့ဒီလူက သူတို့ဆီချက်ချင်း အပြေးသွားရတယ်။ တကယ်လို့ သူတို့ရှေ့မှာလျှောက်နေတဲ့သူတစ်ယောက်ကို သူတို့မကြိုက်ဘူးဆိုရင် အဲ့ဒီလူကိုထိုးတာ၊ ရိုက်တာတွေလိုမျိုး မကောင်းတာတွေလုပ်တယ်။ တစ်ယောက်ယောက်က သူတို့ကို ပြန်ခံပြောတယ်ဆိုရင် အဲ့ဒီလူကို သူလျှိုလို့စွပ်စွဲပြီး ထိုးကြတယ်။ ကျွန်တော်တို့တွေက တိတ်တိတ်လေးနဲ့ သူတို့အမိန့်ပေးသမျှကို နာခံရတဲ့အနေအထားမှာနေ နေရတယ်။"*[334]

သိသာထင်ရှားသည့်အချက်မှာ ဒေသခံပြည်သူများသည် အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အဖြစ်အပျက်များအား သတင်းပေးလျှင် တပ်မတော်နှင့်အခြားလက်နက်ကိုင်အဖွဲ့များ၏ လက်တုံ့ပြန်မှုများ ခံရမည်ကို ကြောက်ရွံ့ခဲ့ကြသည်။ အရပ်သားအမျိုးသမီးတစ်ဦးက *"ကျွန်မဘာတစ်ခုမှ ဖြေရှင်းပြီးတာကို မတွေ့ရဘူး။ အဲ့ဒီအချိန်တုန်းက ကျွန်မတို့တွေ KNU ကိုကော၊ တပ်မတော်ကိုကော ကြောက်ရတော့ သူတို့ပြောတာကိုပဲ ကျွန်မတို့တွေ လိုက်လုပ်ရတယ်။"*[335] တိုက်ပွဲကာလအတွင်း တပ်မတော်အတွက် ပေါ်တာထမ်းခဲ့ရသော ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက သူမ၏ခံစားချက်များကို ဝေမျှခဲ့သည်။ *"ကျွန်မတို့က ပြည်သူတွေလည်းဖြစ်တယ်၊ တောသားတွေလည်းဖြစ်တယ်ဆိုတော့ ကျွန်မတို့ သူတို့ကို တရားရုံးကိုမပို့နိုင်ဘူး။ သူတို့ကို ဒီလိုပဲနားလည်ပေးလိုက်တယ်။ သူတို့မှာက အာဏာရှိတော့ လုပ်ချင်တာကိုလုပ်လို့ရတယ်။ ကျွန်မတို့မှာ သူတို့ရန်ကနေ ကိုယ့်ကိုကိုယ်ကာကွယ်ဖို့အတွက် ဘာမှမရှိဘူး။ အဲ့ဒီတော့ သူတို့လုပ်နေတာကို လုပ်ခွင့်ပေးလိုက်တယ်။"*[336]

ကရင်လူ့အခွင့်အရေးအဖွဲ့၏ အစီရင်ခံစာပါဖော်ပြချက်အရ ထိုကြောက်ရွံ့မှုများသည် လက်တွေ့ကျသော ကြောက်ရွံ့မှုများဖြစ်ပါသည်။ ဥပမာအားဖြင့် ၂၀၁၅ ခုနှစ်တွင် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အမျိုးသားတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား တပ်မတော်၏ချိုးဖောက်မှုများကို တင်ပြရန်ကြိုးစားသည့်အခါ BGF တပ်မှ စစ်သားများက ၎င်းတို့အား မေးခွန်းများမေးမြန်းခြင်းနှင့် ခြိမ်းခြောက်မှုများပြုခဲ့သည်ဟု တင်ပြပါသည်။[337] ၁၉၉၀ ခုနှစ်များတစ်လျှောက်တွင်လည်း ဒေသခံများက တင်ပြခဲ့သည်မှာ ၎င်းတို့မှ တပ်အား ထောက်ပံ့မှုများပြုလုပ်လျက်ရှိသည်ဟု သံသယဝင်ခဲ့သဖြင့် အသေခံတပ်သားများ၏ ပစ်မှတ်ထားခြင်းကို ၎င်းတို့အနေဖြင့် ခံခဲ့ကြရသည်။[338] ဤကြောက်ရွံ့မှုသည် ရွာသူကြီးများအတွက် ကျောချမ်းဖွယ်ရာခံစားမှုကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် တရားမျှတမှုရရှိရန်အတွက် ၎င်းတို့ဆောင်ရွက်ရမည့် တာဝန်ကိုပျက်ကွက်စေခဲ့သည်။ တပ်မတော်မှ အရပ်သား

---

[334] Source #3 တွင် ကြည့်ပါ။

[335] Source #58 တွင် ကြည့်ပါ။

[336] Source #58 တွင် ကြည့်ပါ။

[337] KHRG မှ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော "Hpapun Situation Update: Bu Tho Township, June to October 2015", တွင်ကြည့်ပါ။

[338] KHRG မှ ၁၉၉၉ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "DEATH SQUADS AND DISPLACEMENT", တွင်ကြည့်ပါ။

တစ်ဦးအား သတ်ဖြတ်ခဲ့ပါက ကျေးရွာခေါင်းဆောင်မှ စုံစမ်းဖော်ထုတ်ခြင်း ရှိမရှိနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ရာ ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"မလုပ်ပါဘူး။ သူတို့ ဒီလိုစုံစမ်းဖော်ထုတ်မှုတွေကို မလုပ်ရဲဘူး။"*[339]

ပြည်သူများအကြား ဤကဲ့သို့သောကြောက်ရွံ့မှု၏ နောက်ဆက်တွဲတစ်ခုမှာ ယေဘုယျအားဖြင့် အကူအညီမဲ့နေသည်ဟု ခံစားရခြင်းကြောင့်ဖြစ်သည်။ ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား ဤသို့ ဖော်ပြခဲ့သည်။ *"ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေ ကျွန်တော်တို့အတွက် တစ်ခုခုလုပ်ပေးမလားဆိုပြီး စောင့်တယ်။ ကျွန်တော်တို့က ပြည်သူတွေဆိုတော့ အပြစ်ပေးနိုင်တဲ့အာဏာမရှိဘူး။"*[340] တောင်ငူခရိုင်၊သံတောင်ကြီးမြို့နယ်မှ မေးခွန်းဖြေကြားသူတစ်ဦးကလည်း အလားတူခံစားချက်အား ဖော်ပြခဲ့သည်။ *"သူတို့လုပ်ခဲ့တာတွေနဲ့ပတ်သက်ပြီး ကျွန်တော်တိုင်လို့မရဘူး။ ဒါဘာကြောင့်လဲဆိုရင် အဲ့ဒီအချိန်ကစစ်တပ်က နိုင်ငံကိုအုပ်ချုပ်နေတဲ့အချိန်ဖြစ်တယ်။ ရွာသားတွေက သူတို့လက်ခုပ်ထဲကရေပဲ။"*[341]

တပ်မတော်၏ လျှပ်စစ်ကျဉ်စက်ဖြင့် ညှဉ်းပမ်းနှိပ်စက်မှုကိုခံစားရသော တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ ရွာသူကြီးတစ်ဦးကလည်း တရားမျှတမှု မရှိခြင်းနှင့်ပတ်သက်ပြီး သူ၏အမြင်အချို့ကို ဖော်ပြခဲ့သည်။ *"သူတို့က တိုင်းပြည်ကို သူတို့ကြိုက်သလိုအုပ်ချုပ်တယ်။ သူတို့က တကယ်တော့ဥပဒေကို လိုက်နာတာမဟုတ်ဘူး။ စစ်အစိုးရလက်ထက်က ကျွန်တော်တို့တွေ သေနတ်ကိုပဲကြောက်တယ်။ အဲ့ဒီအချိန်တုန်းက စစ်တပ်က အမိန့်ကို လိုက်နာရတော့ ဘယ်သူကမှခေါင်းမမော့ရဲဘူး။ အဲ့ဒါကြောင့် ဘယ်သူမှ တရားမျှတမှုနဲ့ပတ်သက်ပြီး အသံမထွက်ဘူး။ အဲ့ဒီအစား တိတ်တိတ်လေးနေတာက ကျွန်တော်တို့အတွက် ပိုပြီးကောင်းတယ်။ ကျွန်တော်ဘယ်တုန်းကမှ တရားမျှတမှုရှိတယ်လို့ မခံစားရဘူး။"*[342] အကြောက်တရားသည် တရားဥပဒေ စိုးမိုးမှုမရှိခြင်းနှင့် အလွန်တရာဆက်စပ်မှုရှိနေသည်။ အာဏာပိုင်များအား ကြောက်ရွံ့ခြင်းနှင့် ၎င်းတို့ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် အရေးယူဆောင်ရွက်နိုင်မည်မဟုတ်ဟု ပြည်သူလူထုများမှ ယုံကြည်နေခြင်း စသည့် ဤဖြစ်ရပ်များသည် တရားမျှတမှုမရှိအောင် အပြန်အလှန်အားဖြည့်ပေးလျက်ရှိသည်။

## ဒေသန္တရတရားစီရင်ရေးစနစ်တွင် စုံစမ်းစစ်ဆေးမှု အစွမ်းအစမရှိခြင်း

တရားမျှတမှုရရှိရေးအတွက် အတားအဆီးတစ်ခုမှာ ဒေသန္တရတရားစီရင်ချက်ပေးသူအဖြစ် တာဝန်ယူဆောင်ရွက်နေရသည့် အုပ်ချုပ်ရေးမှူးများအနေဖြင့် ၎င်းတို့၏တာဝန်များအား ထမ်းဆောင်ရန် အရင်းအမြစ်နှင့် စွမ်းဆောင်နိုင်စွမ်းရည်မရှိခြင်းတို့ပင်ဖြစ်သည်။ ကျေးရွာခေါင်းဆောင်များသည် ကျေးရွာလုံခြုံမှုရှိစေရန်အတွက် ပြစ်မှုများနှင့်ပတ်သက်၍ လုံလောက်သောစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းမရှိကြောင်း မေးခွန်းဖြေကြားသူများက တင်ပြခဲ့သည်။ ဒူးပလာယာခရိုင်၊ကျုံဒိုးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား သူမ၏ကျေးရွာနှင့် ပတ်သက်ပြီး ပြောပြခဲ့သည်။ *"ကျွန်မတို့ရဲ့ ကျေးရွာခေါင်းဆောင်က ဗမာတစ်ယောက်ဖြစ်တယ်။ ရွာကအရမ်းကြီးတော့ ရွာသူကြီးက ရွာထဲမှာဖြစ်တဲ့ကိစ္စမှန်သမျှကို စောင့်ကြည့်စစ်ဆေးဖို့မလွယ်ဘူး။ တချို့ရွာသားတွေက တင်ပြရမှာကြောက်တော့ နှုတ်ဆိတ်နေကြတယ်။"*[343] ဆက်လက်ဖြစ်ပွားနေသော အခက်အခဲပြဿနာများကို အာဏာပိုင်များကသိရှိပြီးဆိုလျှင် ပိုမို၍စိတ်ကျေနပ်ဖွယ် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်သင့်ကြောင်း ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အမျိုးသားတစ်ဦးက သူ၏သဘောထားကို တင်ပြခဲ့သည်။ *"အစိုးရနဲ့ အာဏာပိုင် တွေက ဒေသခံတွေရဲ့ အခက်အခဲတွေ၊ ပြဿနာတွေနဲ့ ရင်ဆိုင်နေရတာတွေကို နားထောင်နေရုံနဲ့ မပြီးဘူး။ သူတို့အနေနဲ့ အမေရိကန်ကအစိုးရတွေလုပ်သလိုပဲ ကွင်းထဲဆင်းပြီး ပြဿနာနဲ့အခက်အခဲတွေကို ရှာဖွေဖော်ထုတ်သင့်တယ်။ ဒီလိုလုပ်မှပဲ သူတို့တွေ ဒေသခံတွေရဲ့ အခက်အခဲနဲ့ ပြဿနာတွေကိုသိပြီး ဖြေရှင်းနိုင်မယ်။"*[344]

339 Source #1 တွင် ကြည့်ပါ။
340 Source #25 တွင် ကြည့်ပါ။
341 Source #19 တွင် ကြည့်ပါ။
342 Source #19 တွင် ကြည့်ပါ။
343 Source #76 တွင် ကြည့်ပါ။
344 Source #26 တွင် ကြည့်ပါ။

## စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးစနစ်အတွင်း ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိနေခြင်း

လက်နက်ကိုင်များ အထူးသဖြင့် တပ်မတော်စစ်သားများအား ပြစ်ဒဏ်မှကင်းလွတ်ခွင့်ပေးခြင်းသည် တရားမျှတမှုရရှိရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ဟု မေးခွန်းဖြေကြားသူများမှ စဉ်ဆက်မပြတ် ဖော်ပြခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တပ်မတော်စစ်သားများအား မြန်မာနိုင်ငံ၏ အရပ်သားတရားစီရင်ရေးစနစ်ဖြင့် တရားစီရင်ပိုင်ခွင့် မရှိသည့်အတွက်ကြောင့်ဖြစ်သည်။ မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်မှ အမျိုးသမီးတစ်ဦး၏ တင်ပြချက်အရ ပြစ်ဒဏ်ကင်းလွတ်ခွင့်သာ နောက်ဆုံးရလာဒ်ဖြစ်လာသည်ဟု တင်ပြပါသည်။ *"လူ့အခွင့်အရေးချိုးဖောက်တဲ့တပ်မတော်ကို အပြစ်ပေးမယ့်သူ ဘယ်သူမှမရှိဘူး။"* [345] မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၀(ခ) အရ *"တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။"* [346] ထိုအချက်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၃ (ခ) နှင့် ၃၁၉ တို့သည် တပ်မတော်၏ တရားစီရင်ရေးစနစ်အား တပ်မတော်သားများအတွက် သီးသန့်ဖြစ်စေသည်။[347] အချုပ်အားဖြင့် ဆိုရလျှင် တပ်မတော်သည် ၎င်းတို့၏ ကိုယ်ပိုင်အဖွဲ့အစည်းအတွက်သာ တာဝန်ယူမှု တာဝန်ခံမှုရှိသည်။

ဤအခြေအနေသည် ကြီးမားသောပြဿနာတစ်ရပ်ပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အရပ်သားများအပေါ် စနစ်တကျပြစ်မှုကျူးလွန်ခြင်း၊ ရည်ရွယ်ချက်ရှိရှိ၊ ကျယ်ကျယ်ပြန့်ပြန့်နှင့် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ယူဆောင်ရွက်ရမည့် တရားစီရင်ရေးစနစ်သည် တပ်မတော်၏ဖွဲ့စည်းပုံ အတွင်း၌သာ ရှိနေခြင်းကြောင့်ပင်ဖြစ်ပါသည်။

ဤချိုးဖောက်မှုများနှင့် ပြစ်မှုများသည် တပ်မတော်၏ ရာထူးအမြင့်ဆုံးအရာရှိများမှ ချမှတ်ထားသော လူသိများသည့် စစ်ဖက်ဆိုင်ရာခြိမ်းခြောက်အပြစ်ပေးခြင်း မူဝါဒနှင့်မဟာဗျူဟာတို့၏ အစိတ်အပိုင်းမျှသာဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ကိုင်ပိုင်မူဝါဒဖြင့် ယခင်က မိမိတို့၏တပ်သားများအား အရေးယူမှုမရှိခဲ့သကဲ့သို့ ဆက်လက်အရေးယူမှုပြုလုပ်မည့်အနေအထားသည် လုံးဝမဖြစ်နိုင်ချေမရှိပေ။

အမှန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၄၄၅ အရ မြန်မာအစိုးရ၏ ဖွဲ့စည်းတည်ဆောက်ပုံအတွင်းတွင်ပင် တပ်မတော်တပ်သားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ပြဋ္ဌာန်းထားသည်။ *"ယင်းအဖွဲ့ [နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ]၊ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး၊ သို့မဟုတ် အစိုးရအဖွဲ့ဝင်တစ်ဦးဦး၏ တာဝန်အရဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက်ယင်းတို့အား တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။"*[348] ဤပြဋ္ဌာန်းချက်သည် ဆိုးရွားလှသော လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ထားသည့် တပ်မတော်တပ်ဖွဲ့ဝင်များအား အမှုစွဲဆိုခြင်းနှင့် တာဝန်ယူမှု တာဝန်ခံမှုများမှ ဖယ်ရှောင်ခွင့်ပေးထားသည်။

အထက်အရာရှိ၏ အမိန့်များအတိုင်း လိုက်နာဆောင်ရွက်သည့် စစ်သည်များအတွက် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် အမှန်အကန် ရရှိသည်။ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"ဟင်အင်း။ သူတို့ ဘာပြစ်ဒဏ်မှမခံရဘူး။ အဲ့ဒီလိုတော့တဲ့ နောက်လိုက်က သူ့ဗိုလ်မှူးရဲ့ဗိုက်ကို ဝအောင်ဖြည့်လိမ့်မယ်။ [ဆိုလိုသည်မှာ တပ်သားမှ အရာရှိလိုအပ်သည်များကို အမိန့်မပါပဲ ဖြည့်ဆည်းပေးခြင်းဖြစ်သည်။]"*[349] ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်မှ အမျိုးသားတစ်ဦးက ဤသို့မေးခဲ့သည်။ *"ကျွန်တော်တို့ သူတို့ကို ဘယ်လိုအပြစ်ပေးမှာလဲ။ သူတို့က သူတို့ရဲ့ အထက်အရာရှိအမိန့်အတိုင်း လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကျူးလွန်ကြတာလေ။"*[350] ညောင်လေး

[345] Source #14 တွင် ကြည့်ပါ။

[346] အပိုဒ် ၁၂ (ခ), ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်။

[347] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အချက် ၂၉၃ (ခ) နှင့် အချက် ၃၁၉ တွင် ကြည့်ပါ။

[348] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အချက် ၄၄၅ တွင် ကြည့်ပါ။

[349] Source #66 တွင် ကြည့်ပါ။

[350] Source #78 တွင် ကြည့်ပါ။

ပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက စစ်သားများအနေဖြင့် ဤသို့သောကျင့်ဝတ်နှင့်မညီသည့် သို့မဟုတ် တရားမဝင်သည့်အမိန့်များကို လိုက်နာသည့်အတွက် ရာထူးတိုးခြင်းခံရကြောင်း ဖော်ပြခဲ့သည်။ *"သူတို့ကို ဘယ်သူကသွားပြီး အပြစ်ပေးမှာလဲ။ သူတို့က အထက်လူကြီးရဲ့ အမိန့်ကို နာခံလို့ ရာထူးတောင်တိုးပေးတာ ခံရသေးတယ်။"*[351]

ဤသို့ ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးခြင်းများကြောင့် တပ်မတော်သားများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ရာတွင် ၎င်းတို့အတွက် စိုးရိမ်စရာမလိုသည့် အနေအထားတစ်ရပ်အား ဖန်တီးပေးသကဲ့သို့ဖြစ်သည်။ ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ပြဿနာအား အကျဉ်းချုပ်တင်ပြခဲ့သည်။ *"KNU နဲ့ မြန်မာအစိုးရတို့က သူတို့ရဲ့ စစ်သားတွေနဲ့ နောက်လိုက်တွေကို အမိန့်ပေးတဲ့အခါ စစ်သားတွေအနေနဲ့ မြေပြင်ပေါ်မှာ ဒါမှမဟုတ် ရှေ့တန်းမှာသူတို့လုပ်ချင်တာ လုပ်ခွင့်ရှိတယ်ဆိုပြီးပြောတယ်။"*[352] အချို့သော အခွင့်အရေးချိုးဖောက်မှုများနှင့် ပြစ်မှုများအား တပ်မတော်စစ်ဗျူဟာ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် လုပ်ဆောင်ခြင်းမဟုတ်သော်လည်း စစ်တပ်၏တရားစီရင်ရေးစနစ်က မည်သည့်ပြဌာန်းချက် သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းများကိုမှ လုပ်ဆောင်မည်မဟုတ်ပေ။ ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"သူက အဲ့ဒီစစ်သားကို ဘာမှမလုပ်ဘူး [ဘာပြစ်ဒဏ်မှမပေးဘူး]။ ဒါပေမယ့် နော်ဟ--- ကို ညပိုင်းမှာ လိင်ပိုင်းဆိုင်ရာစော်ကားဖို့ ကြိုးစားတဲ့ အခြားစစ်သားတစ်ယောက်ကိုတော့ ရိုက်ပြီးအပြစ်ပေးတယ်။"*[353]

## တရားစီရင်ရေးတွင် အမှီအခိုကင်းမဲ့မှု (လွတ်လပ်မှု) မရှိခြင်း

တပ်မတော်မှ မြန်မာအစိုးရ၏ တရားစီရင်ရေးစနစ်အပေါ် အလွန်တရာလွှမ်းမိုးနေခြင်းသည် တရားရေးစနစ်၏ လွတ်လပ်စွာရပ်တည်နိုင်မှုအား ထိခိုက်စေသကဲ့သို့ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တရားမျှတမှုဖော်ဆောင်ရေးအတွက် အဟန့်အတားဖြစ်စေသည်။ တရားသူကြီးများသည် အစိုးရ သို့မဟုတ် စစ်တပ်အရာရှိများ၏အမိန့်အပေါ် အခြေခံ၍ ဆုံးဖြတ်ချက်ချလေ့ရှိပြီး အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများတွင် အခြေအနေ ပို၍ဆိုးရွားခဲ့ပါသည်။[354] KNLA နှင့် အဆက်အသွယ်ရှိသည်ဟု တပ်မတော်၏စွပ်စွဲခြင်းကို ခံခဲ့ရသော တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ ရွာသူကြီးက သူ၏အတွေ့အကြုံကို ကရင်လူ့အခွင့်အရေးအဖွဲ့အား ဝေမျှခဲ့သည်။ *"သူတို့ကကျွန်တော့်ကို သူတို့သဘောအတိုင်းပဲ ထောင်ထဲထည့်လိုက်တယ်။ သူတို့ဖမ်းချင်တဲ့သူကို ဖမ်းတယ်။ အစားအစာကိုလည်း သူတို့ကျွေးချင်သလို ကျွေးတယ်။ လူတွေကို သူတို့ခိုင်းချင်သလိုခိုင်းတယ်။ သူတို့မှာက အာဏာရှိတော့ သူတို့ကြိုက်သလိုလုပ်တယ်။ ဒါကြောင့် သူတို့တွေ တရားမျှတမှုရှိတယ်ဆိုတာ ကျွန်တော်တစ်ခါမှ မမြင်ဖူးဘူး။ သူတို့က ဥပဒေကိုချိုးဖောက်တဲ့ အဓိကတရားခံတွေပဲ။"*[355] ၎င်းအနေဖြင့် တရားရုံး၏ တဖက်သတ် တရားစီရင်မှုအား တိုင်ကြားနိုင်ခြင်းမရှိကြောင်းနှင့်ပတ်သက်၍လည်း သူ၏အမြင်သဘောထားကို တင်ပြခဲ့သည်။ *"ကျွန်တော်က သူတို့ရဲ့ လက်ခုတ်ထဲက ရေလိုဖြစ်နေတဲ့အတွက်ကြောင့် သူတို့က ကျွန်တော်ကိုကြိုက်သလို လုပ်နိုင်တယ်။ နောက်ဆုံးကျတော့ သူတို့က ဥပဒေအတိုင်းဆောင်ရွက်သလိုလို ဟန်ဆောင်ပြီး ကျွန်တော့်ကို တရားရုံးကိုပို့လိုက်တယ်။ နောက်တော့ သူတို့အမိန့်ထုတ်ပြီး ကျွန်တော့်ကို ထောင်ထဲကိုပို့လိုက်တယ်။"*[356]

## တရားဥပဒေစိုးမိုးမှု မရှိခြင်း

အတိတ်ကာလတွင် ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများအတွက် တရားမျှတမှုရရှိရန် အဓိကအတားအဆီးတစ်ခုမှာ တရားဥပဒေစိုးမိုးမှုမရှိခြင်းဖြစ်ကြောင်း မေးခွန်းဖြေကြားသူအများစုက

351 Source #8 တွင် ကြည့်ပါ။

352 Source #2 တွင် ကြည့်ပါ။

353 Source #65 တွင် ကြည့်ပါ။

354 ICJ မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော "Achieving Justice for Gross Human Rights Violations in Myanmar Baseline Study, January 2018 ", တွင်ကြည့်ပါ။

355 Source #19 တွင် ကြည့်ပါ။

356 Source #19 တွင် ကြည့်ပါ။

ပြောကြားခဲ့သည်။ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အမျိုးသားတစ်ဦးက ထိုကိစ္စနှင့်ပတ်သက်ပြီး ဆက်စပ်မှုရှိသည့် အချက်အများအပြားကို ဖော်ပြနိုင်ခဲ့သည်။ *"ဒါက အာဏာကိုအလွဲသုံးစားလုပ်တာဖြစ်တယ်။ ဘာတရားဥပဒေစိုးမိုးမှုမှမရှိသလို ပြည်သူတွေထဲမှာ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ အသိပညာဆိုတာလည်းမရှိဘူး။ ဒါကြောင့် သူတို့တွေကိုခိုင်းသမျှ သူတို့အားလုံးလုပ်ရတယ်။ ဒါပေမယ့် အဲ့ဒီအချိန်တုန်းက ကိုယ့်အခွင့်အရေးက ဘာဆိုတာကိုသိရင်တောင်မှ သူတို့ကိုဆန့်ကျင်ရဲမှာမဟုတ်ဘူး။ သူတို့ကိုဆန့်ကျင်ဖို့ ဘယ်သူ့မှာမှ အင်အားသတ္တိမရှိဘူး။"*[357]

တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း ရဲများအနေဖြင့် ပြည်သူများထက် အာဏာပိုင်များကို ပိုမိုကာကွယ်လိုသည့်သဘောရှိကြောင်း ရှင်းပြခဲ့သည်။ *"ဒီကိစ္စကိုရဲတွေက တာဝန်ယူတဲ့အခါ ကျွန်မတို့တွေ အခက်အခဲတွေနဲ့ အရမ်းကြုံရတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့တွေက ကျွန်မတို့ကို ပုံစံအမျိုးမျိုးနဲ့ ခြိမ်းခြောက်ကြတယ်။ ရဲရဲ့တာဝန်က ပြည်သူတွေကိုကာကွယ်ဖို့ပါ။ သူခိုးတွေဓါးမြတွေလို လူဆိုးတွေကို ဖမ်းရမယ်။ ကျွန်မတို့က လူကောင်းတွေ။"*[358]

ပြစ်မှုများအားဖြေရှင်းရန်အတွက် ကောင်းမွန်စွာလည်ပတ်သော တရားစီရင်ရေးစနစ်မရှိသည့်အတွက် လာဘ်ထိုးခြင်းနှင့် အကျင့်ပျက်ခြစားခြင်းများကို ပြဿနာများအားဖြေရှင်းရန်အတွက် အသုံးပြုလာကြသည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက *"အရင်ကဆိုရင် သူတို့က ပြဿနာဖြေရှင်းဖို့ လာဘ်ထိုးတာပဲလုပ်ကြတယ်။ ကျွန်တော်တို့တစ်ခါမှ တရားရုံးကိုမသွားဖူးဘူး။"* [359] ဤအလေ့အထသည် လက်နက်ကိုင်များ၏ အဓမ္မငွေတောင်းခံခြင်းများနှင့် ဆက်စပ်မှုရှိကြောင်းကို အခြားအမျိုးသားတစ်ဦးက ရှင်းပြခဲ့သည်။ *"တပ်မတော်က အားလုံးကိုမဖြေရှင်းပေးဘူး။ ရွာသားတွေကသာ ဘဝကိုပိုပြီး လွယ်လွယ်ကူကူနေနိုင်ဖို့အတွက် ပြဿနာတွေကို ငွေနဲ့ဖြေရှင်းရတယ်။ ဆိုလိုတာက ကျွန်တော်တို့ သူတို့ကိုငွေမပေးရင် သူတို့က ကျွန်တော်တို့ကို ဒုက္ခပေးလိမ့်မယ်။"*[360]

## (၂) အတိတ်ကာလက လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ဒေသခံများမျှော်မှန်းထားသော တရားမျှတမှု

ယခင်အတိတ်ကာလက ဤသို့သော အတားအဆီးများ ရှိနေသည့်အတွက် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်သူများအနေဖြင့် အတိတ်က ကျူးလွန်မှုများအပေါ် တရားမျှတမှု ရရှိရန်နှင့်ပတ်သက်၍ မည်သို့ခံယူလျက်ရှိသည်ကို သိရှိရန် အရေးကြီးသည်။

အတိတ်ကာလက လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများအတွက် သင့်လျော်သည့် ပြန်လည်ကုစားမှုနှင့်ပတ်သက်ပြီး ကရင်လူ့အခွင့်အရေးအဖွဲ့မှ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နေထိုင်သည့် ဒေသခံများအား မေးမြန်းခဲ့သည်။ အချို့သော တွေ့ဆုံမေးမြန်းခဲ့သူများက ၎င်းတို့၏တရားမျှတမှု လက်လှမ်းမီနိုင်စွမ်းနှင့် ပတ်သက်ပြီး အဆိုးမြင်မှုများ ရှိနေသေးသည်။ ဥပမာအားဖြင့် ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"ဒါနဲ့ပတ်သက်ပြီးပြောရတာ ကျွန်မအနေနဲ့ကတော့ အဓိပ္ပါယ်မရှိဘူးလို့ ထင်တယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ ဘာမှမလုပ်နိုင်ဘူး။"*[361] သို့သော် မေးခွန်းဖြေကြားသူ အများစုက ကုစားမှုနည်းလမ်းများကို အဆိုပြုခဲ့သည်။ အချို့သောအခြေအနေများတွင် ၎င်းတို့အတွက် မျှတမှုရှိမည်ဟု ယူဆသည့် ဖြေရှင်းမှုနည်းလမ်းများကို အကြံပြုခဲ့သည်။ အချို့သောသူများက ၎င်းတို့၏ ဘဝရှေ့ဆက်ရပ်တည်နိုင်ရန်အတွက် ၎င်းတို့စဉ်းစား၍ရသော ဖြစ်နိုင်ခြေရှိမည့် အဆင့်များကိုသာ ရိုးရှင်းစွာ အကြံပြုခဲ့ကြသည်။ ဤအခန်းတွင် မြန်မာပြည်

[357] Source #30 တွင် ကြည့်ပါ။
[358] Source #43 တွင် ကြည့်ပါ။
[359] Source #13 တွင် ကြည့်ပါ။
[360] Source #52 တွင် ကြည့်ပါ။
[361] Source #8 တွင် ကြည့်ပါ။

အရှေ့တောင်ပိုင်းရှိ ဒေသခံလူထုမှ ဖော်ပြထားသော တရားမျှတမှုနှင့်ပတ်သက်၍ မတူခြားနားသည့် မျှော်လင့်ချက်များကို ထည့်သွင်းဆွေးနွေးထားသည်။

## ပြစ်မှုဆိုင်ရာတရားမျှတမှု

မေးခွန်းဖြေကြားသူအများစုက ၎င်းတို့အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် အကြမ်းဖက်မှုများအား ကျူးလွန်သူများကို ဥပဒေအတိုင်း ပြစ်မှုဆိုင်ရာတရားစီရင်ရေးယန္တရားအောက်တွင် အပြစ်ဒဏ်ပေးခြင်းကို ခံစေလိုကြောင်း တင်ပြကြသည်။ ကိုယ်တိုင် အတင်းအဓမ္မစေခိုင်းမှု၊ အဓမ္မနေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းများအား ကြုံတွေ့ခဲ့ရပြီး အပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများက ဆွေမျိုးသားချင်းများအား တပ်မတော်မှ အသေသတ်ခြင်းကို ခံစားခဲ့ရသည့် ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက ကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိရန်နှင့်ပတ်သက်ပြီး ကရင်လူ့အခွင့်အရေးအဖွဲ့အား သူမ၏အမြင်ကို ဖော်ပြခဲ့သည်။ *"အကောင်းဆုံးနည်းလမ်းကတော့ တရားရုံးကိုသွားတာပဲ။ သူတို့တွေ ဥပဒေကို ချိုးဖောက်တယ်ဆိုရင် ဥပဒေအတိုင်း အရေးယူခံရမယ်။ လျော်ကြေးတွေဘာတွေ ပေးစရာမလိုဘူး။ ပြစ်ဒဏ် ခံရဖို့ပဲလိုတယ်။"* [362] ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးကလည်း အလားတူအမြင်အား တင်ပြခဲ့သည်။ *"လူ့အခွင့်အရေးချိုးဖောက်တဲ့သူတွေကို တရားရုံးကိုပို့ပြီး တရားရုံးက တရားမျှတမှုအတွက် ဆုံးဖြတ်ချက်ချရမယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော်ကတော့ ဒါပဲလိုချင်တယ်။ ငွေတွေနဲ့ ပြဿနာဖြေရှင်းနေတာတွေကို ကျွန်တော်တို့မလိုချင်ဘူး။ သူတို့ကိုဥပဒေအတိုင်း အပြစ်ပေးတာကိုပဲ ကျွန်တော်တို့လိုချင်တယ်။"* [363]

တွေ့ဆုံမေးမြန်းမှု ဖြေကြားခဲ့သူများက အပြစ်ပေးမှု ပုံစံအမျိုးမျိုးကို ဖော်ပြခဲ့ကြသည်။ အချို့သော ကျူးလွန်ခံရသူ၊ အသက်ရှင်ကျန်ရစ်သူများက ကျူးလွန်သူများအား ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် အပြစ်ဒဏ်ပေးစေချင်ကြသည်။ သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ မေးခွန်းဖြေကြားသူတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား သူမ၏သဘောထားကို ဤသို့တင်ပြခဲ့သည်။ *"ကျွန်မတစ်ယောက်ထဲအနေနဲ့ကတော့ ပြစ်မှုကျူးလွန်တဲ့သူတွေကို သူတို့ရဲ့အမှားတွေကနေသင်ယူပြီးတော့ နားလည်သဘောပေါက်ဖို့အတွက် ကျူးလွန်ခံရတဲ့သူတွေ ခံစားခဲ့ရသလိုပဲ သူတို့ကို ပြင်းပြင်းထန်ထန် အပြစ်ပေးစေချင်တယ်။ ဒါမှပဲ ဒီလိုမျိုးချိုးဖောက်မှုတွေကို သူတို့နောက်တစ်ခေါက် ထပ်မလုပ်တော့မှာ။ တကယ်လို့သူတို့က အပြစ်ပေးခံရပြီးဆိုရင် သူတို့ကိုထောင်ဒဏ် နှစ်ပေါင်းများစွာ ချသင့်တယ်။"*[364] အခြားမေးခွန်းဖြေကြားသူတစ်ဦးကလည်း အလားတူခံစားချက်ကို ဝေမျှခဲ့သည်။ *"သူတို့ကို အပြစ်ပေးတဲ့အခါ ကျွန်တော်တို့အပေါ် ကိုကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို နောက်ဘယ်တော့မှ ထပ်မလုပ်အောင် တားဆီးပေးနိုင်လောက်တဲ့အထိ သူတို့ရဲ့အပြုအမူတွေကို ပြောင်းလဲပေးနိုင်မယ့် အပြစ်ဒဏ်မျိုး ပေးတာကို ကျွန်တော်လိုချင်တယ်။"* [365] ဤသဘောထားကို အခြားသောအမျိုးသမီးတစ်ဦးက ဝေမျှခဲ့သည်။ "ကျွန်မရဲ့အမြင်မှာတော့ ကျွန်မအနေနဲ့ လျော်ကြေးတွေ တောင်းပန်တာတွေမလိုချင်ဘူး။ ဒါပေမယ့် ကျွန်မ ပြောင်းလဲမှုကို လိုချင်တယ်။ ကျွန်မသူတို့ကို ကောင်းတဲ့အပြုအမူတွေလုပ်တဲ့လူတွေအဖြစ် ပြောင်းလဲပြီး တရားမျှတမှုကိုယူဆောင်လာတဲ့ သူတွေဖြစ်စေချင်တယ်။ ကျွန်မအနေနဲ့ အထက်အာဏာပိုင်တွေက ပြစ်မှုကျူးလွန်တဲ့အာဏာပိုင်တွေကို တရားစီရင်တာကို လိုချင်တယ်။ ဒါမှပဲ သူတို့ရဲ့အပြုအမူတွေ ပြောင်းလဲမှာဖြစ်တယ်။"[366]

အချို့သော အရပ်သားများက အနာဂတ်တွင် အခြားသူများမှ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခြင်းအား ဟန့်တားစေရန်ရည်ရွယ်၍ လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်ထားသူများအား အပြစ်ပေးစေလိုကြသည်။ ဥပမာအားဖြင့် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"အဲ့ဒီလူတွေကို ထိထိရောက်ရောက် အပြစ်ပေးတာကို မြင်ချင်တယ်။ တကယ်လို့ တစ်ခုခုအရေးယူတာ မလုပ်ဘူးဆိုရင် တခြားသူတွေကလည်း*

[362] Source #17 တွင် ကြည့်ပါ။
[363] Source #13 တွင် ကြည့်ပါ။
[364] Source #16 တွင် ကြည့်ပါ။
[365] Source #51 တွင် ကြည့်ပါ။
[366] Source #50 တွင် ကြည့်ပါ။

*သူတို့ရဲ့ အာဏာတွေကို အလွဲသုံးစား လုပ်လာကြလိမ့်မယ်။ ဒ့ါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး ထိထိရောက်ရောက် အရေးယူဖို့ ကျွန်မတောင်းဆိုတယ်။"*[367] သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက ပြစ်မှုနှင့်ဆိုင်သော ကြီးလေးသည့်ပြစ်ဒဏ်ပေးခြင်းများကို အဓိကစောင်းပေးပြီး ပြောပြခဲ့သည်။ *"လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ အကြမ်းဖက်မှုတွေက ကျွန်မတို့ရဲ့ လူမှုအသိုက်အဝန်းမှာ အများကြီးပဲဖြစ်ပျက်ခဲ့တယ်။ ဒါကြောင့် သူတို့တွေအနေနဲ့ ကျူးလွန်သူတွေကို တရားရုံးမှာအပြစ်စီရင်သင့်တယ်။ ဒါမှပဲ ကျူးလွန်သူတွေအနေနဲ့ ဒီအပြစ်ဒဏ်တွေကနေ သင်ယူပြီးတော့ နောင်တွင်ချိုးဖောက်မှုတွေ လုပ်တော့မှာမဟုတ်ဘူး။ ကျွန်မအနေနဲ့ ကျူးလွန်သူတွေကို သူတို့တွေလုပ်ထားသမျှအတွက် နောင်တရစေချင်တယ်။ ပြီးတော့ တခြားသူတွေကိုလည်း ဒီလိုအမှားတွေ ထပ်ပြီး မကျူးလွန်စေချင်ဘူး။"* [368] ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ အမျိုးသားတစ်ဦးက *"တကယ်လို့ သူတို့နဲ့ ထိုက်တန်တဲ့ပြစ်ဒဏ်ကို ခံရတယ်ဆိုရင် ဒေသတွင်းမှာ အကြမ်းဖက်မှုတွေနည်းလာမယ်။"*[369]

မေးခွန်းဖြေကြားသူများအနေဖြင့် အခြားရွေးချယ်စရာ ပြစ်ဒဏ်ပေးမှုများကိုလည်း ဖော်ပြခဲ့သည်။ အရာရာကို မျှတစေလိုသည့် မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"ကျွန်မကတော့ လျော်ကြေးငွေဆိုတာ မှန်ကန်တဲ့အဖြေဖြစ်တယ်လို့မထင်ဘူး။ ကျူးလွန်သူတွေကို ဥပဒေအရ အပြစ်ပေးဖို့အတွက် အရေးကြီးတယ်။ တရားစီရင်တဲ့အခါမှာလည်း ဘယ်လိုမျိုးအကျင့်ပျက်ချစားတာမျိုးမှ မရှိရဘူး။"* [370] ရေရှည်တည်တံ့သည့်အဖြေအား လိုလားသော ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ အမျိုးသားတစ်ဦးက ဒုတိယဖြစ်နိုင်ချေရှိသည့် အဖြေတစ်ခုကို တင်ပြခဲ့သည်။ *"ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်ကတော့ တရားမျှတမှုကိုလိုချင်တယ်။ လျော်ကြေးဆိုတာက ယာယီအတွက်ပဲ။ ခဏလေးနဲ့ကုန်သွားလိမ့်မယ်။ ဒါပေမယ့် တရားမျှတမှုကတော့ ကျွန်တော်တို့အားလုံးအတွက် အကျိုးဖြစ်စေပြီးတော့ ရေရှည်လည်းတည်တံ့လိမ့်မယ်။"* [371] အစိုးရများအား တာဝန်ယူမှု တာဝန်ခံမှု ရှိစေလိုသည့် သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက တတိယဖြစ်နိုင်ခြေအား ဖော်ပြခဲ့သည်။ *"ကျွန်မကတော့ KNU နဲ့ မြန်မာအစိုးရအနေနဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ၊ နှိပ်စက်ညှဉ်းပမ်းမှုတွေ စတဲ့ လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်တဲ့သူတို့ရဲ့ အဖွဲ့ဝင်တွေနဲ့ နောက်လိုက်တွေကို သေသေချာချာအပြစ်ဒဏ်ပေးစေချင်တယ်။ ပြန်လည်ကုစားမှုအနေနဲ့ ကျူးလွန်သူတွေအားလုံးက ခံရတဲ့သူတွေရှေ့မှာ အချိုးညီညီနဲ့ ဥပဒေအရအရေးယူခံရမယ်။ သူတို့သာဒီလိုလုပ်ရင် သူတို့ရဲ့ အစိုးရဟာ လိင်ပိုင်းဆိုင်ရာစော်ကားမှု၊ ညှဉ်းပမ်းနှိပ်စက်မှုတွေလို လူ့အခွင့်အရေးချိုးဖောက်မှုကျူးလွန်တဲ့သူတွေအပေါ် သင့်တော်တဲ့အရေးယူမှုတွေ လုပ်နေတယ်ဆိုပြီး လူတွေကမြင်လာလိမ့်မယ်။ အဲ့ဒီအခါကျမှပဲ ဒေသခံတွေက စိတ်ကျေနပ်မှာ။ ကျူးလွန်ခံရသူတွေအနေနဲ့ကလည်း သူတို့ရဲ့ ရှေ့မှာ ကျူးလွန်သူတွေကို တရားစီရင်တဲ့အတွက် စိတ်ချမ်းသာကြလိမ့်မယ်။"*[372]

မေးခွန်းဖြေကြားသူများမှာ လူ့အခွင့်အရေးကျူးလွန်သူများ ရင်ဆိုင်သင့်သည့် အပြစ်ဒဏ်များ၏ ပြင်းထန်မှုအပေါ် ၎င်းတို့၏ထင်မြင်ယူဆချက်များမှာလည်း ကွဲပြားလေ့ရှိသည်။ မေးခွန်းဖြေကြားသူအများစုက ပြစ်ဒဏ်နှင့် ပြစ်မှု ကိုက်ညီသင့်ကြောင်း ၎င်းတို့၏ခံစားချက်များကို တင်ပြခဲ့သည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက *"ပြစ်မှုကျူးလွန်ထားတဲ့သူတွေကို သူတို့ကျူးလွန်ထားတဲ့ ပြစ်မှုနဲ့ညီတဲ့ ပြစ်ဒဏ်ပေးသင့်တယ်။"*[373]

အချို့သူများ၏ ထင်မြင်ယူဆချက်မှာ ပြစ်ဒဏ်များသည် ဒေသခံများ၏ သဘောထားနှင့်ကိုက်ညီမှု ရှိသင့်ကြောင်း ဖော်ပြခဲ့သည်။ ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက *"အာဏာပိုင်တွေအနေနဲ့ အတိတ်က လူ့အခွင့်အရေးချိုဖောက်မှုကျူးလွန်ခဲ့တဲ့သူတွေကို ကျူးလွန်ခံရတဲ့သူတွေနဲ့ ဒေသခံတွေရဲ့ ဆန္ဒအတိုင်း ပြစ်ဒဏ်ပေးပြီး တာဝန်ခံသင့်တယ်။"*[374]

[367] Source #41 တွင် ကြည့်ပါ။
[368] Source #16 တွင် ကြည့်ပါ။
[369] Source #79 တွင် ကြည့်ပါ။
[370] Source #14 တွင် ကြည့်ပါ။
[371] Source #56 တွင် ကြည့်ပါ။
[372] Source #18 တွင် ကြည့်ပါ။
[373] Source #67 တွင် ကြည့်ပါ။
[374] Source #31 တွင် ကြည့်ပါ။

ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ပြစ်မှုတစ်ခုကို ကြိမ်ဖန်များစွာ ကျူးလွန်သူများအပေါ် ပိုမိုကြီးလေးသော ပြစ်ဒဏ်များချမှတ်ရန်လိုအပ်ကြောင်း တင်ပြခဲ့ပါသည်။ *"ကျွန်မရဲ့အမြင်မှာတော့ အဆင့်သုံးဆင့်ရှိသင့်တယ်။ ပထမအဆင့်အနေနဲ့ သူတို့ကို လူ့အခွင့်အရေးသင်တန်းပေးတာတွေရယ်၊ သတိပေးတာတွေ လုပ်သင့်တယ်။ ဒုတိယအဆင့်အနေနဲ့ လူတစ်ယောက်က ရည်ရွယ်ချက်ရှိရှိဆက်ပြီးတော့ လုပ်နေအုံးမယ်ဆိုရင် သူနဲ့ထိုက်သင့်တဲ့ ပြစ်ဒဏ်ကိုပေးရမယ်။ တကယ်လို့ လူတစ်ယောက်က သင်တန်းတွေလည်း ပေးပြီးပြီ၊ သတိပေးတာခံရဲ့သားနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဆက်ပြီးလုပ်မယ်ဆိုရင်တော့ အဲ့ဒီလူကပြောင်းလဲလို့ မရတော့ဘူး။"*[375] သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ မေးခွန်းဖြေကြားသူတစ်ဦးကမူ လက်ရှိအစိုးရ၏ စုံစမ်းစစ်ဆေးမှုကိုသာလိုအပ်ကြောင်း ဤကဲ့သို့ပြောခဲ့ပါသည်။ *"ကျွန်တော့်အနေနဲ့ကတော့ အခုလက်ရှိ တာဝန်ယူထားတဲ့ သူတွေကို အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး သေချာစုံစမ်းစစ်ဆေးတာတွေ လုပ်ပေးစေချင်တယ်။"*[376]

မေးခွန်းဖြေကြားသူအများစုမှာ တရားမျှတမှုအား ရှာဖွေဖော်ထုတ်ရန် ပြည်တွင်းတရားစီရင်ရေး ယန္တရားများကို ယုံကြည်မှုမရှိသည့်အတွက် နိုင်ငံတကာ စုံစမ်းစစ်ဆေးမှု အဖွဲ့များ သို့မဟုတ် အမှုစွဲဆိုခြင်းများကို လိုအပ်ကြောင်း ဖော်ပြခဲ့သည်။ ဥပမာအားဖြင့် ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက *"ဖြစ်နိုင်မယ်ဆိုရင် ဒီဟာ[လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စရပ်]တွေကို ကမ္ဘာ့ကုလသမဂ္ဂရဲ့ တရားမျှတမှုဆိုင်ရာခုံရုံးကိုပဲ ပို့လိုက်ချင်တယ်။"*[377]

## အာဏာပိုင်များအား ရာထူးများမှဖယ်ရှားခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မေးခွန်းဖြေကြားသူအချို့က ပြစ်မှုပြစ်ဒဏ်ချမှတ်ခြင်းအစား (သို့မဟုတ် ထပ်ပေါင်း၍) ပြစ်ဒဏ်ပေးရာတွင် အကောင်းဆုံးသော တရားမျှတမှုရရှိရန် နည်းလမ်းတစ်ခုမှာ ကျူးလွန်သူများအား ၎င်းတို့၏ ရာထူးအဆင့်များမှ ဖယ်ရှားပစ်ခြင်းဖြစ်သည်။ ညောင်လေးပင်ခရိုင်၊ ကျောက်တံခါးမြို့နယ်မှ အမျိုးသားတစ်ဦးက *"ကျွန်တော်က ဘာသာရေးဘက်ကဝန်ထမ်းဆိုတော့ ကျွန်တော့်အနေနဲ့ကတော့ တစ်သက်တစ်ကျွန်းဆိုတာ ကောင်းတယ်လို့မဆိုချင်ဘူး။ ဘာကြောင့်လည်းဆိုရင် ဒါက လူ့အခွင့်အရေးစံနှုန်းတွေနဲ့ မကိုက်ညီဘူး။ အကောင်းဆုံးပြစ်ဒဏ်ကတော့ အပြစ်ကျူးလွန်တဲ့သူတွေကို နိုင်ငံရေးနဲ့ခေါင်းဆောင်မှုပိုင်းကနေ ဖယ်ရှားပစ်တာပဲ။"*[378] သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"တကယ်လို့သူတို့သာ ပြစ်ဒဏ်တွေကို ခံယူပြီးတော့ ပြောင်းလဲမယ်ဆိုရင် သူတို့ရဲ့ရာထူးတွေကို သူတို့ဆက်ထိန်းထားလို့ရတယ်။ ဒါပေမယ့် သူတို့တွေက မပြောင်းလဲဘူးဆိုရင်တော့ သူတို့ရဲ့ရာထူးကနေ ဖယ်ရှားလိုက်တာအကောင်းဆုံးပဲ။"*[379] ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်မှ အမျိုးသားတစ်ဦးက *"ကျွန်တော်ကတော့ သူတို့ကို ချက်ချင်းရာထူးကနေ ဖယ်ရှားလိုက်တာ အကောင်းဆုံးပြစ်ဒဏ်ပေးတာပဲလို့ထင်တယ်။ ဒါမှမဟုတ်ရင် သူတို့ကို ကျွန်တော်တို့က [သူတို့လုပ်ထားတဲ့ ပြစ်မှုတွေကို] တိုင်တဲ့အခါ မကျေနပ်တာတွေဖြစ်နေမယ်။"*[380]

## အသိအမှတ်ပြုခြင်း

အချို့သော မေးခွန်းဖြေကြားသူများက အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ကျူးလွန်မှုများအတွက် အသိအမှတ်ပြုခြင်းများ သို့မဟုတ် တောင်းပန်ခြင်းများကို တောင်းဆိုကြသည်။ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အတင်းအဓမ္မ ပေါ်တာထမ်းခဲ့ရပြီး တပ်မတော်ကြောင့် ညီနှစ်ဦးအား ဆုံးရှုံးခဲ့ရသော အမျိုးသားတစ်ဦးက သူ၏ ခံစားချက်အား ကရင်လူ့အခွင့်အရေးအဖွဲ့အား ဝေငှခဲ့သည်။ *"ကျွန်တော့်အနေနဲ့ကတော့ အရင်အစိုးရနဲ့ အခုအစိုး*

375 Source #75 တွင် ကြည့်ပါ။
376 Source #18 တွင် ကြည့်ပါ။
377 Source #50 တွင် ကြည့်ပါ။
378 Source #22 တွင် ကြည့်ပါ။
379 Source #51 တွင် ကြည့်ပါ။
380 Source #80 တွင် ကြည့်ပါ။

*ရတို့ ပူးပေါင်းလက်တွဲပြီး သူတို့တွေ ပြည်သူတွေအပေါ် ကို ကျူးလွန်ခဲ့တဲ့ အရာတွေအတွက် တောင်းပန်စေချင်တယ်။ ဒါမှ ကျွန်တော်တို့ အတိတ်ကိုမေ့နိုင်မယ်။"* [381] ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်မှ နေရပ်ရွှေ့ပြောင်း နေထိုင်ခဲ့ရသော အမျိုးသားတစ်ဦးကလည်း အလားတူအမြင်သဘောထားကို တင်ပြခဲ့သည်။ *"ကျူးလွန်တဲ့သူတွေ အနေနဲ့ သူတို့အတိတ်ကကျူးလွန်ခဲ့တဲ့ အရာတွေနဲ့ပတ်သက်ပြီး ဝန်ခံဖို့လိုသလိုပဲ နောင်တွင် ဆက်မလုပ်တော့ဘူးဆိုတာကိုလည်း ဝန်ခံဖို့အရေးကြီးတယ်။"* [382]

မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း အဘယ်ကြောင့် အသိအမှတ်ပြုမှုသို့မဟုတ် တောင်းပန်မှုများက သူမအတွက် လုံလောက်မှုမရှိစေကြောင်းကို ကရင်စကားထာတစ်ခုအား အသုံးပြု၍ ဖော်ပြခဲ့သည်။ *"ကျွန်မကျူးလွန်တဲ့သူတွေကို သူတို့ဘက်က တောင်းပန်ရင်တောင် ဘယ်တော့မှ ယုံမှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ခြံစုန်ပြီးတဲ့နွားက နောင်လည်းဆက်ပြီးစုန်နေအုံးမှာ။ ဒါကြောင့် ပြစ်ဒဏ်ပေးခြင်းကသာ အသင့်လျော်ဆုံးဖြစ်တယ်။"* [383] တပ်မတော်မှ ၎င်းတို့၏ရွာအား တိုက်ခိုက်သည့်အချိန်တွင် အဓမ္မနေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ရသော သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသားတစ်ဦးကလည်း တောင်းပန်ခြင်းတစ်ခုတည်းက လုံလောက်မှုမရှိကြောင်း ပြောပြခဲ့သည်။ *"တကယ်လို့ သူတို့က (အသက်ရှင်ကျန်ရစ်သူ) တွေကို ကူညီတယ်ဆိုရင်တော့ ကောင်းတာပေါ့။ သူတို့အနေနဲ့ တောင်းပန်သင့်တယ်။ ဒါပေမယ့် လျော်ကြေးငွေကိုလည်း ပေးဆောင်ရမယ်။ ဘာကြောင့်လည်းဆိုတော့ သူတို့ ရွာသားတွေကို သတ်ဖြတ်ခဲ့ကြလို့ပဲ။"* [384]

## ထပ်မံဖြစ်ပွားမှုမရှိသော လူ့အခွင့်အရေးအား ကာကွယ်စောင့်ရှောက်ခြင်း

အချို့သော မေးခွန်းဖြေကြားသူများက ဆက်လက်ဖြစ်ပွားလျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများမှ လွတ်ကင်းခွင့်၊ ၎င်းတို့၏ အခွင့်အရေးများအား အပြည့်အဝဖြည့်ဆည်းပေးရန်နှင့် ချိုးဖောက်မှုများ၊ အကြမ်းဖက်မှုများဖြစ်ပေါ် သည့်အခါတွင် ဥပဒေ၏အကာအကွယ်၊ တရားဝင်လုပ်ထုံးလုပ်နည်းထက် ကျော်လွန်ပြီး မည်သည့်အရာကိုမျှ တောင်းဆိုထားခြင်းမရှိပေ။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးမှ အများဆုံးတောင်းဆိုနိုင်သည်မှာ *"ကျွန်တော်တို့အနေနဲ့ ပြန်လည်ကုစားမှုတွေနဲ့ ပတ်သက်ပြီး အိမ်မက်မက်နေစရာ၊ ပြောနေစရာမလိုဘူး။ ပြန်လည်ကုစားမှုရဖို့ဆိုတာ အဝေးကြီးလိုသေးတယ်။ တကယ်လို့ သူတို့သာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ထပ်ပြီးမလုပ်တော့ဘူးဆိုရင် ဒါဟာလုံလောက်ပြီ။"* [385] ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အခြားသောအမျိုးသမီးတစ်ဦးက *"ကျွန်မလူ့အခွင့်အရေးချိုးဖောက်မှုတွေကိုရပ်စေချင်တယ်။ ပြီးတော့ ကျွန်မ အခွင့်အရေးတွေ လိုချင်တယ်။ ကျွန်မတို့ရဲ့ အခွင့်အရေးတွေကို လေးစားတာ လိုချင်တယ်။"* [386]

အတင်းအဓမ္မ ပေါ် တာဆွဲခြင်းများအား ရပ်တန့်စေလိုခြင်း စသည့်အချက်များအပြင် အရပ်သားများအနေဖြင့် လွတ်လပ်စွာ လှုပ်ရှားသွားလာခြင်း၊ လုံခြုံမှု၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ လုပ်ကိုင်နိုင်ခြင်း စသည်တို့ကိုလည်း လိုအပ်သည်။ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက *"ကျွန်တော်တို့အတွက်ကတော့ အပြစ်တင်တာထက် ငြိမ်းချမ်းရေးကို ပိုပြီးလိုအပ်တယ်။ လွတ်လွတ်လပ်လပ် အလုပ်လုပ်နိုင်ခြင်းက ကျွန်တော်တို့အတွက် လုံလောက်တာထက်ကိုပိုတယ်။"* [387] အခြားတစ်ဦးက *"သူတို့ကို ကျွန်တော်တို့အပြစ်မပေးချင်ဘူး။ ဒါပေမယ့် သူတို့တွေရဲ့ အနှောင့်အယှက်တွေမရှိပဲ ကျွန်တော်တို့ နေချင်တယ်၊ အလုပ်လုပ်ချင်တယ်။ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ သွားလာချင်တယ်။"* [388] ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အမျိုးသမီးတစ်ဦး

---

[381] Source #30 တွင် ကြည့်ပါ။
[382] Source #49 တွင် ကြည့်ပါ။
[383] Source #14 တွင် ကြည့်ပါ။
[384] Source #81 တွင် ကြည့်ပါ။
[385] Source #15 တွင် ကြည့်ပါ။
[386] Source #60 တွင် ကြည့်ပါ။
[387] Source #61 တွင် ကြည့်ပါ။
[388] Source #52 တွင် ကြည့်ပါ။

၏ ပြောကြားချက်အရ *"ကျွန်မတို့အနေနဲ့ ငြိမ်းချမ်းရေးရှိမယ်၊ အသက်မွေးဝမ်း ကျောင်းအလုပ်ကို ငြိမ်းငြိမ်းချမ်းချမ်းလုပ်ရမယ်၊ လွတ်လွတ်လပ်လပ် သွားလာရမယ်ဆိုရင်ကျေနပ်ပြီ။ သူတို့သာ ကျွန်မတို့ကို ရိက္ခာတွေ မသယ်ခိုင်းဘူး၊ ပေါ်တာမထမ်းခိုင်းဘူးဆိုရင် ဒါလုံလောက်ပြီ။"*[389]

၎င်းတို့အတွက် လွတ်လပ်မှုကိုလိုချင်သကဲ့သို့ပင် ဒေသခံများသည် နောင်မျိုးဆက်များအားလည်း လူ့အခွင့်အရေးချိုးဖောက်မှုနှင့် အကြမ်းဖက်မှုများအား မခံစားစေလိုပေ။ မေးခွန်းဖြေကြားသူတစ်ဦးက *"ဒါတွေက အရင်ကဖြစ်ခဲ့တာဆိုတော့ ကျွန်တော်တို့ကြိုးစားပြီး မေ့လိုက်မယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ နောင်မျိုးဆက်တွေနဲ့ကလေးတွေ ဒီလိုပြဿနာတွေကို မကြုံတွေ့ရရင်ပိုကောင်းမယ်။"*[390]

အချို့သော ဒေသခံများက လူ့အခွင့်အရေးချိုးဖောက် ကျူးလွန်သူများအား အသိပညာပေးခြင်း အစီအစဉ်များ ရှေ့ဆက်လုပ်ဆောင်ရန်လိုအပ်သည်ဟု ထင်မြင်ယူဆကြသည်။ ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"ကျွန်မရဲ့အမြင်မှာတော့ ပထမခြေလှမ်းအနေနဲ့ ကျူးလွန်သူတွေကို သင်တန်းပေးသင့်တယ်။ အဲ့ဒီအပြင် သူတို့ကိုပြစ်မှုကျူးလွန်ခြင်းရဲ့အကျိုးဆက်အကြောင်းကို ကောင်းကောင်းလေးသင်ပေးသင့်တယ်။"* [391]

အခြားဒေသခံများကမူ ၎င်းတို့အနေဖြင့် တရားစီရင်ရေး၏ အခြေခံစီမံခန့်ခွဲရေးအား တိုးတက်လာစေလိုသည်ဟု တင်ပြခဲ့သည်။ ဥပမာအားဖြင့် မေးခွန်းဖြေကြားသူတစ်ဦးက *"တကယ်လို့ကျွန်တော်တို့အဲ့ဒီလို အကြမ်းဖက်မှုတွေ ချိုးဖောက်မှုတွေကို ထပ်ပြီးခံရတဲ့အခါကျရင် အဲ့ဒီကျူးလွန်တဲ့သူတွေကို ဥပဒေအရအပြစ်ပေးဖို့ရယ် ပြစ်ဒဏ်ချမှတ်ပုံနဲ့ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုရှိဖို့ရယ် ကျွန်တော်တို့အနေနဲ့ အစိုးရကိုတောင်းဆိုချင်တယ်။"* [392] ဤသဘောထားနှင့်ပတ်သက်ပြီး ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ အမျိုးသားတစ်ဦးက ထောက်ပြခဲ့သည်မှာ *"သူတို့ရေးချထားတဲ့ ဥပဒေတွေက လက်ခံနိုင်စရာကောင်းပါတယ်။ တစ်ဖက်မှာတော့ သူတို့က ဒီဥပဒေတွေကို လိုက်နာဖို့ပျက်ကွက်နေတယ်။"*[393]

## မြေယာများပြန်လည်ရရှိခြင်း

လူဦးရေ၏ ၇၀ ရာခိုင်နှုန်းအထက်မှာ စိုက်ပျိုးရေးအပေါ် မှီခိုနေရသည့်နိုင်ငံတွင် ဒေသခံများ၏ဝင်ငွေနှင့် အစားအစာရရှိရန်အတွက် မြေယာသည် အဓိကအရင်းအမြစ်ဖြစ်သည်။ ဤအစီရင်ခံစာ၏ အခန်း ၂ (က)(၂) တွင် ဖော်ပြထားသကဲ့သို့ မြေယာသိမ်းယူမှုသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နေရာအနှံ့ဖြစ်ပွားလျက်ရှိပါသည်။ များသောအားဖြင့် NCA မတိုင်မီကာလများက သိမ်းယူခဲ့သောမြေများအား ဒေသခံများထံသို့ ပြန်လည်ပေးအပ်ခြင်းမရှိသေးပေ။[394] တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"ကျွန်မတို့အနေနဲ့ ကိုယ့်မြေကိုပဲကိုယ်ပြန်လိုချင်တယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့မှာ နေစရာမြေမရှိတော့ဘူး။ ကျွန်မအိမ်မှာဆိုရင် လူတွေအများကြီးနေကြတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်မရဲ့သမီးက အိမ်ထောင်ပြုပြီး သူတို့မိသားစုက ကျွန်မနဲ့အတူလာနေတယ်။ အိမ်အသစ်ဆောက်ဖို့ ကျွန်မတို့မှာ မြေနေရာမရှိတော့ဘူး။ ဖြစ်နိုင်မယ်ဆိုရင် တပ်မတော်က ကျွန်မတို့မြေတွေကိုပြန်ပေးစေချင်တယ်။"*[395]သံတောင်ကြီးမြို့နယ်မှ အခြားအမျိုးသမီးတစ်ဦးကလည်း *"ကျွန်မတို့ကဒီမြေပေါ်မှာ ဟိုးဘိုးဘေးတွေလက်ထပ်ကတည်းက လုပ်ကိုင်စားသောက်လာတာဖြစ်တဲ့အတွက် ကျွန်မတို့က ဒီမြေရဲ့ပိုင်ရှင်တွေဖြစ်တယ်။ ကျွန်မတို့ ကိုယ့်မြေကိုပဲလိုချင်တယ်။ ကျွန်မတို့ စားဝတ်နေရေးအတွက် ဘာမှ*

[389] Source #66 တွင် ကြည့်ပါ။

[390] Source #66 တွင် ကြည့်ပါ။

[391] Source #75 တွင် ကြည့်ပါ။

[392] Source #28 တွင် ကြည့်ပါ။

[393] Source #79 တွင် ကြည့်ပါ။

[394] သတင်းအချက်ပိုမိုရရှိရန်အတွက်၊ အခန်း ၂ (က) (iii) Land confiscations and natural resources governance တွင် ကြည့်ပါ။ KHRG မှ ၂၀၁၉ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော KHRG, "Do Not Trespass: Land Confiscations by Armed Actors in Southeast Myanmar", တွင်လည်း ကြည့်နိုင်ပါသည်။

[395] Source #43 တွင် ကြည့်ပါ။

*မလုပ်နိုင်ဘူး။ ဒါကြောင့် ကျွန်မတို့မြေကိုပဲ ပြန်တောင်းတာ။ ဒါပေမယ့် ဒီအတွက်နဲ့ကျွန်မတို့ တရားရုံးရောက်ရတယ်။ ကျွန်မတို့မြေပဲ ပြန်လိုချင်တယ်။ ငွေမလိုချင်ဘူး။ ကျွန်မတို့မှာမြေရှိရင် ကျွန်မတို့ရဲ့စားဝတ်နေရေးအတွက် အဲ့ဒီမြေပေါ်မှာ အလုပ်လုပ်စားလို့ရတယ်။ ပဒိုအယ်ဝါး [396] ပြောသလိုပဲ 'ခင်ဗျားမှာမြေမရှိရင် နိုင်ငံလည်းရှိမှာမဟုတ်ဘူး။' ကျွန်မတို့ ဘယ်မှာသွားနေကြမလဲ။ ရေထဲမှာလည်းနေလို့မရဘူး။ သစ်ပင်ပေါ်မှာလဲ နေလို့မရဘူး။"* [397]

## လျော်ကြေးနှင့်နစ်နာကြေး

မြန်မာပြည်အရှေ့တောင်ပိုင်းမှ အချို့သောသူများအမြင်တွင် လက်နက်ကိုင်တပ်ဖွဲ့များမှ ကျူးလွန်သည့် လူသတ်မှုများ၊ ဒဏ်ရာရရှိစေမှုများနှင့် ပိုင်ဆိုင်မှုဆုံးရှုံးရခြင်းတို့အတွက် လျော်ကြေး၊ နစ်နာကြေးများပေးရန် လိုအပ်သည်။ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်မှ တပ်မတော်၏ ညှဉ်းပမ်းနှိပ်စက်မှုများခံစားရပြီး တိုက်ပွဲကြောင့် နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ရသော အမျိုးသားတစ်ဦးက လူ့အခွင့်အရေးချိုးဖောက်မှု ခံစားရသူများအတွက် တရားမျှတမှုနှင့်ပတ်သက်ပြီး သူ၏ခံစားချက်ကို ဤသို့ဖော်ပြခဲ့သည်။ *"ကျွန်တော်တို့အနေနဲ့ အဲ့ဒီအချိန်တွေတုန်းက အသတ်ခံခဲ့ရသူတွေအတွက် လျော်ကြေးတွေပြန်လိုချင်တယ်။ ဒါက သူတို့ရဲ့မိသားစုဝင်တွေ၊ ကျန်ရစ်သူမိဘတွေနဲ့ ကျေးရွာအတွက်ဖြစ်တယ်။"* [398]

တိုက်ပွဲများအတွင်း ပိုင်ဆိုင်မှုများ ဖျက်ဆီးခံခဲ့ရသောသူများအတွက် လျော်ကြေး၊နစ်နာကြေးများမှာ အသင့်လျော် ဆုံး ပြန်လည်ကုစားခြင်းနည်းလမ်းတစ်ခုဖြစ်နိုင်သည်ကို ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက တင်ပြခဲ့သည်။ *"အစိုးရနဲ့ အာဏာပိုင်တွေအနေနဲ့ ပိုင်ဆိုင်မှုဆုံးရှုံးရတဲ့သူတွေနဲ့ အသက်ရှင်ကျန်ရစ်သူတွေရဲ့ခံစားရမှုတွေအတွက် သင့်လျော်တဲ့ထောက်ပံ့မှု ဒါမှမဟုတ် လျော်ကြေးတွေကို စီစဉ်ပေးသင့်တယ်။"* [399] တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက လျော်ကြေးငွေရရှိခြင်းက သူမ၏မြေအား ပြန်လည်ရရှိခြင်းထက် ပိုပြီးသင့်လျော်ကြောင်းကို ဤသို့ရှင်းပြခဲ့သည်။ *"တကယ်လို့ သူတို့အနေနဲ့ ကျွန်မတို့ကို လျော်ကြေးပေးချင်တယ်ဆိုရင် အဲ့ဒီဟာကမျှတပြီး လုံလောက်တဲ့လျော်ကြေးငွေ ဖြစ်သင့်တယ်။ ကျွန်မတို့ဆီမှာ ဥယျာဉ်ခြံတွေ အမျိုးမျိုးရှိပေမယ့် ဒါတွေကို သူတို့ကဖျက်ဆီးပစ်တယ်။ ကျွန်မတို့ စိုက်ခင်းတစ်ခုဖြစ်ဖို့အတွက် အချိန်တွေအများကြီး ယူရတယ်။ ၁၀ နှစ်ကနေ အနှစ် ၂၀ အထိကြာတယ်။ ဒါကြောင့် သူတို့တွေ ကျွန်မတို့ကို မျှတတဲ့လျော်ကြေးငွေ ပေးသင့်တယ်။"* [400]

တပ်မတော်၏ ထောင်တွင်းညှဉ်းပမ်းနှိပ်စက်မှုများကြောင့် ခင်ပွန်းသည်ဖြစ်သူ သေဆုံးခဲ့ရသည့်အတွက် စားဝတ်နေရေး အခက်အခဲအား ဆိုးရွာစွာရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက တောင်းပန်မှုများထက် လျော်ကြေးငွေသည် သူမအတွက် ပိုမိုအရေးကြီးကြောင်းကို ဤသို့ရှင်းပြခဲ့သည်။ သူမက *"သူတို့တွေအနေနဲ့ ကျွန်မတို့ ဘာကိုဆုံးရှုံးရတယ်ဆိုတာကို သိဖို့လိုတယ်။ ကျွန်မတို့က ဘဝတစ်ခုနဲ့ ကျွန်မတို့ရဲ့မွေးမြူရေးတိရိစ္ဆာန်တွေကို ဆုံးရှုံးရတယ်။ သူတို့အနေနဲ့ သေလူတစ်ယောက်ဆီကနေ ခွင့်လွှတ်ပေးဖို့ တောင်းဆိုလို့မရတဲ့အတွက် လျော်ကြေးငွေတော့ပေးသင့်တယ်။ သူတို့တွေ အနေနဲ့ကလည်း အသက်သေတဲ့အထိ သူတို့နှိပ်စက်ညှဉ်းပမ်းခဲ့တဲ့သူရဲ့ကလေးတွေကို ကျောင်းပို့ဖို့အတွက် လျော်ကြေးပေးသင့်တယ်။"* [401]

မျှတသည့် လျော်ကြေးငွေ ဟုတ်မဟုတ် ဆိုသည်ကို ပြည်သူများ လူ့အခွင့်အရေးချိုးဖောက်မှု မည်မျှကြာအောင် ခံစားခဲ့ရသည့်အပေါ် မူတည်၍ သတ်မှတ်နိုင်သည်။ ညောင်လေးပင်ခရိုင်၊ ကျောက်တံခါးမြို့နယ်မှ အမျိုးသား

[396] ပဒိုဆိုသည်မှာ ကရင်အသုံးအနှုန်းအရဝန်ကြီးဟု အဓိပ္ပါယ်ရသည်။
[397] Source #41 တွင် ကြည့်ပါ။
[398] Source #11 တွင် ကြည့်ပါ။
[399] Source #23 တွင် ကြည့်ပါ။
[400] Source #43 တွင် ကြည့်ပါ။
[401] Source #20 တွင် ကြည့်ပါ။

တစ်ဦးက *"အသက်ရှင်ကျန်ရစ်သူတွေအနေနဲ့ သူတို့အကြမ်းဖက်မှုကို ခံစားရတဲ့အချိန်ကာလနဲ့ ဆုံးရှုံးသွားတဲ့ ပိုင်ဆိုင်မှုတွေအပေါ် မှာ မူတည်ပြီးတော့ သင့်တင့်မျှတတဲ့လျော်ကြေးငွေကို ရရှိသင့်တယ်။ ပိုပြီးအရေးကြီးတာက လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကျူးလွန်ခဲ့တဲ့ ယခင်အစိုးရအနေနဲ့ ဒါကိုတာဝန်ယူသင့်တယ်။ တချို့ အသက်ရှင်ကျန်ရစ်သူတွေက ကျန်ရှိနေတဲ့အကျိုးဆက်တွေကြားမှာ ရုန်းကန်နေကြရတုန်းပဲ။ အထူးသဖြင့် ထောင်ကနေ မကြာသေးခင်ကမှလွတ်လာတဲ့ စောက--- က သူ့အနေနဲ့ ထောင်ထဲမှာ ၁၀ နှစ်ကျော်လောက် နေပြီးမှ ပြန်လွတ်လာတဲ့အခါ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ပြန်လည်စတင်လုပ်ကိုင်ဖို့အတွက် အခက် အခဲတွေကြုံတွေ့ရတယ်။ လက်ရှိအစိုးရအနေနဲ့လည်း အဲ့ဒီအတွက် တာဝန်ခံမှုရှိသင့်တယ်။"*[402]

## အခြားထောက်ပံ့မှုပုံစံများ

အခြားသော မေးခွန်းဖြေကြားသူများမှာ ၎င်းတို့၏ဘဝကို ပြန်လည်ထူထောင်ရန်အတွက် အကောင်းဆုံး အဖြေ မှာ ငွေကြေးနှင့်ပစ္စည်းအထောက်အပံ့များပေးအပ်သည့် အစီအစဉ်များဖြစ်သည်ဟု ရှုမြင်ကြသည်။ ညောင်လေး ပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက *"လူ့အခွင့်အရေး ချိုးဖောက်ခံရသူတွေ (နေရပ်ရွှေ့ ပြောင်းခံရ သူများ) အနေနဲ့ လူမှုရေး အထောက်အပံ့ပစ္စည်းတွေဖြစ်တဲ့ အဝတ်အထည်တွေ အစားအသောက်တွေအပြင် အားပေးမှုတွေလိုအပ်တယ်။"*[403] ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက *"ပိုင်ဆိုင်မှု ဆုံးရှုံးသွား သူတွေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကနေ အသက်ရှင်ကျန်ရစ်သူတွေအတွက် သင့်တော်တဲ့ အထောက်အပံ့ ဒါမှမဟုတ် လျော်ကြေးတွေကို အစိုးရနဲ့အာဏာပိုင်တွေအနေနဲ့ ပြင်ဆင်ထားသင့်တယ်။ အာဏာပိုင်တွေ အနေနဲ့ သင့်တော်တဲ့အရင်းမြစ်တွေနဲ့ အထောက်အပံ့တွေကို နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့သူတွေအတွက် ပြင်ဆင်ပေးသင့်တယ်။ သူတို့တွေအနေနဲ့ အဲ့ဒီလူတွေအတွက် သူတို့ရဲ့စားဝတ်နေရေး ပြန်လည် အနည်ထိုင် လာတဲ့အချိန်အထိ အနည်းဆုံး ၆ လ ကနေ ၁ နှစ်အထိ ထောက်ပံ့ပေးရမယ်။ အသက်ရှင်ကျန်ရစ်သူတွေအတွက် သင့်တော်တဲ့ စီးပွားရေးအခွင့်အလမ်းတွေကိုလည်း ဖန်တီးပေးရမယ်။"*[404]

ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ကျိုးကြောင်းဆီလျော်မှုရှိသည့် မူတစ်ရပ်ကို ပြတ်သား စွာ ဖော်ပြခဲ့သည်။ *"တကယ်တော့ လူတစ်ယောက်က သူ့ရဲ့အသက်မွေးဝမ်းကျောင်းအတွက် ဘာမှမလုပ်နိုင် တော့တဲ့အထိ အရိုက်ခံရတယ်ဆိုရင် ကျူးလွန်သူက ခံရသူရဲ့အသက်မွေးဝမ်းကျောင်းအတွက် လျော်ကြေးပေးရ မယ်။ ဥပမာအားဖြင့် ကျွန်မအမျိုးသားက လက်နက်ကိုင်ပဋိပက္ခကာလအတွင်းမှာ လက်တစ်ဖက်ဆုံးရှုံးလိုက်ရ တဲ့နောင်းပိုင်း သူ့ရဲ့အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆုံးရှုံးမှုတွေအတွက် နစ်နာကြေးလျော်ကြေးတွေ ရသင့် တယ်။"*[405]

## အသက်ရှင်ကျန်ရစ်သူများအတွက် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ပေးခြင်း

လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ကျူးလွန်မှုများသည် အသက်ရှင်ကျန်ရစ်သူများအပေါ် ဆိုးရွားသောရေရှည် စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု ရှိစေနိုင်သည်။ သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက လူ့ အခွင့်အရေးချိုးဖောက်ခံရသူများအတွက် အခြားသောထောက်ပံ့ခြင်းများနှင့်အတူ စိတ်ပိုင်းဆိုင်ရာ ကုစားပေးမှု များလည်း လိုအပ်သည်ဟု ခံစားရကြောင်းတင်ပြခဲ့သည်။ *"ခံရသူတွေအနေနဲ့ သူတို့ရဲ့ခံစားချက်ကို ထုတ်ဖော် ပြောဆိုနိုင်ဖို့အတွက် နှစ်သိမ့်အားပေးမှုတွေ၊ လွတ်လပ်မှုတွေနဲ့ လုံခြုံမှုတွေရရှိဖို့ လိုအပ်တယ်။"*[406] မြိတ်- ထားဝယ်ခရိုင်မှ အခြားသောအမျိုးသမီးတစ်ဦးက *"ပထမဆုံးအနေနဲ့ သူတို့တွေအားပေးစကားနဲ့ ဆွေးနွေး*

[402] Source #22 တွင် ကြည့်ပါ။
[403] Source #4 တွင် ကြည့်ပါ။
[404] Source #23 တွင် ကြည့်ပါ။
[405] Source #75 တွင် ကြည့်ပါ။
[406] Source #18 တွင် ကြည့်ပါ။

*တိုင်ပင်မှုတွေလိုအပ်တယ်။ ဒုတိယအနေနဲ့ကတော့ သူတို့တွေ တခြားအထောက်အပံ့တွေဖြစ်တဲ့ ငွေကြေး၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုနဲ့ လူမှုဖူလုံရေးဆိုင်ရာ အကူအညီ အထောက်အပံ့တွေလိုအပ်တယ်။"*[407]


## (ခ) မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လက်ရှိတရားစီရင်ရေးစနစ်အပေါ် အမြင်သဘောထားများ

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် တရားစီရင်ရေးစနစ်တစ်ခုတည်းကိုသာ ကျင့်သုံးသည်မဟုတ်ပေ။ ဒေသခံများသည် ၎င်းတို့နေသည့်နယ်မြေ၏ အုပ်ချုပ်သူအပေါ် မူတည်၍ တရားစီရင်ရေးစနစ် သုံးခုကို ရောနှောကျင့်သုံးကြသည်။ ထိုတရားစီရင်ရေးစနစ်သုံးခုမှာ ဓလေ့ထုံးတမ်းဆိုင်ရာ တရားစီရင်ရေးစနစ်၊ မြန်မာအစိုးရ၏ တရားစီရင်ရေးစနစ်နှင့် KNU ၏ တရားစီရင်ရေးစနစ်တို့ဖြစ်သည်။[408] ကျေးရွာအားလုံးက ကျေးရွာအတွင်း ဖြေရှင်း၍ရသည့်ကိစ္စရပ်များကို ဖြေရှင်းရာတွင် ကျေးရွာရှိ ရွာသူရွာသားများအကျွမ်းတဝင်ရှိသည့် ဓလေ့ထုံးတမ်းဆိုင်ရာ တရားစီရင်ရေးစနစ်ကို ဦးစွာအသုံးပြုပြီး ဖြေရှင်းကြသည်။ သို့သော် အထက်အာဏာပိုင်များဖြေရှင်းရမည့် ပိုမိုရှုပ်ထွေးသည့်ကိစ္စရပ်များတွင်မူ ရွေးချယ်ရန်နည်းလမ်းနှစ်ခုရှိသည်။ ထိုသို့ ရွေးချယ်ရာတွင် ရွေးချယ်ခြင်းပြုမည့် ကျေးရွာသည် မြန်မာအစိုးရ၊ KNU သို့မဟုတ် ရောနှောအုပ်ချုပ်မှု စသည်ဖြင့် မည်သည့် အုပ်ချုပ်မှုအောက်တွင် ရှိသည်အပေါ်တွင် မူတည်သည်။

အောက်တွင်ဖော်ပြထားသည့် ဇယားတွင် KNU ၏ တရားစီရင်ရေးစနစ်၊ အစိုးရ၏ တရားစီရင်ရေးစနစ် သို့မဟုတ် တရားစီရင်ရေးစနစ် နှစ်ခုလုံးအား အသုံးပြုသူများ၏ အရေအတွက်အား ရာခိုင်နှုန်းများဖြင့် ဖော်ပြထားသည်။

အောက်တွင်ဖော်ပြထားသည့် ဇယားတွင် တရားစီရင်ရေးစနစ်အလိုက် အသုံးပြုသူများ၊ အသုံးပြုနိုင်သူများအား ခရိုင်အလိုက် ခွဲခြားဖော်ပြထားသည်။

**အသုံးပြုနေသော တရားစီရင်ရေးစနစ်အမျိုးအစား**




407 Source #14 တွင် ကြည့်ပါ။

408 SaferWorld မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော "Security, justice and governance in south east Myanmar; Justice provision in south east Myanmar", တွင်ကြည့်ပါ။

ယခင်နှင့်လက်ရှိ တရားစီရင်ရေးစနစ်များသည် အပစ်ခတ်ရပ်စဲရေး မတိုင်မီကာလများက ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် အကြမ်းဖက်မှုများကို ဖြေရှင်းရန်အတွက် လုံလောက်သည့် အရင်းအမြစ်များ မရှိကြောင်း မေးခွန်းဖြေကြားသူများက တွေ့ရှိခဲ့ကြသည်။ သို့သော် ဆက်လက်ဖြစ်ပေါ် နေသော အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို လက်ရှိတရားစီရင်ရေးစနစ်များက ဖြေရှင်းနိုင်မှုရှိမရှိနှင့် ပတ်သက်ပြီး မေးခွန်းထုတ်စရာ ဖြစ်လာခဲ့သည်။ အောက်တွင်ဖော်ပြထားသောအခန်းက ထိုမေးခွန်းကို ဖြေနိုင်ရန်အတွက် ကြိုးပမ်းထားသည်။

ရောနှောအုပ်ချုပ်နယ်မြေ သို့မဟုတ် KNU နှင့် မြန်မာအစိုးရ၏ အုပ်ချုပ်မှုနယ်မြေအကြားရှိ နယ်စပ်ဒေသ တစ်လျှောက်တွင် နေထိုင်သူများသည် သဘောတရားအရ တရားစီရင်ရေးစနစ် နှစ်ခုလုံးအား အသုံးပြုနိုင်ခွင့် ရှိသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား *"မြန်မာအစိုးရနဲ့ KNU ရဲ့ တရားစီရင်ရေးစနစ် နှစ်ခုလုံးကို ကျွန်တော်တို့ရဲ့ရွာမှာ သုံးတယ်။ တစ်ခုခုဖြစ်ပြီဆိုရင် ခံရတဲ့သူက ဘယ်တရားရေးစနစ်ကို သုံးချင်လဲဆိုတာ သူ့အပေါ် မှာပဲမူတည်တယ်။ ဟုတ်တယ်။ တကယ်လို့သူက နှစ်ခုလုံးကိုကြိုက်လို့ နှစ်မျိုးလုံးသုံးချင်တယ်ဆိုရင်လည်းရတယ်။ နှစ်မျိုးလုံးကမင်းရဲ့ပြဿနာကိုဖြေရှင်းနိုင်တယ်။"*[409]

ဥပမာအားဖြင့် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက တရားစီရင်ရေးစနစ်နှစ်ခုလုံးကို အသုံးပြုခဲ့သည်။ *"ကျွန်မတို့ရွာမှာ KNU နဲ့ မြန်မာအစိုးရဲ့ တရားစီရင်ရေး စနစ်နှစ်ခုလုံးကို သုံးတယ်။ မြေယာနဲ့ ပတ်သက်တဲ့ကိစ္စတွေဆိုရင် နှစ်ဘက်လုံးကို အကူအညီတောင်းလို့ရတယ်။ တကယ်လို့ KNU ဆီကနေ အကူအညီမရနိုင်ဘူးဆို မြန်မာအစိုးရဘက်ကို အကူအညီတောင်းလို့ရတယ်။ မြန်မာအစိုးရဘက်ကနေ အကူအညီ မရနိုင်ဘူးဆိုရင် KNU ကို အကူအညီတောင်းလို့ရတယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ တရားမျှတမှုရတဲ့အထိ ကြိုးစားဖို့လိုတယ်။"*[410]

အချို့သောအခြေအနေများတွင် သေးငယ်သည့်နယ်မြေများအတွင်းတွင်ပင် ထိုတရားစီရင်ရေးစနစ်များအား အသုံးပြုနိုင်ခွင့်ကို တစ်ခါတစ်ရံ နယ်မြေအနေအထားပေါ် အခြေခံပြီး ပိုင်းခြားသတ်မှတ်ထားသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက "ကျွန်တော်တို့ဒေသထဲမှာ တရားစီရင်ရေးစနစ်နှစ်ခုရှိတယ်။ လမ်းမကြီးဘေးမှာနေတဲ့သူတွေက အစိုးရဲ့တရားစီရင်ရေးစနစ်ကိုသုံးပြီးတော့ လမ်းမကြီးနဲ့ဝေးတဲ့နေရာမှာ နေတဲ့သူတွေက KNU ရဲ့တရားစီရင်ရေးစနစ်ကို သုံးတယ်။"[411]

ထိုစနစ်များအားလုံးတွင် ချို့ယွင်းချက်များရှိနေသည်။ အစိုးရနှစ်ရပ်လုံးတွင် ခိုင်မာအားကောင်းသည့် တရားစီရင်ရေးနှင့်ပတ်သက်သော သမိုင်းကြောင်းမရှိသည့်အတွက် ဤအချက်မှာ အံ့သြဘွယ်မဟုတ်ပေ။ ယခု ထိုတရားစီရင်ရေးစနစ်တစ်ခုစီအား လေ့လာစမ်းစစ်ကြမည်ဖြစ်သည်။

## ၁) ဓလေ့ထုံးတမ်းအရ တရားစီရင်ရေးစနစ်

ကရင်ဒေသခံများသည် ပြဿနာများကို ကျေးရွာအဆင့်တွင် ဖြေရှင်းရန် ပိုမိုလိုလားကြသည်။ အခြားသော တရားစီရင်ရေးစနစ်များရှိသော်လည်း အသေးငယ်ဆုံးသောအမှုများကို ရွာသူကြီးများမှ ဖြေရှင်းပေးကြရသည်။

ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦး၏ ပြောကြားချက်အရ *"အဲ့ဒါက ကျေးရွာအဆင့်နဲ့ ဖြေရှင်းလို့ရတဲ့ ကိစ္စသေးသေးလေးတွေပဲ။ ကျွန်တော်တို့ ကြီးတဲ့အမှုကို ငယ်အောင် ငယ်တဲ့အမှုကိုပပျောက်အောင် လုပ်လို့ရတယ်။"*[412] အမှန်တကယ်ပင် ဤစာတန်းတွင်ဖော်ပြထားသည့် ဒုတိယစာကြောင်းသည် ကရင်အရပ်သားများ၏ ယေဘုယျစိတ်နေသဘောထားကို ဖော်ပြနေသည်။ ကရင်အရပ်သားများအနေဖြင့် ၎င်းတို့၏

409 Source #45 တွင် ကြည့်ပါ။
410 Source #43 တွင် ကြည့်ပါ။
411 Source #35 တွင် ကြည့်ပါ။
412 Source #52 တွင် ကြည့်ပါ။

ပြဿနာများကို အရေးမကြီးပါက လူအများထံသို့ချပြလိုစိတ်မရှိပဲ ထိုပြဿနာများအား တတ်နိုင်သမျှ လျင်လျင်မြန်မြန် တိတ်တိတ်ဆိတ်ဆိတ်နှင့် ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းလိုကြသည်။ ထို့အတွက်ကြောင့် ကျေးရွာအဆင့်ပြဿနာဖြေရှင်းခြင်းယန္တရားများသည် တရားစီရင်ရေးခုံရုံးပုံစံထက် အငြင်းပွားမှုဖြေရှင်းရေး သို့မဟုတ် ကြားဝင်ဖျန်ဖြေသည့် ပုံသဏ္ဌာန်ဆောင်သည်။

ဤသို့ ပိုမိုသေးငယ်သော ကိစ္စရပ်များအတွက် ဒေသခံခေါင်းဆောင်များ၏ တရားစီရင်ရေးနှင့် ပတ်သက်ပြီး မေးခွန်းဖြေကြားသူများမှ တိုင်ကြားမှုအချို့ရှိသည်။ အဓိကဖော်ပြသော ကိစ္စရပ်များမှာ အကျင့်ပျက်ခြစားခြင်းနှင့် လာဘ်စားခြင်းတို့ဖြစ်သည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦး၏ ရှင်းပြချက်အရ *"ကျွန်မတို့ အခုသုံးနေတဲ့ ကျေးရွာအဆင့် တရားစီရင်ရေးဆိုတာကလည်း တစ်ခါတစ်လေ မျှတမှုမရှိဘူး။ ကျွန်မတို့ရဲ့ တရားစီရင်ရေးစနစ်မှာလည်း အကျင့်ပျက်ခြစားတာတွေ၊ လာဘ်စားတာတွေရှိတယ်။ ဒါတွေက လုံးဝ မပပျောက်သွားသေးဘူး။"*[413] သို့သော် လူအများစုမှာ ဤကိစ္စနှင့်ပတ်သက်ပြီး ဖော်ပြခြင်းမရှိသည့်အတွက် ထိုကိစ္စသည် နေရာတိုင်းတွင်ဖြစ်လေ့ရှိသည့် ပြဿနာတစ်ခုမဟုတ်ပေ။ အမှန်တကယ်တွင် ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ အမျိုးသားတစ်ဦးက သူ၏ကျေးရွာအတွင်းရှိရွာသူကြီးမှ မည်သို့လာဘ်စားမှုမရှိကြောင်းကို ဤသို့ဖော်ပြခဲ့သည်။ *"ဟုတ်တယ်။ ကျွန်တော် အဲ့ဒါနဲ့ပတ်သက်ပြီး ကြားဖူးပေမယ့် ကျွန်တော်တို့ရဲ့ ဒေသတွင်းမှာတော့ လာဘ်စားတာလုံးဝမရှိဘူး။ တစ်ခါတစ်လေ လာဘ်ပေးလာဘ်ယူတွေမရှိတော့ လူတွေက ရွာလူကြီးအလုပ်ကို တောင် မလုပ်ချင်ဘူး။ ဒါပေမယ့် ဒေသခံတွေက ခေါင်းဆောင်နေရာကို သူတို့ရဲ့ ကိုယ်ကျိုးအတွက် ယူတာမဟုတ်ဘူး။ သူတို့ရဲ့ ဒေသအတွက် ကူညီချင်လို့သာ လုပ်တာဖြစ်တယ်။ ကျွန်တော်တို့ကလည်း ကိုယ့်ဒေသရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာရတယ်။ လာဘ်စားမှုတွေဖြစ်လာမှာစိုးတဲ့အတွက် ပြစ်ဒဏ်ပေးတာတွေ လျော်ကြေးပေးတာတွေကို (ငွေကြေးပေးခြင်းဖြင့်) မလုပ်ကြဘူး။"*[414]

ဤတရားစီရင်ရေးစနစ်၏ အကြီးမားဆုံးစိန်ခေါ်မှုမှာ တရားစီရင်မှုအသုံးပြုနိုင်စွမ်းအပေါ် အကန့်အသတ် ရှိခြင်းပင်ဖြစ်သည်။ ကျေးရွာခေါင်းဆောင်များအနေဖြင့် ၎င်းတို့၏ တရားစီရင်ချက်များအတိုင်း လိုက်နာစေရန်အတွက် အာဏာအကန့်အသတ်သာရှိပြီး KNU နှင့် မြန်မာအစိုးရတို့ ကိုင်တွယ်ဖြေရှင်းရန်လိုသည့် ကိစ္စရပ်များကို စီရင်ရန်မတတ်နိုင်ပေ။ ထိုသို့သောကိစ္စရပ်များကိုမူ အောက်ပါစနစ်များထဲမှ တစ်ခုကဖြေရှင်းပေးရန် လိုအပ်သည်။

## ၂) မြန်မာအစိုးရ၏ တရားစီရင်ရေးစနစ်

မြန်မာအစိုးရ၏ တရားစီရင်ရေးစနစ်အား လက်လှမ်းမီသည့် နေရာများတွင်နေထိုင်သည့် ဒေသခံများအနေဖြင့် ကိစ္စရပ်များရှုပ်ထွေးသည့်အချိန်တွင်သာ ထိုစနစ်အား ကျင့်သုံးကြသည်။ သို့သော်လည်း အချို့သောကိစ္စရပ်များတွင် ထိုစနစ်အတိုင်းကျင့်သုံးရန်အတွက် အတားအဆီးများစွာရှိသည်။ ပထမဆုံးအချက်မှာ ထိုစနစ်သည် အလွန်တရာ ငွေကြေးအကုန်ကျများသည့်စနစ်ဖြစ်သည်ဟု ယူဆကြသည်။ ထို့အပြင် ဥပဒေပညာရှင်များကို ငှားရမ်းခ ကုန်ကျစရိတ်များ၊ တရားရုံးကုန်ကျစရိတ်များ၊ တရားရုံးသို့ သွားလာရသည့် စရိတ်များနှင့် တစ်နေ့တာ လုပ်အားခ ဆုံးရှုံးရခြင်းများကို တရားရုံးတက်သူများအနေဖြင့် ကြုံတွေ့ခံစားကြရသည်။ ထို့အပြင် မြန်မာအစိုးရ၏ တရားစီရင်ရေးစနစ်တွင် အမှုများအား အချိန်ကာလအားဖြင့်ကြာရှည်အောင် ဆွဲထားသောကြောင့် တရားရုံးသို့ အကြိမ်ရေ ပိုမိုများပြားစွာသွားရခြင်း၊ ငွေပိုကုန်ခြင်းနှင့် ဝင်ငွေဆုံးရှုံးမှုအခြေအနေ ပိုများခြင်းတို့အပြင် အကြမ်းဖက်မှုနှင့် ပြစ်ဒဏ်ချမှတ်ခြင်းတို့အကြား သို့မဟုတ် လွတ်ငြိမ်းခွင့်တို့ကြားတွင် အချိန်ကုန်မှုပိုများသည်ဟု ထင်မြင်ယူဆရသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"ကျွန်မတို့ တကယ်လို့ တရားရုံးကိုသွားမယ်ဆိုရင် သွားလာရေးအတွက် ပိုက်ဆံလိုတယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ သွားလာစရိတ်တင်မက ပဲစားသောက်စရိတ်လည်းရှာရတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ မိသားစုတွေက စားစရာလိုတယ်။*

[413] Source #68 တွင် ကြည့်ပါ။

[414] Source #61 တွင် ကြည့်ပါ။

*ဒီအရာတွေက ကျွန်မတို့အတွက် အမှန်တရားနဲ့ တရားမျှတမှုတွေပေါ်လာစေဖို့ အချိန်ဆွဲနေတာဖြစ်တယ်။"*[415]

မြန်မာအစိုးရ၏ တရားစီရင်ရေးစနစ်သည် ကရင်ဒေသခံများကိုဆန့်ကျင်ပြီး ဘက်လိုက်မှုအမှန်တကယ်ရှိနေခြင်း သို့မဟုတ် ရှိနေသည်ဟု ထင်မြင်ယူဆနေမှုကြောင့် မြန်မာအစိုးရ၏ တရားစီရင်ရေးစနစ်အား ကျင့်သုံးရန်အတွက် နောက်ထပ်အဟန့်အတားဖြစ်နေသည်။ မြင်သာသည့်အချက်တစ်ချက်မှာ ဗမာစကား မပြောနိုင်သူများအတွက် ဘာသာစကားအခက်အခဲရှိပြီး ထိုအခက်အခဲမှာ ကျေးလက်ဒေသများတွင်နေထိုင်သည့် ကရင်အမြောက်အများခံစားရသည့် အခက်အခဲဖြစ်သည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက ဖော်ပြခဲ့သည်မှာ *"သူတို့တွေ တရားရုံးကိုသွားရင်တောင်မှ သူတို့မှာ ဘာသာစကားအခက်အခဲတွေ၊ ဥပဒေနဲ့ တရားရုံးစနစ်တွေနဲ့ပတ်သက်ပြီး ဗဟုသုတမရှိတာတွေ စတဲ့ အခက်အခဲတွေရှိတယ်။"*[416] ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ အမျိုးသားတစ်ဦးက မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်သည် တရားမျှတမှုမရှိသော၊ ဘက်လိုက်သောစနစ်ဖြစ်သည်ဟု ယူဆထားသည်။ *"ဖာပွန်ခရိုင်မှာရှိတဲ့ ဒေသခံတွေက KNU ရဲ့ တရားစီရင်ရေးစနစ်ကို ပိုပြီးအားကိုးကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ တရားစီရင်ရေးစနစ်က မြန်မာအစိုးရရဲ့ စနစ်ထက်ပိုပြီး မျှတမှုရှိတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာအစိုးရရဲ့ တရားစီရင်ရေးစနစ်က ဘက်လိုက်မှုရှိပြီး သူတို့ရဲ့ ဝန်ထမ်းတွေဘက်ကို ပိုပြီးအလေးသာတယ်။"*[417]

အကျင့်ပျက်ချစားမှုများနှင့် အဂတိလိုက်စားမှုများသည် မြန်မာအစိုးရ၏ တရားစီရင်ရေးစနစ်အတွင်း တည်ရှိနေသော ပြဿနာများအဖြစ် သတ်မှတ်ထားသည်။ မည်သည့်တရားခွင်ကြားနာစစ်ဆေးမှုစနစ်တွင်မဆို ပိုမိုကောင်းမွန်ပြီး အရေအတွက်ပိုများသော ဥပဒေပညာရှင်များအား ငှါးရမ်းနိုင်သူ၊ ပိုမိုတိကျသည့် အထောက်အထားပြနိုင်သူ၊ ဗဟုသုတကြွယ်ဝသော၊ အတွေ့အကြုံရှိသောပညာရှင်များနှင့် မျက်မြင်သက်သေများရှိခြင်းက အခွင့်အရေးပိုများသည်။ သို့သော် အကျင့်ပျက်ခြစားမှုသည် မြန်မာနိုင်ငံအတွင်းရှိ တရားရုံးများတွင် ဖြစ်လေ့ဖြစ်ထရှိပြီး နေရာအနှံ့တွင်ရှိသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"ကျွန်မတို့က ရှေ့နေမငှါးနိုင်ဘူး။ တရားသူကြီးကိုလည်း ငွေမပေးနိုင်ဘူး။ ဒါကြောင့် ကျွန်မတို့ဒီအမှုမှာ မနိုင်ဘူး။"*[418]

ထို့အပြင် တရားစီရင်ခြင်းစနစ်များတွင် ပွင့်လင်းမြင်သာမှုမရှိခြင်းကလည်း အရပ်သားများ၏ယုံကြည်မှုကို လျော့နည်းစေပြီး အာဏာရှိသူများအား ပြစ်ဒဏ်မှကင်းလွတ်ခွင့် ရရှိစေသည်ဟူသော ယူဆချက်ကို ပိုမိုခိုင်မာစေသည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦး၏ ပြောကြားချက်အရ *"သူတို့က ပွင့်လင်းမြင်သာတဲ့နည်းနဲ့ စုံစမ်းစစ်ဆေးတာတွေမလုပ်ဘူး။ ကျွန်မတို့ မေးခွန်းမေးချင်ပေမယ့် သူတို့က မေးခွန်းမေးခွင့်မပေးဘူး။ ကျွန်မတို့ရဲ့ အဖြေတွေကိုလည်း ထည့်သွင်းစဉ်းစားခြင်းမရှိဘူး။ ဒါက မကောင်းဘူး။ ကျွန်မတို့ပြောချင်တာကို သူတို့က နားမထောင်ဘူး။ သူတို့ဘာတွေ ဖွက်ထားလဲ ကျွန်မတို့ မသိဘူး။ ဒီအမှုကို စစ်ဆေးဖော်ထုတ်ဖို့အတွက် ကျွန်မတို့ရဲ့ ခံစားချက်တွေကိုလည်း သူတို့နားထောင်ရမယ်။"*[419]

အခြားသော မေးခွန်းဖြေကြားသူတစ်ဦးက တသမတ်တည်းမရှိသည့် ပြစ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်း စံချိန်စံနှုန်းများ၊ ကျူးလွန်သည့်အပြစ်များအတွက် မညီမျှသည့်စွဲချက်ချမှုများနှင့် ဥပဒေအား အသုံးပြုခြင်းများကို ဖော်ပြခဲ့သည်။ မေးခွန်းဖြေကြားသူတစ်ဦးမှ မူးယစ်ဆေးဝါး လက်ဝယ်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းများတွင် တသမတ်တည်း မရှိခြင်းနှင့်ပတ်သက်ပြီး မီးမောင်းထိုးပြခဲ့သည်။ *"ကောင်လေးတစ်ယောက်ကို ယာဘလေးတစ်ပြားနှစ်ပြားနဲ့ဖမ်းမိတုန်းက ထောင်ကိုသူတို့က နှစ်အကြာကြီးချခဲ့တယ်။ ဒါပေမယ့် ကားပေါ်မှာ ယာဘအပြည့်သယ်လာတဲ့ လူကိုဖမ်းမိတော့ သူတို့က စုံစမ်းစစ်ဆေးတာတောင် မလုပ်တော့ဘူး။"*[420] တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း တရားရုံးများတွင် ကောင်းမွန်သော စီမံ

[415] Source #41 တွင် ကြည့်ပါ။
[416] Source #35 တွင် ကြည့်ပါ။
[417] Source #26 တွင် ကြည့်ပါ။
[418] Source #41 တွင် ကြည့်ပါ။
[419] Source #43 တွင် ကြည့်ပါ။
[420] Source #77 တွင် ကြည့်ပါ။

ခန့်ခွဲမှု မရှိခြင်းနှင့်ပတ်သက်ပြီး တင်ပြခဲ့သည်။ *"ကျွန်မတို့ တကယ့်ဆုံးဖြတ်ချက်ချထားတဲ့ စာရွက်ကိုမရခဲ့ဘူး။ သူတို့က အဲ့ဒါကို တရားရုံးမှာ ရှာမတွေ့ဘူးလို့ပြောတယ်။ ဒါပေမယ့် တစ်ယောက်ယောက် ဆီမှာ အဲ့ဒီစာရွက်ရှိတာ သေချာတယ်။"*[421]

## ကရင်အမျိုးသားအစည်းအရုံး၏ တရားစီရင်ရေးစနစ်

ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းအချက်အလက်များ အထူးသဖြင့် KNU ၏နယ်မြေ သို့မဟုတ် KNU ၏ နယ်မြေနှင့်နီးစပ်သော ရောနှောအုပ်ချုပ်မှု နယ်မြေများမှရရှိသော သတင်းအချက်အလက်များအရ ဒေသခံများ အနေဖြင့် KNU ၏ တရားစီရင်ရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြသည်။ သို့သော် ထိုတရားရေးစနစ် သည် ၎င်းတို့အတွက် တရားမျှတမှုကို အမြဲတစေယူဆောင်လာပေးသည်မဟုတ်ပေ။ မေးခွန်းဖြေကြားသူ အများစုက ထိုတရားစီရင်ရေးစနစ်တွင် တရားမျှတမှုနှင့်ပတ်သက်ပြီး မေးခွန်းထုတ်ထားသည်။ ရဲများသည် ဥပဒေစိုးမိုးရေးကို ကျင့်သုံးရန်အတွက် ပျက်ကွက်လေ့ရှိပြီး ပြည်သူများ၏ တရားဥပဒေနှင့်ဆိုင်သည့် အသိပညာ ဗဟုသုတမရှိမှုများသည် အခက်အခဲများဖြစ်သည်ဟု မေးခွန်းဖြေကြားသူအများစုက တင်ပြခဲ့သည်။ ထို့အပြင် အကျင့်ပျက်ခြစားခြင်း၊ ဘက်လိုက်ခြင်းနှင့် တရားရုံးများတွင် လျော်ကန်မှုမရှိသည့် အပြစ်ပေးခြင်းများသည် တရားစီရင်ရေးစနစ်တွင် တရားမျှတမှုများရရှိရန်အတွက် အဟန့်အတားဖြစ်စေသည်။

### (က) KNU တရားစီရင်ရေးစနစ်၏ အားသာချက်များ

မေးခွန်ဖြေကြားသူများက ၎င်းတို့အနေဖြင့် KNU ၏ တရားစီရင်ရေးစနစ်ကို အသုံးပြုရခြင်းအကြောင်းရင်းမှာ ၎င်း၏ ပွင့်လင်းမြင်သာမှုနှင့် လက်လှမ်းမီနိုင်မှုတို့ကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် တောင်ငူခရိုင်၊ သံတောင်ကြီး မြို့နယ်မှ အမျိုးသားတစ်ဦးက ထိုတရားစီရင်ရေး၏ ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်ပြီး အမွှမ်းတင် ပြောခဲ့သည် မှာ *"အမှန်တကယ်တော့ ကျွန်တော်တို့အနေနဲ့ KNU ရဲ့ တရားစီရင်ရေးစနစ်ကို ပိုပြီးကြိုက်တယ်။ ဘာကြောင့်လဲ ဆိုတော့ KNU ရဲ့ ခေါင်းဆောင်တွေက အဆင့်နှစ်ဆင့်နဲ့သွားတယ်။ ပထမအဆင့်အနေနဲ့ ကျူးလွန်ခံရတဲ့သူက ဘယ်သူဆိုတာကို သိဖို့အတွက်ရယ် ဘယ်သူတွေက အခွင့်အရေးသမားတွေ ဒါမှမဟုတ် တိုက်ခိုက်သူတွေ ဖြစ်တယ်ဆိုတာကို သိဖို့အတွက် သူတို့က ကိစ္စရပ်ကို သေချာစုံစမ်းစစ်ဆေးတယ်။ သူတို့က လူနှစ်ယောက်ကို ခေါ်ပြီး အမှန်တကယ်ဘာဖြစ်ခဲ့တယ်ဆိုတာကို သေချာနားလည်အောင်လုပ်တယ်။ ဒါ့အပြင် ရွာလူကြီးတွေနဲ့ ရွာသားတွေကိုလည်း လာပြီးနားထောင်ခိုင်းတယ်။ ဒါကိုကြည့်ခြင်းဖြင့် ဒီတရားရေးစနစ်မှာ ပွင့်လင်းမြင်သာမှု တွေကိုတွေ့နိုင်တယ်။ တရားစီရင်တဲ့အခါမှာ တရားသူကြီးသုံးယောက်ပါတယ်။ ဒီအမှုကိုစုံစမ်းစစ်ဆေးတဲ့ KNU ရဲ့ ရဲပါတယ်။ တရားခံရယ်၊ တရားလိုရယ်၊ ရွာသားတွေရယ်၊ ကျေးရွာခေါင်းဆောင်တွေရယ် ပါတယ်။ အဲ့ဒီနောက် မှာ တရားသူကြီးသုံးဦးက ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ မေးခွန်းတွေမေးပြီးတော့ ရှာဖွေဖော်ထုတ်မှုတွေလုပ်တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ KNU ရဲ့ တရားရုံးမှာဆိုရင် တရားမျှတမှုပိုရတယ်လို့ ခံစားရတယ်။"*[422]

မေးခွန်းဖြေကြားသူများက KNU ၏ တရားစီရင်ရေးစနစ်သည် မျှတမှုရှိကြောင်း ရှာဖွေတွေ့ရှိကြသည်။ တောင်ငူ ခရိုင်၊ ထန်းတပင်မြို့နယ်မှအမျိုးသားတစ်ဦးက *"အားလုံးက KNU ရဲ့ တရားစီရင်မှုစနစ်နဲ့ပဲ ပြီးသွားတယ်။ စီရင်ချက်ချပြီးတော့လည်း ဆိုးကျိုးဘာတစ်ခုမှမရှိတဲ့အတွက် ကျွန်တော်တို့တရားရုံးကို နောက်တစ်ခေါက် သွားစရာမလိုဘူး။"*[423] ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်မှ အမျိုးသားတစ်ဦးက *"ကျွန်တော်ရဲ့ တရားရုံးတွေကို သွားဖူးတဲ့အတွေ့အကြုံအရ ဒီစနစ်က တော်တော်ကိုကောင်းတယ်ဆိုတာ တွေ့ရတယ်။ ကျွန်တော်တို့ရဲ့ ခေါင်း ဆောင်တွေက ကိစ္စရပ်တွေကို ဖြေရှင်းဖို့ကြိုးစားပြီး ကျူးလွန်သူတွေနဲ့ ခံရသူတွေအကြားမှာရှိတဲ့ တင်းမာမှုတွေ ကို ဖြေလျော့အောင်လုပ်ပြီး လူတွေကို ပြန်လည်စည်းလုံးမှုရှိအောင် လုပ်ခဲ့တယ်။"*[424]

[421] Source #41 တွင် ကြည့်ပါ။
[422] Source #35 တွင် ကြည့်ပါ။
[423] Source #11 တွင် ကြည့်ပါ။
[424] Source #28 တွင် ကြည့်ပါ။

KNU ၏ တရားစီရင်ရေးစနစ်အပေါ် ဒေသခံများ ယုံကြည်ရခြင်း၏ အခြားသော အကြောင်းရင်းတစ်ရပ်မှာ KNU နှင့် ဆက်စပ်နေသည့်အတွက်ဖြစ်သည်။ KNU သည် ကရင်တိုင်းရင်းသားများအားကိုယ်စားပြု၍ ကရင်လူမျိုးများ အတွက် မြန်မာအစိုးရအားဆန့်ကျင်ပြီး စည်းရုံးလှုံ့ဆော်မှုများအား နှစ်ပေါင်းခုနှစ်ဆယ်ပြုလုပ်ပေးသော အဖွဲ့ဖြစ်သည်။ ဥပမာအားဖြင့် သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား ပြောခဲ့သည်မှာ "*KNU က တရားမျှတမှုအတွက် တာဝန်ရှိတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့က ကရင်လူမျိုးဖြစ်တဲ့ အတွက် ကျွန်မတို့က သူတို့နဲ့သက်ဆိုင်တယ်။*"[425] ထိုနည်းတူစွာပင် ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးကလည်း ဤသို့ပြောခဲ့သည်။ "*သူတို့ [KNU]က တိုင်းရင်းသားတစ်ဖွဲ့အနေနဲ့ လွတ်လွတ်လပ်လပ် နေပြီး ကရင်လူမျိုးကိုကာကွယ်ပေးချင်တယ်။ သူတို့က အမျိုးသားရေးဝါဒကြီးစိုးတဲ့နိုင်ငံ (ဗမာဝါဒီကြီးစိုးခြင်း) မှာနေပေမယ့် သူတို့တွေငြိမ်းချမ်းရေးတည်ဆောက်ဖို့အတွက် နည်းလမ်းရှာတွေ့ပါလိမ့်မယ်လို့ ကျွန်တော် ထင်တယ်။*"[426]

ထိုနည်းတူစွာပင် KNU ၏ တရားစီရင်ရေးစနစ်သည် သမိုင်းကြောင်းအရ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တိုင်းရင်းသားများ လက်လှမ်းမှီနိုင်သည့် တစ်ခုတည်းသောစနစ်ဖြစ်နေခဲ့ပါသည်။ တရားမျှတမှုအား ဖော်ဆောင်ရန်အတွက် မည်သည့်အစိုးရတွင် တာဝန်ရှိသနည်းဟုမေးသည့်အခါတွင် ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်မှ အမျိုးသမီးတစ်ဦးက "*မြန်မာအစိုးရမှာ တာဝန်ရှိပေမယ့် သူတို့က ကျွန်မတို့ရဲ့ ဒေသထဲကို မလာဘူး။ ကျွန်မတို့က KNU အပေါ်မှာပဲမှီခိုရတယ်။*"[427]

## ခ) တရားမျှတမှုရရှိရန်အတွက် အတားအဆီးများ

ကရင်လူမျိုးအများစုက KNU ၏ တရားစီရင်ရေးစနစ်အား အသုံးပြုလိုသော်လည်း ထိုစနစ်အတွင်း၌ အရေးပါသည့်တိုးတက်မှုများပြုလုပ်ရန် လိုအပ်ချက်များရှိနေသေးသည်ကို ၎င်းတို့၏ အဖြေများက မီးမောင်းထိုးပြလျက်ရှိသည်။

### အကျင့်ပျက်ခြစားမှုနှင့် လာဘ်ထိုးမှု

KNU ၏ တရားစီရင်ရေး စနစ်တွင် လာဘ်စားမှုနှင့် အကျင့်ပျက်ခြစားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ် နေသည်ကို ဒေသခံများက ကြုံတွေ့ခဲ့ကြပါသည်။ ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်မှ အမျိုးသမီးတစ်ဦးက "*အရင်ကဆိုရင် 'ငွေများ တရားနိုင်' ဆိုတဲ့ စနစ်ထဲမှာ လာဘ်စားမှုနှင့် အကျင့်ပျက်ခြစားမှုတွေက အဖြစ်များတယ်။ ဒါပေမယ့် ဒီလိုအခြေအနေတွေကနေပြီးတော့ အခုဆိုရင် ပြစ်ဒဏ်အစား ပြစ်မှုကျူးလွန်သူတွေကို လျော်ကြေးပေးခိုင်းတာတွေ ပိုလုပ်လာကြတယ်။ ဥပမာအားဖြင့် ပြစ်မှုကျူးလွန်တဲ့သူတစ်ယောက်က ထောင်သုံးလ အကျခံရမယ့်အစား ငွေ၅၀၀၀၀ (ငါးသောင်း)ကျပ် ပေးရတယ်။ တချို့ အာဏာပိုင်တွေက [အပြစ်ဒဏ်မပေးပဲ] ကျူးလွန်တဲ့သူတွေဆီက နေ ငွေ ၁၀၀၀၀၀ (တစ်သိန်း) ကျပ် တောင်းတယ်။*"[428] ဤအခြေအနေသည် ခံရသူများနှင့် အခြားသူများကို မှားယွင်းပြစ်ဒဏ် ခံရစေနိုင်သည်ကို ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်မှ အမျိုးသမီးတစ်ဦးက "*တရားစီရင်ရေးစနစ်မှာ အကျင့်ပျက်ချစားတာတွေနဲ့ လာဘ်စားတာတွေရှိလာတယ်။ အကျင့်ပျက်ချစားပြီး နောက်မှာ မှန်တဲ့လူကမှားပြီး မှားတဲ့လူက မှန်သွားတယ်။*"[429]

အကျိုးဆက်အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်ကဲ့သို့သော ငွေကြေးချမ်းသာသူများက ၎င်းတို့၏ အကျိုးအမြတ် အတွက် ဤခြစားလျက်ရှိသော စနစ်အား အလွဲသုံးစားပြုနိုင်သည်။ KNU နှင့် မြန်မာအစိုးရတို့၏ တရားစီရင်ရေး စနစ်နှင့်ပတ်သက်၍ မြိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်မှ အမျိုးသားတစ်ဦးက "*ကျွန်တော် တရားစီရင်ရေး*

[425] Source #16 တွင် ကြည့်ပါ။
[426] Source #50 တွင် ကြည့်ပါ။
[427] Source #76 တွင် ကြည့်ပါ။
[428] Source #76 တွင် ကြည့်ပါ။
[429] Source #70 တွင် ကြည့်ပါ။

*နဲ့ပတ်သက်ပြီး မမျှတမှုတွေကို ခံခဲ့ရဖူးတယ်။ တရားစီရင်ရေးတွေမှာ တရားသူကြီးတွေက စီးပွားရေးလုပ်ငန်းရှင်တွေကိုပိုပြီး မျက်နှာသာပေးတယ်။"* [430]

## တရားစီရင်ရေးစီမံခန့်ခွဲမှု အားနည်းခြင်း

ပြစ်မှုကျူးလွန်သူတချို့အပေါ် KNU ၏ တရားစီရင်ရေးစနစ်လွှမ်းမိုးနိုင်မှုအားနည်းခြင်းနှင့် အရင်းအမြစ်မလုံလောက်မှုတို့ကြောင့် KNU ၏တရားစီရင်ရေးစနစ်နှင့် စီမံခန့်ခွဲမှုအပိုင်းတွင် အားနည်းချက်များ ရှိစေနိုင်သည်။

ပြစ်မှုကျူးလွန်သူများအား ထောင်ဒဏ်ချမှတ်ခြင်းများကို KNU ၏ တရားစီရင်ရေးစနစ်တွင် ကျင့်သုံးလေ့မရှိပေ။ သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးကဖော်ပြထားသည်မှာ *"ကျွန်မရဲ့ မောင်အငယ်ဆုံးလေးက ပြောတယ်။ KNU ရဲ့ တရားရေးစနစ်က အေးဆေးပဲ။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ လူသတ်မှုကျူးလွန်ပြီး ထောင်ချခံရရင်တောင် ကျွန်တော်တို့က သူတို့ရဲ့ ရဲဘော်တွေအတွက် ခဏလေးပဲ ထမင်းချက်ပေးရမယ်။ ပြီးတာနဲ့ ကျွန်တော်တို့ကို အပြစ်ကနေလွတ်လိုက်တာပဲ။ ကျွန်တော်တို့ လွတ်လွတ်လပ်လပ်ဆက်ပြီး အသက်ရှင်နိုင်တယ်။"*[431] ဆက်လက်၍ သူမက *"ကျွန်မ KNU ရဲ့ တရားရေးစနစ်ကို အယုံအကြည်မရှိသေးဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့က တရားမျှတမှုဥပဒေကို ကျင့်သုံးရာမှာ အားနည်းနေသေးတယ်။"* [432]

KNU ၏ တရားစီရင်ရေးစနစ်အား ၎င်းတို့ထိန်းချုပ်သည့် နယ်မြေအတွင်းတွင်သာ အသုံးပြုနိုင်သည်။ ဥပမာအားဖြင့် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ၁၅ နှစ်အရွယ် ကလေးမလေးတစ်ဦးအား သထုံမြို့ (အစိုးရအုပ်ချုပ် မှုနယ်မြေအတွင်း)မှ လမ်းဖောက်သည့် လုပ်သားတစ်ဦးက အဓမ္မပြုကျင့်မှုနှင့် ပတ်သက်၍ တရားစီရင်ဆုံးဖြတ်မှုအပေါ် သူမအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ရပုံကို ဖော်ပြထားသည်။ *"လမ်းဖောက်လုပ်မှုပြီးတာနဲ့ လျော်ကြေး သိန်း ၄ဂ ပေးလိုက်ရင်လွတ်ပြီလေ။ ဒါပေမယ့် ကျူးလွန်တဲ့သူကို အပြစ်ပေးတာ ဘာမှမရှိဘူး။ ခေါင်းဆောင်တွေကပြောတာကတော့ ကျူးလွန်တဲ့သူတွေက တခြားနယ်မြေက၊ ခံရတဲ့သူက ဒီကဆိုတော့ သူတို့က ဒီအမှုကို ဒီအတိုင်းဖြေရှင်းလိုက်တာ။"* [433]

အချို့သော မေးခွန်းဖြေကြားသူများက KNU ၏ တရားစီရင်ရေးစနစ်နှင့် ပတ်သက်၍ တိုင်ကြားမှုများအား ဖြေရှင်းရာတွင် အလွန်နှေးကွေးခြင်း သို့မဟုတ် ဖြေရှင်းမှုမရှိသည့်အတွက် အဆိုးမြင်ကြသည်။ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"ကျွန်မအတွက်ကတော့ လူ့အခွင့်အရေး ချိုးဖောက်မှု ရပ်တန့်ဖို့အတွက် မျှော်လင့်ချက်မရှိဘူး။ ဒီအတွက်ကို မျှော်လင့်နေပေမယ့် အဓိပ္ပါယ်မရှိဘူး။ ကျွန်မတို့ ဒီကိုစပြီးပြန်လာတဲ့အချိန်တုန်းက ကျွန်မတို့မြို့နယ်မှူးကို တိုင်စာပို့တယ်။ ကျွန်မတို့ရဲ့ တိုင်စာကို သူတို့ဘာလုပ်လဲဆိုတာ မသိရဘူး။ အမှိုက်ပုံးထဲပဲ ပစ်လိုက်တာလား ဒါမှမဟုတ် ခရိုင်ရုံးကိုပဲပို့လိုက်တာလား မသိဘူး။ ကျွန်မတို့ မိသားစု (၁၁) စုကနေ တိုင်စာတွေ ပို့ခဲ့တယ်။"*[434] ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးကလည်း အလားတူအခြေအနေကို တင်ပြခဲ့သည်။ *"ခေါင်းဆောင်တွေဆိုတာ (ဒေသခံအာဏာပိုင်များ) ပြဿနာတွေကို တာဝန်ယူပြီး ဖြေရှင်းရမယ်။ ဒါပေမယ့် သူတို့ကမလုပ်ဘူး။ သူတို့ရဲ့ တာဝန်ကို မသိလို့ဖြစ်ရင်ဖြစ်မယ်။ သူတို့မလုပ်ချင်တာလည်း ဖြစ်ကောင်းဖြစ်မယ်။ ဒါမှမဟုတ် သူတို့ဒီကိစ္စတွေကို မေ့ပစ်စေချင်တာလည်း ဖြစ်ချင်ဖြစ်လိမ့်မယ်။"* [435]

[430] Source #5 တွင် ကြည့်ပါ။
[431] Source #16 တွင် ကြည့်ပါ။
[432] Source #16 တွင် ကြည့်ပါ။
[433] Source #18 တွင် ကြည့်ပါ။
[434] Source #8 တွင် ကြည့်ပါ။
[435] Source #50 တွင် ကြည့်ပါ။

### အယူခံလျှောက်ခွင့်မရှိခြင်းနှင့် တရားရုံးတွင် ထိရောက်သောကိုယ်စားပြုမှုမရှိခြင်း

KNU ၏ တရားမျှတမှုစနစ်တွင် အယူခံလျှောက်ရန်အတွက် အခွင့်အလမ်းမရှိပေ။ သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"ကျွန်မတို့တွေက အချင်းချင်း (ကျူးလွန်သူနှင့် ကျူးလွန်ခံရသူများ) ကြားထဲမှာပဲ သဘော တူညီချက်ယူပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ခွင့်လွှတ်လိုက်ကြတယ်။ သူတို့ (တရားရုံး) က ဆုံးဖြတ်ချက် ချပြီးရင် ကျွန်မတို့က အဲ့ဒီအတိုင်းလိုက်နာရလိမ့်မယ်။ ကျွန်မတို့က မကျေနပ်ဘူး ဆိုရင်တောင် ဘာမှလုပ်လို့မရ ဘူး။ ဒီအတိုင်း ငြိမ်နေရတယ်။ ဒီလို တရားမမျှတမှု (ပြစ်ဒဏ်) တွေအတွက် ကျွန်မတို့ မကျေနပ်ဘူး။"*[436]

ဤစနစ်တွင် ပညာရှင်များ ပါဝင်မှုမရှိခြင်းနှင့်ပတ်သက်၍လည်း မေးခွန်းဖြေကြားသူများက ဖြေကြားခဲ့သည်။ ဤအချက်သည် တရားရုံး၌ တရားရင်ဆိုင်ရာတွင် ထိရောက်သည့်ကိုယ်စားပြုမှု မရှိခြင်းအား ဖော်ပြနေသည်။ ဥပမာအားဖြင့် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက *"သူတို့ရဲ့ တရားရေးစနစ်မှာ ရှေ့နေ မရှိဘူး။ ဒီတာဝန်တွေကိုယူဖို့အတွက် သူတို့မှာ တကယ့်ပညာတတ်တွေမရှိဘူး။ သူတို့က လူငယ်တွေကိုပါဝင် ခိုင်းပြီး ရှေ့နေလုပ်ခိုင်းတယ်။ မြန်မာအစိုးရရဲ့ တရားစီရင်ရေးစနစ်မှာ အစိုးရရှေ့နေနဲ့ အလွတ်ရှေ့နေတွေရှိတော့ ကျွန်တော်တို့က သူတို့ကိုငှါးချင်တဲ့ဘယ်အချိန်မဆို ငှါးလို့ရတယ်။ ဒါပေမယ့် KNU (တရားစီရင်ရေးစနစ်) မှာ ရှေ့နေငှါးဖို့အတွက် သူတို့မှာရှေ့နေမရှိဘူး။"*[437]

## ၃) အကြံပြုချက်များ

မေးခွန်းဖြေကြားသူအများစုက လက်ရှိ KNU ၏ တရားစီရင်ရေးစနစ်အား ပြောင်းလဲရန် သို့မဟုတ် ကောင်းမွန် အောင်ပြုလုပ်ရန်အတွက် အကြံပြုကြသည်။

အချို့သော ဒေသခံများက KNU ၏ တရားဥပဒေဆိုင်ရာ အမြင်ဖွင့်ဆွေးနွေးပွဲများအား တက်ရောက်ပြီး KNU ၏ တရားမျှတမှုစနစ်နှင့်ပတ်သက်၍ ဗဟုသုတတိုးပွားလာသည်။ သို့သော် ထိုသို့သောအမြင်ဖွင့် ဆွေးနွေးပွဲများ အား ဒေသခံ လူမှုအသိုက်အဝန်းအများစုက မရရှိသေးပေ။ ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ အမျိုးသား တစ်ဦးက *"ကျွန်တော့်အနေနဲ့ KNU က ပြဌာန်းထားတဲ့ ဥပဒေစာအုပ်ကို တစ်ခါမှမတွေ့ဖူးဘူး။ အပြစ်ကျူးလွန်ထား တဲ့လူတစ်ယောက်ကို ဘယ်လိုမျိုးထောင်ဒဏ်ချလဲဆိုတဲ့ အသေးစိတ်အချက်ကို ကျွန်တော်တို့မသိဘူး။"*[438]

KNU အနေဖြင့် ဥပဒေပိုင်းဆိုင်ရာ အမြင်ဖွင့်သင်တန်းများအား ဒေသခံများသို့ ပိုမိုလုပ်ဆောင်သင့်သည်နှင့် ပတ်သက်ပြီး တူညီသောသဘောထားများ ရှိနေသည်။ သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီးတစ်ဦးက *"ကျွန်မက ရွာသားအားလုံး ဥပဒေနဲ့ပတ်သက်ပြီး နားလည်သဘောပေါက်တာကို တွေ့ချင်တယ်။ ကျွန်မအနေနဲ့ သူတို့ကို (တရားစီရင်ရေးစနစ်) ဥပဒေကို ခိုင်ခိုင်မာမာနဲ့ အတည်ပြုဖို့၊ ဒေသခံတွေကို အမြင်ဖွင့်ပေးဖို့နဲ့ (နိုင်ငံကို) ဥပဒေအတိုင်း အုပ်ချုပ်စေချင်တယ်။"*[439] တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက အာဏာ ပိုင်များအား သင်တန်းပေးရန်မှတ်ချက်ပြုခဲ့သည်။ *"ရွာလူကြီးတွေနဲ့ ကျေးရွာခေါင်းဆောင်တွေက KNU ရဲ့ ဥပဒေက ဘယ်လိုအလုပ်လုပ်တယ်ဆိုတာ သင်တန်းမှာသင်ယူသင့်တယ်။"*[440]

မေးခွန်းဖြေကြားသူအများစုက ဤသင်တန်းများအား ၎င်းတို့၏အကျိုးအတွက် အကြံပြုကြသည်။ ဥပမာ ဒူးပလာ ယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားတစ်ဦးက *"ရွာသားတွေက ဥပဒေကိုသိရင် အပြစ်လုပ်တာနဲ့ ဖမ်းဆီးအရေးယူခံရမယ်ဆိုတဲ့ အကျိုးဆက်ကိုနားလည်လာမယ်။ လူတိုင်းသာ ဥပဒေကိုသိနားလည်ပြီး လိုက်နာ*

[436] Source #16 တွင် ကြည့်ပါ။
[437] Source #77 တွင် ကြည့်ပါ။
[438] Source #33 တွင် ကြည့်ပါ။
[439] Source #16 တွင် ကြည့်ပါ။
[440] Source #69 တွင် ကြည့်ပါ။

*ကျင့်သုံးလာမယ်ဆိုရင် ငြိမ်းချမ်းရေးကရှိလာမှာပဲ။ ကျွန်တော်တို့တွေ တစ်ယောက်ကိုတစ်ယောက် လေးစားမှု ရှိလာမယ်။ စိုးရိမ်မှုမရှိပဲနဲ့ ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်မယ်။"*[441]

မေးခွန်းဖြေကြားသူများက KNU အနေဖြင့် အကျင့်ပျက်ခြစားမှုများအား တိုက်ဖျက်ကာ ၎င်း၏တရားစီရင်ရေး စနစ်အား ပိုမိုကောင်းမွန်အောင် လုပ်ဆောင်စေလိုကြောင်း တိုက်တွန်းထားပါသည်။ ဥပမာ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်မှ အမျိုးသားတစ်ဦးက *"ဒေသတွင်းက လာဘ်ထိုးတာကိုလက်ခံတဲ့ ခေါင်းဆောင်တွေနဲ့ အကျင့်ပျက်ခြစားတဲ့သူတွေကို ပြင်းပြင်းထန်ထန် သတိပေးရမယ်။ ဒါမှ သူတို့လုပ်တဲ့အပြစ်တွေကို ဝန်ခံလာပြီး လူတွေအပေါ် မတရားလုပ်တာတွေကို ရပ်တန့်လိမ့်မယ်။ မဟုတ်ရင်တော့ ဒေသခံတွေက သူတို့အပေါ် ကျေနပ်မှုရှိမှာ မဟုတ်ဘူး ယုံကြည်မှာလည်း မဟုတ်ဘူး။"*[442]

ထို့အပြင် မေးခွန်းဖြေကြားသူများက KNU ၏ တရားစီရင်ရေးစနစ်အား စီမံအုပ်ချုပ်သူများသည် ဥပဒေအတိုင်း ဆောင်ရွက်သည့်အခါတွင် ကျူးလွန်သူများ၏ရာထူးနှင့် နောက်ခံသမိုင်းကိုမကြည့်ပဲ ဘက်မလိုက်သော သမာသမတ်ကျသောနည်းလမ်းကို အသုံးပြုကြရန် အကြံပြုခဲ့သည်။ ဥပမာ ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှ အမျိုးသားတစ်ဦးက *"ကျွန်တော့်အနေနဲ့ KNU က အစိုးရမင်းတွေကို ပြောချင်တာကတော့ လူမျက်နှာကို မထောက်ဖို့ အကြံပေးချင်တယ်။ ဥပမာပြောရရင် ကျွန်တော်က သူတို့ကို ချမှတ်ထားတဲ့ဥပဒေအတိုင်း မျှတတဲ့ တရားစီရင်ချက်တွေလုပ်တာ မြင်ချင်တယ်။"*[443]

## နိဂုံးချုပ်

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် တရားစီရင်ရေးစနစ်များနှင့် ပတ်သက်ပြီး တိုးတက်ကောင်းမွန်လာအောင် ပြင်ဆင်လုပ်ဆောင်ရမည့် အခန်းကဏ္ဍ အများအပြားရှိနေသေးကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့မေးမြန်းထားသူများက မီးမောင်းထိုးပြခဲ့သည်။ လက်ရှိအခြေအနေအရ တရားစီရင်ရေးစနစ်သုံးခုလုံးသည် အတိတ်ကာလနှင့် လက်ရှိလူ့အခွင့်အရေးချိုးဖောက်မှုများ ခံရသူများထံသို့ စိတ်ကျေနပ်စေလောက်သည့် တရားမျှတမှု ယူဆောင်လာနိုင်သော အခြေအနေ မဟုတ်သေးပေ။ အထူးသဖြင့် တရားစီရင်ရေးစနစ်သုံးခု ထပ်နေသည့် အခြေအနေသည် ပြဋ္ဌာန်းထားသည့် တရားဥပဒေအား တသမတ်တည်း အကောင်အထည်ဖော်ဆောင်ရန်နှင့် လိုက်နာကျင့်သုံးရန်အတွက် ဆောင်ရွက်ရာတွင် အခက်အခဲဖြစ်စေသည်။ ကရင်လူမျိုးများအနေဖြင့် KNU ၏ တရားစီရင်ရေးစနစ်အား ပိုမိုသဘောကျသည့်အကြောင်းမှာ ထိုစနစ်က ၎င်းတို့လိုအပ်ချက်များအတွက် အကောင်းဆုံးဖြစ်သည်ဟု ယူဆသည့်အတွက်ဖြစ်သည်။ သို့သော် ထိုစနစ်တွင်လည်း လိုအပ်ချက်များ များစွာ ရှိနေကြောင်းကို မေးခွန်းဖြေကြားသူများ၏ ထောက်ပြမှုများနှင့် အကြံပြုချက်များတွင် တွေ့နိုင်သည်။

441 Source #16 တွင် ကြည့်ပါ။
442 Source #49 တွင် ကြည့်ပါ။
443 Source #33 တွင် ကြည့်ပါ။

**တရားစီရင်ရေးစနစ်သုံးခုမှ ဖြေရှင်းနိုင်သည့်ပြဿနာအကျဉ်းချုပ်အား အောက်ပါဇယားတွင် တွေ့နိုင်သည်။**

## တရားစီရင်ရေးစနစ်တစ်ခုချင်းစီ၏ ချို့ယွင်းချက်များအား ခွဲခြားဖော်ပြခြင်း

### ဓလေ့ထုံးတမ်း တရားစီရင်ရေးစနစ်

- ကျေးရွာသူကြီးအဆင့်ရှိ အကျင့်ပျက်ခြစားမှု
- တရားစီရင်ဆုံးဖြတ်မှုများအား ပြုလုပ်နိုင်စွမ်းမရှိခြင်း
- ကြီးမားသည့်ကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်း နိုင်စွမ်းမရှိခြင်း
- တစ်နေရာနှင့် တစ်နေရာ တရားစီရင်မှု ကွဲပြားခြင်း

### မြန်မာအစိုးရ၏ တရားစီရင်ရေးစနစ်

- လာဘ်စားခြင်းနှင့် အကျင့်ပျက်ခြစားခြင်း။
- ရွာသားများမှာ ဥပဒေဆိုင်ရာ အကြောင်းအရာများအားသိရှိမှု အားနည်းခြင်း
- တရားစီရင်ရေးစနစ်သည် ၎င်း၏ ကိုယ်ပိုင်ကျင့်ဝတ် စည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံးမှု မရှိခြင်း
- စစ်တပ်တွင်းရှိ တပ်သားများအား စီရင်နိုင်စွမ်းမရှိခြင်း
- ပွင့်လင်းမြင်သာမှုမရှိခြင်း
- စုံစမ်းစစ်ဆေးမှုပိုင်းတွင် အားနည်းခြင်း
- ဘာသာစကား အဟန့်အတားများ
- တရားရေးကိစ္စအားလုပ်ဆောင်ရာတွင် အချိန်များစွာကုန်ဆုံးခြင်း
- အကုန်အကျများလွန်းခြင်း
- ရာဇဝတ်မှုကျူးလွန်သူများအား ထိရောက်စွာအရေးယူ အပြစ်မပေးခြင်း
- တရားဥပဒေအားလိုက်နာမှု အားနည်းခြင်း
- ကရင်လူမျိုးများအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် နားလည်မှုမရှိခြင်း
- တရားစီရင်ရေးကိစ္စများကို စနစ်တကျလုပ်ဆောင်မှုမရှိခြင်း
- ကိစ္စရပ်များအား ကောင်းမွန်စွာ ကိုင်တွယ်ဆောင်ရွက်မှုမရှိခြင်း

### ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ တရားစီရင်ရေးစနစ်

- ရွာသားများ၏ တိုင်ကြားမှုများအပေါ် တာဝန်ယူဆောင်ရွက်ရန် ပျက်ကွက်ခြင်း
- လာဘ်စားခြင်းနှင့် အကျင့်ပျက်ခြစားခြင်း
- ရွာသားများမှာ ဥပဒေဆိုင်ရာ အကြောင်းအရာများအား သိရှိမှု အားနည်းခြင်း
- တရားစီရင်ရေးစနစ်သည် ၎င်း၏ ကိုယ်ပိုင်ကျင့်ဝတ် စည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံးမှု မရှိခြင်း
- သက်ညှာမှုလွန်ကဲခြင်း
- ဥပဒေလုပ်ငန်းဆောင်ရွက်မှုအပိုင်းများတွင် ကိုက်ညီမှုမရှိခြင်း
- တရားမျှတမှုအတွက် လုံလောက်စွာ တာဝန်ထမ်းဆောင်မှုမရှိခြင်း
- တရားစီရင်ရေးစနစ်တွင် စီမံအုပ်ချုပ်သူများအနေဖြင့် အရည်အချင်းမပြည့်မီခြင်း
- တရားဥပဒေများအား လိုက်နာမှု အားနည်းခြင်း
- တရားစီရင်ရေး အရင်းအမြစ်များ မရှိခြင်း

# နိဂုံးချုပ်

အတိတ်ကာလနှင့် လက်ရှိခံစားရလျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုများသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နေထိုင်ကြသော ပြည်သူလူထုအတွက် အလုမ်းဝေးသည့်ရည်မှန်းချက် တစ်ရပ်ဖြစ်ကြောင်းကို ဤအစီရင်ခံစာတွင် ဖော်ပြထားသည်။ ပြစ်မှုကျူးလွန်သူများသည် ပြစ်ဒဏ်မှကင်းလွတ်နေပြီး ချိုးဖောက်မှုခံစားရသူများမှာမူ တရားမျှတမှုနှင့် နစ်နာမှုများအတွက် ပြန်လည်ကုစားမှုများရရှိရန်အတွက် အကြိမ်ကြိမ်ငြင်းပယ်ခံရလျက်ရှိသည်။ လက်ရှိအချိန်တွင် အရပ်သားများသည် လက်နက်ကိုင်ပဋိပက္ခများ၏ဂယက်များနှင့် စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အခက်အခဲများအပါအဝင် လက်ရှိဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများကိုပင် ဆက်လက်ခံစားနေရလျက်ရှိပါသည်။

တပ်မတော်မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အရပ်သားများအပေါ် နေရာအနှံ့အပြားတွင် စနစ်တကျနှင့် ကျူးလွန်ခဲ့သည့် သတ်ဖြတ်မှုများ၊ နှိပ်စက်ညှဉ်းပမ်းမှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ကျားမအခြေပြု အကြမ်းဖက်မှုများ စသည့် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ၂၀၁၂ ခုနှစ် ပဏာမအပစ်ခတ်ရပ်စဲရေး မတိုင်မီကာလများတွင် ကျူးလွန်ခဲ့သည်။ မြန်မာအစိုးရအနေဖြင့် စစ်တပ်မှကျူးလွန်ခဲ့သော ရက်စက်သည့် လုပ်ရပ်များအတွက် အဓိပ္ပါယ်ရှိသည့် တာဝန်ယူမှုပေးနိုင်သော ယန္တရားတစ်ခု ဖော်ဆောင်လိုသည့် စစ်မှန်သော ဆန္ဒကို ယခုအချိန်အထိ ပြသခြင်းမရှိသေးပေ။ တရားရေးမဏ္ဍိုင်၏ လွတ်လပ်စွာရပ်တည်နိုင်မှုမရှိခြင်းနှင့် အရပ်သားတရားရုံးများတွင် တပ်မတော်အား စီရင်ပိုင်ခွင့်မရှိခြင်းတို့သည် ကျူးလွန်သူများအား အရေးယူမှုမရှိသည့် အခြေအနေကို ပိုမိုဆိုးရွားစေသည်။ ဤအခြေအနေသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင်သာမက ရခိုင်၊ ရှမ်း၊ ကချင် စသည့် ပြည်နယ်များတွင် ကျူးလွန်ခဲ့သော ပြစ်မှုများ၏နောက်ဆက်တွဲ သက်ရောက်မှုများရှိနေသည်။ လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်ခဲ့သူများအား ပြစ်ဒဏ်မှလွတ်ကင်းခွင့် ပေးနေခြင်းသည် နိုင်ငံ၏တရားမျှတမှုနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုများအတွက် ကြီးမားသည့် အဟန့်အတားတစ်ခုဖြစ်သည်ဟု အရပ်သားများအနေဖြင့် ယူဆသည်။

၂၀၁၂ ခုနှစ် ပဏာမအပစ်ခတ်ရပ်စဲရေး သဘောတူညီစာချုပ်ချုပ်ဆိုစဉ် အကြမ်းဖက်မှုအခြေအနေများကို လျော့နည်းလာပြီး အခြေခံလူ့အခွင့်အရေး ခံစားခွင့်များ တိုးတက်ရရှိခဲ့သော်လည်း စိန်ခေါ်မှုအမြောက်အများ ကျန်ရှိနေသေးသည်။ အထူးသဖြင့် ၂၀၁၅ ခုနှစ် NCA စာချုပ်အား ဖောက်ဖျက်ခြင်းနှင့် မြေသိမ်းမှုများက မြန်မာပြည်အရှေ့တောင်ပိုင်း တစ်လျှောက်တွင် ဖြစ်ပွားခဲ့သည်။ လက်ရှိတရားရေးစနစ်သည် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများအား ထိရောက်စွာ ဖြေရှင်းရန်အတွက် မပြည့်စုံမှုများစွာရှိနေသေးသည်။ ထိုသို့ မပြည့်စုံမှုများတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ အကျင့်ပျက်ချစားခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် တရားစီရင်ရေးစနစ်တွင် လုံလောက်သောစွမ်းရည်များမရှိခြင်းတို့ ပါဝင်သည်။

အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လက်ရှိချိုးဖောက်မှုများကို ကျူးလွန်ခဲ့သူများမှ ၎င်းတို့ ကျူးလွန်ခဲ့သောအရာများအတွက် တာဝန်ခံစေရန် မျှတသော၊ သမာသမတ်ကျသော၊ ထိရောက်မှုရှိပြီး လွတ်လပ်သော တရားစီရင်ရေးစနစ်မရှိပဲ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် လက်ရှိအကျပ်အတည်း အခြေအနေမှ ရှေ့ဆက်နိုင်မည်မဟုတ်ပေ။ တရားမျှတမှုမရှိလျှင် ငြိမ်းချမ်းမှုမရှိ၊ ငြိမ်းချမ်းမှုမရှိလျှင် တရားမျှတမှု မရှိဆိုသည့် ဤသဘောတရားကို KWO ၏ အဖွဲ့ဝင်တစ်ဦးမှ ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ *"တာဝန်ယူမှု တာဝန်ခံမှု မရှိပဲ ကျွန်မတို့ ငြိမ်းချမ်းရေးကို ဘယ်လိုတည်ဆောက်ကြမလဲ။ တကယ်တော့ တာဝန်ယူမှု တာဝန်ခံမှုနဲ့အတူ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို တစ်ပြိုင်တည်းသွားရမယ်။"*

တရားမျှတမှုရရှိရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးစားရာတွင် အခြေခံလူ့အခွင့်အရေးများရရှိရန် အာမခံချက်ပေးခြင်း၊ ယခင်ကျူးလွန်ခံခဲ့သူများအား ပြန်လည်ကုစားပေးခြင်းနှင့် ဒေသခံများ၏ အသံများအား ထည့်သွင်းစဉ်းစားခြင်းတို့ ပါဝင်သင့်ပါသည်။ ရှေ့ဆက်မည့်နိုင်ငံ၏ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီအရေး လှုပ်ရှားမှုများတွင် ပြည်သူအားလုံး၊ တိုင်းရင်းသားလုံး၊ လူမျိုး၊ ကျားမ ခွဲခြားဆက်ဆံမှုမရှိပဲ ပါဝင်နိုင်ခွင့်ရှိရမည်။

ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအား ထိန်းသိမ်းသွားရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ဖြစ်ပွားလျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများအား ရပ်တန့်ရန်လိုအပ်ပြီး ဒီမိုကရေစီ နည်းလမ်းများ၊ တရားမျှတမှု၊ တာဝန်ယူမှု တာဝန်ခံမှုများနှင့် တရားဥပဒေစိုးမိုးရေးကို အစိုးရဌာနများအားလုံး လိုက်နာရန် လိုအပ်ပါသည်။

# အရှေ့မျက်နှာဖုံးနှင့် အနောက်မျက်နှာဖုံး

### အရှေ့မျက်နှာဖုံး

ဤပုံကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ တွင် မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ် တွင်ရိုက်ကူးခဲ့ပါသည်။ အမျိုးသားတစ်ဦးသည် ခရီးသွားနေစဉ် လှေဦးရှေ့တွင် ထိုင်နေသောပုံဖြစ်ပါသည်။

### အနောက်မျက်နှာဖုံး

ဤပုံကို ၂၀၀၆ ခုနှစ်၊ မေလ ၁၈ ရက်နေ့ တွင် ဖာပွန်ခရိုင်၊ လူသောမြို့နယ်၊ ယယ်မူပလော ကျေးရွာအုပ်စုတွင် ရိုက်ယူခဲ့ပါသည်။ ရွှေ့ပြောင်းနေထိုင်သည့် နေရာတစ်နေရာတွင် မုဆိုးမနှင့်အတူ သူမ၏ကလေး လေးယောက် ပုံဖြစ်ပါသည်။ သူမ၏ခင်ပွန်းအား ၂၀၀၆ ခုနှစ်တွင် တပ်မတော်စစ်သားများမှ သတ်ခဲ့ကြပါသည်။



မြန်မာနိုင်ငံအတွင်းရှိ လူနည်းစုတိုင်းရင်းသားဒေသများတွင် နေထိုင်ကြသူများသည် အတိတ်ကာလမှလူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ကျူးလွန်မှုများ၏အကျိုးဆက်များကို ဆက်လက်ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိသည်။ ထိုလူ့အခွင့်အရေးချိုးဖောက်မှုများတွင် စစ်ပွဲများဖြစ်ပွားနေသည့်ကာလ၌ ကြုံတွေ့ရသော ချိုးဖောက်မှုများပါသကဲ့သို့ စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများနှင့် စီးပွားရေး ထိခိုက်ပျက်စီးမှုများကြောင့် တွေ့ကြုံခံစားရသော ချိုးဖောက်မှုများလည်းပါဝင်သည်။ သို့သော် ဆက်လက်ဖြစ်ပွားလျက်ရှိသောလက်နက်ကိုင်ပဋိပက္ခများ၊ အပြိုင်တည်ရှိနေသော တရားစီရင်ရေးစနစ်များ၊ နိုင်ငံရေးမျှော်မှန်းချက်မရှိခြင်းများအပြင် တစ်နိုင်ငံလုံးတွင် ပြည်တွင်းစစ်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများမှာ အစဉ်အလာအရ သို့မဟုတ် ပုံစံမျိုးစုံဖြင့် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ထို့အတွက် ဤချိုးဖောက်မှုများအားဖြေရှင်းရန် ကြိုးပမ်းနေမှုများနှင့် ထိုကြိုးပမ်းမှုများ၏သက်ရောက်မှုများမှာ နှောင့်နှေးကြန့်ကြာလျက်ရှိသည်။

၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အား လက်မှတ်ရေးထိုးခြင်းသည် အပေါင်းလက္ခဏာဆောင်သည့် ပြောင်းလဲမှုအချို့ဖြစ်ပေါ်စေခဲ့သည်။ ယခုအခါတွင် ရှေ့ဆက်ရန်ခက်ခဲနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ သမိုင်းဝင်အမွေဆိုးဖြစ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အသစ်ပေါ်ထွက်လာသည့် ချိုးဖောက်မှုများအပေါ် မည်သည့်အတိုင်းအတာအထိ ဖြေရှင်းပေးနိုင်မည်ကို ရှင်းလင်းစွာမသိရသေးပေ။ အတိတ်ကာလမှချိုးဖောက်မှုများသည် ဒေသခံများ၏နေ့စဉ်ဘဝအား အမှန်တကယ်ပင် သက်ရောက်မှုများ ဆက်လက်ရှိနေပြီး ချိုးဖောက်မှုပုံစံအသစ်များသည်လည်း ဒေသခံပြည်သူလူထု၏ စီးပွားရေးကိုပါ ထပ်လောင်းထိခိုက်မှုများ ရှိစေပါသည်။

*"သူတို့ကတိုင်းပြည်ကို သူတို့ကြိုက်သလိုအုပ်ချုပ်တယ်။ သူတို့က တကယ်တော့ ဥပဒေကိုလိုက်နာတာမဟုတ်ဘူး။ စစ်အစိုးရလက်ထက်က ကျွန်တော်တို့တွေ သေနတ်ကိုပဲကြောက်တယ်။ အဲ့ဒီအချိန်တုန်းက စစ်တပ်ကအမိန့်ကိုလိုက်နာရတော့ ဘယ်သူကမှခေါင်းမမော့ရဲဘူး။ အဲ့ဒါကြောင့် ဘယ်သူမှတရားမျှတမှုနဲ့ပတ်သက်ပြီး အသံမထွက်ဘူး။ အဲ့ဒီအစား တိတ်တိတ်လေးနေတာက ကျွန်တော်တို့အတွက် ပိုပြီးကောင်းတယ်။ ကျွန်တော် ဘယ်တုန်းကမှ တရားမျှတမှုရှိတယ်လို့ မခံစားရဘူး။"*

ကျေးရွာသူကြီးတစ်ဦး၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ်မြောက်ပိုင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့သည် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်း လူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကို မှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုး ဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကို ပြန်လည်တောင်းဆိုခြင်း၊ တုံ့ပြန်ကာကွယ်ခြင်း စသည့်နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့်လုပ်ဆောင်နေပါသည်။ ထို့အပြင် ရရှိသည့်သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းနှင့် ချိုးဖောက်မှုများကိုကာကွယ်လျက်ရှိသည့်ရွာသားများ၏နည်းဗျူဟာများ ပိုမိုကောင်းမွန်စေရန် ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုများလုပ်ခြင်းဖြင့် မြန်မာပြည်ရှိလူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းလျက်ရှိပါသည်။ ကျွန်ုပ်တို့၏လုပ်ငန်းများကို အသေးစိတ်သိရှိလိုပါက www.khrg.org တွင် ဖတ်ရှု နိုင်ပါသည်။

KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း